
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန





# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်
# အမျိုးသားစီမံကိန်း
# နှစ်ပတ်လည်အစီရင်ခံစာ

၂၀၁၇ ခုနှစ်၊ မေလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်

# အမျိုးသားစီမံကိန်း

# နှစ်ပတ်လည် အစီရင်ခံစာ

၂၀၁၇ ခုနှစ်၊ မေလ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်
အမျိုးသားစီမံကိန်း
နှစ်ပတ်လည်အစီရင်ခံစာ

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| အခန်း(၁) | မေခရိုစီးပွားရေးအခြေအနေ | ၅ |
| အခန်း(၂) | မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးအခြေအနေ | ၁၃ |
| အခန်း(၃) | နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ | ၅၀ |
| အခန်း(၄) | ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ | ၅၈ |
| အခန်း(၅) | ဒေသန္တရစီမံကိန်းများဆောင်ရွက်မှုအခြေအနေ | ၁၈၈ |
| အခန်း(၆) | ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပြောင်းလဲဆောင်ရွက်မှုအခြေအနေများ | ၂၄၂ |
| အခန်း(၇) | ပြည်ပ အကူအညီ အထောက်အပံ့နှင့် နည်းပညာ အကူအညီ ရရှိမှု | ၂၅၂ |
| | နိဂုံး | ၂၅၈ |

# ပုံပြဇယား မာတိကာ




| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ပုံ ၁-၁ | ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့၏ ဂျီဒီပီတိုးတက်မှုနှုန်း | ၆ |
| ၂ | ပုံ ၁-၂ | အာဆီယံနိုင်ငံအချို့၏ ဂျီဒီပီတိုးတက်မှုနှုန်း | ၈ |
| ၃ | ပုံ ၁-၃ | မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းသည့် တိုးတက်မှုနှုန်း အခြေအနေ | ၁၂ |
| ၄ | ပုံ ၂-၁ | စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၃၃ |
| ၅ | ပုံ ၂-၂ | ဂျီဒီပီတိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၃၃ |
| ၆ | ပုံ ၂-၃ | လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၃၄ |
| ၇ | ပုံ ၂-၄ | စီးပွားရေး ဖွဲ့စည်းမှု ပုံသဏ္ဌာန် (နှစ်အလိုက်ဈေးနှုန်း) | ၃၄ |
| ၈ | ပုံ ၂-၅ | စုစုပေါင်းရင်းနှီးမြှုပ်နှံမှုနှင့်ဂျီဒီပီအချိုး | ၃၅ |
| ၉ | ပုံ ၂-၆ | နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု၊ သမဝါယမနှင့် ပုဂ္ဂလိကအခန်းရင်းနှီးမြှုပ်နှံမှု | ၃၅ |
| ၁၀ | ပုံ ၂-၇ | ပုဂ္ဂလိကအခန်းရင်းနှီးမြှုပ်နှံမှု | ၃၆ |
| ၁၁ | ပုံ ၂-၈ | ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု၏ဂျီဒီပီတွင်ပါဝင်မှုရာခိုင်နှုန်း | ၃၆ |
| ၁၂ | ပုံ ၂-၉ | အခွန်ရငွေနှင့် ဂျီဒီပီအချိုး | ၃၇ |
| ၁၃ | ပုံ ၂-၁၀ | ဘတ်ဂျက်ပိုငွေ/လိုငွေနှင့် ဂျီဒီပီအချိုး | ၃၇ |
| ၁၄ | ပုံ ၂-၁၁ | ဘဏ်တွင်ပြည်သူတို့၏ စုဆောင်းငွေ | ၃၈ |
| ၁၅ | ပုံ ၂-၁၂ | နိုင်ငံခြား ငွေလဲလှယ်နှုန်း | ၃၈ |
| ၁၆ | ပုံ ၂-၁၃ | ငွေကြေးဖောင်းပွမှုနှုန်း | ၃၉ |
| ၁၇ | ပုံ ၂-၁၄ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန် ပို့ကုန်တင်ပို့နိုင်မှု | ၄၀ |
| ၁၈ | ပုံ ၂-၁၅ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန် သွင်းကုန် တင်သွင်းနိုင်မှု | ၄၀ |
| ၁၉ | ပုံ ၂-၁၆ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန် ကုန်သွယ်မှုပမာဏ | ၄၁ |
| ၂၀ | ပုံ ၂-၁၇ | ကုန်သွယ်မှု ပိုငွေ/လိုငွေ | ၄၁ |
| ၂၁ | ပုံ ၂-၁၈ | ကုန်သွယ်ဘက်နိုင်ငံများ | ၄၂ |
| ၂၂ | ပုံ ၂-၁၉ | ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန်အခြေအနေ | ၄၂ |
| ၂၃ | ပုံ ၂-၂၀ | ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်အခြေအနေ | ၄၃ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၄ | ပုံ ၂-၂၁ | မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်နှင့် သုံးစွဲခဲ့သည့် နိုင်ငံခြားငွေ | ၄၃ |
| ၂၅ | ပုံ ၂-၂၂ | လျှပ်စစ်ဓာတ်အားတပ်ဆင်အင်အား | ၄၄ |
| ၂၆ | ပုံ ၂-၂၃ | လျှပ်စစ်ဓာတ်အားသုံးစွဲမှု | ၄၄ |
| ၂၇ | ပုံ ၂-၂၄ | ပြည်သူ့ဝန်ထမ်းအင်အား | ၄၅ |
| ၂၈ | ပုံ ၂-၂၅ | အခြေခံပညာကျောင်းများအခြေအနေ | ၄၅ |
| ၂၉ | ပုံ ၂-၂၆ | အခြေခံပညာကျောင်းဆရာများအခြေအနေ | ၄၆ |
| ၃၀ | ပုံ ၂-၂၇ | အခြေခံပညာကျောင်းသားများအခြေအနေ | ၄၆ |
| ၃၁ | ပုံ ၂-၂၈ | တက္ကသိုလ်၊ဒီဂရီကောလိပ်နှင့်ကောလိပ်များအခြေအနေ | ၄၇ |
| ၃၂ | ပုံ ၂-၂၉ | ဆရာဝန်ဦးရေ | ၄၇ |
| ၃၃ | ပုံ ၂-၃၀ | သူနာပြုဦးရေ | ၄၈ |
| ၃၄ | ပုံ ၂-၃၁ | သားဖွားဆရာမဦးရေ | ၄၈ |
| ၃၅ | | **လယ်ယာကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင် အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၁ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၅၈ |
| | ပုံ ၄-၂ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၅၈ |
| ၃၆ | ပုံ ၄-၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၆၀ |
| ၃၇ | | **သားငါးကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင် အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၄ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၆၇ |
| | ပုံ ၄-၅ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၆၇ |
| ၃၈ | ပုံ ၄-၆ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၇၂ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၃၉ | | **သစ်တောကဏ္ဍ** ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၇ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၇၄ |
| | ပုံ ၄-၈ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၇၄ |
| ၄၀ | ပုံ ၄-၉ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၇၈ |
| ၄၁ | | **စွမ်းအင်ကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၁၀ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၇၉ |
| | ပုံ ၄-၁၁ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၇၉ |
| ၄၂ | ပုံ ၄-၁၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၈၁ |
| ၄၃ | | **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၄-၁၃ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၈၄ |
| | ပုံ ၄-၁၄ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၈၄ |
| ၄၄ | ပုံ ၄-၁၅ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၈၇ |
| ၄၅ | | **စက်မှုလက်မှုကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၁၆ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၉၁ |
| | ပုံ ၄-၁၇ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၉၁ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၄၆ | ပုံ ၄-၁၈ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၉၅ |
| ၄၇ | | **လျှပ်စစ်ဓါတ်အားကဏ္ဍ** ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၁၉ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၉၈ |
| | ပုံ ၄-၂၀ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၉၈ |
| ၄၈ | ပုံ ၄-၂၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၀၂ |
| ၄၉ | | **ဆောက်လုပ်မှုကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၂၂ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၁၀၅ |
| | ပုံ ၄-၂၃ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၁၀၅ |
| ၅၀ | ပုံ ၄-၂၄ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၀၉ |
| ၅၁ | | **ပို့ဆောင်ရေးကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၂၅ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၁၁၂ |
| | ပုံ ၄-၂၆ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၁၁၂ |
| ၅၂ | ပုံ ၄-၂၇ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၁၉ |
| ၅၃ | | **ဆက်သွယ်ရေးကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ပုံ ၄-၂၈ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၁၂၂ |
| | ပုံ ၄-၂၉ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၁၂၂ |
| ၅၄ | ပုံ ၄-၃၀ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၂၅ |
| ၅၅ | | **ငွေရေးကြေးရေးကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၃၁ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၁၂၆ |
| | ပုံ ၄-၃၂ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၁၂၆ |
| ၅၆ | ပုံ ၄-၃၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၃၀ |
| ၅၇ | | **လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၄-၃၄ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၁၃၂ |
| | ပုံ ၄-၃၅ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၁၃၂ |
| ၅၈ | ပုံ ၄-၃၆ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၃၃ |
| ၅၉ | | **ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၃၇ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၁၄၇ |
| | ပုံ ၄-၃၈ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၁၄၇ |
| ၆၀ | ပုံ ၄-၃၉ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၄၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၆၁ | | **ကုန်သွယ်မှုကဏ္ဍ** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၄-၄၀ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၁၅၂ |
| | ပုံ ၄-၄၁ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၁၅၂ |
| ၆၂ | ပုံ ၄-၄၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၅၅ |
| ၆၃ | | **ကချင်ပြည်နယ်** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်း ချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော် နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၈၉ |
| | ပုံ ၅-၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၈၉ |
| ၆၄ | ပုံ ၅-၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက် အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၉၀ |
| ၆၅ | | **ကယားပြည်နယ်** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်း ချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော် နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၄ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၉၃ |
| | ပုံ ၅-၅ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၉၃ |
| ၆၆ | ပုံ ၅-၆ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက် အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၉၄ |
| ၆၇ | | **ကရင်ပြည်နယ်** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်း ချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော် နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၉၇ |
| | ပုံ ၅-၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၉၇ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၆၈ | ပုံ ၅-၉ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၉၈ |
| ၆၉ | | **ချင်းပြည်နယ်** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၁၀ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၀၁ |
| | ပုံ ၅-၁၁ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၀၁ |
| ၇၀ | ပုံ ၅-၁၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၂၀၂ |
| ၇၁ | | **စစ်ကိုင်းတိုင်းဒေသကြီး** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၁၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၀၄ |
| | ပုံ ၅-၁၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၀၄ |
| ၇၂ | ပုံ ၅-၁၅ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၂၀၅ |
| ၇၃ | | **တနင်္သာရီတိုင်းဒေသကြီး** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၁၆ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၂၀၈ |
| | ပုံ ၅-၁၇ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၀၈ |
| ၇၄ | ပုံ ၅-၁၈ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၂၀၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၇၅ | | **ပဲခူးတိုင်းဒေသကြီး** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၁၉ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၂၁၁ |
| | ပုံ ၅-၂၀ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၂၁၁ |
| ၇၆ | ပုံ ၅-၂၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၂၁၂ |
| ၇၇ | | **မကွေးတိုင်းဒေသကြီး** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၂၂ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၁၅ |
| | ပုံ ၅-၂၃ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၁၅ |
| ၇၈ | ပုံ ၅-၂၄ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၂၁၆ |
| ၇၉ | | **မန္တလေးတိုင်းဒေသကြီး** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၂၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၁၉ |
| | ပုံ ၅-၂၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၁၉ |
| ၈၀ | ပုံ ၅-၂၇ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၂၂၀ |
| ၈၁ | | **နေပြည်တော်** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၂၈ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၂၂ |
| | ပုံ ၅-၂၉ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၂၂ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၈၂ | ပုံ ၅-၃၀ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၂၂၃ |
| ၈၃ | | **ရခိုင်ပြည်နယ်** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၃၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၂၅ |
| | ပုံ ၅-၃၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၂၅ |
| ၈၄ | ပုံ ၅-၃၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၂၂၆ |
| ၈၅ | | **ရန်ကုန်တိုင်းဒေသကြီး** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၃၄ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၂၈ |
| | ပုံ ၅-၃၅ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၂၈ |
| ၈၆ | ပုံ ၅-၃၆ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၂၂၉ |
| ၈၇ | | **ရှမ်းပြည်နယ်** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၃၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၃၂ |
| | ပုံ ၅-၃၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၃၂ |
| ၈၈ | ပုံ ၅-၃၉ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၂၃၃ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၈၉ | | **ရောဂတီတိုင်းဒေသကြီး** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၄၀ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်စျေးနှုန်း) | ၂၃၅ |
| | ပုံ ၅-၄၁ | တိုးတက်မှုနှုန်း(ပုံမှန်စျေးနှုန်း) | ၂၃၅ |
| ၉၀ | ပုံ ၅-၄၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်စျေးနှုန်း) | ၂၃၆ |
| ၉၁ | | **ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၄၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်စျေးနှုန်း) | ၂၃၉ |
| | ပုံ ၅-၄၄ | တိုးတက်မှုနှုန်း(ပုံမှန်စျေးနှုန်း) | ၂၃၉ |
| ၉၂ | ပုံ ၅-၄၅ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်စျေးနှုန်း) | ၂၄၀ |
| ၉၃ | ပုံ ၇-၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးများမှ ပြည်ပ အကူအညီ အထောက်အပံ့ ရရှိရန် ဆောင်ရွက်မှုအခြေအနေ | ၂၅၄ |
| ၉၄ | ပုံ ၇-၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပြည်ပ အကူအညီ အထောက်အပံ့ | ၂၅၆ |
| ၉၅ | ပုံ ၇-၃ | ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု | ၂၅၆ |

ဇယားမာတိကာ


| စဉ် | | အကြောင်းအရာ | မှ စာမျက်နှာ |
|---|---|---|---|
| ၁ | ဇယား ၁-၁ | စီးပွားရေးညွှန်ကိန်းများ | ၉ |
| ၂ | ဇယား ၂-၁ | မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ | ၁၆ |
| ၃ | ဇယား ၂-၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ) | ၁၇ |
| ၄ | ဇယား ၂-၃ | ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက် ဈေးနှုန်းအရ) | ၁၈ |
| ၅ | ဇယား ၂-၄ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၁၉ |
| ၆ | ဇယား ၂-၅ | ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (၂၀၁၀- ၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၂၀ |
| ၇ | ဇယား ၂-၆ | မြန်မာနိုင်ငံ၏လူမှုရေးအခြေအနေ | ၂၇ |
| ၈ | ဇယား ၄-၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စွမ်းအင်ကဏ္ဍ၏ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည် ဖော်နိုင်မှုအခြေအနေ | ၈၃ |
| ၉ | ဇယား ၄-၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) ရွေးချယ်ထားသော သတ္တုနှင့်တွင်းထွက် ပစ္စည်းများထုတ်လုပ်မှု | ၉၀ |
| ၁၀ | ဇယား ၄-၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ယာယီ)လျှပ်စစ်ဓာတ်အား အသုံးပြုမှု အခြေအနေ | ၁၀၃ |
| ၁၁ | ဇယား ၄-၄ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်း များ၏ အကောင်အထည်ဖော်နိုင်မှု | ၁၀၄ |
| ၁၂ | ဇယား ၄-၅ | ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုး | ၁၆၆ |
| ၁၃ | ဇယား ၄-၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ( ဧပြီလ မှ မတ်လ ) လုပ်ငန်းစီမံကိန်း များ အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၁၇၂ |
| ၁၄ | ဇယား ၄-၇ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ (ဧပြီလ မှ မတ်လ) လုပ်ငန်းစီမံကိန်းများ အကောင် အထည်ဖော်နိုင်မှု အခြေအနေ | ၁၇၆ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၅ | ဇယား ၄-၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ( ဧပြီလ မှ မတ်လ ) လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၁၇၉ |
| ၁၆ | ဇယား ၄-၉ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန် အထိ ( ဧပြီလ မှ မတ်လ ) လုပ်ငန်းစီမံကိန်းများ အကောင်အထည် ဖော်နိုင်မှု အခြေအနေ | ၁၈၀ |
| ၁၇ | ဇယား ၄-၁၀ | စက်မှုဝန်ကြီးဌာန ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ (ဧပြီလ မှ မတ်လ) လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၁၈၃ |
| ၁၈ | ဇယား ၄-၁၁ | ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန် အထိ ( ဧပြီလ မှ မတ်လ ) လုပ်ငန်းစီမံကိန်းများ အကောင်အထည် ဖော်နိုင်မှု အခြေအနေ | ၁၈၄ |
| ၁၉ | ဇယား ၆-၁ | ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါ အကဲဖြတ်ချက်များအပေါ် မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေများ | ၂၄၇ |
| ၂၀ | ဇယား ၇-၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့ အစည်းများနှင့် တိုင်းဒေသကြီးများမှ ပြည်ပအကူအညီ အထောက်အပံ့ ရရှိရန် ဆောင်ရွက်မှု အခြေအနေ | ၂၅၃ |
| ၂၁ | ဇယား ၇-၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပြည်ပ အကူအညီ အထောက်အပံ့ | ၂၅၅ |

## ယေဘုယျရှင်းလင်းချက်

**၁။ ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ဈေးနှုန်းကို ဆိုလိုပါသည်။

**၂။ တိုးတက်မှုနှုန်း တွက်ချက်နည်း**

$$r = \left(\frac{Y_t - Y_{t-1}}{Y_{t-1}}\right) \times 100$$

$r$ = တိုးတက်မှုနှုန်း

$Y_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

$Y_{t-1}$= ယခင်ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

**၃။ အကောင်အထည်ဖော်နိုင်မှုနှုန်း တွက်ချက်နည်း**

$$P_R = \left(\frac{Y_t}{P_t}\right) \times 100$$

$P_R$ = အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း

$Y_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

$P_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
# နှစ်ပတ်လည်အစီရင်ခံစာ

## နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နှစ်စဉ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများကို ရေးဆွဲလျက် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်အသီးသီးသို့ တင်ပြပြီး အတည်ပြု ပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်သည် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၏ ဒုတိယ ၅ နှစ် ကာလအတွက် ပထမနှစ် ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ဆောင်ရွက်ခဲ့ပါသည်။

ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန်၊ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတ မှန်ကန်စွာ ခွဲဝေအသုံးချနိုင်ရန်အတွက် မျှော်မှန်းထားပါသည်။ နိုင်ငံတော်အနေဖြင့် စည်းလုံး ညီညွတ်သော ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စုကြီး ဖြစ်တည်လာစေရေး၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စွမ်းရည်ပြည့်ဝသော မျိုးဆက်သစ်များပေါ်ပေါက် လာစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ တီထွင် ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် စီးပွားရေးစနစ်သစ် တစ်ခုအဖြစ် ထူထောင်ရေး စသည့် ရည်မှန်းချက်များဖြင့် စီးပွားရေး မူဝါဒများကို ချမှတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ထိရောက်ထက်မြက်ရေးအတွက် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများ အပြန်အလှန် ချိတ်ဆက်ကာ ပေါင်းစပ်ညှိနှိုင်း

ဆောင်ရွက်ခြင်း၊ ဒီမိုကရေစီစံနှုန်း၊ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် မကိုက်ညီဘဲ ခေတ်စနစ်နှင့် လိုက်လျောညီထွေ မရှိသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့ပေါ့ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဒေသတွင်း စီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေးတွင် ပေါင်းစည်းနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရန်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ချမှတ်ကျင့်သုံးခြင်း၊ ကုန်သွယ်မှုအတားအဆီးများလျှော့ချခြင်း၊ ပင်လယ်ရေကြောင်းနှင့် ကုန်းတွင်းပိုင်း အကောက်ခွန်ဥပဒေနှင့် မူဝါဒပြုပြင် ပြောင်းလဲခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံများအတွင်း ဖြတ်သန်းသယ်ယူပို့ဆောင်သည့် အကောက်ခွန်စနစ်နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ကုန်သွယ်မှု သဘောတူညီချက်များတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ပမာဏမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၈.၈၄ ဘီလီယံထိ ဖြစ်ပေါ် ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေ ချောမွေ့စွာ ရင်းနှီးမြှုပ်နှံနိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ရေးဆွဲခဲ့ရာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူများနှင့် ရင်းနှီးမြှုပ်နှံမှုများ ခိုင်မာစေရန်နှင့် စီးပွားရေးအခွင့်အလမ်းများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဘီလီယံခန့်ကို ခွင့်ပြုပေးခဲ့ပါသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆ခုနှစ် ဇွန်လအတွင်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအား ငွေကြေးအရင်းအနှီး ရရှိစေရန်အတွက် နိုင်ငံတော်၏ ချေးငွေ၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေတို့ဖြင့် ချေးငွေထောက်ပံ့ပေးရေး ဆောင်ရွက်ခဲ့သည်။ ဗဟိုဘဏ်ဥပဒေအရ ချေးငွေကာလ တစ်နှစ် ဖြစ်သော်လည်း နိုင်ငံတော် အထူးချေးငွေ၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေ

တို့ဖြင့် ငါးနှစ်ကာလအထိ ထုတ်ချေးပေးနိုင်ခဲ့ပြီး လုပ်ငန်းရှင်များ၏ ရင်းနှီးလည်ပတ်မှု အားကောင်းလာစေရန် ပံ့ပိုးပေးနိုင်ခဲ့သည်။

ကလေးလူငယ်များ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းမြင့်မားရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့ကို ဦးတည်၍ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန် "အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၀" ၏ ပညာရေး ရည်မှန်းချက်နှင့်အညီ လုပ်ငန်းနယ်ပယ် ၉ ရပ် သတ်မှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း မူလတန်းကျောင်းများ တိုးမြှင့်ဖွင့်လှစ် နိုင်ခဲ့သည့်နည်းတူ ကျောင်းဆရာ/ ဆရာမများ တိုးချဲ့ ခန့်ထားနိုင်ခဲ့ပြီး ကျောင်းသားဦးရေ တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှု၊ ကာကွယ်မှု၊ ကုသမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များမှ ဆေးပညာဘွဲ့ရရှိသူ ၁၈၉၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ဆရာဝန်သစ်လွင်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် သားဖွားဆရာမများ အပါအဝင် ကျန်းမာရေးဝန်ထမ်းတို့ကို အသစ်ခန့်အပ်ခဲ့ပါသည်။

ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းကျန်းမာရေး လုပ်ငန်းများကိုလည်း ပိုမိုပီပြင်ထိရောက်စွာ ဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ဆေးရုံကြီးများ၌ ဧည့်ကြိုဝန်ဆောင်မှုများပေးခြင်း၊ အရည်အသွေး ပြည့်ဝစွာ ကုသမှုပေးနိုင်ရန်အတွက် ဆေးပညာ၊ ခွဲစိတ်ကုသပညာ၊ သားဖွားနှင့်မီးယပ်ပညာ၊ ကလေးကျန်းမာရေးပညာ ကုသမှု လမ်းညွှန်စာအုပ်များ ထုတ်ဝေဖြန့်ချီ ပေးခဲ့သည်။

စီးပွားရေး မူဝါဒများနှင့်အညီ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နည်းတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်သည့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် Nationwide Ceasefire Agreement-NCA လက်မှတ် ရေးထိုးခြင်း မရှိသေးသည့် အဖွဲ့များပါဝင်လာရေး နိုင်ငံရေးမူဘောင် ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းလာရေးကို

မျှော်မှန်း၍ ပြည်ထောင်စု တိုင်းရင်းသားများ၊ ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံကို ၃၁-၈-၂၀၁၆ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ ထို့အပြင် တရားဝင်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်သည့် ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ် မေလတွင် ဒုတိယအကြိမ် (၂၁) ရာစု ပင်လုံကို ကျင်းပ နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် အပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်ရာတွင် နိုင်ငံ၏လူသားအရင်းအမြစ်၊ ဓနဥစ္စာအရင်းအမြစ်နှင့် ရုပ်ဝတ္ထုအရင်းအမြစ်တို့ကို အစွမ်းကုန် စုစည်းအသုံးချ၍ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးသာမက ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရနှင့်ပြည်သူတို့ အတူတကွ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## အခန်း(၁)

## မေခရိုစီးပွားရေးအခြေအနေ

### ကမ္ဘာ့စီးပွားရေးအခြေအနေ

ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးလုပ်ဆောင်ချက်များမှာ ပုံမှန်အနေအထားတွင် ရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ် ဒုတိယနှစ်လယ်မှစ၍ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးလုပ်ဆောင်ချက်များ အရှိန်ကောင်းလာခဲ့သည့်အတွက် ကမ္ဘာ့စီးပွားရေး အခြေအနေသည် ၂၀၁၆ ခုနှစ်တွင် ၃.၁ ရာခိုင်နှုန်း တိုးတက်မည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ထုတ်ဝေသော World Economic Outlook April 2017 က ခန့်မှန်းထားပါသည်။

### စက်မှုဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးအခြေအနေ

၂၀၁၆ ခုနှစ်အတွက် World Economic Outlook, April 2017 က ခန့်မှန်းထားချက်များအရ စက်မှုဖွံ့ဖြိုးပြီး နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးအခြေအနေကို ဖော်ပြအပ်ပါသည်-

(က) **ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့်** ၂၀၁၆ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁.၇ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ အဆိုပါနိုင်ငံများတွင် ပြည်တွင်းဝယ်လိုအား မြင့်တက်လာခဲ့ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများအား လိုက်လျောညီထွေ ထိန်းကျောင်းနိုင်ခဲ့ခြင်းနှင့် လုပ်သားဈေးကွက် တည်ငြိမ်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

(ခ) **အမေရိကန်ပြည်ထောင်စုအနေဖြင့်** ၂၀၁၆ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁.၆ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်း ထားပါသည်။ ၂၀၁၆ ခုနှစ် ပထမ(၆)လတွင် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းခဲ့ပြီး ကုန်ပစ္စည်းလက်ကျန်များ လျော့နည်းခဲ့သော်လည်း နောက်ပိုင်းတွင် အလုပ်အကိုင်များတိုးတက်ရရှိလာခြင်း၊ ငွေကြေးမူဝါဒများ ပြောင်းလဲလုပ်ဆောင်လာခြင်းနှင့် ပြည်ထောင်စု၏ သီးသန့်အရံငွေကြေးများ မြင့်တက်လာခဲ့ခြင်း၊ ကုန်လက်ကျန်များ ပြည်လည်စီးဆင်းလာခြင်းနှင့် စားသုံးသူ ဝယ်လိုအား တိုးတက်လာခြင်းတို့ကြောင့် စီးပွားရေးတိုးတက်ရန် ခန့်မှန်းထားခြင်းဖြစ်ပါသည်။

(ဂ) ၂၀၁၆ ခုနှစ်တွင် အခြားသောဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် ဗြိတိန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့တွင်လည်း စီးပွားရေးအခြေအနေ ကောင်းမွန် တိုးတက်


လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ဗြိတိန်နိုင်ငံတွင် ၁.၈ ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံတွင် ၁.၈ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံတွင် ၁.၂ ရာခိုင်နှုန်း အသီးသီး တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

(ဃ) **ဂျပန်နိုင်ငံအနေဖြင့်** ၂၀၁၆ ခုနှစ်တွင်ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများ ပြန်လည်လုပ်ဆောင်လာနိုင်ခဲ့ခြင်း၊ ဝင်ငွေများတိုးတက်လာခြင်းနှင့် မျှော်မှန်းချက်ထက် အသားတင်ပို့ကုန်တွင် တိုးတက်တင်ပို့ နိုင်ခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသုံးစရိတ်များ လျော့နည်းခဲ့သည့်အတွက် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁.၀ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု ခန့်မှန်းပါသည်။

(င) ၂၀၁၆ ခုနှစ် တရုတ်နိုင်ငံ၏စီးပွားရေးကို ၆.၇ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ညှိနှိုင်းဆောင်ရွက်နေရခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှု အနည်းငယ် ကျဆင်းခဲ့သော်လည်း နိုင်ငံပိုင်လုပ်ငန်း (state firms)များ၏ ဝင်ငွေနှင့် လယ်ယာစိုက်ပျိုးရေး မဟုတ်သည့် လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ခဲ့ပါသည်။

(စ) **အိန္ဒိယနိုင်ငံတွင်** ပြည်တွင်းစားသုံးမှု ယာယီ ကျဆင်းခဲ့သော်လည်း အိန္ဒိယနိုင်ငံ၏ စီးပွားရေး တိုးတက်မှုသည် ၂၀၁၆ ခုနှစ် တွင် ၆.၈ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပါသည်။

**ပုံ(၁-၁) ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့၏ ဂျီဒီပီတိုးတက်မှုနှုန်း**




Source: IMF. World Economic Outlook, April 2017

**အာဆီယံနိုင်ငံအချို့၏ စီးပွားရေးအခြေအနေ**

ကမ္ဘာ့ကုန်စည်ဈေးနှုန်း တိုးတက်မှုနှင့်အတူ နိုင်ငံပြင်ပရင်းနှီးမြှုပ်နှံမှုများကို တွန်းအားပေးနိုင်မှု၊ လုပ်သားတိုးမြှင့်ခန့်ထားမှုနှင့် အစိုးရအသုံးစရိတ်တိုးမြှင့်သုံးစွဲမှုတို့သည် အာဆီယံ စီးပွားရေးတိုးတက်မှုကို ဖြစ်စေခဲ့သည်ဟု ASEAN Development Outlook / 2017 က ဖော်ပြထားပါသည်။

(က) **ထိုင်းနိုင်ငံအနေဖြင့်** ၂၀၁၆ ခုနှစ်တွင်စီးပွားရေးတိုးတက်မှုနှုန်း ၃.၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ ၂၀၁၆ ခုနှစ်အတွင်း စက်မှုလုပ်ငန်းများ၏ တိုးတက်မှု နှေးကွေးခဲ့သော်လည်း ငွေကြေးဖောင်းပွမှုနှုန်း တည်ငြိမ်ခဲ့ခြင်း၊ နိုင်ငံခြား ငွေပေးငွေယူ ရှင်းတမ်းတွင် ပိုငွေပြခဲ့ခြင်း၊ နိုင်ငံပိုင်ဆောက်လုပ်ရေး လုပ်ငန်းများ၊ ဟိုတယ်၊ စားသောက်ဆိုင်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ပိုမို အားကောင်းလာခြင်းတို့အပြင် ပုဂ္ဂလိကစားသုံးမှု မြင့်တက်လာခဲ့ပါသည်။

(ခ) **စင်္ကာပူနိုင်ငံအနေဖြင့်** ၂၀၁၆ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂.၀ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ စက်မှုလုပ်ငန်းများ ပြန်လည် ဦးမော့လာခြင်း၊ အစိုးရအသုံးစရိတ် ပိုမိုသုံးစွဲလာခြင်း၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများပိုမိုအားကောင်းလာခြင်းနှင့် ပြည်ပဝယ်လိုအားမြင့်တက် လာခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **ဗီယက်နမ်နိုင်ငံအနေဖြင့်** ၂၀၁၆ ခုနှစ်တွင်စီးပွားရေးတိုးတက်မှုနှုန်းမှာ ၆.၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ လယ်ယာလုပ်ငန်းနှင့် ရေနံ ထုတ်လုပ်သည့် လုပ်ငန်းများတွင် တိုးတက်မှု နှေးကွေးခဲ့သော်လည်း စက်မှု လုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မှုအရှိန် ကောင်းခဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်လာနိုင်ခဲ့ သောကြောင့်ဖြစ်ပါသည်။


(ဃ) **အင်ဒိုနီးရှားနိုင်ငံတွင်** ပုဂ္ဂလိကစားသုံးမှု အရှိန်ကောင်းခဲ့ခြင်း၊ အစိုးရမှ ရင်းနှီးမြှုပ်နှံမှုကို တွန်းအားပေးသည့် စီးပွားရေးမူဝါဒများထုတ်ပြန်ခဲ့ပြီး ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ အကန့်အသတ်များ ဖြေလျှော့ပေးခဲ့သောကြောင့် လုပ်ငန်းကဏ္ဍ သစ်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာအောင် တွန်းအားပေး

လုပ်ဆောင် နိုင်ခဲ့ သည့်အတွက် ၂၀၁၆ ခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၅.၀ ရာခိုင်နှုန်း တိုးတက် မှု ရှိမည်ဟု ခန့်မှန်းထားပါသည်။

(င) **မလေးရှားနိုင်ငံတွင်** ပြည်ပနိုင်ငံများ၏ မူဝါဒရေးရာ မသေချာမှုများ၊ ကမ္ဘာ့ကုန်စည် ဈေးနှုန်း၏ အကျိုးသက်ရောက်မှုများနှင့် လယ်ယာထွက်ကုန် သိသာစွာကျဆင်း ခဲ့ခြင်းတို့ကို ခံစားခဲ့ရသော်လည်း ကုန်သွယ်ဖက်နိုင်ငံများ၏ ဝယ်လိုအား ပြန်လည်မြင့်တက်လာမှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကောင်းမွန်လာမှုတို့ကြောင့် ၂၀၁၆ ခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၄.၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထား ပါသည်။

(စ) **ဖိလစ်ပိုင်နိုင်ငံတွင်** ပြည်ပဝယ်လိုအားကျဆင်းလာပြီး လယ်ယာထွက်ကုန်များ၏ ထုတ်လုပ်မှု သိသာစွာကျဆင်းခဲ့သော်လည်း ပြည်တွင်းဝယ်လိုအား မြင့်တက်ခဲ့ခြင်း၊ ကုန်သွယ်ရေး၊ အိမ်ခြံမြေနှင့် အိမ်ငှားရမ်းမှုနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှု အားကောင်းခဲ့ခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း မှာ ၆.၈ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

**ပုံ(၁-၂ ) အာဆီယံနိုင်ငံအချို့၏ ဂျီဒီပီတိုးတက်မှုနှုန်း**




Source: Asean Development Outlook 2017

**မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လယ်ယာထွက်သီးနှံများ အထွက်ကျဆင်းခြင်းကြောင့် လယ်ယာကဏ္ဍတွင် လျော့နည်းခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းနှင့် အတူ အသေးစားနှင့်အလတ်စား ထုတ်လုပ်မှုလုပ်ငန်းငယ်များ၏ ထုတ်လုပ်မှုများ တိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ပို့ဆောင်ရေးနှင့် ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်လုပ်ငန်း လုပ်ကိုင်လာခြင်းနှင့် ပြည်တွင်းကုန်သွယ်မှု များပြားလာခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် **နှစ်အလိုက်ဈေးနှုန်းအရ** ကျပ် ၇၉,၇၂၀.၉ ဘီလီယံ ဖြစ်ပေါ်ခဲ့ပြီး၊ ၅.၉ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းရရှိပါသည်။ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ ကျပ် ၁,၅၀၆,၅၂၇ ဖြစ်ပေါ်ပါသည်။

စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဍာန်အနေဖြင့် လယ်ယာကဏ္ဍကြီးတွင် ၂၅.၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၅.၀ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၉.၅ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ စီးပွားရေးညွှန်ကိန်းများ ပြောင်းလဲမှုအခြေအနေများအား အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား(၁-၁) စီးပွားရေးညွှန်ကိန်းများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | ၂၀၁၆-၂၀၁၇ (မတ်လကုန် ယာယီ) |
|---|---|---|---|---|
| ၁ | **ဧရိယာ** | | | |
| | (က) အကျယ်အဝန်း | စတုရန်းမိုင် | ၂၆၁,၂၂၈ | ၂၆၁,၂၂၈ |
| | | ကေထောင် | ၁၆၇,၁၈၆ | ၁၆၇,၁၈၆ |
| | (ခ) အသားတင်စိုက်ပျိုးမြေ (စုစုပေါင်း ဧရိယာတွင် ပါဝင်မှုရာခိုင်နှုန်း) | ရာခိုင်နှုန်း | ၁၉.၇ | ၁၉.၇ |
| ၂ | **စီးပွားရေးအခြေအနေ** | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၇၂,၇၁၄,၀၂၁.၂ | ၇၉,၇၂၀,၈၉၇.၉ |

ဇယား(၁-၁) စီးပွားရေးညွှန်ကိန်းများ(အဆက်)

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ (ရွေ့ပြေးအမှန်) | ၂၀၁၆-၂၀၁၇ (မတ်လကုန် ယာယီ) |
|---|---|---|---|---|
| | (ခ) လူတစ်ဦးကျ ဂျီဒီပီ | ကျပ် | ၁,၃၈၆,၃၄၉ | ၁,၅၀၆,၅၂၇ |
| | (ဂ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၇.၀ | ၅.၉ |
| | (ဃ)ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁)လယ်ယာ | ရာခိုင်နှုန်း | ၂၆.၈ | ၂၅.၅ |
| | (၂)စက်မှု | ရာခိုင်နှုန်း | ၃၄.၅ | ၃၅.၀ |
| | (၃)ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၈.၇ | ၃၉.၅ |
| ၃ | **ငွေကြေးနှင့်ဘဏ္ဍာလုပ်ငန်း** | | | |
| | (က)ငွေကြေးဖောင်းပွမှု(တစ်နှစ်ပျမ်းမျှ) | ရာခိုင်နှုန်း | ၁၀.၀ | ၆.၈၁ |
| | (ခ) ပြည်သူများ၏ စုဆောင်းငွေ | ကျပ်သန်း | ၂၁,၂၂၁,၀၇၄ | ၂၅,၁၀၆,၅၂၄* |
| | (ဂ) ပြည်သူများ၏ စုဆောင်းငွေ နှင့် ဂျီဒီပီအချိုး | ရာခိုင်နှုန်း | ၂၉.၂ | ၃၁.၅ |
| | (ဃ) ငွေလဲလှယ်မှုနှုန်း (Exchange Rate) | ကျပ် | ၁,၂၂၆ | ၁,၂၆၈ |
| ၄ | **ကုန်သွယ်မှုအခြေအနေ** | | | |
| | (က) ကုန်သွယ်မှုပမာဏ | ဒေါ်လာသန်း | ၂၇,၇၁၄.၃ | ၂၈,၈၄၃.၁ |
| | | ကျပ်သန်း | ၃၃,၉၈၀,၉၈၂.၆ | ၃၆,၃၁၈,၃၆၆.၂ |
| | (ခ)ကုန်သွယ်မှုနှင့် ဂျီဒီပီအချိုး | ရာခိုင်နှုန်း | ၄၆.၇ | ၄၅.၆ |
| | (ဂ) အဓိကသွင်းကုန်များ | | | |
| | (၁) ရေနံထွက်ပစ္စည်းများ | ဒေါ်လာသန်း | ၁,၆၂၆.၈ | ၂,၄၄၆.၁ |
| | (၂) သယ်ယူပို့ဆောင်ရေး ပစ္စည်းများ(မော်တော်ကား) | ဒေါ်လာသန်း | ၁,၇၇၇.၁ | ၁,၈၆၅.၁ |
| | (၃) အခြားစက်နှင့်စက်ပစ္စည်းများ | ဒေါ်လာသန်း | ၁,၂၂၅.၃ | ၁,၀၉၉.၁ |
| | (၄)သဘော်နှင့်သဘော်ပစ္စည်း | ဒေါ်လာသန်း | ၁,၁၂၅.၀ | ၂၆၀.၁ |
| | (၅) သံနှင့်သံမဏိဆောက်လုပ်ရေး ပစ္စည်းများ | ဒေါ်လာသန်း | ၁,၀၅၁.၂ | ၈၅၆.၉ |

*၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်


ဇယား(၁-၁) စီးပွားရေးညွှန်ကိန်းများ(အဆုံး)

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | ၂၀၁၆-၂၀၁၇ (မတ်လကုန် ယာယီ) |
|---|---|---|---|---|
| | (ဃ) အဓိကပို့ကုန်များ | | | |
| | (၁) သဘာဝဓာတ်ငွေ့ | ဒေါ်လာသန်း | ၄,၃၄၃.၃ | ၂,၉၇၂.၁ |
| | (၂) ပဲအမျိုးမျိုး | ဒေါ်လာသန်း | ၁,၁၅၂.၃ | ၁,၂၈၁.၄ |
| | (၃) ချုပ်ပြီးအထည် | ဒေါ်လာသန်း | ၈၅၉.၁ | ၁,၈၇၈.၃ |
| | (၄) ကျောက်စိမ်း | ဒေါ်လာသန်း | ၅၆၉.၅ | ၃၈၇.၉ |
| | (င) ပို့ကုန် အဓိက တင်ပို့သည့် နိုင်ငံများ | | | |
| | (၁) ထိုင်းနိုင်ငံ | ရာခိုင်နှုန်း | ၂၆.၀ | ၁၈.၉ |
| | (၂) တရုတ်နိုင်ငံ | ရာခိုင်နှုန်း | ၄၃.၈ | ၄၂.၆ |
| | (၃) အိန္ဒိယနိုင်ငံ | ရာခိုင်နှုန်း | ၈.၁ | ၈.၁ |
| | (၄) စင်ကာပူနိုင်ငံ | ရာခိုင်နှုန်း | ၆.၅ | ၄.၁ |
| | (၅) ဂျပန်နိုင်ငံ | ရာခိုင်နှုန်း | ၃.၅ | ၆.၇ |
| | (၆) အခြား | ရာခိုင်နှုန်း | ၁၂.၁ | ၁၉.၆ |
| | (စ) သွင်းကုန်အဓိက တင်သွင်းသည့် နိုင်ငံများ | | | |
| | (၁) တရုတ်နိုင်ငံ | ရာခိုင်နှုန်း | ၃၈.၈ | ၃၃.၆ |
| | (၂) စင်ကာပူနိုင်ငံ | ရာခိုင်နှုန်း | ၁၇.၉ | ၁၄.၅ |
| | (၃) ဂျပန်နိုင်ငံ | ရာခိုင်နှုန်း | ၈.၈ | ၇.၃ |
| | (၄) ထိုင်းနိုင်ငံ | ရာခိုင်နှုန်း | ၁၁.၉ | ၁၂.၁ |
| | (၅) ကိုရီးယားနိုင်ငံ | ရာခိုင်နှုန်း | ၂.၄ | ၃.၀ |
| | (၆) အခြား | ရာခိုင်နှုန်း | ၂၀.၂ | ၂၉.၅ |

**နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းသည့် တိုးတက်မှုနှုန်း အခြေအနေ**

မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် စီးပွားရေးတိုးတက်မှုနှုန်း အခြေအနေကို ကမ္ဘာ့ဘဏ် (The World Bank) မှ ၆.၅ ရာခိုင်နှုန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) မှ ၆.၄ ရာခိုင်နှုန်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ၆.၃ ရာခိုင်နှုန်းနှင့် The ASEAN+3 Macroeconomic Research Office (AMRO) မှ ၆.၀ ရာခိုင်နှုန်းနှင့် တိုးတက်မည်ဟု ခန့်မှန်းပါသည်။

**ပုံ(၁-၃) မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းသည့် တိုးတက်မှုနှုန်း အခြေအနေ**




Source: IMF Staff Conclude Visit, The World Bank, ADB Outlook, 2016 and AMRO Annual Consultation Report, April 2017

## အခန်း(၂)

## မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးအခြေအနေ

မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် ပတ်သက်၍ စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Gross Domestic Product-GDP)နှင့် စီးပွားရေး ပုံသဏ္ဌာန်ပြောင်းလဲမှုအခြေအနေ၊ ဂျီဒီပီတိုးတက်မှုနှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်း (Inflation)၊ ပြည်ပကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို တင်ပြအပ်ပါသည်။

**စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)။ နှစ်အလိုက်ဈေးနှုန်းအရ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်(ရှေ့ပြေးအမှန်)တွင် ကျပ် ၇၂,၇၁၄.၀ ဘီလီယံ ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ယာယီ)တွင် ကျပ် ၇၉,၇၂၀.၉ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ဂျီဒီပီတိုးတက်မှုနှုန်းအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၇.၀ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လူတစ်ဦးစီ၏ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)။ နှစ်အလိုက်ဈေးနှုန်း**အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁,၃၈၆,၃၄၉ ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ် ၁,၅၀၆,၅၂၇ ရှိပါသည်။

**စီးပွားရေးတိုးတက်မှုအခြေအနေ။** လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃.၄ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၀.၄ ရာခိုင်နှုန်းသို့ လျော့နည်း ဖြစ်ပေါ်ခဲ့ပါသည်။ စက်မှုကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈.၃ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၈.၉ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ဝန်ဆောင်မှုကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈.၇ ရာခိုင်နှုန်း ဖြစ်ပြီး၊၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၈.၀ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

**စီးပွားရေးပုံသဏ္ဌာန်။** စီးပွားရေးပုံသဏ္ဌာန် ပြောင်းလဲမှုအနေဖြင့် ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၆.၈ ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၅.၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၄.၅ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၅.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစား

မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၈.၇ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၉.၅ ရာခိုင်နှုန်းသို့ အသီးသီး ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

**ငွေကြေးဖောင်းပွမှုနှုန်း။** ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပျမ်းမျှ ၆.၈၁ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပျမ်းမျှ ၉.၉၉ ရာခိုင်နှုန်းဖြစ်ပါသည်။ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၇.၀၀ ရာခိုင်နှုန်း ရှိပါသည်။

**ပြည်ပကုန်သွယ်မှုအခြေအနေ။** ပို့ကုန်တန်ဖိုးမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)တွင် အမေရိကန်ဒေါ်လာ ၁၁,၆၆၃.၂ သန်း ဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် အမေရိကန် ဒေါ်လာ ၅၂၆.၇ သန်း ပိုမိုခဲ့ပါသည်။ သွင်းကုန်တန်ဖိုးမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် အမေရိကန်ဒေါ်လာ ၁၇,၁၇၉.၉ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် အမေရိကန်ဒေါ်လာ ၆၀၂.၁ သန်း ပိုမိုခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅,၅၁၆.၇ သန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်)တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅,၄၄၁.၃ သန်းဖြစ်ပါသည်။ ကုန်သွယ်မှုပမာဏမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် အမေရိကန်ဒေါ်လာ ၂၈,၈၄၃.၁ သန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် အမေရိကန် ဒေါ်လာ ၁,၁၂၈.၈ သန်း ပိုမိုခဲ့ပါသည်။

**ပြည်ပရောက်အလုပ်သမားများ၏ ငွေလွှဲပို့မှုအခြေအနေ။** အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ စာရင်းအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ် ၆၂၃,၇၃၇.၀၃၆ သန်း ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၃၇၀,၈၅၅.၉၀၃ သန်း ရှိပါသည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍ။** စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)တွင် ကျပ် ၂၆,၃၇၁,၇၇၈.၅ သန်းရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်း ထက် ကျပ် ၁,၁၅၀,၂၉၂. ၃ သန်း ပိုမို၍ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုအခြေအနေကို နိုင်ငံပိုင်အခန်း၊ သမဝါယမပိုင် အခန်း၊ ပုဂ္ဂလိကပိုင် အခန်းဟူ၍ ခွဲခြားတင်ပြအပ်ပါသည်။

**နိုင်ငံပိုင်အခန်း။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)အရ ရင်းနှီးမြှုပ်နှံမှု ကျပ် ၅,၂၂၉,၃၄၁.၁ သန်းရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းအောက် ကျပ် ၉၆၆,၉၇၀.၅ သန်း လျော့နည်း၍ ရင်းနှီးမြှုပ်နှံ ခဲ့ပါသည်။

**သမဝါယမပိုင်အခန်း။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် ရင်းနှီးမြှုပ်နှံမှု ကျပ် ၃,၈၇၆.၇ သန်းရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းထက် ကျပ် ၁,၅၀၃.၄ သန်း ပိုမို၍ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

**ပုဂ္ဂလိကပိုင်အခန်း။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် ရင်းနှီးမြှုပ်နှံမှု ကျပ် ၂၁,၃၃၈,၅၆၀.၇ သန်းရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းထက် ကျပ် ၂,၁၁၅,၇၅၉.၄ သန်း ပိုမို၍ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

**ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး။** ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကဘဏ် ၂၄ ခုသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘဏ်ခွဲပေါင်း ၂၂၉ ခု တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ ပြည်တွင်းဘဏ်များအပြင် နိုင်ငံခြားဘဏ် ၄ ခု၊ ပြည်တွင်း ငွေရေးကြေးရေးကုမ္ပဏီ ၃ ခု၊ နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ ၁ ခုအား လုပ်ငန်း လိုင်စင်များ ခွင့်ပြုခဲ့ပါသည်။ ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကဘဏ် ၁၇ ခုမှ အလိုအလျောက် ငွေထုတ်စက်ပေါင်း ၁၇၇ ခုတပ်ဆင်ထားရှိပြီး ဖြစ်ပါသည်။ နိုင်ငံခြားငွေ လဲလှယ်ရေးကောင်တာများအနေဖြင့် ပုဂ္ဂလိကဘဏ် ၂၃ ဘဏ် အတွက် ငွေလဲကောင်တာ ၁၅၀ ခု၊ ပုဂ္ဂလိကကုမ္ပဏီများအတွက် ၅၅ ခု ကို လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

လုပ်ငန်းများ စတင်ခွင့်ပြုချိန်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်ထိ ပုဂ္ဂလိကဘဏ် ၂၄ ခုမှ ဘဏ်ခွဲပေါင်း ၁,၄၈၁ ခု၊ နိုင်ငံခြားဘဏ် ၁၃ ခု၊ ပြည်တွင်းငွေရေးကြေးရေးကုမ္ပဏီ ၁၆ ခု၊ နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ ၂ ခု၊ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲပေါင်း ၄၆ ခု၊ ပုဂ္ဂလိကဘဏ်များမှ ငွေလဲကောင်တာ အရေအတွက်ပေါင်း ၈၈၇ ခု၊ ပုဂ္ဂလိက ကုမ္ပဏီများမှ ငွေလဲကောင်တာ အရေအတွက်ပေါင်း ၄၂၈ ခုအား လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ ခွင့်ပြုပြီး ဖြစ်၍ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

**ငွေလဲလှယ်နှုန်း။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ပျမ်းမျှ ၁,၂၆၈ ကျပ် ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပျမ်းမျှငွေလဲလှယ်နှုန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၁,၂၂၆ ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။

**ဇယား(၂-၁)**

**မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ**

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး: Gross Domestic Product (GDP)** | | | |
| စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ကျပ်ဘီလီယံ | ၇၂,၇၁၄.၀ (ရှေ့ပြေးအမှန်) | ၇၉,၇၂၀.၉ မတ်လကုန် (ယာယီ) |
| လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက် ဈေးနှုန်း) | ကျပ် | ၁,၃၈၆,၃၄၉ | ၁,၅၀၆,၅၂၇ |
| စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း | (%) | ၇.၀ | ၅.၉ |
| **ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း** | | | |
| လယ်ယာ | (%) | ၃.၄ | - ၀.၄ |
| စက်မှု | (%) | ၈.၃ | ၈.၉ |
| ဝန်ဆောင်မှု | (%) | ၈.၇ | ၈.၀ |
| **စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးတွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုး (နှစ်အလိုက်ဈေးနှုန်း)** | | | |
| လယ်ယာ | (%) | ၂၆.၈ | ၂၅.၅ |
| စက်မှု | (%) | ၃၄.၅ | ၃၅.၀ |
| ဝန်ဆောင်မှု | (%) | ၃၈.၇ | ၃၉.၅ |

# ဇယား (၂-၂)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှု အခြေအနေ

## (နှစ်အလိုက်ဈေးနှုန်းအရ)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) တန်ဖိုး (ကျပ်သန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | စီမံကိန်းရည်မှန်းချက် တန်ဖိုး (ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု | | | | |
| | | | | | ပထမ(၆)လပတ် (ပြုပြင်ပြီး) တန်ဖိုး (ကျပ်သန်း) | ဒုတိယ(၆)လပတ် တန်ဖိုး (ကျပ်သန်း) | မတ်လကုန်(ယာယီ) | | |
| | | | | | | | တန်ဖိုး (ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)** | **၇၂,၇၁၄,၀၂၁.၂** | **၈၄,၁၂၈,၁၂၇.၇** | **၂၆,၄၇၃,၀၃၉.၂** | **၅၃,၂၄၇,၈၅၈.၇** | **၇၉,၇၂၀,၈၉၇.၉** | **၉၄.၈** | **၉.၆** |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၉,၄၆၆,၈၃၆.၈** | **၂၁,၅၀၁,၆၀၇.၁** | **၆,၁၆၂,၇၇၇.၈** | **၁၄,၁၃၇,၂၅၇.၈** | **၂၀,၃၀၀,၀၃၅.၆** | **၉၄.၄** | **၄.၃** |
| | ၁ | လယ်ယာ | ၁၃,၄၁၇,၆၆၈.၂ | ၁၄,၈၈၇,၆၆၂.၄ | ၃,၂၄၁,၄၄၁.၂ | ၁၀,၄၉၄,၆၇၂.၀ | ၁၃,၇၃၆,၁၁၃.၂ | ၉၂.၃ | ၂.၄ |
| | ၂ | သားငါး | ၅,၉၀၆,၅၁၉.၁ | ၆,၅၂၃,၀၉၄.၂ | ၂,၈၉၆,၇၅၆.၁ | ၃,၆၀၈,၄၃၉.၅ | ၆,၅၀၅,၁၉၅.၆ | ၉၉.၇ | ၁၀.၁ |
| | ၃ | သစ်တော | ၁၄၂,၆၄၉.၅ | ၉၀,၈၅၀.၅ | ၂၄,၅၈၀.၅ | ၃၄,၁၄၆.၃ | ၅၈,၇၂၆.၈ | ၆၄.၆ | -၅၈.၈ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂၅,၀၆၃,၆၆၆.၀** | **၃၀,၂၁၇,၃၈၇.၈** | **၈,၇၂၈,၇၁၉.၁** | **၁၉,၁၈၉,၁၁၈.၉** | **၂၇,၉၁၇,၈၃၈.၀** | **၉၂.၄** | **၁၁.၄** |
| | ၁ | စွမ်းအင် | ၃,၆၈၇,၅၁၆.၁ | ၄,၉၀၄,၄၈၆.၃ | ၁,၃၇၆,၄၃၂.၆ | ၁,၂၉၃,၅၂၈.၇ | ၂,၆၆၉,၉၆၁.၃ | ၅၄.၄ | -၂၇.၆ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၅၉,၉၈၁.၈ | ၉၄၄,၆၅၀.၆ | ၃၅၉,၆၄၈.၇ | ၄၇၅,၆၃၀.၈ | ၈၃၅,၂၇၉.၅ | ၈၈.၄ | ၉.၉ |
| | ၃ | စက်မှုလက်မှု | ၁၅,၁၃၀,၄၃၆.၇ | ၁၇,၉၃၀,၁၄၄.၀ | ၅,၁၀၃,၉၇၀.၂ | ၁၃,၀၆၃,၄၆၅.၄ | ၁၈,၁၆၇,၄၃၆.၆ | ၁၀၁.၃ | ၂၀.၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၀၃၀,၈၃၆.၉ | ၁,၁၀၇,၉၁၃.၈ | ၅၆၄,၃၆၈.၆ | ၅၄၆,၈၇၄.၉ | ၁,၁၁၁,၂၄၃.၅ | ၁၀၀.၃ | ၇.၈ |
| | ၅ | ဆောက်လုပ်မှု | ၄,၄၅၄,၈၉၄.၅ | ၅,၃၃၀,၁၉၃.၁ | ၁,၃၂၄,၂၉၈.၀ | ၃,၈၀၉,၆၁၉.၁ | ၅,၁၃၃,၉၁၇.၁ | ၉၆.၃ | ၁၅.၂ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၈,၁၈၃,၅၁၈.၄** | **၃၂,၄၀၉,၁၃၂.၈** | **၁၁,၅၈၁,၅၄၂.၃** | **၁၉,၉၂၁,၄၈၂.၀** | **၃၁,၅၀၃,၀၂၄.၃** | **၉၇.၂** | **၁၁.၈** |
| | ၁ | ပို့ဆောင်ရေး | ၈,၂၃၉,၆၅၂.၈ | ၉,၀၂၇,၃၈၃.၆ | ၃,၈၀၈,၅၉၇.၁ | ၅,၁၃၉,၄၃၇.၆ | ၈,၉၄၈,၀၃၄.၇ | ၉၉.၁ | ၈.၆ |
| | ၂ | ဆက်သွယ်ရေး | ၁,၅၁၂,၂၇၁.၁ | ၂,၁၃၁,၆၈၂.၂ | ၇၈၈,၈၉၆.၂ | ၈၅၀,၀၀၃.၅ | ၁,၆၃၈,၈၉၉.၇ | ၇၆.၉ | ၈.၄ |
| | ၃ | ငွေရေးကြေးရေး | ၁၇၃,၄၀၀.၉ | ၁၆၃,၁၉၉.၆ | ၁၀၀,၅၃၅.၉ | ၁၃၃,၂၈၇.၁ | ၂၃၃,၈၂၃.၀ | ၁၄၃.၃ | ၃၄.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၆၈၆,၇၄၃.၅ | ၂,၈၄၉,၉၃၄.၈ | ၁,၂၂၁,၂၈၉.၁ | ၁,၅၈၅,၁၃၇.၈ | ၂,၈၀၆,၄၂၆.၉ | ၉၈.၅ | ၄.၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၈၁၂,၁၀၈.၀ | ၂,၁၁၆,၈၀၀.၄ | ၉၉၃,၅၃၇.၂ | ၁,၁၆၅,၉၈၉.၉ | ၂,၁၅၉,၅၂၇.၁ | ၁၀၂.၀ | ၁၉.၁ |
| | ၆ | ကုန်သွယ်မှု | ၁၃,၇၅၉,၃၄၃.၁ | ၁၆,၁၂၀,၁၇၂.၂ | ၄,၆၆၈,၆၈၆.၈ | ၁၁,၀၄၈,၁၀၆.၁ | ၁၅,၇၁၆,၇၉၂.၉ | ၉၇.၅ | ၁၄.၂ |
| | | **ပါဝင်မှုအချိုးအစား (%)** | | | | | | | |
| | | လယ်ယာကဏ္ဍကြီး | ၂၆.၈ | ၂၅.၆ | ၂၃.၃ | ၂၆.၆ | ၂၅.၅ | | |
| | | စက်မှုကဏ္ဍကြီး | ၃၄.၅ | ၃၅.၉ | ၃၃.၀ | ၃၆.၀ | ၃၅.၀ | | |
| | | ဝန်ဆောင်မှုကဏ္ဍကြီး | ၃၈.၇ | ၃၈.၅ | ၄၃.၇ | ၃၇.၄ | ၃၉.၅ | | |

ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

# ဇယား (၂-၃)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(နှစ်အလိုက်ဈေးနှုန်းအရ)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) တန်ဖိုး (ကျပ်သန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် တန်ဖိုး (ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု ပထမ(၆)လပတ် (ပြုပြင်ပြီး) တန်ဖိုး (ကျပ်သန်း) | ဒုတိယ(၆)လပတ် တန်ဖိုး (ကျပ်သန်း) | မတ်လကုန်(ယာယီ) တန်ဖိုး (ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁ | ကချင်ပြည်နယ် | ၁,၄၆၃,၂၀၆.၂ | ၁,၆၅၃,၉၁၄.၇ | ၄၃၅,၇၆၀.၁ | ၁,၁၄၄,၀၈၇.၄ | ၁,၅၇၉,၈၄၇.၅ | ၉၅.၅ | ၈.၀ |
| ၂ | ကယားပြည်နယ် | ၂၅၅,၈၂၆.၇ | ၂၈၅,၁၀၃.၂ | ၉၉,၀၈၃.၆ | ၁၈၅,၀၇၃.၅ | ၂၈၄,၁၅၇.၁ | ၉၉.၇ | ၁၁.၁ |
| ၃ | ကရင်ပြည်နယ် | ၁,၂၉၇,၈၄၂.၃ | ၁,၅၁၁,၆၁၂.၉ | ၄၀၇,၆၄၃.၂ | ၁,၀၃၃,၁၃၂.၁ | ၁,၄၄၀,၇၇၅.၃ | ၉၅.၃ | ၁၁.၀ |
| ၄ | ချင်းပြည်နယ် | ၂၇၇,၉၉၁.၄ | ၄၀၅,၆၄၉.၇ | ၁၀၆,၈၆၄.၃ | ၂၃၉,၃၄၉.၁ | ၃၄၆,၂၁၃.၄ | ၈၅.၃ | ၂၄.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈,၂၇၀,၁၂၀.၂ | ၉,၇၁၆,၁၉၈.၂ | ၂,၇၂၀,၀၆၇.၈ | ၆,၇၀၂,၈၁၅.၈ | ၉,၄၂၂,၈၈၃.၆ | ၉၇.၀ | ၁၃.၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၃၆၃,၂၂၁.၈ | ၃,၅၉၆,၅၃၄.၀ | ၁,၄၅၇,၂၂၃.၂ | ၁,၉၁၃,၄၇၄.၆ | ၃,၃၇၀,၆၉၇.၈ | ၉၃.၇ | ၀.၂ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၉၅၁,၇၇၂.၄ | ၆,၇၂၃,၁၉၁.၃ | ၁,၆၆၀,၇၀၇.၉ | ၅,၀၀၀,၀၀၃.၄ | ၆,၆၆၀,၇၁၁.၃ | ၉၉.၁ | ၁၁.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၅၆၃,၃၄၇.၅ | ၇,၅၅၆,၀၁၄.၈ | ၂,၅၃၉,၁၃၀.၈ | ၄,၅၇၉,၉၆၃.၄ | ၇,၁၁၉,၀၉၄.၂ | ၉၄.၂ | ၈.၅ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၇,၅၅၃,၁၆၉.၃ | ၈,၇၇၀,၃၅၇.၆ | ၂,၈၀၅,၉၄၇.၆ | ၅,၆၈၉,၆၈၀.၃ | ၈,၄၉၅,၆၂၇.၉ | ၉၇.၃ | ၁၂.၅ |
| ၁၀ | မွန်ပြည်နယ် | ၂,၈၇၇,၁၈၈.၆ | ၃,၂၈၆,၁၂၄.၂ | ၁,၀၁၈,၃၄၀.၁ | ၂,၂၀၀,၈၅၉.၀ | ၃,၂၁၉,၁၉၉.၁ | ၉၈.၀ | ၁၁.၉ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၅၁၂,၀၈၉.၃ | ၄,၄၄၀,၀၇၆.၁ | ၁,၂၄၃,၇၂၁.၂ | ၂,၂၉၀,၅၁၆.၃ | ၃,၅၃၄,၂၃၇.၅ | ၇၉.၆ | ၀.၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၆,၅၀၅,၂၄၀.၉ | ၁၉,၂၆၀,၇၀၈.၈ | ၆,၆၃၅,၄၆၆.၁ | ၁၂,၁၁၄,၈၁၈.၅ | ၁၈,၉၅၀,၂၈၄.၆ | ၉၈.၄ | ၁၄.၈ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၁၈၅,၅၁၆.၃ | ၄,၈၉၈,၉၈၉.၆ | ၁,၆၂၄,၉၅၁.၇ | ၃,၁၄၃,၈၀၆.၄ | ၄,၇၆၈,၇၅၈.၁ | ၉၇.၃ | ၈.၇ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈,၈၃၃,၈၀၃.၄ | ၁၀,၃၅၈,၄၅၇.၉ | ၃,၁၈၂,၁၆၇.၇ | ၅,၆၃၅,၉၅၂.၇ | ၈,၈၁၈,၁၂၀.၄ | ၈၅.၁ | -၀.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၆၀၃,၆၈၄.၉ | ၁,၇၀၅,၁၉၄.၇ | ၅၃၅,၉၆၃.၉ | ၁,၁၇၄,၃၂၆.၂ | ၁,၇၁၀,၂၉၀.၁ | ၁၀၀.၃ | ၆.၆ |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

# ဇယား (၂-၄)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) တန်ဖိုး (ကျပ်သန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | စီမံကိန်းရည်မှန်းချက် | အကောင်အထည်ဖော်နိုင်မှု | | | | |
| | | | | | ပထမ(၆)လပတ် (ပြုပြင်ပြီး) | ဒုတိယ(၆)လပတ် | မတ်လကုန်(ယာယီ) | | |
| | | | | တန်ဖိုး (ကျပ်သန်း) | တန်ဖိုး (ကျပ်သန်း) | တန်ဖိုး (ကျပ်သန်း) | တန်ဖိုး (ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၆,၄၇၆,၂၂၅.၁** | **၆၁,၃၂၆,၃၂၈.၆** | **၂၀,၃၂၂,၂၁၆.၇** | **၃၉,၄၇၀,၃၂၇.၃** | **၅၉,၇၉၂,၅၄၄.၀** | **၉၇.၅** | **၅.၉** |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၆,၃၀၆,၁၇၇.၉** | **၁၇,၀၄၅,၁၉၆.၈** | **၅,၁၆၂,၇၆၄.၉** | **၁၁,၀၈၁,၁၀၅.၀** | **၁၆,၂၄၃,၈၆၉.၉** | **၉၅.၃** | **-၀.၄** |
| | ၁ | လယ်ယာ | ၁၁,၃၅၇,၄၁၃.၂ | ၁၂,၀၄၀,၆၃၃.၉ | ၂,၈၀၄,၁၁၄.၅ | ၈,၄၇၃,၈၉၁.၂ | ၁၁,၂၇၈,၀၂၅.၇ | ၉၃.၇ | -၀.၇ |
| | ၂ | သားငါး | ၄,၈၂၀,၃၃၄.၈ | ၄,၉၂၂,၉၄၇.၉ | ၂,၃၃၇,၄၉၃.၂ | ၂,၅၇၆,၇၁၇.၃ | ၄,၉၁၄,၂၁၀.၅ | ၉၉.၈ | ၁.၉ |
| | ၃ | သစ်တော | ၁၂၈,၄၂၉.၉ | ၈၁,၆၁၅.၀ | ၂၁,၁၃၇.၂ | ၃၀,၄၉၆.၅ | ၅၁,၆၃၃.၇ | ၆၃.၃ | -၅၉.၈ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၆,၉၆၂,၇၅၇.၁** | **၁၈,၉၃၀,၇၀၉.၄** | **၅,၆၃၂,၅၁၀.၁** | **၁၂,၈၄၅,၄၄၀.၂** | **၁၈,၄၇၇,၉၅၀.၃** | **၉၇.၆** | **၈.၉** |
| | ၁ | စွမ်းအင် | ၈၈,၃၆၆.၉ | ၈၄,၆၈၆.၈ | ၃၉,၉၀၄.၁ | ၄၂,၁၇၃.၀ | ၈၂,၀၇၇.၁ | ၉၆.၉ | -၇.၁ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၁၂,၂၂၆.၇ | ၇၀၁,၉၉၁.၅ | ၂၅၀,၄၉၆.၈ | ၃၂၁,၅၅၂.၃ | ၅၇၂,၀၄၉.၁ | ၈၁.၅ | ၁၁.၇ |
| | ၃ | စက်မှုလက်မှု | ၁၂,၄၉၆,၂၃၁.၂ | ၁၃,၈၉၉,၈၀၀.၆ | ၄,၀၂၀,၂၁၈.၃ | ၉,၆၄၀,၇၉၉.၆ | ၁၃,၆၆၁,၀၁၇.၉ | ၉၈.၅ | ၉.၃ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၁၆,၂၈၂.၅ | ၇၆၇,၇၃၀.၁ | ၃၉၈,၆၉၇.၁ | ၃၇၄,၁၉၃.၈ | ၇၇၂,၈၉၀.၉ | ၁၀၃.၄ | ၇.၉ |
| | ၅ | ဆောက်လုပ်မှု | ၃,၁၄၉,၆၄၉.၈ | ၃,၅၂၆,၄၉၉.၄ | ၉၂၃,၁၉၃.၈ | ၂,၄၆၆,၇၂၀.၅ | ၃,၃၈၉,၉၁၅.၃ | ၉၆.၁ | ၇.၆ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၃,၂၀၇,၂၉၀.၁** | **၂၅,၃၅၀,၄၂၂.၄** | **၉,၅၂၆,၉၄၁.၇** | **၁၅,၅၄၃,၇၈၂.၁** | **၂၅,၀၇၀,၇၂၃.၈** | **၉၈.၉** | **၈.၀** |
| | ၁ | ပို့ဆောင်ရေး | ၇,၁၃၃,၃၇၄.၆ | ၇,၇၁၁,၅၂၈.၈ | ၃,၃၀၉,၃၇၅.၆ | ၄,၃၅၄,၆၈၅.၂ | ၇,၆၆၄,၀၆၀.၈ | ၉၉.၄ | ၇.၄ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၃၉,၃၇၉.၈ | ၃,၂၈၃,၀၁၉.၀ | ၁,၃၉၄,၂၈၅.၀ | ၁,၅၄၄,၆၈၇.၃ | ၂,၉၃၈,၉၇၂.၃ | ၈၉.၅ | ၁၁.၄ |
| | ၃ | ငွေရေးကြေးရေး | ၂၂၃,၇၇၅.၅ | ၂၁၀,၅၅၆.၂ | ၁၂၉,၇၄၁.၉ | ၁၇၂,၀၁၉.၉ | ၃၀၁,၇၆၁.၈ | ၁၄၃.၃ | ၃၄.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၅၀၆,၅၆၉.၀ | ၁,၆၀၀,၁၁၉.၇ | ၆၇၆,၆၃၇.၁ | ၈၉၆,၉၉၁.၆ | ၁,၅၇၃,၆၂၈.၇ | ၉၈.၃ | ၄.၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၄၁၇,၉၄၂.၃ | ၁,၅၈၄,၁၀၁.၃ | ၇၁၈,၅၉၁.၅ | ၈၇၁,၈၄၂.၂ | ၁,၅၉၀,၄၃၃.၇ | ၁၀၀.၄ | ၁၂.၂ |
| | ၆ | ကုန်သွယ်မှု | ၁၀,၂၈၆,၂၄၈.၉ | ၁၀,၉၆၁,၀၇၇.၄ | ၃,၂၉၈,၃၁၀.၆ | ၇,၇၀၃,၅၅၅.၉ | ၁၁,၀၀၁,၈၆၆.၅ | ၁၀၀.၄ | ၇.၀ |

ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

# ဇယား (၂-၅)

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) တန်ဖိုး (ကျပ်သန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် တန်ဖိုး (ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု ပထမ(၆)လပတ် (ပြုပြင်ပြီး) တန်ဖိုး (ကျပ်သန်း) | ဒုတိယ(၆)လပတ် တန်ဖိုး (ကျပ်သန်း) | မတ်လကုန်(ယာယီ) တန်ဖိုး (ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁ | ကချင်ပြည်နယ် | ၁,၃၀၂,၈၇၉.၆ | ၁,၂၃၂,၁၀၅.၈ | ၃၁၄,၁၅၆.၅ | ၈၃၂,၁၄၃.၄ | ၁,၁၄၆,၂၉၉.၉ | ၉၃.၀ | ၃.၉ |
| ၂ | ကယားပြည်နယ် | ၂၀၄,၈၄၉.၆ | ၂၁၄,၃၂၄.၀ | ၇၉,၁၈၃.၇ | ၁၃၇,၆၄၄.၉ | ၂၁၆,၈၂၈.၆ | ၁၀၁.၂ | ၅.၈ |
| ၃ | ကရင်ပြည်နယ် | ၁,၀၆၃,၀၃၅.၆ | ၁,၁၇၂,၉၁၉.၀ | ၃၄၂,၆၄၃.၁ | ၇၉၃,၅၀၃.၈ | ၁,၁၃၆,၁၄၆.၉ | ၉၆.၉ | ၆.၉ |
| ၄ | ချင်းပြည်နယ် | ၂၀၈,၇၃၇.၁ | ၂၇၆,၅၀၄.၈ | ၈၁,၆၃၁.၉ | ၁၆၁,၁၉၅.၂ | ၂၄၂,၈၂၇.၁ | ၈၇.၈ | ၁၆.၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၈၃၀,၈၅၂.၂ | ၇,၆၀၆,၈၃၅.၄ | ၂,၂၀၂,၉၉၁.၈ | ၅,၁၅၄,၄၂၀.၉ | ၇,၃၅၇,၄၁၂.၇ | ၉၆.၇ | ၇.၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂,၀၃၄,၆၉၁.၄ | ၂,၀၈၅,၆၅၅.၆ | ၉၁၄,၁၈၀.၆ | ၁,၂၀၃,၅၁၃.၀ | ၂,၁၁၇,၆၉၃.၆ | ၁၀၁.၅ | ၄.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၉၁၃,၅၈၂.၆ | ၅,၂၆၉,၄၄၉.၀ | ၁,၄၀၃,၁၄၂.၄ | ၃,၈၀၃,၂၀၈.၄ | ၅,၂၁၆,၃၅၀.၈ | ၉၉.၀ | ၆.၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၃၃၀,၈၁၅.၆ | ၅,၇၃၆,၃၅၁.၅ | ၂,၀၂၄,၃၉၃.၂ | ၃,၄၇၀,၈၁၄.၉ | ၅,၄၉၅,၂၀၈.၁ | ၉၅.၈ | ၃.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၃၂၇,၇၂၈.၈ | ၆,၉၂၄,၈၄၉.၄ | ၂,၃၁၈,၃၁၈.၁ | ၄,၃၉၇,၈၀၃.၇ | ၆,၇၁၆,၁၂၁.၈ | ၉၇.၀ | ၆.၁ |
| ၁၀ | မွန်ပြည်နယ် | ၂,၃၉၆,၅၀၀.၈ | ၂,၆၀၇,၂၃၄.၀ | ၈၅၅,၂၃၉.၃ | ၁,၆၉၁,၁၃၅.၁ | ၂,၅၄၆,၃၇၄.၄ | ၉၇.၇ | ၆.၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၀၄၅,၀၈၉.၀ | ၂,၁၈၈,၂၉၀.၀ | ၇၀၂,၀၃၇.၇ | ၁,၄၀၇,၀၀၆.၄ | ၂,၁၀၉,၀၄၄.၁ | ၉၆.၄ | ၃.၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃,၄၀၆,၀၈၂.၀ | ၁၄,၇၆၇,၉၇၁.၃ | ၅,၃၃၇,၈၅၇.၃ | ၉,၂၀၈,၃၇၆.၇ | ၁၄,၅၄၆,၂၃၄.၀ | ၉၈.၅ | ၈.၅ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၅၆၆,၅၄၁.၈ | ၃,၇၆၉,၅၉၂.၀ | ၁,၃၅၁,၈၇၄.၄ | ၂,၃၆၁,၅၈၇.၀ | ၃,၇၁၃,၄၆၁.၄ | ၉၈.၅ | ၄.၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၈၁၀,၇၇၈.၉ | ၆,၂၁၃,၅၈၅.၆ | ၁,၉၈၄,၆၃၁.၈ | ၃,၉၇၅,၀၂၈.၉ | ၅,၉၅၉,၆၆၀.၇ | ၉၅.၉ | ၂.၆ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၂၃၃,၀၆၀.၁ | ၁,၂၆၀,၆၆၁.၂ | ၄၀၉,၉၃၄.၉ | ၈၆၂,၉၄၅.၀ | ၁,၂၇၂,၈၇၉.၉ | ၁၀၁.၀ | ၃.၂ |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

**လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

လူဦးရေစုစုပေါင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၂.၉၁၇ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၂.၄၅၀ သန်းဖြစ်ရာ တစ်နှစ်အတွင်း လူဦးရေ ၀.၄၆၇ သန်း တိုးတက်ခဲ့ပါသည်။ အမျိုးသားဦးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၅.၄၅ သန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၅.၂၆ သန်းဖြစ်ရာ ၀.၁၉ သန်း၊ အမျိုးသမီးဦးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၇.၄၇ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်၂၇.၁၉ သန်း ဖြစ်ရာ ၀.၂၇ သန်း အသီးသီး တိုးတက် ခဲ့ပါသည်။ လူဦးရေ တိုးတက်မှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၀.၈၈ ရာခိုင်နှုန်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တို့တွင် ၀.၈၉ ရာခိုင်နှုန်း ဖြစ်ပါ သည်။

**လူဦးရေသိပ်သည်းမှု။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်စတုရန်း ကီလိုမီတာလျှင် ၇၈.၂ ဦးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၇၇.၅ ဦးဖြစ်ပါသည်။

**မြို့ပြလူဦးရေ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၅.၃၆၄ သန်းရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၅.၅၆၀ သန်း ဖြစ်ပါသည်။

**ကျေးလက်လူဦးရေ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၇.၀၈၆ သန်းရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၇.၃၅၇ သန်း ထိမြင့်တက်ခဲ့ပါသည်။

**အာဆီယံဒေသတွင်းနိုင်ငံများနှင့် လူဦးရေအရွယ်အစားနှိုင်းယှဉ်ချက်။** ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ၏ လူဦးရေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခန့်မှန်းလူဦးရေ ၆၄၀ သန်းတွင် ၈.၅ ရာခိုင်နှုန်း ပါဝင်နေပြီး၊ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံ (အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ဘရူနိုင်း) တို့တွင် အဆင့်(၅)နေရာတွင်ရှိ၍ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းတို့၏ နောက်တွင် ရပ်တည်နေပါသည်။

**မှီခိုမှုအချိုး။** သက်ကြီး ၆၅ နှစ် အထက်နှင့် သက်ငယ် ၁၄ နှစ် အောက် မှီခိုသူနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၂.၅ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၂.၀ ရာခိုင်နှုန်း ဖြစ်ရာ ၀.၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းတွေ့ရှိရပါသည်။ သက်ကြီး ၆၀ နှစ် အထက်နှင့် သက်ငယ် ၁၄ နှစ် အောက်မှီခိုသူနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၆၀.၄ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆၀.၂ ရာခိုင်နှုန်းဖြစ်ရာ ၀.၂ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။

**ယာဉ်အမျိုးမျိုးတင်သွင်းမှု။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မော်တော်ဆိုင်ကယ် တင်သွင်းမှုမှာ စီးရေ ၁၀၄,၃၈၉ စီး၊တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၁၀၂.၂ သန်း၊ ထွန်စက် တင်သွင်းမှုမှာ စီးရေ ၁၀၀,၆၀ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၁.၁ သန်း ၊ ကုန်တင် ယာဉ်တင်သွင်းမှုမှာ စီးရေ ၄၈,၈၄၂ စီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၇၉.၀ သန်း၊ ခရီးသည်တင်ယာဉ်နှင့် VAN ကားများ တင်သွင်းမှုမှာ စီးရေ ၉,၉၅၈ စီး၊ တန်ဖိုး အားဖြင့် အမေရိကန်ဒေါ်လာ ၁၇၃.၃ သန်း နှင့် မော်တော်ကား (ဆလွန်း) တင်သွင်းမှုမှာ စီးရေ ၄၇,၇၇၉ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၉၅.၅ သန်း အသီးသီး တင်သွင်းခဲ့ပါသည်။ ထို့အပြင် အထူးကိစ္စအတွက် အသုံးပြုသော မော်တော်ယာဉ် စီးရေ ၂၆၁ စီး၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၉.၂ သန်း တင်သွင်းခဲ့ပါသည်။

**အခြေခံအဆောက်အအုံဆိုင်ရာ အသုံးပြုနိုင်မှု။** လူထု၏ အခြေခံအဆောက်အအုံဆိုင်ရာ အသုံးပြုနိုင်မှုသည် ပြည်သူသုံးကုန်စည် (Public Utilities) ဖြစ်ရာ ပြည်သူလူထု၏ လူနေမှုဘဝ အရည်အသွေးမြင့်မားရေးအား များစွာအထောက်အကူပြုစေမည် ဖြစ်ပါသည်။ ထို့အပြင် စီးပွားရေးအဆောက်အအုံတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဆိုင်ရာ တိုးတက်မှုမှာ မရှိမဖြစ်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ် ဓာတ်အား ရရှိသုံးစွဲနိုင်မှု၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုရရှိသုံးစွဲနိုင်မှု၊ ဆက်သွယ်ရေး နှင့် မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု၊ ရေရရှိနိုင်မှု၊ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှု၊ ခရီးသွား လုပ်ငန်း၊ သတင်းအချက်အလက်ရရှိနိုင်မှု စသည်တို့အား တင်ပြအပ်ပါသည်။

**လျှပ်စစ်ဓာတ်အားနှင့်စွမ်းအင်။** လျှပ်စစ်မီးရရှိသော ကျေးရွာများမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်တွင် ၁၁,၇၂၈ ရွာ ဖြစ်ပါသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ၁,၃၉၈ ရွာ တိုးတက်ခဲ့ပါသည်။ ပြည်တွင်းလျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ် မတ်လကုန်တွင် ကီလိုဝပ်နာရီ ၁၈,၉၂၆.၀ သန်း ရှိပါသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ကီလိုဝပ် နာရီ ၂,၀၂၄.၄ သန်း တိုးတက်သုံးစွဲနိုင်ခဲ့ပါသည်။ ရေနံစိမ်းထုတ်လုပ်မှု မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်စည်ထောင်ပေါင်း ၅,၂၁၄.၄၁၀ ဖြစ်ပါသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် အမေရိကန်စည်ထောင်ပေါင်း ၆၃၀.၇၆၁ လျော့နည်း လာခဲ့ ပါသည်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုဗပေသန်းပေါင်း

၆၄၆,၂၅၉ ဖြစ်ပါသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ကုဗပေသန်း ၂၅,၉၇၈ လျော့နည်းခဲ့ပါသည်။

**ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု။** ဆက်သွယ်ရေးအနေဖြင့် တပ်ဆင်ပြီး အော်တိုတယ်လီဖုန်းလိုင်းများမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လိုင်းရေ ၅၁၆,၈၃၁ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လိုင်းရေ ၅၂၁,၆၂၆ ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ် မတ်လကုန်အထိ မှတ်ပုံတင်စာရင်းအရ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ အော်ရီဒူး မြန်မာလီမိတက်နှင့် တယ်လီနော မြန်မာလီမိတက်တို့မှ စုစုပေါင်း အရေအတွက် ၄၄,၄၁၈,၀၉၇ ဖြစ်ပါသည်။

**အင်တာနက်အသုံးပြုမှု။** အင်တာနက်အသုံးပြုမှု လိုင်းပေါင်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် Fiber Line, MPT Satellite Terminal, E1 Line, B2B Internet Line, ADSL Line, Dial up Line၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနောမြန်မာလီမိတက်တို့မှ စုစုပေါင်းတပ်ဆင်ပြီး အင်တာနက်လိုင်း အရေအတွက်မှာ ၃၉,၁၃၃,၇၄၇ လိုင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄၄,၄၃၉,၃၉၁ လိုင်းဖြစ်ပါသည်။

**သယ်ယူပို့ဆောင်ရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လမ်းအရှည်မှာ ၄၁,၁၃၁ ကီလိုမီတာ ရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄၁,၉၇၉ ကီလိုမီတာ ရှိခဲ့ပါသည်။ လမ်းသိပ်သည်းဆမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၀.၀၆၀၇ ကီလိုမီတာဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၀.၀၆၂ ကီလိုမီတာ ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း) အရှည် ၂၄,၂၄၈ ကီလိုမီတာရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၈,၃၇၈ ကီလိုမီတာ ရှိခဲ့ပါသည်။

ယာဉ်အသုံးပြုမှုတွင် စုစုပေါင်း မှတ်ပုံတင်ထားသော ယာဉ်စီးရေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅,၅၄၁,၃၆၁ စီးဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆,၃၃၇,၁၁၅ စီးထိ တိုးတက်ခဲ့ပါသည်။ စုစုပေါင်းမှတ်ပုံတင်သောခရီးသည်နှင့် ကုန်တင်ယာဉ်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၉၁၀,၀၇၃ စီးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် ၁၂၇,၈၃၇ စီး တိုးတက်ခဲ့ပါသည်။ ကုန်တင်ယာဉ်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၇,၁၁၂၈ စီးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် ၇၇,၀၁၂၈ စီး တိုးတက်ခဲ့ပါသည်။

မီးရထားလမ်းအရှည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သံလမ်းမိုင် ၄,၉၃၃ မိုင် ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သံလမ်းမိုင် ၄,၉၄၀ မိုင် ဖြစ်ပါ သည်။ ခရီးသည်ဦးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄၃.၄၂ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၂.၀၅ သန်း ရှိခဲ့ပါသည်။ ခရီးတစ်ကီလိုမီတာလျှင် သွားရောက်ခဲ့သည့် ခရီးသည်ဦးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၇,၁၀၀ ဦးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၆,၉၁၁ ဦး ရှိခဲ့ပါသည်။ ကုန်တန်ချိန်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁.၇၅ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁.၉၈ သန်း ရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြို့ပြလေကြောင်းတွင် ပြည်တွင်း လေဆိပ်မှာ လေဆိပ် ၆၆ ခုနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ် ၃ ခု ဖြင့် ဝန်ဆောင်မှုပြုလျက် ရှိပါသည်။

**ဆိပ်ကမ်း**။ ဆိပ်ကမ်းအခြေအနေမှာ သင်္ဘောအဝင်စီးရေ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂,၂၈၉ စီးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄,၆၄၁ စီး ရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်းပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာ (TEU =၂၀ ပေ တူညီယူနစ် လုံးရေ) ၁၀၂၆.၉၂၇ ထောင်ပေါင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် ၂၂၇.၉၃ TEU ထောင်ပေါင်း တိုးတက်ခဲ့ပါသည်။ ကုန်သေတ္တာအပါအဝင် စုစုပေါင်းပို့ကုန်၊ သွင်းကုန်အားလုံးမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်(ထောင်) ၃၄,၅၇၉ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် မက်ထရစ်တန် (ထောင်) ၅၄၉ တိုးတက်ခဲ့ပါသည်။ ပြည်တွင်းဆိပ်ကမ်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် ၉ ခု ဖြစ်ပါသည်။ ပြည်တွင်းခရီးသည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၀.၀၂၉ သန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၀.၁၀၇ သန်းဖြစ်ပါသည်။ ပြည်တွင်းကုန်စည်ပမာဏမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန် ၃.၄၂ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် တန် ၀.၄၈ သန်း တိုးတက်ခဲ့ပါသည်။ ပြည်ပဆိပ်ကမ်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် ၉ ခု ဖြစ်ပါသည်။ ပြည်ပခရီးသည်မှာ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၀.၀၁၀ သန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် ၀.၀၁ သန်း လျော့နည်းခဲ့ပါသည်။ ပြည်ပကုန်စည်ပမာဏမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန် ၃၁.၂ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် တန် ၀.၁ သန်း တိုးတက်ခဲ့ပါသည်။ ပြည်ပကုန်စည်ပမာဏမှာ TEU (000) ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁,၀၂၇ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် ၂၂၈ TEU (000) တိုးတက် ခဲ့ပါသည်။

**စိုက်ပျိုးရေရရှိနိုင်မှု။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆည်နှင့်ကန်များမှ ရေပေးဝေနိုင်သော ဧရိယာမှာ ဆည်မှ ၁,၄၆၀,၆၁၇ ဧက၊ ကန်မှ ၂,၈၂၁,၅၄၅ ဧကဖြစ်ပြီး၊ စုစုပေါင်း ၄,၂၈၂,၁၆၂ ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပါသည်။

**ကျန်းမာရေးကဏ္ဍ။** ကျန်းမာရေးကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆေးရုံ ၁,၁၂၅ ရုံ ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁,၁၉၁ ရုံ ဖြစ်ရာ ပြည်သူ့ဆေးရုံ ၂၄ ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင် ခုတင် ၅၄,၈၄၄ လုံး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၄,၇၀၃ လုံး ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆရာဝန် ၄၇,၀၃၀ ဦး နှင့် သူနာပြု ၃၆,၂၅၁ ဦး ဖြင့် ကျန်းမာရေး ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှဆေးပညာဘွဲ့ရရှိသူ ၅၇၅ ဦး၊ ဆေးတက္ကသိုလ်၊မန္တလေးမှ ၄၂၉ ဦး၊ ဆေးတက္ကသိုလ် (၂)ရန်ကုန်မှ ၄၈၃ ဦးနှင့် ဆေးတက္ကသိုလ်၊ မကွေးမှ ၄၀၇ ဦး စုစုပေါင်း ၁,၈၄၉ ဦး ကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

**ပညာရေးကဏ္ဍ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အစိုးရကျောင်း ၄၆,၀၀၇ ကျောင်းတွင် ကျောင်းသားဦးရေထောင်ပေါင်း ၈,၉၀၇ တက်ရောက်ခဲ့ပြီး၊ ဆရာ/ ဆရာမ ၃၇၁,၁၅၇ ဦးဖြင့် သင်ကြားပို့ချလျက်ရှိပါသည်။ ပုဂ္ဂလိကကျောင်းများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောင်း ၅၈၅ ကျောင်း၊ ကျောင်းသား ၁၄၀,၈၆၀ ဦးနှင့် ဆရာ/ဆရာမ ၈,၃၄၃ ဦး ဖြစ်ပါသည်။ အဆင့်မြင့်ပညာရေးအနေဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် ကျောင်း ၁၇၆ ကျောင်း၊ ကျောင်းသား ၈၃၅,၃၆၂ ဦး နှင့် ဆရာ/ ဆရာမ ၂၆,၆၂၅ ဦးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျောင်း ၁၇၃ ကျောင်း၊ ကျောင်းသား ၉၁၉,၄၄၉ ဦးနှင့် ဆရာ/ ဆရာမ ၂၆,၆၄၀ ဦး ဖြစ်ရာ ကျောင်း ၃ ကျောင်းတိုးတက်ခဲ့ပြီး ကျောင်းသား ၈၄,၀၈၇ ဦးနှင့် ဆရာ/ ဆရာမ ၁၅ ဦး အသီးသီး လျော့နည်းခဲ့ပါသည်။

**နိုင်ငံရပ်ခြားခရီးသည်များ။** မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသည် ၄,၂၇၉,၀၅၉ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃,၀၇၉,၂၇၂ ဦး ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှု အနည်းငယ်လျော့နည်းခဲ့သော်လည်း သုံးစွဲခဲ့သည့် နိုင်ငံခြားငွေမှာ ယခင်နှစ် အလားတူကာလထက် တိုးတက်ခဲ့ပါသည်။

ပြည်ပခရီးသည်များ လာရောက်လည်ပတ်ခြင်းကြောင့် ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေများရရှိလာခြင်း၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သောလုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာခဲ့ပြီး ဝင်ငွေများတိုးတက်လာပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ခရီးသွားဧည့်သည်များအတွက် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဝင်ပေါက်များမှ လွယ်ကူလျင်မြန်စွာ ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဝင်ပေါက်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ လေယာဉ်ခရီးစဉ်များ ပိုမိုများပြားလာခြင်း၊ ဝင်ပေါက်များတွင် Online ဗီဇာနှင့် ဆိုက်ရောက်ဗီဇာရရှိရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဈေးကွက်မြှင့်တင်ဆောင်ရွက်ပေးခြင်းများကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး အခွင့်အလမ်းများ တိုးတက်လျက်ရှိ ပါသည်။

**ပုံနှိပ်ထုတ်ဝေအဆင့်ရှိမီဒီယာ။** ကြေးမုံသတင်းစာထုတ်ဝေမှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စောင်ရေ ၆၂၃.၉၃ သိန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ထုတ်ဝေမှုမှာ စောင်ရေ ၆၇၉.၈၁ သိန်း ဖြစ်ပါသည်။ မြန်မာ့အလင်းသတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စောင်ရေ ၅၀၂.၂၀ သိန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ထုတ်ဝေမှုမှာ စောင်ရေ ၅၀၂.၄၉ သိန်း ဖြစ်ပါသည်။ The Global New Light of Myanmar သတင်းစာထုတ်ဝေမှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စောင်ရေ ၅၇.၂၂ သိန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ထုတ်ဝေမှုမှာ စောင်ရေ ၆၀.၆၁ သိန်း ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့တော်သတင်းစာထုတ်ဝေမှု စောင်ရေ ၁၀.၉၇ သိန်းနှင့် ရတနာပုံသတင်းစာထုတ်ဝေမှုစောင်ရေ ၄.၅၁ သိန်းဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့တော်သတင်းစာထုတ်ဝေမှုစောင်ရေ ၁၀.၅၆ သိန်းနှင့် ရတနာပုံသတင်းစာထုတ်ဝေမှု စောင်ရေ ၄.၆၁ သိန်းဖြစ်ရာ ရတနာပုံသတင်းစာမှာ စောင်ရေ ၀.၁ သိန်း တိုးတက်ထုတ်ဝေနိုင်ခဲ့ပါသည်။

**အီလက်ထရောနစ်မီဒီယာ။** အစိုးရပိုင်မြန်မာရုပ်သံလိုင်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၅ လိုင်း ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၂ လိုင်း ရှိပါ သည်။ ဖက်စပ်လုပ်ငန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာ(MRTV-4) နှင့် ဆက်စပ်ရုပ်သံလိုင်းမှာ ၂၇ လိုင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၈ လိုင်း ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တို့တွင် အင်္ဂလိပ် (MI) နှင့် Sky Net ရုပ်သံလိုင်းမှာ ၁၀၈ လိုင်း၊ ရေဒီယိုလိုင်း ဝန်ဆောင်မှုလုပ်ငန်းမှာ အစိုးရပိုင် မြန်မာ ရေဒီယိုလိုင်း ၁၉ လိုင်း၊ အင်္ဂလိပ်လိုင်း ၁ လိုင်းစီ ရှိပြီး ဖက်စပ်မြန်မာလိုင်း ၆ လိုင်းစီ ရှိပါသည်။

ယေား(၂-၆)

မြန်မာနိုင်ငံ၏လူမှုရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|---|
| **လူမှုရေးဖွံ့ဖြိုးတိုးတက်မှု** | | | |
| **လူဦးရေ*** | | | |
| စုစုပေါင်း | ထောင်ပေါင်း | ၅၂,၄၅၀ | ၅၂,၉၁၇ |
| ကျား | ထောင်ပေါင်း | ၂၅,၂၅၆ | ၂၅,၄၅၁ |
| မ | ထောင်ပေါင်း | ၂၇,၁၉၄ | ၂၇,၄၆၆ |
| ကျား/မအချိုး | | ၉၃ | ၉၃ |
| မြို့ပြ | | ၁၅,၃၆၄ | ၁၅,၅၆၀ |
| ကျေးလက် | | ၃၇,၀၈၆ | ၃၇,၃၅၇ |
| လူဦးရေတိုးနှုန်း (Population Growth) | % | ၀.၈၈ | ၀.၈၉ |
| လူဦးရေသိပ်သည်းမှု (population Density) | တစ်စတုရန်းကီလိုမီတာ | ၇၇.၅ | ၇၈.၂ |
| မှီခိုသူအချိုး (Dependency Ratio) (သက်ကြီး ၆၅+ နှင့် သက်ငယ်(၀-၁၄)နှစ်) | (%) | ၅၂.၅ | ၅၂.၀ |
| မှီခိုသူအချိုး (သက်ကြီး ၆၀+နှင့် သက်ငယ် (၀-၁၄)နှစ်) | (%) | ၆၀.၄ | ၆၀.၂ |
| * ပြည်သူ့အင်အားဦးစီးဌာန | | | |
| **ယာဉ်အမျိုးမျိုးတင်သွင်းမှု (အရေအတွက်)** | | | |
| မော်တော်ဆိုင်ကယ် | စီးရေ | ၆၆,၃၆၇ | ၁၀၄,၃၈၉ |
| ထွန်စက် | စီးရေ | ၃၄,၄၀၉ | ၁၀,၀၆၀ |
| ကုန်တင်ယာဉ် | စီးရေ | ၄၈,၀၁၄ | ၄၈,၈၄၂ |

ဇယား(၂-၆)အဆက်

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|---|
| ခရီးသည်တင်ယာဉ်နှင့် VAN ကားများ | စီးရေ | ၂၅,၃၁၄ | ၉,၉၅၈ |
| မော်တော်ကား(ဆလွန်း) | စီးရေ | ၄၅,၃၉၆ | ၄၇,၇၇၉ |
| အထူးကိစ္စအတွက်အသုံးပြုသော ယာဉ်များ (Special Purpose Motor Vehicle) | စီးရေ | ၄၄ | ၂၆၁ |
| **ယာဉ်အမျိုးမျိုးတင်သွင်းမှု (တန်ဖိုး)** | | | |
| မော်တော်ဆိုင်ကယ် | ဒေါ်လာသန်း | ၇၈.၅ | ၁၀၂.၂ |
| ထွန်စက် | ဒေါ်လာသန်း | ၅၉.၇ | ၁၁၁.၁ |
| ကုန်တင်ယာဉ် | ဒေါ်လာသန်း | ၅၆၁.၀ | ၄၇၉.၀ |
| ခရီးသည်တင်ယာဉ်နှင့် VAN ကားများ | ဒေါ်လာသန်း | ၂၄၇.၄ | ၁၇၃.၃ |
| မော်တော်ကား(ဆလွန်း) | ဒေါ်လာသန်း | ၃၆၅.၂ | ၃၉၅.၅ |
| အထူးကိစ္စအတွက်အသုံးပြုသော ယာဉ်များ (Special Purpose Motor Vehicle) | ဒေါ်လာသန်း | ၁၁.၂ | ၉.၂ |
| **အခြေခံအဆောက်အအုံဆိုင်ရာသုံးစွဲမှု** | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၃၀,၃၃၀ | ၃၁,၇၂၈ |
| **ထုတ်လုပ်မှု** | | | |
| ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ကီလိုဝပ်နာရီ (သန်း) | ၁၆,၉၀၁.၆ | ၁၈,၉၂၆.၀ |
| ရေနံစိမ်းထုတ်လုပ်မှု (Production of Crude Oil) | အမေရိကန်စည် (ထောင်) | ၅,၈၄၅.၁၇၁ | ၅,၂၁၄.၄၁၀ |
| သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု (Production of Natural Gas) | ကုဗပေ(သန်း ) | ၆၇၂,၂၃၇ | ၆၄၆,၂၅၉ |

ဇယား(၂-၆)အဆက်

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|---|
| **ဆက်သွယ်ရေး** | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၅၂၁,၆၂၆ | ၅၁၆,၈၃၁ |
| မိုဘိုင်းဖုန်းလိုင်း | လိုင်း | ၄၉,၄၁၄,၆၇၁ | ၄၄,၄၁၈,၀၉၇ |
| အင်တာနက်/ အီးမေးလ်လိုင်း | လိုင်း | ၃၉,၁၃၃,၇၄၇ | ၄၄,၄၃၉,၃၉၁ |
| **စာတိုက်** | | | |
| အစိုးရစာတိုက် | ခုရေ | ၁,၃၇၈ | ၁,၃၈၁ |
| **လမ်း** | | | |
| လမ်းအရှည်စုစုပေါင်း | ကီလိုမီတာ | ၄၁,၁၃၁ | ၄၁, ၉၇၉ |
| လမ်းသိပ်သည်းဆ | ကီလိုမီတာ/ စတုရန်း ကီလိုမီတာ | ၀.၀၆၀၇ | ၀.၀၆၂၀ |
| မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ကွန်ကရစ်လမ်း) | ကီလိုမီတာ | ၂၄,၂၄၈ | ၂၈,၃၇၈ |
| **ယာဉ်အသုံးပြုမှု** | | | |
| စုစုပေါင်းမှတ်ပုံတင်မော်တော်ယာဉ် | စီးရေ | ၅,၅၄၁,၃၆၁ | ၆,၃၃၇,၁၁၅ |
| မှတ်ပုံတင်ထားသောယာဉ် (ခရီးသည်+ကုန်တင်) | စီးရေ | ၇၈၂,၂၃၆ | ၉၁၀,၀၇၃ |
| ကုန်တင်ယာဉ် | စီးရေ | ၂၉၄,၁၀၀ | ၃၇၁,၁၂၈ |
| **မီးရထား** | | | |
| မီးရထားလမ်းအရှည် | သံလမ်းမိုင် | ၄,၉၃၃ | ၄,၉၄၀ |
| ခရီးသည် | သန်း | ၄၂.၀၅ | ၄၃.၄၂ |
| ခရီးသည်မိုင်(တစ်ကီလိုမီတာလျှင်) | ဦးရေ | ၆,၉၁၁ | ၇,၁၀၁ |
| ကုန်တန်ချိန် | သန်း | ၁.၉၈ | ၁.၇၅ |
| **မြို့ပြလေကြောင်း** | | | |

**ဇယား(၂-၆)အဆက်**

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|---|
| ပြည်တွင်းလေဆိပ် | ခုရေ | ၆၆ | ၆၆ |
| အပြည်ပြည်ဆိုင်ရာလေဆိပ် | ခုရေ | ၃ | ၃ |
| **ဆိပ်ကမ်း** | | | |
| သင်္ဘောအဝင် | စီးရေ | ၄,၆၄၁ | ၂,၂၈၉ |
| စုစုပေါင်းပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာပေါင်း | TEU(000) | ၇၉၈.၉၉၇ | ၁,၀၂၆.၉၂၇ |
| ကုန်သေတ္တာအပါစုစုပေါင်း ပို့ကုန်၊ သွင်းကုန်အားလုံး | မ/တန် (ထောင်) | ၃၄,၀၃၀ | ၃၄,၅၇၉ |
| ပြည်တွင်းဆိပ်ကမ်း | ခုရေ | ၉ | ၉ |
| ပြည်တွင်းခရီးသည် | သန်း | ၀.၁၀၇ | ၀.၀၂၉ |
| ပြည်တွင်းကုန်စည်ပမာဏ | တန် (သန်း) | ၂.၉၄ | ၃.၄၂ |
| ပြည်ပဆိပ်ကမ်း | ခုရေ | ၉ | ၉ |
| ပြည်ပခရီးသည် | သန်း | ၀.၀၂၄ | ၀.၀၁၀ |
| ပြည်ပကုန်စည်ပမာဏ | တန် (သန်း) | ၃၁.၁ | ၃၁.၂ |
| ပြည်ပကုန်စည်ပမာဏ | TEU(000) | ၇၉၉ | ၁,၀၂၇ |
| **TEU(000) =၂၀ ပေတူညီယူနစ် လုံးရေ(ထောင်)** | | | |
| **ဆည်နှင့်ကန်ရေပေးဧရိယာစာရင်း** | | | |
| ဆည် | ဧက | ၁,၄၆၀,၆၁၇* | ၁,၄၆၀,၆၁၇* |
| ကန် | ဧက | ၂,၈၂၁,၅၄၅* | ၂,၈၂၁,၅၄၅* |
| စုစုပေါင်း | ဧက | ၄,၂၈၂,၁၆၂* | ၄,၂၈၂,၁၆၂* |
| * ဆည်နှင့်ကန်များ၏ ရေပေးဝေနိုင်သည့် စိစစ်ပြီးဧရိယာ(ဧက) စာရင်းများသာဖြစ်ပါသည်။ | | | |
| **အခြေခံလိုအပ်ချက်များသုံးစွဲမှု** | | | |
| **ကျန်းမာရေး** | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၁,၁၉၁ | ၁,၂၁၅ |

ဇယား(၂-၆)အဆက်

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|---|
| ခုတင်(နိုင်ငံပိုင်) | ဦးရေ | ၅၄,၇၀၃ | ၅၄,၈၄၄ |
| ဆရာဝန် | ဦးရေ | ၃၅,၁၇၁ | ၄၇,၀၃၀ |
| သူနာပြု | ဦးရေ | ၃၄,၂၀၉ | ၃၆,၂၅၁ |
| **ပညာရေး(အခြေခံ)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၄၅,၄၈၆ | ၄၆,၀၀၇ |
| ကျောင်းသား | ဦးရေ ထောင်ပေါင်း | ၈,၆၈၅ | ၈,၉၀၇ |
| ဆရာ/ဆရာမ | ဦးရေ | ၃၇၀,၃၅၇ | ၃၇၁,၁၅၇ |
| **ပုဂ္ဂလိက** | | | |
| ကျောင်း | ဦးရေ | ၄၃၈ | ၅၈၅ |
| ကျောင်းသား | ဦးရေ | ၁၀၈,၃၇၅ | ၁၄၀,၈၆၀ |
| ဆရာ/ဆရာမ | ဦးရေ | ၇,၃၅၈ | ၈,၃၄၃ |
| **ပညာရေး(အဆင့်မြင့်)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၁၇၃ | ၁၇၆ |
| ကျောင်းသား | ဦးရေ | ၉၁၉,၄၄၉ | ၈၃၅,၃၆၂ |
| ဆရာ/ဆရာမ | ဦးရေ | ၂၆,၆၄၀ | ၂၆,၆၂၅ |
| **အသားတင်ကျောင်းနေနှုန်း (Net Enrollment Ratio)** | | | |
| (မူလတန်း) | (%) | ၉၅.၁၀ | ၉၆.၉၂ |
| (အလယ်တန်း) | (%) | ၅၆.၁၇ | ၆၀.၈၆ |
| (အထက်တန်း) | (%) | ၂၉.၄၂ | ၃၄.၈၄ |
| **စုစုပေါင်းကျောင်းနေနှုန်းကြမ်း (Gross Enrollment Ratio)** | | | |
| (မူလတန်း) | (%) | ၁၀၉.၄၀ | ၁၀၂.၄၁ |
| (အလယ်တန်း) | (%) | ၆၉.၈၁ | ၆၉.၆၅ |
| (အထက်တန်း) | (%) | ၄၆.၈၃ | ၄၇.၃၇ |


ဇယား(၂-၆)အဆုံး

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|---|
| **နိုင်ငံရပ်ခြားခရီးသည်များ** | | | |
| ကမ္ဘာလှည့်ခရီးသည်များ | ဦးရေ | ၄,၂၇၉,၀၅၉ | ၃,၀၇၉,၂၇၂ |
| **ပုံနှိပ်မီဒီယာ** | | | |
| ကြေးမုံသတင်းစာ | သိန်းပေါင်း | ၆၂၃.၉၃ | ၆၇၉.၈၁ |
| မြန်မာ့အလင်းသတင်းစာ | သိန်းပေါင်း | ၅၀၂.၂၀ | ၅၀၂.၄၉ |
| The New Light Of Myanmar | သိန်းပေါင်း | ၅၇.၂၂ | ၆၀.၆၁ |
| မြို့တော်သတင်းစာ | သိန်းပေါင်း | ၁၀.၉၇ | ၁၀.၅၆ |
| ရတနာပုံသတင်းစာ | သိန်းပေါင်း | ၄.၅၁ | ၄.၆၁ |
| **အီလက်ထရောနစ်မီဒီယာနှင့် တယ်လီဗီးရှင်းလိုင်းများ** | | | |
| **အစိုးရ** | | | |
| မြန်မာ (MRTV,MWD) | လိုင်း | ၁၅ | ၂၂ |
| **ဖက်စပ်** | | | |
| မြန်မာ (MRTV-4 ) နှင့် ဆက်စပ် ရုပ်သံလိုင်းများ | လိုင်း | ၂၇ | ၂၈ |
| အင်္ဂလိပ် (MI) နှင့် Sky Net ရုပ်သံလိုင်းများ | လိုင်း | ၁၀၈ | ၁၀၈ |
| **ရေဒီယိုလိုင်းများ** | | | |
| **အစိုးရ** | | | |
| ပြန်ကြားရေးမှ မြန်မာ (မြန်မာ့အသံတိုင်းရင်းသား) | လိုင်း | ၁၇ | ၁၇ |
| ပြန်ကြားရေးမှ အင်္ဂလိပ်(မြန်မာ့အသံ အင်္ဂလိပ်) | လိုင်း | ၁ | ၁ |
| ကကပြည်မှမြန်မာ(သဖင်) | လိုင်း | ၁ | ၁ |
| ရန်ကုန်စည်ပင်(City FM) | လိုင်း | ၁ | ၁ |
| **ဖက်စပ်** | | | |
| မြန်မာ(ဒေသဆိုင်ရာFMများ) | လိုင်း | ၆ | ၆ |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်မြင့်မားလာမှုကို ပုံပြဂရပ်များဖြင့် တင်ပြအပ်ပါသည်-

**ပုံ (၂-၁) စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**


**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

**ပုံ(၂-၂) ဂျီဒီပီတိုးတက်မှုနှုန်း**

**( ပုံမှန်ဈေးနှုန်း)**





ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လယ်ယာကဏ္ဍတွင် စိုက်ဧကများ လျော့နည်းပြီး အထွက်များလျော့နည်းခြင်း၊ သစ်တောနှင့် သဘာဝဒီရေတောများ လျော့ပါးပြုန်းတီးလာပြီး ဂေဟာစနစ်ယိုယွင်းလာခြင်း၊ နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှု(၁) နှစ် ရပ်ဆိုင်းခြင်း၊ ရေနံစိမ်းနှင့် သဘာဝဓါတ်ငွေ့များ ထုတ်လုပ်မှုလျော့နည်းခြင်းတို့ကြောင့် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသာမက ပုဂ္ဂလိက အော်ပရေတာများဖြစ်သော အော်ရီဒူး၊ တယ်လီနောတို့မှ တိုင်းဒေသကြီး/ ပြည်နယ်များတွင် စတင်ဝန်ဆောင်မှုပေးခြင်း၊ ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်ခြင်း၊ ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု လုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပိုမိုများပြားလာသဖြင့် အခြား ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ တိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုးတက်မှုနှုန်းမှာ ၇.၀ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ)တွင် တိုးတက်မှုနှုန်းမှာ ၅.၉ ရာခိုင်နှုန်း ဖြစ်ပါသည်။

## ပုံ(၂-၃) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁,၃၈၆,၃၄၉ ကျပ်ရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ယာယီ) တွင် ၁,၅၀၆,၅၂၇ ကျပ် ရရှိခဲ့သဖြင့် ၁၂၀,၁၇၈ ကျပ် တိုးတက် ရရှိခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တွင် စီးပွားရေး တိုးတက်မှုနှုန်း ၇.၈ ရာခိုင်နှုန်း ရရှိရန်နှင့် Per Capita GDP ၁,၅၈၉,၀၀၂ ကျပ် ရရှိရန် ရည်မှန်းခဲ့သော် လည်း စီးပွားရေး တိုးတက်မှုနှုန်း ၅.၉ ရာခိုင်နှုန်း ရရှိသဖြင့် Per Capita GDP မှာလည်း ၁,၅၀၆,၅၂၇ ကျပ်သာ ရရှိခဲ့ပါသည်။

## ပုံ (၂-၄) စီးပွားရေး ဖွဲ့စည်းမှု ပုံသဏ္ဍာန် (နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

စီးပွားရေး ဖွဲ့စည်းမှုပုံသဏ္ဍာန်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ လယ်ယာကဏ္ဍကြီးတွင် ၂၇.၅ ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ ၂၆.၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီးတွင် ၃၅.၄ ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ ၃၄.၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၇.၁ ရာခိုင်နှုန်းရည်မှန်းခဲ့ရာမှ ၃၈.၇ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ လယ်ယာကဏ္ဍကြီးတွင် ၂၅.၆ ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ ၂၅.၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီးတွင် ၃၅.၉ ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ ၃၅.၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ၃၈.၅ ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ ၃၉.၅ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

## ရင်းနှီးမြှုပ်နှံမှုအခြေအနေ


### ပုံ (၂-၅) စုစုပေါင်းရင်းနှီးမြှုပ်နှံမှုနှင့်ဂျီဒီပီအချိုး




သမဝါယမနှင့် ပုဂ္ဂလိကပိုင်အခန်းတို့၏ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာသော်လည်း နိုင်ငံပိုင် အခန်းရင်းနှီးမြှုပ်နှံမှု လျော့နည်းသွားခြင်းကြောင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ)တွင် ဂျီဒီပီ၏ ၃၃.၁ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံနိုင်ခဲ့ ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။


### ပုံ (၂-၆) နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု၊ သမဝါယမနှင့် ပုဂ္ဂလိကအခန်းရင်းနှီးမြှုပ်နှံမှု




၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ယာယီ) နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျော့နည်းခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းတို့ကြောင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) ရင်းနှီးမြှုပ်နှံမှုတွင် သမဝါယမပိုင် အခန်းမှ ကျပ် ၃,၈၇၆.၇ သန်း အပါအဝင် ဖြစ်ပါ သည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန။


## ပုံ (၂-၇) ပုဂ္ဂလိကအခန်းရင်းနှီးမြှုပ်နှံမှု




နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု၊ အထူးစီးပွားရေးဇုန်များ၏ ရင်းနှီးမြှုပ်နှံမှု၊ အသေးစားနှင့် အလတ်စား ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းကြောင့် ပုဂ္ဂလိကအခန်း ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခဲ့ပါသည်။

ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန။

## ပုံ(၂-၈) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု၏ ဂျီဒီပီတွင်ပါဝင်မှုရာခိုင်နှုန်း





ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ နိုင်ငံတော်၏ ဂျီဒီပီတွင် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၆.၅ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## ငွေရေးကြေးရေး


### ပုံ (၂- ၉) အခွန်ရငွေနှင့် ဂျီဒီပီအချိုး




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) စာရင်းတွင် အခွန်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၈.၈ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ပြုပြင်ပြီး ခန့်မှန်းခြေ) စာရင်းတွင် အခွန်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၈.၃ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

ဓာတ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန။


### ပုံ (၂-၁၀) ဘတ်ဂျက် ပိုငွေ/လိုငွေနှင့် ဂျီဒီပီအချိုး




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) စာရင်းတွင် ဘတ်ဂျက် လိုငွေနှင့် ဂျီဒီပီအချိုး ၄.၂ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ပြုပြင်ပြီး ခန့်မှန်းခြေ) စာရင်းတွင် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅.၀ ရာခိုင်နှုန်း ဖြစ်ပေါ် ခဲ့ပါသည်။

ဓာတ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## ပုံ(၂-၁၁) ဘဏ်တွင်ပြည်သူတို့၏ စုဆောင်းငွေ





တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအသစ်များ တိုးချဲ့လုပ်ကိုင် လျက်ရှိခြင်း၊ ပုဂ္ဂလိကဘဏ်များမှ ပြည်သူများ လက်ဝယ်အထိ ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများကြောင့် ငွေစုဘဏ် အပ်ငွေ များအပြင် အချိန်ပိုင်း အပ်ငွေများ ပိုမို များပြား လာပြီး ဘဏ်တွင် ပြည်သူတို့၏ စုဆောင်းငွေ တိုးမြင့်လာခြင်း ဖြစ်ပါသည်။

ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

မှတ်ချက်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဒီဇင်ဘာလကုန်စာရင်း ဖြစ်ပါသည်။

## ပုံ (၂-၁၂) နိုင်ငံခြား ငွေလဲလှယ်နှုန်း





ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

နိုင်ငံခြားငွေလဲနှုန်းမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းခြင်း/ဝယ်ခြင်း (Foreign Currency Auction)ကို ရုံးဖွင့်ရက်တိုင်း ကြီးကြပ်ဆောင်ရွက်ခြင်း၊ နေ့စဉ်ရည်ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်း (Daily Reference Exchange Rate) ကိုထုတ်ပြန်ပေးခြင်း၊ ရန်ကုန်နိုင်ငံခြားငွေကြေးဈေးကွက်တွင် ဘဏ်များ၏ နိုင်ငံခြားငွေရောင်းဝယ်မှု အခြေအနေအား နေ့စဉ်တင်ပြခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံပိုင်/ကုမ္ပဏီများအား နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများ ဖွင့်လှစ်၍ နိုင်ငံခြားငွေ ရောင်းခြင်း/ဝယ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်ထိ ပုဂ္ဂလိကပိုင်ဘဏ်များမှ ငွေလဲကောင်တာ ၈၈၇ ခုနှင့် ကုမ္ပဏီများမှ ငွေလဲကောင်တာ ၄၂၈ ခုအား လုပ်ငန်းဆောင်ရွက်ခွင့် ပြုထားပါသည်။

၂၀၁၆ ခုနှစ် ဧပြီလတွင် အမေရိကန်တစ်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းမှာ ၁,၁၇၅ ကျပ်ဖြစ်ခဲ့ပြီး တဖြည်းဖြည်း မြင့်တက်ခဲ့ရာ ဒီဇင်ဘာလတွင် ၁,၃၆၅ ကျပ်ထိ အမြင့်ဆုံးရောက်ရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ပျမ်းမျှလဲလှယ်နှုန်းမှာ ၁,၂၆၈ ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။


**ပုံ (၂-၁၃) ငွေကြေးဖောင်းပွမှုနှုန်း**




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့။

> ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်တွင် ၂၀၁၂ ခုနှစ်ကို အခြေခံနှစ်အဖြစ်ထားရှိပြီး တွက်ချက်သည့် စားသုံးသူဈေးဆနှုန်းကိန်းများတွင် အလေးပေးရာခိုင်နှုန်း ၅၈.၅၁% ပါဝင်သည့် အစားအစာအုပ်စုမှ အခြေခံစားသုံးကုန်စည်ဈေးနှုန်းအချို့ ကျဆင်းခဲ့မှုကြောင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာလည်း ၂၀၁၆ခုနှစ် ဇွန်လတွင် ၁၀.၆၀% ရှိရာမှ ၂၀၁၇ ခုနှစ် မတ်လတွင် ၆.၈၁% သို့ ကျဆင်းခဲ့ပါသည်။

## ပုံ (၂-၁၄) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန် ပို့ကုန်တင်ပို့နိုင်မှု





၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) တွင် ပို့ကုန်အနေဖြင့် ရည်မှန်း ချက် ၏ ၈၂.၅ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ပါ သည်။

အများဆုံးတင်ပို့သော ကုန်စည်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်၊ သကြား၊ မတ်ပဲ၊ ဆန်၊ ကျောက်စိမ်းနှင့် ပဲတီစိမ်း တို့ ဖြစ်ပြီး ပြည်ပပို့ကုန် အများဆုံး တင်ပို့သည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့ ဖြစ်ပါသည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့။

## ပုံ (၂-၁၅) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန် သွင်းကုန် တင်သွင်းနိုင်မှု





၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) တွင် သွင်းကုန် အနေဖြင့် ရည်မှန်းချက်၏ ၉၉.၅ ရာခိုင်နှုန်း အကောင် အထည် ဖော်နိုင်ခဲ့ပါသည်။

အများဆုံးတင်သွင်းသော ကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ် နှင့် မော်တော် ယာဉ်ပစ္စည်းများ၊ အခြားစက် နှင့် စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေး ပစ္စည်းများ၊ လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေး ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ တို့ ဖြစ်ပြီး ပြည်ပသွင်းကုန် အများဆုံးတင်သွင်း သည့်နိုင်ငံများမှာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန် နိုင်ငံ နှင့် အိန္ဒိယ နိုင်ငံ တို့ဖြစ်ပါသည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့။


## ပုံ (၂-၁၆) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန် ကုန်သွယ်မှုပမာဏ




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)တွင် အမေရိကန် ဒေါ်လာ ၂၈,၈၄၃.၁ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်၏ ၉၁.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။


## ပုံ (၂-၁၇) ကုန်သွယ်မှု ပိုငွေ/လိုငွေ




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လ ကုန် (ယာယီ)တွင် ပို့ကုန်တန်ဖိုး အမေ ရိကန် ဒေါ်လာ ၁၁,၆၆၃.၂ သန်းနှင့် သွင်းကုန် တန်ဖိုး အမေရိကန် ဒေါ်လာ ၁၇,၁၇၉.၉ သန်း ဆောင်ရွက်နိုင်ခဲ့ သဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ ၅,၅၁၆.၇ သန်း ဖြစ်ပေါ် ခဲ့ပါ သည်။

## ပုံ (၂-၁၈) ကုန်သွယ်ဘက်နိုင်ငံများ





၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ) ပြည်ပ ပို့ကုန်အများဆုံး တင်ပို့သည့် နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့ ဖြစ်ပါသည်။

ပြည်ပသွင်းကုန် အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါသည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့။


## ပုံ (၂-၁၉) ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန်အခြေအနေ




၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ၂,၉၇၂.၁ သန်း၊ လယ်ယာထွက်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂,၉၄၀.၄ သန်း၊ စက်မှုကုန်ချောပစ္စည်း အမေရိကန်ဒေါ်လာ ၂,၆၃၇.၀သန်း၊သတ္တုနှင့်တွင်းထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၈၉၆.၉ သန်း၊ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၅၈၁.၃ သန်း အများဆုံး တင်ပို့နိုင်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁,၆၁၃.၂ သန်း တင်ပို့ခဲ့ပါသည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့။


## ပုံ (၂-၂၀) ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်အခြေအနေ




၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)တွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၆,၈၂၈.၂ သန်း တင်သွင်းခဲ့သဖြင့် ယခင်နှစ်ထက် အမေရိကန် ဒေါ်လာ ၁,၅၅၁.၈ သန်း လျော့နည်း တင်သွင်းခဲ့ပါ သည်။ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၆,၅၁၉.၂ သန်း တင်သွင်း ခဲ့သဖြင့် ယခင်နှစ်ထက် အမေရိကန် ဒေါ်လာ ၁,၅၉၀.၉ သန်း ပိုမိုတင်သွင်း ခဲ့ပါသည်။ လူသုံးကုန်ပစ္စည်း အမေရိကန် ဒေါ်လာ ၃,၇၃၁.၅ သန်း တင်သွင်း ခဲ့သဖြင့် ယခင်နှစ် ထက် အမေရိကန်ဒေါ်လာ ၅၆၃.၀ သန်း ပိုမို တင်သွင်းခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၇,၁၇၉.၉ သန်း တင်သွင်း ခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## ပုံ (၂-၂၁) မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်နှင့် သုံးစွဲခဲ့သည့် နိုင်ငံခြားငွေ





ခရီးသွားလာရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း၊ တိုးတက်မြင့်မားလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ခြင်း၊ ခရီးသွားပြပွဲများ ကျင်းပခြင်း၊ ခရီးသွားဧည့်သည်များ လည်ပတ်နိုင်သော ခရီးစဉ်အသစ်များရေးဆွဲခြင်း၊ ပြည်ပခရီးသည်များအား ပြည်ဝင်ခွင့် ဗီဇာရရှိရေးနှင့် သက်တမ်း တိုးမြှင့်ရေးအတွက် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဇာစ်မြစ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

## အခြေခံအဆောက်အအုံများ အခြေအနေ


### ပုံ( ၂- ၂၂) လျှပ်စစ်ဓာတ်အား တပ်ဆင်အင်အား




နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား တပ်ဆင်ထားသည့် အင်အားအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တပ်ဆင်ထားသည့် အင်အား ၅,၄၃၇ မဂ္ဂါဝပ် ရှိပြီး စီမံကိန်း ရည်မှန်းချက် အပေါ် ၉၅.၉ ရာခိုင်နှုန်း အကောင် အထည် ဖော်နိုင်ခဲ့ပါသည်။ ယခင်နှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တပ်ဆင်ထားသည့် အင်အား ၅,၀၇၅ မဂ္ဂါဝပ် ရှိသဖြင့် ၃၆၂ မဂ္ဂါဝပ် တိုးတက် တပ်ဆင်နိုင်ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန။


### ပုံ(၂-၂၃) လျှပ်စစ်ဓာတ်အား သုံးစွဲမှု




ပြည်တွင်း လျှပ်စစ်ဓာတ်အား သုံးစွဲမှုအနေဖြင့် တစ်နှစ်လုံးရည်မှန်းချက်၏ ၁၀၈.၁ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံ (V-Power) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါသဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးလျက်ရှိခြင်း၊ မကွေးတိုင်းဒေသကြီး တွင် မြစ်သာရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံအား နိုဝင်ဘာလမှစတင်၍ စမ်းသပ်လည်ပတ် ထုတ်လုပ်ခြင်း၊ နိုင်ငံပိုင် လျှပ်စစ်မီးကို ၁၁ ကေဗွီ ဓာတ် အားလိုင်းမှ ၂ မိုင်ပတ်လည် ကျေးရွာများအထိ တိုးချဲ့ဓာတ်အားပေးနိုင် ခြင်း၊တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တည်ဆောက်ခဲ့သော ရေအားလျှပ်စစ်(၂) ခုမှ စတင်လည်ပတ် ထုတ်လုပ် နိုင်ခြင်းတို့ကြောင့် ပိုမိုထုတ်လုပ် သုံးစွဲနိုင်ခဲ့ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ။


## ပုံ (၂- ၂၄) ပြည်သူ့ဝန်ထမ်းအင်အား




ဝန်ကြီးဌာနများမှ ဝန်ထမ်းခန့်အပ်ရာတွင် ဖွဲ့စည်းပုံ အရ ခန့်ထားနိုင်ခြင်း မရှိသဖြင့် ရည်မှန်းချက်ကို မပြည့်မီရခြင်း ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများအား ဒေသလိုအပ်ချက် အရ ဖြည့်စွက်ခန့်ထားခြင်း လုပ်ဆောင်ခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဝန်ထမ်းဦးရေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထက် မြင့်တက်ခဲ့ခြင်းဖြစ်ပါ သည်။

ရင်းမြစ်။ ဗဟိုအဖွဲ့အစည်း၊ပြည်ထောင်စုဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ။


## ပုံ (၂-၂၅) အခြေခံပညာကျောင်းများအခြေအနေ




မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းများကို အဆင့်တိုးမြှင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် မူလတန်းကျောင်း အရေအတွက်လျော့နည်းခဲ့သော်လည်း အထက်တန်း အဆင့် ကျောင်းများမှာ တိုးတက်ခဲ့ပါသည်။ ရည်မှန်းချက် မပြည့်မီရခြင်းမှာ ကျောင်းသစ်တိုးချဲ့မှုထက် အန္တရာယ်ရှိကျောင်းနှင့် ဥပမိရုပ်မကောင်းသည့်ကျောင်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်းကြောင့်ဖြစ်ပါသည်။

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန။


## ပုံ (၂-၂၆) အခြေခံပညာ ကျောင်းဆရာများအခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန။

မူလတန်းအဆင့်တွင် နေ့စားလပေး ဆရာ၊ ဆရာမများကိုအမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ခဲ့သည့်အတွက် စီမံကိန်း ရည်မှန်းချက် ကျော်လွန် ခန့်ထားနိုင်ခဲ့ပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့်များတွင် သက်ဆိုင်ရာ ဘာသာရပ်နှင့်ကိုက်ညီသည့် ဆရာ၊ ဆရာမများကို ရွေးချယ်ခန့်ထားခြင်းနှင့် ဖွဲ့စည်းပုံ ပြည့်မီအောင် ခန့်ထားပေးရန် လိုအပ်နေခြင်းတို့ကြောင့် ရည်မှန်းထားသည်ထက် လျော့နည်းရခြင်း ဖြစ်ပါသည်။

## ပုံ (၂-၂၇) အခြေခံပညာ ကျောင်းသားများအခြေအနေ





ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန။

မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားများသည် ယခင်နှစ်ထက် ပိုမိုတိုးတက်ခဲ့ပြီး စီမံကိန်းရည်မှန်းချက် ပြည့်လုနီးပါး အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ပညာသင်ထောက်ပံ့ကြေးများ တိုးချဲ့ချီးမြှင့်ခြင်း၊ အထက်တန်းအဆင့် ကျောင်းနေမြဲရေး စီမံချက်များ တိုးမြှင့်ခြင်းတို့ကြောင့် အထက်တန်းကျောင်းသားဦးရေမှာ စီမံကိန်းရည်မှန်းချက် ကျော်လွန်ခဲ့ပါသည်။

## ပုံ (၂-၂၈) တက္ကသိုလ်၊ဒီဂရီကောလိပ်နှင့် ကောလိပ်များအခြေအနေ





ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ။

အဆင့်မြင့်ပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဟားခါးပညာရေးကောလိပ်၊ ဟားခါးကောလိပ်နှင့် ကသာပညာရေး ကောလိပ်တို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အဆင့်မြင့် ပညာသင် ကျောင်းသားဦးရေသည် ရည်မှန်းချက် ကျော်လွန်အောင် တိုးတက်ခဲ့ ပါသည်။

## ကျန်းမာရေး


## ပုံ(၂- ၂၉) ဆရာဝန်ဦးရေ




ဇာစ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အပြည့်အဝပေးနိုင်ရန် ဆေးရုံများအား ခုတင် အဆင့်တိုးမြှင့်ခြင်းနှင့် တိုက်နယ် ဆေးရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် လိုအပ်သည့် ဆရာဝန် များအား တိုးချဲ့ခန့်ထားခြင်း၊ ဆေးတက္ကသိုလ် များမှ ဘွဲ့ရဆရာဝန်ဦးရေ တိုးတက် မွေးထုတ် နိုင်ခဲ့ခြင်းနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ် နိုင်ခြင်းတို့ကြောင့် ဆရာဝန်ဦးရေ မှာ ယခင်နှစ်ကထက် တိုးတက်လာခဲ့ပြီး စီမံကိန်း ရည်မှန်းချက်ထက် ပိုမိုရခြင်း ဖြစ်ပါ သည်။


## ပုံ(၂-၃၀) သူနာပြုဦးရေ




နိုင်ငံတစ်ဝှမ်း အရည်အသွေး ပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုများ လွှမ်းခြုံနိုင်စေရန် အတွက် ကျေးလက် ကျန်းမာရေးဌာန (၄၀) တိုးချဲ့ ဆောက်လုပ်ခြင်းနှင့် ကျေးလက် ကျန်းမာရေး ဌာနခွဲ (၄) ခု အသစ် တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီးသူနာပြုဆရာမများ တိုးမြှင့်ခန့်ထားခြင်းကြောင့် သူနာပြုဦးရေမှာ ယခင်နှစ်ကထက် တိုးတက်လာခဲ့ပြီး စီမံကိန်းရည်မှန်းချက်ထက် ပိုမိုရခြင်းဖြစ်ပါ သည်။

ဇာစ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

## ပုံ(၂-၃၁) သားဖွားဆရာမဦးရေ




ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၊ ကျေးလက် ကျန်းမာရေးဌာနခွဲ၊ မိခင်နှင့် ကလေး ကျန်းမာရေးဌာနတို့ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး သားဖွားဆရာမများ တိုးမြှင့်ခန့်ထားရန် ရည်မှန်းထားသော်လည်း အခြေခံကျန်းမာရေး ဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်းကြောင့် သားဖွားဆရာမဦးရေမှာ စီမံကိန်းရည်မှန်းချက်ထက် လျော့နည်းရခြင်း ဖြစ်ပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

**စီးပွားရေးနှင့် လူမှုရေးအခြေအနေ သုံးသပ်ချက်**

စီးပွားရေးမူဝါဒများနှင့်အညီ ဦးစားပေးအစီအစဉ်များ စနစ်တကျချမှတ်ပြီး ဆောင်ရွက်ခဲ့ခြင်း၊ လယ်ယာထွက်သီးနှံများ အထွက်ကျဆင်းခြင်းကြောင့် လယ်ယာကဏ္ဍ လျော့နည်းခဲ့သော်လည်း ဒုတိယ(၆)လပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်း၊ အသေးစားနှင့် အလတ်စားထုတ်လုပ်မှု လုပ်ငန်းငယ်များ၏ ထုတ်လုပ်မှုများတိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်လုပ်ငန်းလုပ်ကိုင်လာခြင်းနှင့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာမူဝါဒများ လိုက်လျောညီထွေ ထိန်းကျောင်းနိုင်မှု တို့ကြောင့် စီးပွားရေး တိုးတက်မှုရရှိခဲ့ပါသည်။

## အခန်း(၃)

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၃၁) ခု ရှိပြီး ပြည်ထောင်စုအဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေတွင်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်လည်းကောင်း ပါဝင်ပါသည်။

**ပြည်ထောင်စုရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၏ ဘဏ္ဍာရေးရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာန (၈) ခုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံ ငွေစာရင်းပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာန (၂) ခု၊ စုစုပေါင်း ဝန်ကြီးဌာန (၁၀) ခု၏ လက်အောက်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၃၁) ခုမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| ဝန်ကြီးဌာန | | အဖွဲ့အစည်း |
|---|---|---|
| **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** | | |
| (က) | ပြန်ကြားရေးဝန်ကြီးဌာန | (၁)ခု |
| (ခ) | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | (၁)ခု |
| (ဂ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | (၄)ခု |
| (ဃ) | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | (၅)ခု |
| (င) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | (၅)ခု |
| (စ) | စက်မှုဝန်ကြီးဌာန | (၄)ခု |
| (ဆ) | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | (၄)ခု |
| (ဇ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | (၁)ခု |

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သောနိုင်ငံတော်ပိုင်**
**စီးပွားရေးအဖွဲ့အစည်းများ**

| | | |
|---|---|---|
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | (၄)ခု |
| (ခ) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | (၂)ခု |
| | **စုစုပေါင်း** | **(၃၁)ခု** |

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စာရင်းအရ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သော ပြည်ထောင်စု အဆင့် အဖွဲ့အစည်း/ဝန်ကြီးဌာန (၁၀) ခု လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း စုစုပေါင်း (၃၁) ခုအနက် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းမှာ (၆) ခု ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ) သာမန်ရငွေနှင့် သာမန် အသုံး စရိတ်စာရင်းသည် ကုန်သွယ်မှုစာရင်းအရ ယာယီစာရင်းများကို အခြေခံ၍ ပြုစုထားသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်ထိ (ယာယီ) စာရင်းအရ သာမန်ရငွေ၊ သာမန်သုံးငွေ အခြေအနေမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| | (ကျပ်သန်း) |
|---|---|
| **စုစုပေါင်းသာမန်ရငွေ** | ၆,၃၃၁,၄၀၉.၂၉ |
| **စုစုပေါင်းသာမန်သုံးငွေ** | ၅,၁၅၂,၄၅၂.၄၇ |
| **စုစုပေါင်းပိုငွေ/လိုငွေ** | (+) ၁,၁၇၈,၉၅၆.၈၂ |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်ထိ (ယာယီ) စာရင်းအရ ပြည်ထောင်စုဝန်ကြီး ဌာနများ လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ပိုငွေ၊လိုငွေ ဖြစ်ပေါ်မှု အခြေအနေ အား ဖော်ပြထားပါသည်။

**နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်နိုင်မှု**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ပြန်ကြားရေးဝန်ကြီးဌာန။** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ကြော်ငြာခမှ ဝင်ငွေ ရရှိခြင်းကြောင့် ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း | ၂၀,၉၃၉.၇၇ | ၁၄,၈၈၆.၂၅ | (+)၆,၀၅၃.၅၂ |
| | စုစုပေါင်း | ၂၀,၉၃၉.၇၇ | ၁၄,၈၈၆.၂၅ | (+)၆,၀၅၃.၅၂ |

(ခ) **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူ လယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရန် ချေးငွေများ ထုတ်ချေးနေသော ဖွံ့ဖြိုးရေးဘဏ်တစ်ခုဖြစ်ပြီး ပိုငွေဖြင့် ဆောင်ရွက်ခဲ့ ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၆၈,၄၄၉.၆၁ | ၆၄,၂၁၀.၇၁ | (+)၄,၂၃၈.၉၀ |
| | စုစုပေါင်း | ၆၈,၄၄၉.၆၁ | ၆၄,၂၁၀.၇၁ | (+)၄,၂၃၈.၉၀ |

(ဂ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး မြန်မာ့ မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့မှာ လိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | မြန်မာ့မီးရထား | ၆၄,၃၉၆.၅၉ | ၁၂၂,၁၈၇.၄၁ | (-)၅၇,၇၉၀.၈၂ |
| ၂ | ကုန်းလမ်းပို့ဆောင်ရေး | ၇,၅၆၆.၈၃ | ၁၁,၀၀၈.၁၀ | (-)၃,၄၄၁.၂၇ |
| ၃ | မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း | ၃၄၈,၉၂၂.၄၃ | ၆၈,၁၁၀.၂၅ | (+)၂၈၀,၈၁၂.၁၈ |

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၄ | မြန်မာ့စာတိုက်လုပ်ငန်း | ၁၂,၀၅၇.၃၈ | ၁၈၅၆၈.၃၇ | (-)၆,၅၁၀.၉၉ |
| | စုစုပေါင်း | ၄၃၂,၉၄၃.၂၃ | ၂၁၉,၇၇၄.၁၃ | (+)၂၁၃,၁၆၉.၁၀ |

(ဃ) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။** သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများမှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | ၁၇,၇၄၃.၈၇ | ၄,၉၀၉.၈၅ | (+)၁၂,၈၃၄.၀၂ |
| ၂ | အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | ၂၆,၅၂၀.၂၄ | ၄,၆၉၆.၇၃ | (+)၂၁,၈၂၃.၅၁ |
| ၃ | မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | ၁၂၃,၀၀၈.၀၅ | ၃,၉၇၁.၈၉ | (+)၁၁၉,၀၃၆.၁၆ |
| ၄ | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | ၁၅,၆၆၁.၇၁ | ၁,၅၆၄.၆၂ | (+)၁၄,၀၉၇.၀၉ |
| ၅ | မြန်မာ့သစ်လုပ်ငန်း | ၃၅၃,၉၁၉.၅၅ | ၁၈၃,၂၀၅.၉၁ | (+)၁၇၀,၇၁၃.၆၄ |
| | စုစုပေါင်း | ၅၃၆,၈၅၃.၄၂ | ၁၉၈,၃၄၉.၀၀ | (+)၃၃၈,၅၀၄.၄၂ |

(င) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့မှာ ပိုငွေဖြင့်ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတို့မှာ လိုငွေဖြင့် ဆောင်ရွက်ခဲ့ ပါ သည်။ ဝန်ကြီးဌာနအနေဖြင့် ပိုငွေ ဖြစ်ပေါ်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ (+/-) |
|---|---|---|---|---|
| ၁ | လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း | ၉၁၂,၁၈၁.၇၇ | ၁၃၂၆,၇၅၅.၂၉ | (-)၄၁၄,၅၇၃.၅၂ |
| ၂ | လျှပ်စစ်ဓာတ်အားဖြန့် ဖြူးရေးလုပ်ငန်း | ၃၆၈,၁၁၉.၆၇ | ၃၇၁,၆၉၈.၈၇ | (-)၃,၅၇၉.၂၀ |
| ၃ | မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း | ၁၄၈၀,၂၂၆.၆၄ | ၈၉၁၅၈၅.၄၇ | (+)၅၈၈,၆၄၁.၁၇ |
| ၄ | မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း | ၂၃၄,၆၅၆.၉၈ | ၃၂၆,၇၂၁.၀၀ | (-)၉၂,၀၆၄.၀၂ |
| ၅ | မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း | ၃၀၁,၆၉၁.၅၈ | ၂၇၈,၃၅၂.၅၃ | (+)၂၃,၃၃၉.၀၅ |
| | စုစုပေါင်း | ၃,၂၉၆,၈၇၆.၆၄ | ၃၁၉၅,၁၁၃.၁၆ | (+)၁၀၁,၇၆၃.၄၈ |

(စ) **စက်မှုဝန်ကြီးဌာန။** စက်မှုဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်းသည် ပိုငွေဖြင့်ဆောင်ရွက်နိုင်ခဲ့ပြီး အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) အကြီးစား စက်မှုလုပ်ငန်း၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းတို့မှာ ထုတ်လုပ်သည့် ထုတ်ကုန် ပစ္စည်းများမှာ ဈေးကွက်တွင် အမှာစာရရှိမှု နည်းလာခြင်း၊ ကုန်ချောအမည်သစ်များ ထုတ်လုပ်နိုင်မှုမရှိခြင်း၊ Steel Billet များသည် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း တစ်ဦး တည်းသာဝယ်ယူသည့်အတွက် ၎င်းဝယ်လိုအားအပေါ် မူတည်၍ ထုတ်လုပ်ရခြင်း၊ သက်တမ်းကြာမြင့်ပြီဖြစ်၍ စက်စွမ်းအားပြည့် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ဈေးနှုန်းနှင့် Design ယှဉ်ပြိုင်မှုတွင် ဈေးကွက်မရရှိခြင်း၊ လစာနှင့်ပင်စင်၊ ငွေကြေးစရိတ်(အတိုး)နှင့် တန်ဖိုးလျော့စရိတ်များကိုပင် ကာမိမှုမရှိခြင်း၊ စက်ရုံများ ပုဂ္ဂလိကသို့ ငှားရမ်းမှု ဆောင်ရွက်ခြင်း၊ ငှားရမ်းမှု မဆောင်ရွက်ရသေးသည့် စက်ရုံများတွင် ကုန်လက်ကျန် များပြားသဖြင့် ကုန်လက်ကျန်လျော့နည်းရေးအတွက် အမှာစာရရှိသော ထုတ်ကုန် ပစ္စည်းများ၊ ဈေးကွက်ဝယ်လိုအားရှိသော ထုတ်ကုန်ပစ္စည်းများကိုသာ ထုတ်လုပ်ရခြင်း၊

ကုန်ထုတ်လုပ်မှုမှရရှိသော ဝင်ငွေသည် မဖြစ်မနေ ကျခံသုံးစွဲခဲ့ရသော အသုံးစရိတ်များ ကာမိသည့် ဝင်ငွေမရှိခြင်းတို့ကြောင့် လိုငွေဖြင့် ဆောင်ရွက်ခဲ့ရပါသည်။ ဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် လိုငွေ ဖြစ်ပေါ်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ (+/-) |
|---|---|---|---|---|
| ၁ | အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း | ၄,၇၂၅.၆၅ | ၅၈,၁၃၉.၃၅ | (-)၅၃,၄၁၃.၇၀ |
| ၂ | အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း | ၂၁,၁၈၅.၉၉ | ၃၈,၇၂၂.၃၄ | (-)၁၇,၅၃၆.၃၅ |
| ၃ | အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | ၁၄,၀၁၅.၈၂ | ၄၅,၄၀၄.၆၉ | (-)၃၁,၃၈၈.၈၇ |
| ၄ | မြန်မာ့ဆေးဝါးလုပ်ငန်း | ၃၀,၁၅၉.၇၁ | ၂၉,၃၃၂.၄၉ | (+)၈၂၇.၂၂ |
| | **စုစုပေါင်း** | ၇၀,၀၈၇.၁၇ | ၁၇၁,၅၉၈.၈၇ | (-)၁၀၁,၅၁၁.၇၀ |

(ဆ) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းတို့သည် ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်မှာ လိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဝန်ကြီးဌာနတစ်ခုလုံးသည် ပိုငွေဖြစ်ပေါ်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ (+/-) |
|---|---|---|---|---|
| ၁ | မြန်မာ့စီးပွားရေးဘဏ် | ၃၂၈,၀၉၈.၅၆ | ၃၂၇,၄၄၈.၀၉ | (+)၆၅၀.၄၇ |
| ၂ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | ၃၂,၅၈၂.၉၂ | ၅,၁၄၈.၇၆ | (+)၂၇,၄၃၄.၁၆ |
| ၃ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၂၆,၂၉၂.၀၁ | ၂၆,၉၇၉.၅၉ | (-)၆၈၇.၅၈ |

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ (+/-) |
|---|---|---|---|---|
| ၄ | မြန်မာ့အာမခံလုပ်ငန်း | ၅၆,၀၁၄.၉၀ | ၁၂,၅၄၆.၃၃ | (+)၄၃,၄၆၈.၅၇ |
| | စုစုပေါင်း | ၄၄၂,၉၈၈.၁၉ | ၃၇၂,၁၂၂.၇၇ | (+)၇၀,၈၆၅.၆၂ |

(ခ) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၅၆၃,၁၈၃.၉၀ | ၁၃၇,၇၇၅.၃၅ | (+)၄၂၅,၄၀၈.၅၅ |
| | စုစုပေါင်း | ၅၆၃,၁၈၃.၉၀ | ၁၃၇,၇၇၅.၃၅ | (+)၄၂၅,၄၀၈.၅၅ |

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ**

(က) **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။** မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှာ ပိုငွေဖြင့်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့ သင်္ဘောကျင်းလုပ်ငန်းနှင့် မြန်မာအမျိုးသားလေကြောင်းတို့သည် နယ်မြေဒေသနှင့်ကိုက်ညီသော ရေယာဉ်များ ပြေးဆွဲနိုင်မှုမရှိသဖြင့် ခရီးသည်လိုက်ပါမှုနှင့် ကုန်စီးဆင်းမှု နည်းပါးလာ၍ စီးပွားရေးတွက်ခြေမကိုက်သော ခရီးလမ်းများကို ပိတ်သိမ်းခဲ့ရခြင်း၊ ရာသီဥတုအခြေအနေကြောင့် ခရီးသည်နှင့် ရေယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ခရီးစဉ်အချို့ကို ယာယီရပ်နားခဲ့ရခြင်း၊ ရေယာဉ်(၂)စီး ပြင်ဆင်ခြင်းနှင့် အခြားလုပ်ငန်းများ၊ ဆောင်ရွက်ဆဲ ရေယာဉ်များ၏ အသုံးစရိတ်များ၊ လစာ၊ ပင်စင်၊ မီတာခ စသည့် မသုံးမဖြစ်သည့် အသုံးစရိတ်များနှင့် အခြားဝန်ဆောင်စရိတ်များပါ ကျခံသုံးစွဲရခြင်းတို့ကြောင့် လိုငွေဖြင့် ဆောင်ရွက်ခဲ့ရပါသည်။ ဝန်ကြီးဌာနတစ်ခုလုံးသည် ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ (+/-) |
|---|---|---|---|---|
| ၁ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | ၆,၂၅၃.၄၉ | ၁၁,၀၄၆.၅၁ | (-)၄,၇၉၃.၀၂ |
| ၂ | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | ၇၁,၅၆၀.၆၃ | ၁၈,၅၈၃.၁၇ | (+)၅၂,၉၇၇.၄၆ |
| ၃ | မြန်မာ့သင်္ဘောကျင်းလုပ်ငန်း | ၂,၂၇၅.၇၃ | ၂,၃၆၅.၇၈ | (-)၉၀.၀၅ |
| ၄ | မြန်မာအမျိုးသားလေကြောင်း | ၁၁၄,၉၁၀.၇၆ | ၁၂၀,၅၉၅.၆၂ | (-)၅,၆၈၄.၈၆ |
| | စုစုပေါင်း | ၁၉၄,၉၉၀.၆၁ | ၁၅၂,၅၉၁.၀၈ | (+)၄၂,၃၉၉.၅၃ |

(ခ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။** ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ (+/-) |
|---|---|---|---|---|
| ၁ | ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၅၀၆,၅၃၁.၁၆ | ၄၅၅,၆၄၇.၈၃ | (+)၅၀,၈၈၃.၃၃ |
| ၂ | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၁၉၇,၅၆၅.၃၉ | ၁၇၀,၃၈၃.၃၂ | (+)၂၇,၁၈၂.၀၇ |
| | စုစုပေါင်း | ၇၀၄,၀၉၆.၅၅ | ၆၂၆,၀၃၁.၁၅ | (+)၇၈,၀၆၅.၄၀ |

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာန (၇) ခုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာန (၂) တို့မှာ ပိုငွေဖြင့်ဆောင်ရွက်ခဲ့ပြီး ကျန်ပြည်ထောင်စုဝန်ကြီးဌာန (၁) ခုမှာ လိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း (၁၅) ခုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း (၃) ခုတို့မှာ ပိုငွေဖြင့်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်း (၁၀) ခုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း (၃) ခုတို့မှာ လိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။

# အခန်း(၄)

# ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ


## ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ

**လယ်ယာကဏ္ဍ။** နိုင်ငံသားများ စားနပ်ရိက္ခာဖူလုံစေရေးနှင့် အာဟာရပြည့်ဝရေး၊ ရေရှည်တည်တံ့သော လယ်ယာ ကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းသော စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်မှန်းလျက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၄,၈၈၇,၆၆၂.၄ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၅.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

လယ်ယာကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၃,၇၃၆,၁၁၃.၂ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၂.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၀.၇ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မိုးစပါး သီးထပ်စိုက်ဧကများသည် မိုးဦးကာလ၌ အောင်ရေလုံလောက်စွာမရရှိခြင်း၊ မိုးနှောင်း၌ မိုးပိုခဲ့ခြင်းနှင့် ရေကြီးနစ်မြုပ်ခြင်းများကြောင့် တောင်သူများ စိုက်ပျိုးမှုနည်းပါး၍ စိုက်ဧကများလျော့နည်းပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အထွက်တင်းထောင်ပေါင်း ၂၄,၃၄၈ လျော့နည်းပါသည်။

ရေတိုက်စားကမ်းပြို၍ စိုက်ဧကလျော့နည်းခြင်း၊ မြောင်းလက်တံများ ပြင်ဆင်နေသဖြင့် ဆည်ရေလုံလောက်စွာမရရှိခြင်း၊ ဆည်ရေသောက်ဧရိယာများတွင် ဆည်ရေပေးသော်လည်း တောင်သူများ မြေအနားပေးခြင်းကြောင့် နွေစပါး အထွက်တင်းထောင်ပေါင်း ၈,၂၀၂ လျော့နည်းခဲ့ပါသည်။

ပဲမျိုးစုံစိုက်ပျိုးမှုတွင် ပြည်ပသို့တင်ပို့ရောင်းချသည့် ပဲဈေးကွက် ကောင်းမွန်မှုအပေါ်မူတည်၍ စိုက်ပျိုးခြင်းဖြစ်သည့်အတွက် ဆောင်းသီးနှံစိုက်ပျိုးရန် ဌာနဆိုင်ရာများမှ ပံ့ပိုးသော်လည်း တောင်သူများအနေဖြင့် ဈေးကွက်အခြေအနေအရ ပြည်ပပို့ကုန်ဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံတို့ကိုသာ စိတ်ဝင်စားစိုက်ပျိုးသဖြင့် ယင်းပဲနှစ်မျိုးမှအပ ကျန်ပဲများဖြစ်သည့် ပဲတီစိမ်းအထွက် တင်းထောင်ပေါင်း ၁၃၉၊ ထောပတ်ပဲအထွက် တင်းထောင်ပေါင်း ၄၆၁၊ ပဲပုပ်အထွက် တင်းထောင်ပေါင်း၂၃၁၊ ကုလားပဲ အထွက်တင်း ထောင်ပေါင်း ၃၉၂၊ ပဲလွမ်း အထွက်တင်းထောင်ပေါင်း ၃၃၂၊ စားတော်ပဲ အထွက်တင်း ထောင်ပေါင်း ၁၃၂၊ ပဲနောက်အထွက်တင်းထောင်ပေါင်း ၂၈၆ အသီးသီး လျော့နည်းခဲ့ပါသည်။ ထို့ပြင် ရာသီဥတုမမှန်ခြင်း၊ ဆည်၊ ကန်၊ တာတမံများမှ ရေပေးဝေမှု နည်းပါးခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုတို့ကြောင့်လည်း အထွက်လျော့နည်းခဲ့ပါသည်။

ကြက်သွန်နီနှင့် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ နေကြာ၊ ဆီအုန်းသီးနှံများ၏ စိုက်ပျိုးထွက်ရှိမှုအနေဖြင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် ရေကြီးနစ်မြုပ်ခြင်း၊ မိုးလိုမိုးနည်းခြင်း၊ ဆည်ရေရရှိမှု နည်းပါးခြင်းတို့ကြောင့် ကြက်သွန်နီ အထွက် ပိဿာထောင်ပေါင်း ၇၅,၅၀၃၊ နှမ်းအထွက် တင်းထောင်ပေါင်း ၃၃၅၊ နေကြာအထွက် တင်းထောင်ပေါင်း ၃,၇၆၃ အသီးသီး လျော့နည်းခဲ့ပါသည်။

တောင်သူများအတွက် ဝါစိုက်ပျိုးရန်တွက်ခြေမကိုက်သဖြင့် စိတ်ဝင်စားမှု လျော့နည်းလာခြင်း၊ ဈေးကွက်ဝင်သီးနှံများကိုသာ ဦးစားပေးစိုက်ပျိုးခြင်းတို့ကြောင့် စိုက်ဧကများ ကျဆင်းကာ မိုးများသဖြင့် ရိတ်သိမ်းချိန် နောက်ကျခြင်းများကြောင့် မလျှိုင်ဝါအတွက် ပိဿာ ထောင်ပေါင်း ၂,၃၄၉၊ ချည်မျှင်ရှည်ဝါ အတွက်ပိဿာ ထောင်ပေါင်း ၂၇,၅၁၆ အတွက်များ လျော့နည်းခဲ့ပါသည်။

ဆီအုန်းစိုက်ပျိုးမှုတွင် ရာသီဥတုကြောင့် အစိုဓာတ်များ လွန်စွာဆုတ်ယုတ် ဖြစ်ပေါ်ခဲ့သဖြင့် ဆီအုန်းပင်၏ Sex Ratio ကွဲလွဲမှုဖြစ်ပေါ်ရခြင်း၊ သီးပွင့်မှုပုံစံ Flowering Pattern ပြောင်းလဲမှု ဖြစ်ပေါ်ခြင်းတို့ကြောင့် ဆီအုန်းအတွက် သီးနိုင်ပိဿာ ထောင်ပေါင်း ၅၁,၃၄၄ ကျော် လျော့နည်းထွက်ရှိခဲ့ပါသည်။


တိုင်းဒေသကြီး/ပြည်နယ်အလိုက် လယ်ယာကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၄-၃)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်၌ နယ်မြေအေးချမ်းမှုမရှိခြင်းနှင့် လုပ်သားရှားပါးခြင်းတို့ကြောင့် သီးနှံစိုက်ပျိုးထွက်ရှိမှု လျော့နည်းခဲ့ပါသည်။

ချင်းပြည်နယ်၏ ရွှေ့ပြောင်းတောင်ယာစနစ်တွင် တောင်ယာခင်းသစ် ခုတ်ထွင်သည့် လုပ်ကွက်မှာ တစ်နှစ်ပြီးတစ်နှစ် ကျဉ်းမြောင်းလာခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လယ်/လှေကားထစ်၊ ယာမြေနှင့်ဥယျာဉ်ခြံများတွင် ရေစားမြေပြိုခြင်း၊ နှစ်ရှည်သီးပင်များ ဈေးကွက်မရှိသောကြောင့် တောင်သူများက ဂရုစိုက်ပြုစုထိန်းသိမ်းခြင်းမရှိ၍ သေကျေပျက်စီးခြင်း၊ သီးနှံဖြစ်ထွန်းမှုမရှိ၍ သီးနှံစိုက်ပျိုးမှုထက် အခြားစီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်သဖြင့် မိုးစပါး၊ နွေစပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ထောပတ်ပဲ၊ ချက်ကြဲရင့်နှင့် စားကြဲရင့်တို့တွင် အထွက်များလျော့နည်းခြင်း ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ယခုနှစ်မိုးနှောင်း၌ မိုးပိုမိုခဲ့ခြင်းနှင့် ရေကြီးနစ်မြုပ်ခြင်းတို့ကြောင့် မိုးစပါးအထွက် လျော့ကျခဲ့ပါသည်။ ရေတိုက်စားကမ်းပြိုမှုကြောင့် နွေစပါး စိုက်သည့် လယ်မြေဧကများ ပျက်စီးသဖြင့် အထွက်လျော့ကျခဲ့ပါသည်။ စက်ရုံဖွင့်ရက်နောက်ကျသဖြင့် ကြံခုတ်ချိန်နောက်ကျကာ အစိုဓာတ်လျော့နည်းပြီး ချက်ကြဲရင့်အထွက်မှာ ကျဆင်းခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သောကြောင့် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲလွမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါ၊ မလှိုင်ဝါနှင့်ကြက်သွန်နီ သီးနှံများ အထွက်လျော့နည်းခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်း၊ မိုးသီးကြွေကျခြင်း၊ ချောင်းရေကြီးခြင်းနှင့် ဧရာဝတီမြစ်ရေ မြင့်တက်နစ်မြုပ်ခြင်းတို့ကြောင့် နွေစပါး၊ ဂျုံ၊ ကုလားပဲ၊ ငရုတ်၊ နေကြာ၊ ကွမ်းရွက်စိုက်ဧကများထိခိုက်ဆုံးရှုံးကာ အထွက်လျော့နည်းရခြင်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် မိုးရွာရက်နောက်ကျ၍ မိုးစိုက်သီးနှံများ မစိုက်ပျိုးနိုင်သဖြင့် စိုက်ဧက လျော့နည်းခဲ့ပြီး အထွက်လည်း လျော့နည်းခဲ့ရပါသည်။ မိုးစပါး၊ နွေစပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ မတ်ပဲမှအပကျန်ပဲများ၊ ဆီထွက်သီးနှံ များဖြစ်သည့် မြေပဲ၊ နှမ်း၊ မုန်ညင်း၊ ငရုတ်စို၊ အာလူးစသည့်သီးနှံများ အထွက်လျော့နည်းခြင်းကြောင့် ဖြစ်ပါ သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မိုးစပါးရာသီချိန်၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဒီရေတက်ချိန်နှင့် မိုးရွာသွန်းမှုကြုံကြိုက်သဖြင့် ရေကြီးနစ်မြုပ်ခြင်းတို့ကြောင့် မိုးစပါးအပါအဝင်

မိုးသီးနှံများ အထွက်လျော့နည်းခဲ့ရပါသည်။ ဆောင်းသီးနှံများတွင် မျိုးဈေးနှုန်းကြီးမြင့်ခြင်း၊ မိုးစပါးရိတ်သိမ်းချိန် နောက်ကျသဖြင့် မြေကြီးအစိုဓာတ်မရှိခြင်းတို့ကြောင့် ဆောင်းသီးနှံများ အထွက်လျော့နည်းပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဇူလိုင်လနှင့်ဩဂုတ်လတွင် ဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးအပါအဝင် မိုးသီးနှံများအထွက်လျော့နည်းခဲ့ပါသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ရာသီဥတုမမှန်ခြင်း၊ ဆည်ရေပေးဝေမှုနည်းပါးခြင်း၊ အချိန်အခါမဟုတ် မိုးရွာခြင်းတို့ကြောင့် နွေသီးနှံနှင့် မိုးသီးနှံများ အထွက်လျော့နည်းရခြင်း ဖြစ်ပါသည်။ မိုးစပါး၊ နွေစပါး၊ မတ်ပဲမှအပ ကျန်ပဲများ၊ မြေပဲ၊ နှမ်း၊ နေကြာသီးနှံများအထွက် လျော့နည်းခဲ့ပါသည်။

**ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း**

ဆည်ရေသောက်စနစ်ရှိ တူးမြောင်းအဆောက်အအုံများ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ တူးဖော်ခြင်းလုပ်ငန်းများကို ဂျပန် ODA ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဆည်ရေသောက်စနစ် တူးမြောင်းများပြုပြင်ခြင်းကို တောင်နဝင်း ၄၅.၂၄ ရာခိုင်နှုန်း၊ မြောက်နဝင်း ၄၆.၃၁ ရာခိုင်နှုန်း၊ တောင်ညို ၄၈.၃၂ ရာခိုင်နှုန်း၊ ဝဲကြီး၂၉.၃၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးများတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်၊ ဆင်သေ ရေသောက်စနစ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြောက်ယမား ရေသောက်စနစ်များသို့ မြေပြင် ကွင်းဆင်းလေ့လာဆောင်ရွက်ပြီး ဖြစ်ပါသည်။ ဆည်ရေစီမံခန့်ခွဲမှုနှင့် တောင်သူလယ်သမားများအား ရေအသုံးချရေးအဖွဲ့ဖွဲ့စည်းရေးနှင့် အသိပညာပေးသင်တန်းများ ပို့ချခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ဖြစ်ပါသည်။

မြစ်၊ ချောင်းရေ ခက်ခဲသောဒေသများတွင် မြေအောက်ရေ အလုံအလောက်ရရှိရေး လုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ် ထိခိုက်မှုအနည်းဆုံးဖြင့် အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး (၆) ခုတွင် စိုက်ပျိုးရေ စက်ရေတွင်း ၁,၀၈၃ တွင်း တူးဖော်ပေးနိုင်ခဲ့သဖြင့် ၅,၆၅၆ ဧကကို စိုက်ပျိုးရေ တိုးတက်ပေးဝေ နိုင်ခဲ့ပါသည်။

**ရေကြီးနစ်မြုပ်ပျက်စီးမှု**

နှစ်စဉ် လယ်ယာမြေများ ရေကြီးနစ်မြုပ်ဆုံးရှုံးမှု ပမာဏကြီးမားစွာ ဖြစ်လေ့ဖြစ်ထရှိသော ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်တို့တွင် တာတမံများ တောင့်တင်းခိုင်မာအောင် ပြုလုပ်ခြင်း၊ ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် ရေငန်တားတမံများ အခိုင်အမာပြုပြင်ခြင်း၊ ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ရေကြီးနစ်မြုပ်မှု လျော့ပါးစေရေးအတွက် ချောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရေလွှမ်းပျက်စီးခဲ့သည့် လယ်မြေများတွင် ပေါင်းမြက်များထူထပ်စွာ ပေါက်ရောက်ဖုံးလွှမ်းလာမှုကြောင့် စိုက်ပျိုးဖြစ်ထွန်းနိုင်မှုမရှိသဖြင့် မိုးကြိုထွန်ယက်ရေးရာသီမှစ၍ ဌာနထွန်စက်အဖွဲ့များဖြင့် အခမဲ့ကူညီဆောင်ရွက်ပေးခဲ့ရာ ကန်သင်းဖော်ခြင်း ၁၀,၂၁၃ ဧကနှင့် မြေညှိပြုပြင်ခြင်း ဧက ၃,၈၀၀ ပြီးစီးခဲ့ပါသည်။

**မျိုးကောင်းမျိုးသန့် မျိုးစေ့ ထုတ်လုပ်ခြင်း**

မျိုးစေ့ခြံများတွင် အစေ့ထုတ်ပြောင်း၊ ဆီမုန်ညင်း၊ ပန်းနှမ်း၊ ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲပုပ်သီးနှံများအတွက် တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားခြင်း၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ခြင်း၊ စားသုံးမှုအရည်အသွေး ကောင်းမွန်ခြင်း စသည့် အရည်အသွေးများနှင့် ပြည့်စုံသည့် မျိုးကောင်းမျိုးသန့်များကို ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲကျင့်သုံး ဆောင်ရွက်ရန် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်မျိုးများ ထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ရေမြေဒေသနှင့် ကိုက်ညီသော အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံမျိုးကောင်းမျိုးစေ့များထုတ်လုပ်လျက်ရှိရာ အစီရင်ခံသည့်နှစ်အတွင်းစပါးတင်း ၉၄၉,၈၄၆တင်း၊ ဆီထွက်တင်း ၁၅,၆၂၉ တင်းနှင့် ၃၆၅ ကီလို၊ ပဲမျိုးစုံ ၁၆,၀၁၅ တင်း ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

**သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

နိုင်ငံတော်၏ အမာခံ ရိက္ခာသီးနှံဖြစ်သည့် ဆန်စပါးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် စပါးမျိုးများ စိုက်ပျိုးနိုင်ရန် သက်လျင်၊ သက်လတ်သက်ယ် စပါးမျိုးများ၊ ရေအနည်းလိုစပါးမျိုးများ၊ ဆားငန်ခံ စပါးမျိုး

များ၊ ရေမြုပ်ခံစပါးမျိုးများ၊ တောင်ပေါ်ယာစပါးမျိုးများ၊ မြေပြန့်စပါးမျိုးများ၊ အရည်အသွေးကောင်း စပါးမျိုးများကို စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုသီးနှံများဖြစ်သည့် ဝါ ၊ ဂုန်လျှော်၊ ချည်ပေါင်လျှော်တို့အား သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုး၍ သုတေသနပြုလုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ သိပ္ပံနည်းကျ စိုက်နည်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်စွာ စိုက်ပျိုးဆောင်ရွက်နိုင်ရန် ရာသီအလိုက် နွေစပါး၊ မိုးစပါး စံပြကွက်များ ပြုလုပ်၍ စိုက်ပျိုးပြသဆောင်ရွက်လျက် ရှိပါသည်။

စပါးသီးနှံအနေဖြင့် ဆည်ရေသောက်လယ်စပါး၊ မိုးရေသောက်လယ်စပါး၊ အရည်အသွေးကောင်းစပါး၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ ပိုးသတ်ဆေး၊ ရောဂါသတ်ဆေးနှင့် ဓာတ်မြေသြဇာများကို လျှော့ချသုံးစွဲသော်လည်း စပါးအထွက်ကို မထိခိုက်နိုင်သည့် အထူးအထွက်ကောင်းသောစပါးမျိုး Green Super Rice (GSR) စပါး စသည်တို့ကိုလည်းကောင်း၊ သဘာဝဝတ်မှုံကူးပြောင်းနှင့် စားပြောင်းမျိုးများ၊ ပြောင်းဖူးမျိုးသစ်များနှင့် ဗီဇမျိုးသန့်လိုင်းများကိုလည်းကောင်း၊ မြေပဲ၊ ပန်းနှမ်း၊ နှမ်းစသည့် ဆီထွက်သီးနှံများကိုလည်းကောင်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲပုပ်စသည့် ပဲမျိုးစုံ သီးနှံများကိုလည်းကောင်း၊ ဝါ ၊ ကြံ၊ ဂုန်လျှော်၊ ချည်ပေါင်လျှော် စသည့် စက်မှုသီးနှံများကိုလည်းကောင်း သုတေသနပြု ဆောင်ရွက်လျက် ရှိပါသည်။

သုတေသနစမ်းသပ်ကွက်များ ဆောင်ရွက်လျက်ရှိရာ စပါးသီးနှံ သုတေသန စမ်းသပ်ကွက်ကိုလည်းကောင်း၊ မျိုးမွေးမြူခြင်း၊ ရွေးချယ်ခြင်း၊ စိုက်စနစ်စမ်းသပ်ခြင်း၊ ဘိုင်အို Soil စမ်းသပ်ကွက်ကိုလည်းကောင်း၊ စပါးသိုလှောင်ချိန်တွင် ကြွက်ကြောင့် အလေ့အလွင့်ဆုံးရှုံးမှုမရှိစေရေး သုတေသနပြုလုပ်ခြင်း၊ စနစ်တကျ ကြွက်ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ စမ်းသပ်ကွက်ကိုလည်းကောင်း၊ ဆီထွက်သီးနှံဆိုင်ရာ စမ်းသပ်ကွက်များကိုလည်းကောင်း၊ အစေ့ထုတ်ပြောင်းသီးနှံဆိုင်ရာ စမ်းသပ်ကွက်များကိုလည်းကောင်း စသည်တို့ကို ပြုလုပ်နိုင်ခဲ့ပါသည်။

**လေ့ကျင့်ပညာပေးခြင်း**

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် နည်းပညာသင်တန်းများကို ဝန်ထမ်းများ၊ တောင်သူများ၊ ပုဂ္ဂလိကများအား သင်ကြားပို့ချပေးလျက် ရှိပါသည်။ ဝါအထွက်တိုး စိုက်ပျိုးနည်းသင်တန်း၊ ရော်ဘာစိုက်ပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းနည်းသင်တန်း၊ စက်မှုလယ်ယာ

စနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်နည်းသင်တန်းများ၊ အသုံးပြုမှု သင်တန်းများကို ပို့ချပေးခဲ့ပါသည်။

မျိုးကောင်းမျိုးသန့်များကို အသုံးပြုပြီး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးနိုင်မှသာ မျှော်မှန်းသည့် အထွက်နှုန်းကို ရရှိမည်ဖြစ်သဖြင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် ပညာရှင်များမှ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လက်တွေ့လုပ်ဆောင်နိုင်ရန်နှင့် လုပ်ငန်းစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နေပြည်တော်တွင် ရာသီအလိုက် လုပ်ငန်းခွင်သင်တန်းများ ပို့ချဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားများထံ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းပညာများကို တိုးတက်ပြန့်ပွားစေရန်နှင့် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်တင်းနိုင်ရေးအတွက် နည်းပညာပေးစာအုပ်များ၊ သီးနှံစိုက်ပျိုးရေးဆိုင်ရာ လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ နည်းပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများ၊ စံပြကွက်များ၊ ကွင်းပြပွဲများစသည့် စိုက်ပျိုးပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များသို့ နည်းပညာပေး စာအုပ်များ၊ သီးနှံစိုက်ပျိုးရေးဆိုင်ရာ လက်ကမ်းစာစောင်များနှင့် ပိုစတာများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး နည်းပညာပေး သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စံပြကွက်များနှင့် ကွင်းပြပွဲများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် စိုက်ပျိုးရေးနည်းပညာ အချက်အလက်များကို တောင်သူလယ်သမားရုပ်သံမှတဆင့် ပညာပေးထုတ်လွှင့်ခြင်း ဆောင်ရွက်လျက်ရှိရာ အမေးအဖြေကဏ္ဍ ၃၂ ခု၊ မှတ်တမ်းရုပ်ရှင် ၄၂ ခု၊ ဇာတ်လမ်းတို ၇ ခု၊ သတင်း ၇၈ ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှင်သန်နိုးကြားမှုမြှင့်တင်ခြင်း စီမံကိန်း(ချေးငွေ) (IFAD)ဖြင့် ဆောင်းရာသီ စံပြကွက်များ (မတ်ပဲ၊ ကုလားပဲ၊ ဖူးစားပြောင်းနှင့် အခြားသီးနှံများအတွက် အထွက်နှုန်း ယှဉ်ပြိုင်စမ်းသပ်ခြင်းနှင့် ရွက်ဖျန်းအားဆေး အကျိုးအာနိသင်စမ်းသပ်ခြင်း) စံပြကွက် ၇၅၀ ကွက် ပြုလုပ်ခဲ့ပြီး မြေဆွေးအကျိုးအာနိသင်စမ်းသပ်ခြင်းနှင့် စပါးမျိုးယှဉ်ပြိုင် စမ်းသပ်ခြင်းများအတွက် စံပြကွက် ၃၃ ကွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ Basic Bookeeping သင်တန်းကို KC မန်နေဂျာများအတွက် (၂) ကြိမ်နှင့် တောင်သူများအတွက် (၅)ကြိမ် စုစုပေါင်း (၇) ကြိမ် ပြုလုပ်ခဲ့ပြီး Seed Inspector သင်တန်း(၁) ကြိမ်၊ အခြေခံမွေးမြူရေး ပညာပေး

သင်တန်း(၁)ကြိမ်၊ မှိုစိုက်ပျိုးရေးနည်းပညာပေးသင်တန်း (၁)ကြိမ်၊ Social Mobilization and Genda သင်တန်း (၂)ကြိမ်၊ Value Change Analysis သင်တန်း (၁)ကြိမ်၊ Business Development and Debt Management သင်တန်း (၁)ကြိမ်၊ ကွန်ပျူတာသင်တန်း (၁)ကြိမ် နှင့် KC Manager များအတွက် Technical Training (၂)ကြိမ် ပြုလုပ်ခဲ့ပါသည်။

**စနစ်ကျစက်မှုလယ်ယာမြေဖော်ထုတ်မှု**

လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် စက်မှုလယ်ယာစနစ် ကူးပြောင်းရေး ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့် ကာလအထိ ဆည်ရေသောက်စနစ် ခိုင်မာစွာ တည်ဆောက်ပြီးဖြစ်သည့် ဒေသများတွင် စနစ်ကျစက်မှုလယ်ယာမြေ ဖော်ထုတ်နိုင်မှုမှာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရရန်ပုံငွေဖြင့် ၆၇၈၆.၉၁ ဧက၊ တောင်သူငွေပေးချေစနစ်ဖြင့် ၃၄၃.၇၅ ဧက၊ IFAD အကူအညီဖြင့် ၅၄ ဧက၊ သမဝါယမချေးငွေစနစ်ဖြင့် ၉၃၇ ဧက၊ ကာကွယ်ရေးငွေပေးချေမှုစနစ်ဖြင့် ၁၀ ဧက၊ တောင်သူပညာပေးအစီအစဉ်ဖြင့် ၃၇၈.၈၈ ဧက၊ စုစုပေါင်း ၈,၅၁၀.၅၄ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပါသည်။

**စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်း**

သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုငွေများကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများသို့ ထုတ်ချေးသည့် သီးနှံများအနက် စပါးသီးနှံကို တစ်ဧကလျှင် ငွေကျပ် ၁၅၀,၀၀၀ နှုန်း တိုးမြှင့်သတ်မှတ်ပြီး အတိုးနှုန်းအနည်းငယ်ဖြင့် သီးနှံအမျိုးအစား အလိုက်လည်းကောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လိုအပ်သော စက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ရန် ဖွံ့ဖြိုးရေးချေးငွေအဖြစ်လည်းကောင်း နှစ်တိုချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ် ၁,၆၃၄,၂၃၇.၄၀သန်း ထုတ်ချေးပေးခဲ့ပါသည်။


**သားငါးကဏ္ဍ။** သားငါးကဏ္ဍနှင့် ကျေးလက်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးလာစေရန်နှင့် မြို့ပြကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရန် မျှော်မှန်း၍ "စဉ်ဆက်မပြတ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်သူများအားလုံး (Stakeholder) ပူးပေါင်းပါဝင် ဆောင်ရွက်သွားရေး၊ စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေရေး ဆောင်ရွက်ရန်" ဟူသော မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၆,၅၂၃,၀၉၄.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၃.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


**၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၄-၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

သားငါးကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၆,၅၀၅,၁၉၅.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

သားငါးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မွေးမြူသူများအား အရင်းအနှီးရရှိစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း

ဝန်ကြီးဌာနမှ တိရစ္ဆာန်မွေးမြူရေးချေးငွေများ ထုတ်ချေးပေးလျက် ရှိပါသည်။ နို့ထုတ်လုပ်မှု တိုးတက်စေရန် မွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းနှင့် ဒေသခံနွားမများအား နို့ထွက်ကောင်းမွန်သည့် နို့စားနွားမျိုးများဖြင့် မျိုးမြှင့်တင်သားစပ်၍ နို့စားနွား မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ကျေးလက်အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေ တိုးပွားစေရန်အတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၂,၁၀၇ တွင် ငွေကျပ် ၆၃.၂၁ ဘီလီယံဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။

တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန်နှင့် တိုးတက်မွေးမြူလာနိုင်စေရန် အတွက် မေထုန်မဲ့သားစပ်သင်တန်းနှင့် တိရစ္ဆာန်ကျန်းမာရေး အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း (International Non Governmental Organization) အစိုးရမဟုတ်သော အဖွဲ့အစည်း (Non Governmental Organization) များ ပူးပေါင်းပြီး မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းများနှင့် မွေးမြူရန်တိရစ္ဆာန်များ ထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဖြူးပေးသော နို့စားနွား၊ အသားစားနွား၊ ခိုင်းနွား မျိုးရည်ခဲချောင်းများဖြင့် နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မေထုန်မဲ့နည်းဖြင့် မြို့နယ်များတွင် ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်း၍ သားစပ်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ တိရစ္ဆာန်များ သေဆုံးမှုလျော့ပါးရေးအတွက် ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသ ခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

အသားထုတ်လုပ်မှု တိုးတက်စေရေးအတွက် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်မှု တိုးတက်ရေးစီမံချက်၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ တစ်ပိုင်တစ်နိုင်မွေးမြူမှုဖွံ့ဖြိုး တိုးတက်ရေး သုတေသနစီမံကိန်း၊ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြန်မာ-နယူးဇီလန် နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပျား မွေးမြူရေး အဆင့်မြှင့်တင်ရေးနှင့် တိုးတက်မှုစီမံကိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေး ဒုက္ခဒဏ်ခံစားရသော မွေးမြူရေးသမားများအတွက် အရေးအပေါ်အကူအညီ ထောက်ပံ့ ပေးရေးစီမံကိန်း၊ ကျေးလက်လှည့်ပတ်ရန်ပုံငွေ ထူထောင်ရေးစီမံကိန်း၊ အပြင်းစား ကြက်ငှက်

တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အရေးပေါ်ပြင်ဆင်မှု တိုးမြှင့်ဆောင်ရွက်ရန်အတွက် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးရေးစီမံကိန်း၊ အသေးစားမွေးမြူရေး စံပြကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၊ ပေါ်ပေါက်လာသော ဝက်မွေးမြူရေးပုံစံ မျိုးကွဲများရှိ တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သော ရောဂါများ စူးစမ်းလေ့လာရန်နှင့် ထိန်းချုပ်ရန်အတွက် ဘက်စုံပါဝင်သော စီမံခန့်ခွဲမှုအခြေပြု စီမံကိန်း၊ ကြိုတင်ခန့်မှန်းခြင်း/ မြန်မာနိုင်ငံစီမံကိန်း၊ တိရစ္ဆာန်ကျန်းမာရေး၊ ထုတ်လုပ်မှုနှင့် ဈေးကွက်မြှင့်မားရေးမှတစ်ဆင့် အပူပိုင်းဒေသရှိ တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြှင့်မားရေး စီမံကိန်းများအပါအဝင် မွေးမြူရေးလုပ်ငန်းများတွင် ခေတ်မီ နည်းပညာများ အပြန်အလှန် ဖလှယ်ရရှိနိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် စီမံကိန်း ၉ ခု၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သော စီမံကိန်း ၁၈ ခု၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း/ စီးပွားရေး အဖွဲ့အစည်းများနှင့် စီမံကိန်း ၃၁ ခု၊ JICA, Italy(Soft Loan), World Bank စီမံကိန်း ၄ ခု တို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ကျေးလက်ဒေသ တိုင်းရင်းကြက်မွေးမြူမှု ဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်တွင် စံပြ တိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံ ထူထောင်၍ တိုင်းရင်းကြက်များ မွေးမြူထားပါသည်။ မကွေးတိုင်းဒေသကြီးတွင် သရက်စံပြနို့စားနွား မွေးမြူရေးခြံ၊ မင်းလှစံပြ ဆိတ်မွေးမြူရေးခြံ၊ ရေစကြို ဆိတ်မွေးမြူရေးခြံ၊ ပွင့်ဖြူ စံပြဝက်မွေးမြူရေးခြံ၊ ရေတာရှည် စံပြဝက်မွေးမြူရေးခြံ၊ လပွတ္တာ ကျွဲမွေးမြူရေးခြံများဖြင့် နွား၊ ဆိတ်၊ ဝက်၊ ကျွဲများ မွေးမြူခြင်းကို ဆောင်ရွက်ခဲ့ ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်အထိ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိကပိုင် အခန်းမှလည်း နွား၊ ကျွဲ ၊ သိုး/ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ကြက်ဆင်၊ ဘဲငန်း၊ မန်ဒါလီ၊ ငုံး တို့ကို မွေးမြူခဲ့ပါသည်။ ကူးစက်ရောဂါ ကာကွယ်ဆေးအမျိုးမျိုးတွင် အဆ ၁,၀၀၄.၀၆၂ သန်း၊ ကာကွယ်ဆေးအမျိုးမျိုး ထိုးနှံခြင်းတွင် အကြိမ် ၄၁.၀၂၄ သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ ၄.၄၂၆ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပျားရည်ထုတ်လုပ်မှုတွင် ပေါင် (ထောင်) ၈,၅၉၇ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပျားထွက်ပစ္စည်း ၂,၄၀၉.၂၇ တန်ကို ပြည်ပတင်ပို့နိုင်ခဲ့ပါသည်။ ပျားများဖြင့် ဝတ်မှုန်ကူးပြောင်းစေခြင်းဖြင့် မျိုးကောင်းမျိုးသန့်နှင့် အောင်မြင်သော သီးနှံများ၊

မျိုးစေ့များကို ရရှိစေရန်အတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စိုက်ကွင်းများတွင် ပျားအုံများကို ရွှေ့ပြောင်းမွေးမြူခြင်းစနစ်ဖြင့် ဝတ်မှုန်ကူးခြင်း လုပ်ငန်းကို ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နေကြာ၊ ပန်းနှမ်း၊ လဲမှို့၊ ပြောင်းစသည့် သီးနှံဧက ၁,၄၁၈,၃၆၇ ကို ပျားများဖြင့် ဝတ်မှုန်ကူးစေခြင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တောင်သူလယ်သမားများအတွက် အကျိုးအမြတ် ပိုမိုရရှိစေခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ငါးသားပေါက်ထုတ်လုပ်မှုတွင် ကောင်ရေ ၆,၄၄၀.၉၂ သိန်း ထုတ်လုပ်၍ ငါးမျိုးကောင်ရေ ၅,၄၆၃.၇၇ သိန်း ဖြန့်ဖြူးရောင်းချပေးခြင်း၊ သဘာဝမြစ်ချောင်း အင်းအိုင်များအတွင်းသို့ ငါးမျိုးကောင်ရေ ၉၇၇.၁၅ သိန်း မျိုးစိုက်ထည့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက် ထုတ်ပြန်ခြင်း၊ ပညာပေးခြင်း(အယ်နီညို၊လာနီညာ)၊ ငါးသယံဇာတ ထိန်းသိမ်းခြင်း၊ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့နှင့်ပူးပေါင်း၍ ရေထွက်ကုန်များအပေါ် တစ်ခုလုံးဖြစ်သည့် ငါးဖမ်းသင်္ဘော၊ ငါးသယ်သင်္ဘော၊ ငါးမွေးကန်၊ ငါးညွန့်ပြုပြင်စက်ရုံများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းပြည်တွင်းပြည်ပ လိုင်စင်မဲ့ ငါးဖမ်းရေယာဉ်စုစုပေါင်း ၉၁ စီးတို့အား ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက် နိုင်ခဲ့ပါသည်။

ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တစ်ပိုင်တစ်နိုင် ရေနေသတ္တဝါမွေးမြူရေးဆိုင်ရာ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးစီမံကိန်း၊ အာဆီယံနိုင်ငံများတွင် ငါး/ပုစွန် ရေထွက်ပစ္စည်းများတွင် ဇီဝဆိုင်ရာအဆိပ်များပါဝင်မှုကို စောင့်ကြည့်စစ်ဆေးခြင်းစီမံကိန်း၊ ကုန်းတွင်းပိုင်း ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြန်မာနိုင်ငံတွင် ရေချိုရေငန် ဇီဝမျိုးစုံမျိုးကွဲများ ပူးပေါင်းထိန်းသိမ်းရေး အစီအစဉ်၊ ပူးပေါင်းစီမံခန့်ခွဲမှုလုပ်ငန်း ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ရေလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် လုံခြုံမှုရရှိစေခြင်းစီမံကိန်း၊ မြန်မာ့ပင်လယ် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကမ်းရိုးတန်းနေ ဆင်းရဲနွမ်းပါးသည့်

ရေလုပ်သားများ၏ လူနေမှုဘဝ မြှင့်တင်ရေးစီမံကိန်း၊ ငါးလုပ်ငန်းဆိုင်ရာ စာရင်းအင်းပညာရှင်များနှင့် ပူးပေါင်း၍ မြန်မာ့ငါးလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ တိုးတက်ရေးစီမံကိန်း၊ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသရေပြင်များတွင် ဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုရှိပြီး ရေရှည်တည်တံ့မှုရှိသည့် ငါးမွေးမြူရေးနည်းပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ Development of Sustainable and environmental friendly aquaculture techniques in coastal waters in Myanmar (JIRCAS)၊ မြန်မာနိုင်ငံ၏ ငါးဖမ်းဆီးခြင်းလုပ်ငန်းနှင့် ရေနေသတ္တဝါမွေးမြူရေးလုပ်ငန်းများအပေါ် အားထားမှုပြုနေသည့် အသက်မွေးဝမ်းကျောင်းမှုများအနေဖြင့် (ရာသီဥတု၊ ထိခိုက်မှုဒဏ် စသည်တို့အပေါ်) ကြံ့ကြံ့ခံနိုင်မှုရှိနိုင်စွမ်းနှင့် လိုက်လျောညီထွေမှုရှိနိုင်စွမ်းတို့ အားကောင်းလာစေရန် ဖြည့်တင်းမှုပြုပေးခြင်းဆိုင်ရာ စီမံကိန်း၊ Strengthening the adaptive capacity and resilience of fisheries and aquaculture-dependent livelihoods in Myanmar (Fish Adapt) ၂၀၁၇ ခုနှစ် ၂၀၂၂ ခုနှစ်ထိ၊ မြန်မာနိုင်ငံတွင် ရေချိုနှင့် မြစ်ဝကျွန်းပေါ်ဒေသ ငါးလုပ်ငန်းများ၏ အုပ်ချုပ်မှု တိုးတက်ကောင်းမွန်စေရန် အထောက်အပံ့ပြုမည့် ငါးလုပ်ငန်းစီမံခန့်ခွဲမှု တိုးတက်ရေးစီမံကိန်း (MYFish-2) (၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ) စသည့် လုပ်ငန်းစီမံကိန်း ၁၁ ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။


တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၄-၆)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အခြေအနေအား ယခင်နှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်)ဖြင့် နှိုင်းယှဉ်ပါက ဧရာဝတီတိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် တိုးတက်မှုရှိသည်ကို တွေ့ရှိရပါသည်။

အသားထုတ်လုပ်မှုအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝဘေးကြောင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ခြင်းကြောင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုများသည် ယခင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်းသော်လည်း ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း အသားထုတ်လုပ်မှုနှင့် ဥထုတ်လုပ်မှုများ တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ

ကာကွယ်ဆေးများ ထိုးပေးခြင်း၊ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးခြင်း၊ မေထုံမဲ့သားစပ်ခြင်းများ ဆောင်ရွက် ပေးခြင်း၊ တိရစ္ဆာန်အစာ နေပီယာမြက်နှင့် နယူးဇီလန်မြက်တို့ကို တိုးချဲ့စိုက်ပျိုး နိုင်ခဲ့ခြင်း၊ မြစိမ်းရောင်(အသားကဏ္ဍ) စီမံကိန်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ပုဂ္ဂလိကပိုင်မွေးမြူရေးလုပ်ငန်းများ တိုးတက်လာသည်ဖြစ်၍ ကျွဲနို့ နွားနို့နှင့် ကျွဲနွားထွက်ပစ္စည်း များ ထုတ်လုပ်မှု၊ အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှုနှင့် အသားတင်တိုးကောင်ရေများ တိုးတက် ခြင်း၊ အချို့တိုင်းဒေသကြီးပြည်နယ်များ၏ အခြေခံပညာကျောင်းများတွင် ကျောင်းသား/ ကျောင်းသူများအား တစ်ပတ်လျှင်(၂)ကြိမ် နို့တိုက်ကျွေးလျက်ရှိခြင်းကြောင့် မွေးမြူရေးများ တိုးချဲ့မွေးမြူ၍ ကျွဲနို့ နွားနို့ထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်လာနိုင်စေခြင်းတို့ကြောင့်လည်း မွေးမြူရေးကဏ္ဍအနေဖြင့် တိုးတက်မှုရှိလာပါသည်။

ငါးကဏ္ဍအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သဘာဝရေလျှံကွင်းများ/ဆည်/ ရေလှောင်တမံ/ကန်များအတွင်း ငါးမျိုးများစိုက်ထည့်ပေးခြင်း၊ သဘာဝနည်းဖြင့် ငါးသားဖောက် နိုင်သော ရွှေဝါငါးကြင်း သားဖောက်ခြင်းကို ကျေးရွာအထိ လက်တွေ့ကွင်းဆင်းပြသဆောင်ရွက် ပေးခဲ့ခြင်း သဘာဝဒီရေဖြင့် ပါရှိလာသောသားပေါက်များ ဝင်ရောက်လာမှုကို တာရိုးဆည်ဖို့ ပိတ်လှောင် မွေးမြူရေးစနစ် (မိရိုးဖလာ မွေးမြူရေးစနစ်) (Trap and Hold (or) Extensive System) မှ သားပေါက်ထည့်သွင်းမွေးမြူသည့်စနစ် (Extensive Plus System) သို့ ကူးပြောင်းမွေးမြူလာခြင်းကြောင့် မွေးမြူရေးငါး၊ ပုစွန်ထုတ်လုပ်မှု တိုးတက်လာပါသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု များကြောင့် ဂေဟစနစ် ယိုယွင်းလာခြင်း၊ ဩဇာဓာတ်ကြွယ်ဝသော ကမ်းဦးရေတိမ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ် ရေပြင်များတွင် သဲနုန်းများပို့ချသဖြင့် ငါး/ပုစွန်များ သဘာဝအာဟာရကြွယ်ဝမှု လျော့ပါးလာ၍ ငါး/ပုစွန်ရှင်သန် ကြီးထွားနှုန်းနည်းပါးပြီး ထုတ်လုပ်မှုလျော့နည်းလာခြင်း ကြောင့် ဘုံငါးဖမ်း၊ ရေငန်ငါး/ပုစွန် ထုတ်လုပ်မှုများလျော့နည်းလာသည်ကို တွေ့ရှိရပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် တို့တွင် ဘုံငါးဖမ်းနှင့် ရေငန်ငါး၊ ပုစွန်ထုတ်လုပ်မှု များသည် အနည်းငယ်ကျဆင်းလာသော်လည်း ယခင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်သာ တိုးတက်မှုရှိသည်ကို တွေ့ရှိရ ပါသည်။


**သစ်တောကဏ္ဍ။** နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များကိုလည်း ထည့်သွင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပြီး၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ ဟန်ချက်ညီမှုတို့မှတစ်ဆင့် နိုင်ငံ့စီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉၀,၈၅၀.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၂၃.၀ ရာခိုင်နှုန်း လျော့နည်းရည်မှန်းခဲ့ပါသည်။


**၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

သစ်တောကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅၈,၇၂၆.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၅၉.၈ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိတွင် နိုင်ငံပိုင်အခန်းမှ ကျွန်း ၆,၁၅၉ ကုဗတန်၊ သစ်မာ ၁၃,၁၅၄ ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပြီး အခြားသစ်တောထွက်ပစ္စည်းများဖြစ်သည့် တိုင်၊ မျော၊ ထင်း၊ မီးသွေး၊ ဝါးနှင့် ကြိမ် အစရှိသည်တို့ကိုလည်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် သစ်တောများ ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို (၁) နှစ် ရပ်နားခဲ့ပြီး၊ ယခင်နှစ်လက်ကျန် သစ်များကိုသာ ထုတ်လုပ်ခဲ့ခြင်းကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်တွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် ရည်မှန်းချက်အပေါ် ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

**သစ်တောသယံဇာတ ထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးကို ရည်မှန်း၍ သဘာဝတောများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျွန်းသင်းသတ်ခြင်း ၈,၁၇၇ ပင်၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း ၁၀၄,၆၈၂ ပင်၊ စိုက်ခင်းတည်ထောင်ခြင်း ၇,၆၀၀ ဧက၊ ဓမ္မတာမျိုးဆက်ခြင်း ၃၇,၁၁၄ ဧက၊ အုပ်မိုးကာဆိုင်းလှဲခြင်း ၆,၂၂၇ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်း ၃၆,၃၆၄ ဧက၊ ပင်ကျပ်နှုတ်ခြင်း ၁၂,၉၆၄ ဧက၊ နွယ်ဖြတ် ညောင်ပတ်လှဲခြင်း ၄၂၀,၁၀၄ ဧက၊ သစ်တောလမ်းပြင်ဆင်ခြင်း ၁,၃၉၀ မိုင်၊ ကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ခြင်း ၁,၅၅၂ မိုင်၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း ၁,၅၇၀ မိုင်၊ မီးကာကွယ်ခြင်း ၄၂,၃၄၄ ဧက၊ ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်း ၃၀၂ စတုရန်းမိုင်၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း ၉,၅၄၀ ဧကတို့ကို ရာသီအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

**သစ်တောစိုက်ခင်းများတည်ထောင်ရေး**

သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများဖြစ်သည့် စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲ စိုက်ခင်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးရာသီကာလအတွင်း ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးတည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ပုဂ္ဂလိက လုပ်ငန်းရှင်များအား သစ်တောစိုက်ခင်းများ တည်ထောင်ခွင့် ပြုလျက်ရှိပါသည်။

**အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး**

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ စိုက်ခင်းတည်ထောင်ခြင်း ဧက ၄,၉၀၀၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ဧက ၃၇,၀၀၀၊ ထင်းအစား အခြားလောင်စာတိုးမြှင့်အသုံးချရေး အတွက် စွမ်းအားမြှင့်မီးဖို ၂၅,၄၈၈ လုံးဖြန့်ဖြူးခြင်း၊ လောင်စာတုံးသုံးစွဲခြင်း ၄,၂၄၀,၂၃၉ တုံး သုံးစွဲခြင်းနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း ၁၅၆,၄၄၅ တန် သုံးစွဲခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ ရေရရှိရေးလုပ်ငန်းတွင် ရေကန်ငယ် ၁၉ ခု၊ နှန်းတားဆည် ၁၂၄ ခု၊ မြေအောက်ရေတူးဖော်ခြင်း ၂ တွင်း၊ မိုးရေစုကန် ၆ ခု တည်ဆောက်ခြင်း၊ စိုက်ခင်းအတွင်း ရေကန်ငယ် ၁ ခု တူးဖော်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး**

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပါသည်။ နိုင်ငံပိုင် သစ်အခြေခံစက်မှုလုပ်ငန်းများ စက်စွမ်းအားမြှင့်တင်ရေး၊ ခေတ်မီနည်းပညာအသုံးပြုရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးတို့အပြင် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင်လုပ်ငန်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ သစ်တောထွက်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် သစ်ထောက်ခံချက်ရရှိရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင် သစ်ထုတ်လုပ်မှုများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

"အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒ"ကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။ "မြန်မာ့ရာသီဥတု ပြောင်းလဲရေးဆိုင်ရာ မူဝါဒ" ကို ဆက်လက်ရေးဆွဲလျက်ရှိပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေဘဲ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်သော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် "အမျိုးသားအဆင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာမူဘောင်" ကိုလည်း ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်း အမိန့်တို့နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိစစ်၍ သဘောထားပေးပို့ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ နော်ဝေနိုင်ငံအစိုးရ စသည်တို့နှင့် ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအတွင်းရှိ အထူးစီးပွားရေးဇုန်များ၊ စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် (EIA) အစီရင်ခံစာများ ထုတ်ပြန်ပေးလျက်ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ EIA/IEE/ EMP/ Scoping reports စုစုပေါင်း (၁၅၅) စောင်ရောက်ရှိခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ အစီရင်ခံစာပေါင်း (၅၇) စောင်ကို ပြန်ကြားနိုင်ခဲ့ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ (၆)စောင်အား အတည်ပြုပေးခြင်းနှင့် သတ္တုကဏ္ဍဆိုင်ရာ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ EIA/ IEE/ EMP အစီရင်ခံစာ စုစုပေါင်း ၁,၈၅၀ စောင်အနက် ၃၇၀ စောင်အား ပြန်ကြားနိုင်ခဲ့ပါသည်။


တိုင်းဒေသကြီး/ပြည်နယ်အလိုက် သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၄-၉)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်ပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

သစ်တောကဏ္ဍအနေဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရည်မှန်းချက်ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့သော်လည်း ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် ရည်မှန်းချက်ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မှု မရှိသည်ကို တွေ့ရှိရပါသည်။ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် အကောင်အထည်ဖော်နိုင်မှု လျော့နည်းပါသည်။

သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန် ရည်ရွယ်ပြီး သစ်တောများပြန်လည်ပြုစု ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍ။** လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စွမ်းအင်လိုအပ်ချက်သည်လည်း ပိုမိုလိုအပ်လာပါသည်။ နိုင်ငံ၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စွမ်းအင်အမျိုးအစားသစ်များနှင့် ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး၊ စွမ်းအင်အသုံးပြုနိုင်မှု စွမ်းရည်တိုးမြင့်လာစေရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေး၊ အခြားအစားထိုးစွမ်းအင်အမျိုးအစားများကို အိမ်သုံးစွမ်းအင်အဖြစ် အသုံးပြုနိုင်ရေး၊ စွမ်းအင်သယံဇာတများကို ထွက်ရှိရာဒေသအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးရရှိ ခံစားနိုင်မည့် သုံးစွဲမှုဖြစ်စေရေးတို့ကို မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၄,၉၀၄,၄၈၆.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၁၈.၈ ရာခိုင်နှုန်း လျော့နည်းရည်မှန်းခဲ့ပါသည်။

**၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၄-၁၀) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၁၁) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

စွမ်းအင်ကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂,၆၆၉,၉၆၁.၃ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၅၄.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၇.၁ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စွမ်းအင်မူဝါဒများနှင့်အညီ အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) အစီရင်ခံသည့်ကာလအတွင်း ရေနံတွင်း ၂၆ တွင်းကို တွင်းပြုပြင်ခြင်း/သဲကြောတိုးချဲ့ သေနတ်ဖောက်ခြင်း၊ ပေနက်သို့တိုးချဲ့ တူးဖော်ခြင်း ဆောင်ရွက်ခဲ့ရာ ၁၂ တွင်း အောင်မြင်ခဲ့ပါသည်။

(ခ) ဘူမိရူပဗေဒကွင်းဆင်း လေ့လာရေးအဖွဲ့များသည် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ လက်ပံတိုဒေသတွင် ဆိုက်စမစ်လိုင်းကီလိုမီတာ ၁၇၂.၆၅ ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြောင်းမြဒေသတွင် ဆိုက်စမစ်လိုင်း ကီလိုမီတာ ၂၇၈.၀၀ ကိုလည်းကောင်း စုစုပေါင်း ၄၅၀.၆၅ ကီလိုမီတာ တိုင်းတာပြီးစီးခဲ့ပါသည်။

(ဂ) ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ် ချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ကုန်းပိုင်းလုပ်ကွက် ၂၈ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၁၈ ခုနှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၃ ခု စုစုပေါင်းကုမ္ပဏီ ၃၁ ခု၊ ကမ်းလွန်လုပ်ကွက် ၃၇ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၂၀ ခုနှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၀ ခု စုစုပေါင်းကုမ္ပဏီ ၃၀ ခုတို့မှ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဃ) ထို့အပြင် ထိုင်းနိုင်ငံ PTT ကုမ္ပဏီသို့ ရတနာသဘာဝဓာတ်ငွေ့ ရေနံမြေ၊ ရဲတံခွန် သဘာဝဓာတ်ငွေ့ ရေနံမြေနှင့် ဇောတိက သဘာဝဓာတ်ငွေ့ရေနံမြေတို့မှ ကုဗပေ ၃၇၈,၁၅၇ သန်း ရောင်းချခဲ့ပါသည်။

(င) ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုဗပေ ၁၄၄,၀၅၃ သန်း ရောင်းချခဲ့ပါသည်။

(စ) ရတနာ သဘာဝဓာတ်ငွေ့ရေနံမြေ၊ ဇောတိက သဘာဝဓာတ်ငွေ့ရေနံမြေနှင့် ရွှေ သဘာဝဓာတ်ငွေ့ရေနံမြေတို့မှ ပြည်တွင်းသုံးစွဲမှုအတွက် ကုဗပေ ၁၁၃,၂၀၁ သန်း ပို့လွှတ်ခဲ့ပါသည်။


တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စွမ်းအင်ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်ထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ် ဖြင့် ဖော်ပြပါသည်-

**ပုံ (၄-၁၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်း ဦးစီးရုံးများ။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေနံစိမ်းထုတ်လုပ်မှု လျော့နည်းသော်လည်း ပုဂ္ဂလိက ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ရည်မှန်းချက်ထက်ကျော်လွန်၍ အကောင်အထည် ဖော်နိုင် ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရဲတံခွန် သဘာဝဓာတ်ငွေ့သိုက်၏ ထုတ်လုပ်မှုပမာဏမှာ မူလခန့်မှန်းထားသည်ထက် ကျဆင်းလာပါသဖြင့် ၅၉.၀ ရာခိုင်နှုန်းသာ အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး ပြည်ရေနံမြေ (ရွှေတောင်မြို့နယ်)မှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များသည် အထွက်နှုန်းများ ကျဆင်းလာမှုကြောင့် ၇၈.၃ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး ရေနံစိမ်းတွင်းများသည် သက်တမ်းကြာမြင့်သော တွင်းဟောင်းများ ဖြစ်သဖြင့် အထွက်နှုန်းများ ကျဆင်းလာမှုကြောင့် ရည်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပါ။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တက်မဒေသရှိ စမ်းသပ်တွင်းမှ ရေနံစိမ်းများတိုးတက်ထွက်ရှိလာသော်လည်း စျေးနှုန်းများကျဆင်းလာမှုကြောင့် ရည်မှန်းချက်ကို ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခြင်းမရှိပါ။

ရခိုင်ပြည်နယ် ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သဘာဝဓာတ်ငွေ့များကို ပြည်ပမှ လျော့နည်းမှာယူခြင်းကြောင့် ၅၁.၂ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဘုးသွင်း သဘာဝဓာတ်ငွေ့များသည် ဝယ်လိုအားလျော့နည်းခြင်းကြောင့် လျော့နည်းထုတ်လုပ်သည့်အတွက် ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခြင်းမရှိပါ။

ဧရာဝတီတိုင်းဒေသကြီးရှိ ရေနံတွင်းနှင့် သဘာဝဓာတ်ငွေ့တွင်းများမှာ သက်တမ်းကြာမြင့်သော တွင်းဟောင်းများဖြစ်သဖြင့် အထွက်နှုန်းများ ကျဆင်းခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၅၃.၄ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်မှုတွင် စွမ်းအင်ကဏ္ဍ၏ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် ဘူးသွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

**ဇယား (၄-၁)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စွမ်းအင်ကဏ္ဍ၏ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုအခြေအနေ**

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် | | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | | | စီမံကိန်း ရည်မှန်းချက် | အကောင်အထည် ဖော်နိုင်မှု | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ရေနံစိမ်း | အမေရိကန်စည် (ထောင်) | ၅,၁၅၁.၃၇၉ | ၅,၂၁၄.၄၁၀ | ၁၀၁.၂ |
| ၂ | သဘာဝဓာတ်ငွေ့ | ကုဗပေသန်း | ၆၈၉,၈၂၅ | ၆၄၆,၂၅၉ | (-) ၆.၃ |
| ၃ | ဘူးသွင်းသဘာဝဓာတ်ငွေ့ | ကုဗပေသန်း | ၈,၄၂၀ | ၆,၆၉၂ | (-) ၂၀.၅ |

ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။


**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** နိုင်ငံတော်သည် ဓာတ်သတ္တု ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှုမရှိစေရေးကို အဓိကထား၍ ဓာတ်သတ္တုသိုက်များ အဆင့်မြှင့်တင်ပြီး လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ တိုးပွားစေရေး၊ ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာ ဈေးကွက်များ ပေါ်ပေါက်ရေး၊ ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တုများကို ပြည်တွင်း၌ အစားထိုးထုတ်လုပ်ရေး၊ လက်လုပ်လက်စား(တစ်ပိုင်တစ်နိုင်) ဓာတ်သတ္တုထုတ်လုပ်သူ တိုင်းရင်းသားများကိုလည်း မျှတစွာ ထောက်ပံ့အားပေး ဆောင်ရွက်ရေးတို့ကို မူဝါဒချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၉၄၄,၆၅၀.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ (၄-၁၃)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ (၄-၁၄)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၈၃၅,၂၇၉.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၈၈.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁၁.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးဦးဆောင်ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁၁၅/ ၂၀၁၆) ဖြင့် (၁၉.၁၂.၂၀၁၆)ရက် နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

မြန်မာနိုင်ငံသတ္တုသယံဇာတကဏ္ဍ တိုးတက်မြင့်မားရေးအတွက် တွင်းထွက်သယံဇာတ တူးဖော်ရေး ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ်များ (Extractive Industries Transparency Initiative – EITI) ဆိုင်ရာ ဆောင်ရွက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် EITI လုပ်ငန်းဖော်ဆောင်မှုကော်မတီအဖွဲ့၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းများသည် ပြန်လည်ပြည့်ဖြိုးသည့်စွမ်းအင် မဟုတ်သဖြင့် ရေရှည်သုံးစွဲနိုင်ရေးအတွက် အရန်သတ္တုသိုက်များ ချန်ထားရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သတ္တုတူးဖော်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ Environmental Management Plan – EMP ကို ရေးဆွဲထားပါသည်။

အဓိကသတ္တုများဖြစ်သော ခဲမဖြူ အဖြိုက်နက်ကို ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရွှေကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်း၊ ခနောက်စိမ်းသတ္တုရိုင်းကို ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ကျောက်မီးသွေးကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်စိမ်းကို ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မျက်ရတနာကို ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့ရှိ လုပ်ကွက်များမှ ထုတ်လုပ်ခဲ့ပါသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ စာချုပ် ချုပ်ဆိုလုပ်ကိုင်နေသော ကျောက်စိမ်းအကျိုးတူကုမ္ပဏီ ၂၀၅ ခုနှင့် ကျောက်မျက်အကျိုးတူ ကုမ္ပဏီ ၁၃ ခုတို့ဖြင့် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်လျက်

ရှိပါသည်။ ကျောက်စိမ်း၊ ကျောက်မျက်အချောထည်များကို ရတနာခွန်ပေးဆောင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် One Stop Service Center များကို မန္တလေး၊ ရန်ကုန်နှင့် မြစ်ကြီးနားတို့တွင် ဖွင့်လှစ်ထားရှိပြီး Gems Trading Centre (GTC) များကို မန္တလေး၊ ရန်ကုန်၊ နေပြည်တော်၊ မြစ်ကြီးနား၊ မိုးကုတ်တို့တွင် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ကျောက်မျက်ရတနာ ထုတ်လုပ်သည့် စက်ရုံများ၊ အရောင်းဆိုင်များ ပါဝင်သည့် နေပြည်တော်၊ ရွှေကြာပင် ရတနာဈေးကို တည်ထောင်၍ ကမ္ဘာ့အဆင့်မီ လက်ဝတ်ရတနာပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ ခနောက်စိမ်းသတ္တုရိုင်း၊ ကြေးနီသတ္တုရိုင်းများအား ဆင့်တက်ပြုပြင်၍ တန်ဖိုးမြှင့်အဖြစ် ပြည်ပ သို့ တင်ပို့နိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီနှင့်သာဂရဝန်းကျင်ဒေသများတွင် ဘူမိဗေဒမြေပုံရေးဆွဲခြင်းနှင့် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ကျောက်ပုံ/မြောင်းဦး ဝန်းကျင်ဒေသတွင် ဓာတ်သတ္တုရှာဖွေ စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဓာတ်သတ္တုတူးဖော် ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီများအား ဓာတ်သတ္တုခွန်နှင့် ခွဲဝေမှုအချိုးများကို လစဉ်တွက်ချက်၍ တောင်းခံခြင်း၊ ဓာတ်သတ္တုတူးဖော် ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ/မရှိ၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်မှု ရှိ/မရှိနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပျိုးဥယျာဉ်များ စိုက်ပျိုးထားရှိမှုများကို ကွင်းဆင်း စစ်ဆေးခြင်းများ၊ အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။


တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၄-၁၅)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်ပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် နေပြည်တော်တို့တွင် စီမံကိန်းရည်မှန်းချက်အပေါ် ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကချင်ပြည်နယ် ချီဖွေမြို့နယ်တွင် ခဲနှင့်ရောရာသတ္တုရိုင်းနှင့် မာဘယ်ကျောက်တုံး အမယ်သစ် ထုတ်လုပ်မှု၊ ဝိုင်းမော်မြို့နယ်တွင် သံသတ္တုရိုင်း ထုတ်လုပ်မှုများ၊ ကယားပြည်နယ်တွင် မော်ချီးသတ္တုတွင်းမှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ၊ ခနောက်စိမ်းနှင့် ရောရာ သတ္တုရိုင်း၊ ဆောက်လုပ်မှုလုပ်ငန်းများအတွက် သဲနှင့်လမ်းခင်းကျောက်များ ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျောပြင်တောင်နှင့် မိကရင်တောင်တို့တွင် ညီညွတ်သော ဘိလပ်မြေကုမ္ပဏီလီမိတက်မှ အသစ်တည်ဆောက်မည့် ကုမ္ပဏီပိုင် ဘိလပ်မြေစက်ရုံအတွက် ပုဂ္ဂလိက ထုံးကျောက်ထုတ်လုပ်မှုများ၊ သံတိုင်တောင်နှင့် အကလိပ်တောင်ဒေသတွင် ၂၀၁၆ ခုနှစ် ဇွန်လမှစတင်၍ မြေစေး၊ ကွီလေဒေသတွင် လုပ်ကွက်သစ်များမှ ဂေါဒန်ကျောက် ထုတ်လုပ်မှုများ၊ ချင်းပြည်နယ်တွင် လမ်း၊ တံတား၊ အဆောက်အဦ ဆောက်လုပ်မှုလုပ်ငန်းများအတွက် သဲ၊ ကျောက်စရစ်၊ လမ်းခင်းကျောက်ထုတ်လုပ်မှုများ ပိုမိုခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ မြန်မာစီးပွားရေးဦးပိုင် လီမိတက်နှင့် မြန်မာဝမ်ပေါင်ကော့ပါးမိုင်းနင်း ကုမ္ပဏီလီမိတက်တို့၏ အကျိုးတူလုပ်ကွက်မှ ကြေးနီသတ္တုစင် အမယ်သစ်ထုတ်လုပ်ခြင်း၊ ရွှေနှင့် ကျောက်မီးသွေးထုတ်လုပ်မှုများ၊ တနင်္သာရီ တိုင်းဒေသကြီးတွင် ဘုတ်ပြင်းမြို့နယ်ရှိ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှု၊ ဆောက်လုပ်မှု လုပ်ငန်းများအတွက် ကျောက်အမျိုးမျိုးနှင့် ခဲမဖြူအဖြိုက်နက်ရောရာ ထုတ်လုပ်မှုများ ပိုမို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကပိုင် သဲနှင့် ကျောက်စရစ် ထုတ်လုပ်မှုများ လျော့နည်းခဲ့ ပါသည်။ မကွေးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကပိုင် ကျောက်မီးသွေးထုတ်လုပ်မှုများနှင့်ကျောက်မာ၊ သဲ၊ မြစ်ကျောက်စရစ်ထုတ်လုပ်မှုများ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံပိုင် အကျဉ်းဦးစီးဌာနမှ ကျောက်မာ၊ မြင်းခြံ သံမဏိစက်ရုံမှ သံမဏိတုံးထုတ်လုပ်မှု လျော့နည်းခဲ့ပြီး ပုဂ္ဂလိကပိုင် ရွှေစင်အကြီးစား ထုတ်လုပ်မှု၌ ကျောက်ပုထိုးရွှေ သန့်စင်စက်ရုံတွင် Ball Mill (၃)လုံးအနက် Ball Mill (၂)လုံး၏ Motor များ လောင်ကျွမ်းခဲ့သဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လများအတွင်း Ball Mill (၁)လုံးဖြင့်သာ လည်ပတ်ထုတ်လုပ် ရခြင်း၊ ရမည်းသင်းလုပ်ကွက်(A)တွင် တစ်ရက်လျှင် တန် (၁,၀၀၀) ကြိတ်ဝါးနိုင်သော ရွှေစက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်နိုင်မှုမရှိခြင်းနှင့် တူးဖော်ရရှိသည့် သတ္တုရိုင်းများ တွင် Grade များ ကျဆင်းလာခြင်း၊ ရမည်းသင်းလုပ်ကွက်(B)အတွင်း Ball Mill စက်ရုံ အသစ်ထပ်မံ တည်ဆောက်နေခြင်းနှင့် မိုင်းထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်နေရခြင်း၊ ရွှေစင် အသေးစားထုတ်လုပ်မှု၌ တိုင်းဒေသကြီး/ပြည်နယ်များတွင် လုပ်ကွက်အများစုမှာ သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ပြီး လုပ်ကွက်အချို့ ပြန်လည်အပ်နှံခဲ့ခြင်း၊ လုပ်ကွက်သစ်များ ခွင့်ပြုချထား

ပေးနိုင်မှုမရှိခြင်း၊ ကျောက်မျက်ရတနာထုတ်လုပ်မှု၌ (၂၉.၁.၂၀၁၇) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ အကြီးစား၊ အလတ်စား၊ အသေးစားနှင့် လက်လုပ်လက်စား စသည်တို့ဖြင့် တူးဖော်လုပ်ကိုင်ခွင့်ပြုရန် သတ်မှတ်ချက်အရ သက်တမ်းကုန်ပြီးဖြစ်သော အကျိုးတူနှင့် ပုဂ္ဂလိကလုပ်ကွက်များကို ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ သက်တမ်းတိုးပေးခြင်းမပြုတော့ဘဲ လစ်လပ်လုပ်ကွက်များအဖြစ်သာ ထားရှိပြီး ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ ရပ်နားထားခြင်း၊ ကျောက်မီးသွေးထုတ်လုပ်မှု လျော့နည်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

မွန်ပြည်နယ်တွင် ပုဂ္ဂလိကကုမ္ပဏီများ၏ ထုံးကျောက်ထုတ်လုပ်မှုများ၊ သဲနှင့်ကျောက်စရစ် ထုတ်လုပ်မှုများ ပိုမိုခဲ့ပြီး ရခိုင်ပြည်နယ် မာဘယ်လ်ကျောက်(အလှဆင်) ထုတ်လုပ်မှုတွင် MYANMAR SIMCO SONG DA Joint Stock Co,.Ltd ၏ တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသလုပ်ကွက်မှ အပေါ်ပိုင်းကျောက်များမှာ ယခင်စက်မှုဝန်ကြီးဌာနမှ အလှဆင်ကျောက် ထုတ်ခဲ့စဉ်က ယမ်းအသုံးပြုခဲ့သဖြင့် ကျောက်အနာများ ပါဝင်သောကြောင့် ပေ(၃၀)မှ ပေ(၅၀)အောက်အထိရောက်အောင် အနာမပါသည့်ကျောက်များ တူးဖော်နေရခြင်းနှင့် လမ်းခင်းကျောက်ထုတ်လုပ်မှုများ လျော့နည်းခြင်းတို့ဖြစ်ပေါ်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ပုဂ္ဂလိက သဲနှင့် ကျောက်စရစ် ထုတ်လုပ်မှုများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ဆောက်လုပ်မှု လုပ်ငန်းများအတွက် ကျောက်အမျိုးမျိုး ထုတ်လုပ်မှု၊ ထုံးကျောက်၊ ခဲနှင့်ရောရာသတ္တုရိုင်း၊ သွပ်နှင့်ရောရာသတ္တုရိုင်းထုတ်လုပ်မှုများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ရှိ စံလောင်း(အကြီးစား)၊ တန့်ယန်းမြို့နယ်ရှိ ထွန်းကြွယ်ပေါ (အကြီးစား)၊ သိန္နီမြို့နယ်ရှိ လုပ်ကွက်များမှ ကျောက်မီးသွေးထုတ်လုပ်မှုများ၊ သီပေါမြို့နယ်နှင့် မန်ကောင်းဒေသတို့မှ ဂေါဒန်ကျောက်ထုတ်လုပ်မှု၊ နောင်ချိုမြို့နယ်တွင် ထုံးကျောက်ထုတ်လုပ်မှုများ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မင်းဂနီးဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှုတွင် ပြည်ပဝယ်လိုအားမရှိခြင်း၊ ပြည်တွင်းထွက်ရှိသည့် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်များမှာ Mn ၈% မှ ၁၂% ခန့်သာရှိပြီး သန့်စင်သည့် Mn ထုတ်လုပ်ရန် နည်းပညာနှင့် အရင်းအနှီးလိုအပ်ချက်ကြောင့် Concentrate မလုပ်နိုင်သဖြင့် ပြည်ပသို့ ရောင်းချနိုင်မှုမရှိခြင်း၊ ခနောက်စိမ်းနှင့်ရောရာ

သတ္တုရိုင်း ထုတ်လုပ်မှုတွင် လုပ်ကွက်များ သက်တမ်းတိုးရန် ဆောင်ရွက်နေခြင်း၊ ထုတ်လုပ်မှု ရပ်နားခွင့် တင်ပြထားခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နိုင်ငံပိုင် ထုံးကျောက်ထုတ်လုပ်မှုနှင့် ပုဂ္ဂလိက ကျောက်အမျိုးမျိုး ထုတ်လုပ်မှုများ၊ နေပြည်တော်ကောင်စီနယ်မြေတွင် နိုင်ငံပိုင်အခန်း၌ အကျဉ်းဦးစီးမှု ကျောက်မာထုတ်လုပ်မှုနှင့် ပုဂ္ဂလိက လမ်းခင်းကျောက်ထုတ်လုပ်မှု၊ မက်စ်မြန်မာကုမ္ပဏီမှ ထုံးကျောက်ထုတ်လုပ်မှုများ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်မှုတွင် ရွေးချယ်ထားသော သတ္တုနှင့်တွင်းထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုအခြေအနေကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

**ဇယား (၄ -၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) ရွေးချယ်ထားသော သတ္တုနှင့်တွင်းထွက်ပစ္စည်းများထုတ်လုပ်မှု**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | စီမံကိန်းရည်မှန်းချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု% |
|---|---|---|---|---|---|
| ၁ | ကြေးနီသတ္တုစင် | မ/တန် | ၅၉,၃၅၀ | ၃၀,၈၅၆ | ၅၂.၀ |
| ၂ | ခနောက်စိမ်းရောရာ သတ္တုရိုင်း | မ/တန် | ၅,၀၀၀ | ၂,၇၈၀ | ၅၅.၆ |
| ၃ | ကျောက်မျက်ရတနာ | ကရက်(၀၀၀) | ၁၄,၀၉၄ | ၁၂,၀၂၉ | ၈၅.၃ |
| ၄ | ဖယ်ရိုနီကယ် | မ/တန် | ၅၃,၂၀၀ | ၆၄,၄၆၂ | ၁၂၁.၂ |
| ၅ | ရွှေ | ထရိုင်အောင်စ | ၈၇,၆၅၀ | ၄၆,၅၅၆ | ၅၃.၁ |
| ၆ | ကျောက်စိမ်း | ကီလို(၀၀၀) | ၁၉,၅၇၁ | ၃၄,၆၅၅ | ၁၇၇.၁ |

ခါစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်စီမံကိန်းဦးစီးရုံးများ။


**စက်မှုလက်မှုကဏ္ဍ။** စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာအခြေခံ တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ကူညီပံ့ပိုးဆောင်ရွက်ပေးရေး၊ ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးတို့အတွက် မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၇,၉၃၀,၁၄၄.၀ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ (ယာယီ)အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ( ၄-၁၆ ) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၄-၁၇ ) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

စက်မှုလက်မှုကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၈,၁၆၇,၄၃၆.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၁.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၉.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၃၄) အကြီးစားစက်ရုံ(သာယာဝတီ)မှ ကြွေပြားထုတ်လုပ်မှု၊ အုတ်စက်ရုံ(တညင်းကုန်း)မှ အပေါ့စား သဲကွန်ကရစ်အုတ်နှင့် အမှတ်(၃၃) အကြီးစားစက်ရုံ(ကျောက်ဆည်) မှ ဘိလပ်မြေထုတ်လုပ်မှု များတိုးတက်လာခဲ့ပါသည်။

နိုင်ငံတော်၏ "နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်" စီးပွားရေးမူဝါဒနှင့်အညီ နိုင်ငံတော်၏စီးပွားရေးတွင် အဓိကအခန်းမှပါဝင်ပြီး နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှု၏ မောင်းနှင်အားဖြစ်သော ပုဂ္ဂလိကပိုင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

"စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေး" မူဝါဒနှင့်အညီ ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်သည့် စက်မှုဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်လာစေရေးအတွက် စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံအလုပ်ရုံများအနက်မှ (၅၈) ရုံ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စက်ရုံအလုပ်ရုံ (၁၉) ရုံကိုလည်း EOI ဖိတ်ခေါ်ဆောင်ရွက်လျက် ရှိပါသည်။ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သည့် ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)နှင့် မှန်စက်ရုံ (ကျောက်ဆည်) တို့မှ နိုင်ငံတကာ စံနှုန်းနှင့်အညီ အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များကို ထုတ်လုပ်ပေးလျက်ရှိပါသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် ဥပဒေကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နည်းဥပဒေကိုလည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တွဲဖက်ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ၂၀၁၆ ခုနှစ်

ဇွန်လတွင် ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ် အစည်းအဝေး (၁/၂၀၁၇) ကို ၁.၃.၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကော်မတီ ဖွဲ့စည်းရေး၊ အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ ထူထောင်ရေးတို့ကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အေဂျင်စီရုံးခွဲများ ထူထောင်ပြီးပါက နည်းပညာနှင့် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ One Stop Service ဝန်ဆောင်မှုပေးခြင်း၊ ငွေကြေးထောက်ပံ့ကူညီခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

Textile Industry, Food Processing Industry, Machine Tools & Parts Industry ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်နိုင်ရန် JICA နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် စက်မှုဇုန်ဥပဒေ(မူကြမ်း)အား ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ပူးပေါင်းရေးဆွဲလျက်ရှိပါသည်။

စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် Energy Conservation Law ကိုရေးဆွဲလျက်ရှိပြီး Baseline Data Collection ကောက်ခံခြင်း၊ Energy Manager များ လေ့ကျင့်မွေးထုတ်ပေးခြင်း၊ Industrial Guideline နှင့် Building Guideline သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုအနေဖြင့် ဆေးဝါးအမယ်သစ် ၁၂ မျိုးကို သုတေသနပြုစမ်းသပ်ထုတ်လုပ်ခဲ့ပါသည်။ ထို့ပြင် သိုး၏သွေးအရည်ကြည်မှ ထုတ်လုပ်သည့် မြွေပွေးအဆိပ်ဖြေဆေး၊ ကင်ဆာဝေဒနာရှင်များအတွက် နာကျင်ကိုက်ခဲမှု သက်သာစေသော ဆေးဖြစ်သည့် Morphine Sulfate Syrup နှင့် Morphine Sulfate Tablet တို့ကို Stability Test စမ်းသပ်လျက်ရှိပြီး၊ HIV နှင့် Hepatitis B ရောဂါကုသဆေးသစ် Tenofovir (300 mg) ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ဈေးကွက်ဝင် အန်ကြီးပိတ်များ ထုတ်လုပ်နိုင်ရေးအတွက် ရက်ကန်းစက်များကို ပြုပြင်တီထွင်ခဲ့ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ဈေးကွက်ဝင်အဆင့်မြင့် ၁/၄၀ စီ ချည်ကို အိန္ဒိယနည်းပညာဖြင့် ပုဂ္ဂလိကနှင့် ပူးပေါင်းစမ်းသပ်ထုတ်လုပ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ပါသည်။

လယ်ယာသုံး စက်ကိရိယာများဖြစ်သည့် Rice Thresher (စပါးခြွေလှေ့စက်)အား စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေရန် Modify ပြုလုပ်ခြင်း၊ ဈေးကွက်လိုအပ်ချက်အရ 90 HP

Tractor နှင့်တွဲသုံးရန် 6 Disc Plough နှင့် 7 Disc Plough တို့ကို စမ်းသပ်ထုတ်လုပ်ခြင်း၊ Rice Thresher (စပါးခြွေလှေ့စက်) အား Groundnut Thresher (မြေပဲအခွံချွတ်စက်)သို့ ပြုပြင်ပြောင်းလဲ စမ်းသပ်ထုတ်လုပ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းများအား အရစ်ကျစနစ်ဖြင့် ရောင်းချခြင်း၊ အရောင်းပြခန်းများ၊ အရောင်း ကိုယ်စားလှယ်များ ထားရှိရောင်းချခြင်း၊ After Sale Service ပေးခြင်းတို့ကို ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအား ငွေကြေးအရင်းအနှီး ပံ့ပိုး ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ချေးငွေဖြင့် SMIDB မှ လုပ်ငန်းရှင် ၄၅၆ ဦး၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေဖြင့် လုပ်ငန်းရှင် ၂၀၀ ဦးတို့အား ချေးငွေကာလငါးနှစ်ဖြင့် ရင်းနှီးလည်ပတ်မှု အားကောင်းလာစေရန် ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ထို့ပြင် Credit Guarantee Insurance(CGI) စနစ်ဖြင့် ချေးငွေရရှိစေရေးအတွက် CB Bank ၊ မြန်မာ့အာမခံလုပ်ငန်းနှင့် ဂျပန်နိုင်ငံ SUMITOMO MITSUI BANKING CORPO-TARION (SMBC) တို့သည် CB Bank ဖြင့်လည်းကောင်း၊ ကမ္ဘောဇဘဏ်ဖြင့်လည်းကောင်း ပူးပေါင်း၍ လုပ်ငန်းရှင် ၃၀ ဦးတို့အား ချေးငွေထုတ်ပေးနိုင်ခဲ့ပြီး လုပ်ငန်းရှင် ၆၄၈ ဦးအား ချေးငွေရရှိရေးအတွက် ထောက်ခံချက်ပေးပြီးဖြစ်ပါသည်။ ထိုင်းနိုင်ငံ KASIKORN Bank ကလည်း မြန်မာနိုင်ငံ၏ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက် ရှိပါသည်။။

“ပြည်တွင်းရှိ သယံဇာတကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး”မူဝါဒနှင့်အညီ တန်ဖိုးမြှင့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အရည် အသွေးကောင်းမွန်သည့် စပျစ်သီးနှင့်စပျစ်ဝိုင် ထုတ်လုပ်မှုနည်းပညာ၊ ဆီထွက်သီးနှံနှင့် ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ၊ သရက်သီးစိုက်ပျိုး ထုတ်လုပ်မှုနည်းပညာတို့ကို ပံ့ပိုးပေး ခဲ့ပါသည်။

စက်မှုသင်တန်းကျောင်း(ဆင်တဲ)ကို ဂျာမနီနိုင်ငံ GIZ ၊ KfW အဖွဲ့အစည်းတို့နှင့် ပူးပေါင်း၍ စံပြသင်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ စက်မှုနှင့်သက်မွေးပညာ ရွေ့လျားသင်တန်း အစီအစဉ်များဖြင့် ကျေးလက်

ဒေသများနှင့် စက်မှုဇုန်များသို့ သွားရောက် လေ့ကျင့်သင်ကြားပေးခဲ့ပြီး စက်မှုဇုန်လုပ်သား များ၏ ကျွမ်းကျင်မှု Skill ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ကိုမထိခိုက်စေသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေမည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးအတွက် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လုပ်ငန်းခွင် ကျန်းမာရေး၊ ရေထုနှင့် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးတို့ကို စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက် ရှိပါသည်။


တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၁၈)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ) အကြီးစားလုပ်ငန်း ၆,၆၈၃ ခု၊ အလတ်စားလုပ်ငန်း ၉,၈၆၂ ခု၊ အငယ်စားလုပ်ငန်း ၄၀,၀၉၀ ခု၊ စုစုပေါင်းလုပ်ငန်း ၅၆,၆၃၅ ခု တို့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနတို့တွင် မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် များရှိ စက်မှုဇုန်အသီးသီးတွင် အကြီးစားလုပ်ငန်း ၂,၈၂၀ ခု၊ အလတ်စားလုပ်ငန်း ၂,၁၄၂ ခု၊ အငယ်စားလုပ်ငန်း ၁,၉၆၄ ခု၊ စုစုပေါင်းလုပ်ငန်း ၆,၉၂၆ ခုတို့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

စက်မှုလက်မှုကဏ္ဍ၏ ပုဂ္ဂလိကပိုင်အခန်း ထုတ်လုပ်မှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ အများဆုံး ပါဝင်ပါသည်။

မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများတွင် စားသောက်ရေးဆိုင်ရာလုပ်ငန်း ၅၀ ရာခိုင် နှုန်း ပါဝင်ပြီး အထွေထွေစက်မှုလက်မှုအလုပ်ရုံ ၂၃ ရာခိုင်နှုန်း၊ နေထိုင်ရေးဆိုင်ရာ လုပ်ငန်း ၇.၅ ရာခိုင်နှုန်း၊ ဝတ်ဆင်ရေးဆိုင်ရာ လုပ်ငန်း ၆ ရာခိုင်နှုန်းခန့်စီ ကုန်ထုတ်လုပ်မှုနှင့် စက်မှုဆိုင်ရာ မွမ်းမံပြင်ဆင်ခြင်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

စားသောက်ရေးလုပ်ငန်း ၅၀ ရာခိုင်နှုန်းတွင် ဆန်စက်၊ ဆီစက်လုပ်ငန်းများ အပါအဝင် ကုန်ကြမ်း၊ ကုန်ချောထုတ်လုပ်မှုများပါဝင်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံး လုပ်ကိုင်လျက် ရှိပါသည်။ အထွေထွေစက်မှုလက်မှု အလုပ်ရုံများအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ အများဆုံးပါဝင်ပါသည်။ နေထိုင်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသော လုပ်ငန်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် အများဆုံး ပါဝင်လျက်ရှိပါသည်။ CMP လုပ်ငန်းများ အပါအဝင် အထည်အလိပ်နှင့် ဝတ်ဆင်ရေးဆိုင်ရာ လုပ်ငန်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများဆုံး လုပ်ကိုင်လျက်ရှိပါသည်။

နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကမောင်းနှင်အားဖြစ်သော ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးစေရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် တည်ဆောက်ပြီး စက်မှုဇုန်များနှင့်

စက်မှုဥယျာဉ်များ၊ ထပ်မံဖော်ဆောင်မည့် စက်မှုဇုန်များနှင့် စက်မှုဥယျာဉ်များ၊ ဒေသတွင်းရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ စနစ်တကျရှိစေရေး၊ အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးကို အလေးထားဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုသို့ တက်လှမ်းနိုင်မည် ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ လူမှုရေးကဏ္ဍ အသီးသီးတို့အတွက် အထောက်အကူဖြစ်သည့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် နှစ်စဉ်တိုးတက်လျက် ရှိနေပါသည်။ ထိုသို့တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို မြို့ကြီးများသာမက ကျေးလက်ဒေသများအထိ ဖြန့်ဖြူးပေးနိုင်ရန်အတွက် နိုင်ငံတော်သည် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၁၀၇,၉၁၃.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၆.၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်ထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၁၉ ) အကောင်အထည်ဖော်နိုင်မှု


(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပုံ(၄-၂၀) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




လျှပ်စစ်ဓာတ်အားကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၁၁၁,၂၄၃.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၀.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၇.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံ (V-Power) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးလျက်ရှိခြင်း၊ မကွေးတိုင်းဒေသကြီးတွင် မြစ်သာရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံအား နိုဝင်ဘာလမှစတင်၍ စမ်းသပ်လည်ပတ်ပြီး ဓာတ်အား ထုတ်လုပ်ခြင်း၊ နိုင်ငံပိုင်လျှပ်စစ်မီးကို (၁၁) ကေဗွီဓာတ်အားလိုင်းမှ ၂ မိုင်ပတ်လည် ကျေးရွာ များအထိ တိုးချဲ့ဓာတ်အားပေးနိုင်ခြင်း၊ ပြည်နယ်များအတွင်းခရိုင်/မြို့နယ် အချို့တွင် စက်လည် ရန် လောင်စာဆီများ တိုးမြှင့်ပေးပြီး ဓာတ်အားပေးချိန်များပိုမိုလာခြင်း၊ ပုဂ္ဂလိကပိုင် အသေးစား ရေအား၊ စပါးခွံလောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည်သုံး လျှပ်စစ်ထုတ်လုပ်သုံးစွဲမှုများ ပိုမိုလာခဲ့ ခြင်း၊ စစ်ကိုင်းတိုင်းတွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တည်ဆောက်ခဲ့သော ရေအားလျှပ်စစ် စက်ရုံ(၂) ရုံမှ စတင်လည်ပတ် ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက် ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့အားလုံးမီးလင်းပြီး ၁,၃၉၈ ရွာ ထပ်မံမီးလင်းရန် ဆောင်ရွက်နိုင်သဖြင့် စုစုပေါင်း ၃၁,၇၂၈ ရွာ မီးလင်းခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာများကို နိုင်ငံပိုင် ဓာတ်အားလိုင်းအပြင် အခြားဒီဇယ်မီးစက်၊ အသေးစားရေအား၊ ဆိုလာ၊ ဇီဝဓာတ်ငွေ့(Bio gas/ Bio mass)၊ လေအားစသည်တို့ဖြင့် ဆောင်ရွက်ပေးခဲ့သောကြောင့် တစ်နိုင်ငံလုံး ကျေးရွာများ၏ ၄၉.၆ ရာခိုင်နှုန်းအထိ မီးလင်းနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စု ၃ ဒသမ ၆၉ သန်း (၃၄ ရာခိုင်နှုန်း) မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စု ၄ ဒသမ ၀၅ သန်း (၃၇ ဒသမ ၂၄ ရာခိုင်နှုန်း)အထိ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခဲ့သဖြင့် ၃ ဒသမ ၂၄ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲနိုင်ခဲ့ပါသည်။

ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးရေးစီမံကိန်းအဆင့် (၁) တွင် **JICA** မှ ရရှိသည့် ချေးငွေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နေပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သော အလယ်ပေါင်းလောင်း၊ ရွှေလီ(၃)၊ အထက်နမ့်ထွမ်၊ ဒီးဒုတ်၊ အထက်ရဲရွာ၊ သူငွေး၊ အထက် ကျိုင်းတောင်း၊ အထက်ဘီလူးချောင်း တို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း လိုအပ်လျက်ရှိသော ဓာတ်အားများရရှိနိုင်ရန် ဒေသအလိုက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် Rental (၃၀၀) မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ ၂ ရုံ တည်ဆောက်ရန်စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊ JICA ချေးငွေဖြင့် သီလဝါ (၅၀) မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းအား Sumitomo Corporation ဖြင့် ဆောင်ရွက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်းပြီးစီးခြင်း၊ သီလဝါစက်မှုဇုန်သို့ အဓိကပေးပို့သည့် သဘာဝဓာတ်ငွေ့တာဘိုင်စက်ရုံ ၂ ရုံမှ ဓာတ်အားစနစ်ချိတ်ဆက်ပို့လွှတ်ခြင်း၊ သာကေတ ဓာတ်အားပေးစက်ရုံအတွင်း JV, BOT စနစ်ဖြင့် (၁၀၆) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းကို UREC ကုမ္ပဏီဖြင့် ဆောင်ရွက်လျက်ရှိရာ ၅၁.၀ ရာခိုင်နှုန်းခန့် ပြီးစီးခြင်း၊ ဓာတ်အားခွဲရုံ ၄ ရုံ (အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ) ကို JICA ချေးငွေဖြင့် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်စီစဉ်နိုင်ခဲ့ခြင်း၊
- မန္တလေးတိုင်းဒေသကြီး မြင်းခြံတွင် IPP, BOT စနစ်ဖြင့် (၂၂၅) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံကို Semborp ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ ၇၀.၀ ရာခိုင်နှုန်းခန့် ပြီးစီးခြင်း၊ ဝမ်းတွင်းနှင့်နဘူးအိုင်တွင် BOT စနစ်ဖြင့် Solar Power Project ကို တည်ဆောက်ရန်အတွက် ဆောင်ရွက်ခြင်း၊
- မွန်ပြည်နယ် သထုံတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် နိုင်ငံပိုင် (၁၂၀) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို CEEC ကုမ္ပဏီဖြင့် ဆောင်ရွက်လျက်ရှိရာ ၄၄.၀ ရာခိုင်နှုန်းခန့် ပြီးစီးခြင်း၊
- ရခိုင်ပြည်နယ် ကျောက်ဖြူတွင် (၅၀) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းအား China EXIM Bank ချေးငွေရယူ၍ Sinohydro ကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ဆိုနိုင်ခြင်း၊

- တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ကန်ဘောက်ဒေသတွင် Andaman Power and Utility Co., Ltd မှ (၂၀၀) မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းအား IPP စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် ဓာတ်အားဝယ်ယူရေးစာချုပ် ချုပ်ဆိုနိုင်ခြင်း၊
- မကွေးတိုင်းဒေသကြီး မင်းဘူးဒေသတွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းအား ဆောင်ရွက်ရန် Green Earth Power (Thailand) မှ ဆက်လက်ဆောင်ရွက်ခြင်း။

ဓာတ်အားလိုင်းများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် (၅၀၀) ကေဗွီမဟာဓာတ်အားလိုင်းစီမံကိန်း ၁ ခု သပြေဝ(မိတ္ထီလာ)-တောင်ငူ-ကမာနတ်ကို ဆက်လက်တည်ဆောက်လျက်ရှိသည့်အပြင် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း စီမံကိန်း ၇ ခု၊ (၆၆) ကေဗွီဓာတ်အားလိုင်း စီမံကိန်း ၁၄ ခု တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ပင်မဓာတ်အားခွဲရုံများဖြစ်သော (၂၃၀) ကေဗွီ ပင်မဓာတ်အားခွဲရုံ ၆ ရုံ ၊ (၁၃၂) ကေဗွီ ပင်မဓာတ်အားခွဲရုံ ၂ ရုံ၊ (၆၆) ကေဗွီ ဓာတ်အားခွဲရုံ ၁၂ ရုံတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဓာတ်အားဖြန့်ဖြူးမှုအတွက် လျှပ်စစ်ဓာတ်အားလိုင်း ၅,၃၆၀ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၅၆,၆၉၉ မိုင်အထိ သွယ်တန်းနိုင်ခဲ့ပါသည်။


တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၂၁)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ။

စစ်ကိုင်းတိုင်းတွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တည်ဆောက်ခဲ့သော မတူဂီချောင်းနှင့် ကျုလွေချောင်းရေအားလျှပ်စစ်စက်ရုံ ၂ ရုံမှ စတင်လည်ပတ်ထုတ်လုပ်နိုင်ခြင်း၊ မကွေးတိုင်းဒေသကြီးတွင် မြစ်သာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား နိုဝင်ဘာလမှစတင်၍ စမ်းသပ်လည်ပတ်ပြီး ဓာတ်အားထုတ်လုပ်ခြင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံ (V-Power) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးလျက်ရှိခြင်း၊ နိုင်ငံပိုင်လျှပ်စစ်မီးကို (၁၁) ကေဗွီဓာတ်အားလိုင်းမှ ၂ မိုင်ပတ်လည် ကျေးရွာများအထိ တိုးချဲ့ဓာတ်အားပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ဇယား(၄-၃)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ (ယာယီ) လျှပ်စစ်ဓာတ်အားအသုံးပြုမှု အခြေအနေ

| အမှတ်စဉ် | | အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် | | အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| | | | | စီမံကိန်းရည်မှန်းချက် | အကောင်အထည်ဖော်နိုင်မှု | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | | **စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား** | **ကီလိုဝပ်နာရီ သန်း** | **၁၈,၈၁၂.၆** | **၂၀,၃၈၂.၈** | **၁၀၈.၃** |
| ၁ | | **နိုင်ငံပိုင်** | ■ | **၁၃,၈၁၇.၉** | **၁၅,၃၅၅.၅** | **၁၁၁.၁** |
| | ၁ | စက်ရုံသုံး | ■ | ၃,၂၄၃.၂ | ၂,၁၁၉.၈ | ၆၅.၄ |
| | ၂ | အိမ်သုံး | ■ | ၄,၄၂၀.၇ | ၃,၄၅၁.၆ | ၇၈.၁ |
| | ၃ | ဆေးရုံ၊ရုံး၊ကျောင်းစသည်များ | ■ | ၁,၈၂၉.၇ | ၁,၃၇၇.၉ | ၇၅.၃ |
| | ၄ | အထွေထွေသုံး | ■ | ၈၂.၇ | ၉၂.၀ | ၁၁၁.၂ |
| | ၅ | ကုမ္ပဏီသို့ရောင်းချခြင်း | ■ | ၄,၂၄၁.၆ | ၈,၃၁၄.၂ | ၁၉၆.၀ |
| ၂ | | **သမဝါယမပိုင်** | ■ | **၁.၂** | **၀.၉** | **၇၅.၀** |
| ၃ | | **ပုဂ္ဂလိကပိုင်** | ■ | **၄,၉၉၃.၅** | **၅,၀၂၆.၄** | **၁၀၀.၇** |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ။

မြစ်သာဘက်စုံရေအား လျှပ်စစ်စီမံကိန်းကို ၂၀၀၃ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်၍ စမ်းသပ်လည်ပတ်နိုင်ခဲ့ပါသည်။ အဆိုပါ မြစ်သာဘက်စုံ ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်တွင် နိုင်ငံပိုင်အခန်း၌ အကြီးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ အသေးစား ရေအားလျှပ်စစ် ဓာတ်အား ပေးစက်ရုံ ၃၂ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံ ၁၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၁၁ ရုံတို့မှ စုစုပေါင်း ၅,၄၃၇ မဂ္ဂါဝပ် တပ်ဆင်ထားပြီး၊ စုစုပေါင်း ကီလိုဝပ်နာရီ ၁၇,၈၃၄ သန်း ထုတ်လုပ်၍ ကီလိုဝပ်နာရီ ၁၅,၃၅၅.၅ သန်း သုံးစွဲနိုင်ခဲ့ ပါသည်။

ဇယား(၄-၄)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်းများ၏ အကောင်အထည်ဖော်နိုင်မှု

(ကျပ်သန်း)

| အမှတ်စဉ် | | | လုပ်ငန်းစီမံကိန်းများ | နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု (စီမံကိန်း) | သုံးစွဲမှု (မတ်လကုန်) | သုံးစွဲမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ |
| ၁ | | | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | **၂၃၀,၃၈၅.၂၅၉** | **၂၀၅,၂၀၉.၂၈၄** | **၈၉.၁** |
| | ၁ | | **ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန** | **၉၆,၉၃၁.၉၆၀** | **၆၆,၂၂၃.၁၄၃** | **၆၈.၃** |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း(၉)ခု | ၉၆,၈၇၁.၉၆၀ | ၆၆,၂၂၃.၁၄၃ | ၆၈.၄ |
| | | ၂ | လုပ်ငန်းစီမံကိန်းသစ်(၁)ခု | ၆၀.၀၀၀ | - | |
| | ၂ | | **လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန** | **၁၃၃,၄၅၃.၂၉၉** | **၁၃၈,၉၈၆.၁၄၁** | **၁၀၄.၁** |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း(၆၇)ခု | ၁၃၃,၄၅၃.၂၉၉ | ၁၃၈,၉၈၆.၁၄၁ | ၁၀၄.၁ |

ဓာတ်မြစ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။

ရေအားလျှပ်စစ် အကောင်အထည်ဖော် ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် အထက်ဘီလူးချောင်းစီမံကိန်းကို ဆောင်ရွက်ရန် ရည်မှန်းသော်လည်း စီမံကိန်းအတွက် တရုတ်နိုင်ငံ CHMC Co.ltd မှ တင်သွင်းမည့် စက်ပစ္စည်းများ တင်သွင်းနိုင်ခြင်းမရှိခြင်းကြောင့်လည်းကောင်း၊ Exim Bank ချေးငွေလျှာထားချက်မှာ Loan Effective မဖြစ်သေးခြင်းကြောင့်လည်းကောင်း၊ သူဌေးစီမံကိန်းနှင့် အထက်ကျိုင်းတောင်းစီမံကိန်းတို့မှာလည်း နိုင်ငံခြားမှ တင်သွင်းရသည့် စက်ပစ္စည်းများ တင်သွင်းနိုင်ခြင်းမရှိခြင်းကြောင့်လည်းကောင်း၊ ဟုန်းညီ စီမံကိန်းမှာ တိုင်းဒေသကြီးသို့လွှဲပြောင်းပေးမည့် စီမံကိန်းဖြစ်ခြင်းကြောင့်လည်းကောင်း လုပ်ငန်းစီမံကိန်းများ၏ ၆၈ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးရန်အတွက် လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ ပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချရေးတို့အတွက် လုပ်ငန်းအစီအစဉ်များကို စီးပွားရေးမူဝါဒများနှင့်အညီ ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။


**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံအတွင်းရှိလမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊ ပြည်သူတို့၏ အိမ်ရာလိုအပ်ချက်များပေါ်တွင် အခြေခံပြီး ဟန်ချက်ညီသော မြို့ပြကွန်ယက်စနစ် ပေါ်ပေါက်နိုင်ရေးအတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၃၃၀,၁၉၃.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၄.၃ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၂၂) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၃) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ဆောက်လုပ်မှုကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ဆောက်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၁၃၃,၈၁၇.၁ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၆.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ) ဆောက်လုပ်မှုကဏ္ဍ၏ နိုင်ငံပိုင်အခန်း အကောင်အထည်ဖော်နိုင်မှုများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လမ်းများတိုးချဲ့ခြင်း၊အသစ်ပြုပြင်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းဦးစီးဌာနအနေဖြင့် မတ်လကုန်အထိ(ယာယီ) ကချင်ပြည်နယ်တွင် လမ်းပေါင်း ၄ လမ်း၊ ကယားပြည်နယ်တွင် လမ်းပေါင်း ၃ လမ်း၊ ကရင်ပြည်နယ်တွင် လမ်းပေါင်း ၁၁ လမ်း၊ ချင်းပြည်နယ်တွင် လမ်းပေါင်း ၄ လမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လမ်းပေါင်း ၁၀ လမ်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် လမ်းပေါင်း ၃ လမ်း၊ ပဲခူးတိုင်းဒေသကြီးတွင် လမ်းပေါင်း ၅ လမ်း၊ မကွေးတိုင်းဒေသကြီးတွင် လမ်းပေါင်း ၅ လမ်း၊ မန္တလေးတိုင်းဒေသကြီးတွင် လမ်းပေါင်း ၆ လမ်း၊ မွန်ပြည်နယ်တွင် လမ်းပေါင်း ၆ လမ်း၊ ရခိုင်ပြည်နယ်တွင် လမ်းပေါင်း ၇ လမ်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လမ်းပေါင်း ၇ လမ်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် လမ်းပေါင်း ၆ လမ်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လမ်းပေါင်း ၆ လမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် လမ်းပေါင်း ၂ လမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် လမ်းပေါင်း ၁၁ လမ်းနှင့် နေပြည်တော်ကောင်စီနယ်မြေတွင် လမ်းပေါင်း ၅ လမ်းတို့ကို ဖောက်လုပ်လျက်ရှိပါသည်။

(ခ) နယ်စပ်ရေးရာဝန်ကြီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်ရာတွင် မတ်လကုန်အထိ(ယာယီ) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကယားပြည်နယ်တွင် လမ်းပေါင်း ၅ လမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လမ်းပေါင်း ၁၀ လမ်း၊ မွန်ပြည်နယ်တွင် လမ်းပေါင်း ၇ လမ်း၊ ရခိုင်ပြည်နယ်တွင် လမ်းပေါင်း ၅ လမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကွန်ကရစ်လမ်းပေါင်း ၅ လမ်းနှင့် မြေသားလမ်း ၁ လမ်း ဖောက်လုပ်လျက်ရှိပါသည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး

တိုးတက်ရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများ အပါအဝင် ကျေးလက်လမ်း လုပ်ငန်းပေါင်း မတ်လကုန်အထိ(ယာယီ) စုစုပေါင်းလမ်းအရှည် ၂,၂၂၄/၇.၁၃ မိုင်နှင့် ကျေးလက်တံတားလုပ်ငန်း ၂,၈၀၀ စင်းကို ဆောင်ရွက်ခဲ့ပါသည်။

(ဃ) ထို့အပြင် တံတားဦးစီးဌာနမှ မတ်လကုန်အထိ(ယာယီ) ကချင်ပြည်နယ်တွင် တံတား ၁၀ စင်း၊ ကရင်ပြည်နယ်တွင် တံတား ၅ စင်း၊ ချင်းပြည်နယ်တွင် တံတား ၂ စင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တံတား ၁၂ စင်း၊ ပဲခူးတိုင်းဒေသကြီးတွင် တံတား ၃ စင်း၊ မကွေးတိုင်းဒေသကြီးတွင် တံတား ၁ စင်း၊ မွန်ပြည်နယ်တွင် တံတား ၃ စင်း၊ ရခိုင်ပြည်နယ်တွင် တံတား ၅ စင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တံတား ၃ စင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တံတား ၁ စင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် တံတား ၁ စင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် တံတား ၅ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(င) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်းကို ကယားပြည်နယ် ဖားဆောင်းမြို့၊ မယ်စဲ့မြို့နှင့် ဒီမောဆိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နှင့် သာယာဝတီမြို့၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၊ အောင်လံမြို့၊ သရက်မြို့၊ မင်းဘူးမြို့နှင့် တောင်တွင်းကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့၊ မွန်ပြည်နယ် သထုံမြို့၊ ရခိုင်ပြည်နယ် သံတွဲမြို့၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နှင့် ကွမ်းခြံကုန်းမြို့၊ ရှမ်းပြည်နယ် မိုးမိတ်မြို့၊ ဧရာဝတီတိုင်း ဒေသကြီး ဟိုင်းကြီးကျွန်းမြို့၊ လပွတ္တာမြို့နှင့် မော်လမြိုင်ကျွန်းမြို့တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ပြန်လည်ဆန်းစစ်ခြင်းကို စစ်ကိုင်း တိုင်းဒေသကြီး မုံရွာမြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့တို့တွင် ဆောင်ရွက်ခဲ့ ပါသည်။ ထို့အပြင် အိမ်ရာစီမံကိန်း ၁၃ ခုဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးတွင်

တန်ဖိုးသင့်အိမ်ရာစီမံကိန်း ၁ ခု၊ မကွေးတိုင်းဒေသကြီးတွင် တန်ဖိုးသင့်အိမ်ရာစီမံကိန်း ၁ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် တန်ဖိုးမျှတအိမ်ရာစီမံကိန်း ၁ ခု၊ ရန်ကုန်တိုင်းဒေသကြီး၌ တန်ဖိုးနည်း အိမ်ရာစီမံကိန်း ၃ ခု၊ တန်ဖိုးသင့်အိမ်ရာစီမံကိန်း ၃ ခု၊ Villa ၂ ခုနှင့် တန်ဖိုးမျှတအိမ်ရာစီမံကိန်း ၁ ခု၊ ဧရာဝတီတိုင်းဒေသကြီး၌ တန်ဖိုးနည်း/ သင့်အိမ်ရာ စီမံကိန်း ၁ ခုတို့ကို လှည့်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး လုပ်ငန်းများမှ ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော အိမ်ရာစီမံကိန်းများအနက် အန္တရာယ်ရှိသော အဆောက်အဦများနေရာတွင် အိမ်ရာအသစ် ပြန်လည်တည်ဆောက်သော အိမ်ရာစီမံကိန်းများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၅ ခု၊ သက်တမ်းရင့် အိမ်ရာစခန်းဟောင်းများနေရာတွင် အသစ်ပြန်လည်ဖွံ့ဖြိုးစေရန် ဆောင်ရွက်သော အိမ်ရာစီမံကိန်းများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၄ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁ ခု ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းမြေ (အစိုးရမြေ)တွင် အကျိုးတူဖြင့် အိမ်ရာစီမံကိန်း ၁၃ ခုအား ဆောက်လုပ်လျက်ရှိပါသည်။ ထို့အပြင် ၁၉၃၀ ပြည့်နှစ် မြေအောက်ရေကြီးကြပ်မှု အက်ဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။ အမျိုးသားအိမ်ရာ ဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း)ကို အသစ်ပြန်လည် ပြင်ဆင်ရေးဆွဲလျက်ရှိပြီး မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေ (မူကြမ်း)ကိုလည်း ရေးဆွဲလျက်ရှိပါသည်။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေ(မူကြမ်း)ကို အတည်ပြုခဲ့ပြီး နည်းဥပဒေ/လုပ်ထုံးလုပ်နည်း (မူကြမ်း)ကို ရေးဆွဲလျက်ရှိပါသည်။


တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၂၄)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကချင်ပြည်နယ်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းအား ရာသီမရွေး သွားလာနိုင်ရန် အဆင့်မြှင့်တင်ခြင်း၊ မချမ်းဘောတံတား တည်ဆောက်ခြင်းဖြင့် ရာသီမရွေး သွားလာနိုင်မည် ဖြစ်ပါသည်။ ကယားပြည်နယ်တွင် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းကို လမ်းခင်းခြင်း၊ ဘီလူးချောင်းတံတား ခံနိုင်ဝန်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကရင်ပြည်နယ်ရှိ အရှေ့အနောက် စကြံလမ်းမကြီးဖြစ်သည့် မြဝတီ-ကော့ကရိတ်-ဘားအံ-ကျိုက်ထို-ရန်ကုန်လမ်းတွင် အိန္ဒူ-ကော့ကရိတ်လမ်းအပိုင်းအား ADB ချေးငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းကြောင့် ရန်ကုန်မှ မြဝတီသို့ ၆ နာရီခန့်အတွင်း သွားလာနိုင်မည် ဖြစ်ပါသည်။ ဂျိုင်း(ကော့ကရိတ်)၊ ဂျိုင်း(ဇာသပြင်)နှင့် အတ္တရံတံတားများကို JICA ODA ချေးငွေဖြင့် အသစ်ပြန်လည် တည်ဆောက်နိုင်ရေးအတွက် FS နှင့် ESIA များ

ဆောင်ရွက်ပြီးဖြစ်ပါသည်။ ချင်းပြည်နယ်ရှိ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါ လမ်းနှင့် သိုင်းငင်း-တီးတိန်လမ်းတို့ကို JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ကလေး-ဖလမ်း-ဟားခါးလမ်းအား World Bank ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။ နတ်ဖဲတံတားနှင့် ဘေနူးတံတားတို့ကိုလည်း တည်ဆောက်လျက်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို-မြစ်ကြီးနားလမ်း၊ ဂန့်ဂေါ-ကလေးလမ်း၊ ကလေးဝ-ကျီကုန်း-တမူးလမ်း၊ ကျီကုန်း-ကလေးလမ်း၊ ပြင်သာဆိပ်-ကလေးတက္ကသိုလ်လမ်း (ကလေး-ဖလမ်း-ဟားခါးလမ်း)တို့တွင် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်ခြင်းဖြင့် အချိန်ကုန်သက်သာစွာဖြင့် ရာသီမရွေးသွားလာနိုင်မည် ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းလမ်း(ထားဝယ်-မလွှဲတောင်အပိုင်း၊ ပုလော-မြိတ်အပိုင်း၊ မြိတ်-တနင်္သာရီ-တုံခါအပိုင်း)၊ ထားဝယ်မြို့ပတ်လမ်း(မေတ္တာဆုံလမ်းမှ အဝေးပြေးလမ်းဆုံအထိ) တို့တွင် လမ်းဖောက်လုပ်ခြင်း၊ တံတား ၂၄ စင်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း တံတား ၉ စင်း တည်ဆောက်လျက်ရှိပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် BOT ဖြင့် လမ်း ၁၇ လမ်းဆောင်ရွက်လျက်ရှိပါသည်။ ဒုဋ္ဌဝတီ(ရွှေစာရံ) တည်ဆောက်ခဲ့ပြီး ဖွင့်လှစ်ပါက ခရိုင်ချင်းဆက်လမ်း အမှတ်(၂)သည် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပါသည်။

မွန်ပြည်နယ်တွင် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းတို့ကို အဆင့်မြှင့်တင်ခြင်း၊ သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်တွင် ကညင်တန်း-အလယ်သံကျော်-အငူမော်လမ်းအဆင်မြှင့်တင်ခြင်း၊ ပန်ဇင်းချောင်းတံတား တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် သာကေတတံတားအသစ် တည်ဆောက်ခြင်း၊ ဒလတံတားနှင့် ပဲခူးမြစ်ကူးတံတား အမှတ်(၃)ကို နိုင်ငံခြားချေးငွေအကူအညီဖြင့် တည်ဆောက်ရန် F.S နှင့် ESIA ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဒလတံတားတည်ဆောက်ခြင်းဖြင့် ရန်ကုန်မြို့ကွက်ကို ချဲ့ထွင်နိုင်ပြီး ရန်ကုန်မြို့ပြ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ရန်ကုန်-

ပုသိမ်လမ်းအား ADB အကူအညီဖြင့် နှစ်လမ်းသွားမှ လေးလမ်းသွားအဆင့် တည်ဆောက်မည်ဖြစ်သည်။ ထို့အပြင် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းကိုလည်း ADB ချေးငွေဖြင့် လမ်းဖောက် လုပ်လျက်ရှိပါသည်။ ငါးသိုင်းချောင်း-ဂွလမ်းအား World Bank ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် စုစုပေါင်း တံတား ၁၄ စင်း တည်ဆောက်လျက်ရှိပါသည်။

မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးကဏ္ဍတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ရှိ မြို့ပေါင်း ၂၄ မြို့၏ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းသဘောထားပုံစံများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) နှင့် ပူးပေါင်း၍ မန္တလေးမြို့၊ မော်လမြိုင်မြို့နှင့် ပုသိမ်မြို့တို့၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး ကိုးရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (KOICA) နှင့်ပူးပေါင်း၍ ရန်ကုန်-ဟံသာဝတီ-ပဲခူးစကြံနှင့် ရန်ကုန်အနောက်ပိုင်းဖွံ့ဖြိုးရေး Master Plan ရေးဆွဲခဲ့ပါသည်။


အိမ်ရာကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့တွင် တန်ဖိုးနည်း/ တန်ဖိုးမျှတအိမ်ရာ စီမံကိန်းများမှ အိမ်ခန်း ၂,၂၀၈ ခန်းနှင့် မန္တလေးမြို့တွင် မြရည်နန္ဒာ အိမ်ရာစီမံကိန်းမှ အိမ်ခန်း ၈၀၀၊ စုစုပေါင်း ၃,၀၀၈ ခန်းကို တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ဧရာဝဏ်-ရတနာအိမ်ရာ စီမံကိန်းရှိ ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာစီမံကိန်းမှ အိမ်ခန်းပေါင်း ၁,၃၈၀ ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ**။ ကုန်စည်ပို့ဆောင်မှုနှင့် ခရီးသွားလာမှု လွယ်ကူလျင်မြန်စေရေးအတွက် ကုန်းလမ်း၊ မီးရထား၊ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျယ်ပြန့်လာသည့် ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်းများကို အများပြည်သူ အကျိုးပြုစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၉,၀၂၇,၃၈၃.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၇.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ)အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၂၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပို့ဆောင်ရေးကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၈,၉၄၈,၀၃၄.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) ခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုတွင် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ခရီးသည်ဦးရေ ၁၀.၃ သန်း၊ ခရီးသည်မိုင် ၄၄.၉ သန်း၊ ကုန်တန်ချိန် ၁.၀ သန်း၊ ကုန်တန်မိုင် ၁၁၀.၂ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ခ) မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်းခရီးသည်ဦးရေ ၀.၉ သန်း၊ ပြည်တွင်းခရီးသည်မိုင် ၂၄၂.၃ သန်း၊ ပြည်ပခရီးသည်ဦးရေ ၀.၂ သန်း၊ ပြည်ပခရီးသည်မိုင် ၁၈၄.၀ သန်း၊ ပြည်တွင်းကုန်တန်ချိန် ၀.၀၀၁ သန်း၊ ပြည်တွင်းကုန်တန်မိုင် ၀.၃၄ သန်း၊ ပြည်ပကုန်တန်ချိန် ၀.၀၀၀၁ သန်း၊ ပြည်ပကုန်တန်မိုင် ၀.၁၂ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဂ) ကုန်းလမ်းပို့ဆောင်ရေးမှခရီးသည်ဦးရေ ၁၂.၈ သန်း၊ ခရီးသည်မိုင် ၄၄၀.၆ သန်း၊ ကုန်တန်ချိန် ၁.၁ သန်း ၊ ကုန်တန်မိုင် ၁၈၃.၅ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဃ) မြန်မာ့မီးရထားမှခရီးသည်ဦးရေ ၄၃.၄ သန်း၊ ခရီးသည်မိုင် ၁၉၄၀.၁ သန်း၊ ကုန်တန်ချိန် ၁.၇ သန်း၊ ကုန်တန်မိုင် ၄၂၃.၉ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရေကြောင်းဘက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိကျင့်သုံးနေသော နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်(IMO)၏ သတ်မှတ်ပြဋ္ဌာန်းထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဆောင်ရွက်လျက်ရှိပြီး ရေကြောင်းသွားလာမှု အတတ်ပညာများ ပိုမိုတိုးတက်မြင့်မားစေရေးနှင့် ပင်လယ်ရေကြောင်းသင်္ဘောသားများ၏ အရည်အသွေးမြင့်မားစေရေးအတွက် သင်တန်းများကို ကြီးကြပ်ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။ မြန်မာသင်္ဘောသားများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် Seafarer Recruitment and Replacement Services (SRPS) ကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားခဲ့ပြီး နိုင်ငံခြားသင်္ဘောများတွင် လုပ်ကိုင်ရန် သင်္ဘောသားပေါင်း ၃၁,၈၁၀ ဦး စေလွှတ်နိုင်ခဲ့ပြီး သင်္ဘောသားလူသစ် ၂,၈၁၀ ဦးအား Seafarer Recruitment and Replacement Services (SRPS) ထုတ်ပေးနိုင်ခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဧရာဝတီရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်း၊ ချင်းတွင်းမြစ်ရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်း၊ တိုင်းတာရေးလုပ်ငန်း၏ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စု သီးသန့်ရန်ပုံငွေဖြင့် ကမ်းထိန်းလုပ်ငန်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ရေလမ်းကောင်းမွန်ရေးလုပ်ငန်း ၁၃ ခု ကိုဆောင်ရွက်နိုင်ခဲ့ပြီး ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဧရာဝတီမြစ်ရေလမ်း ဖွံ့ဖြိုးရေးအတွက် ပခုက္ကူ ရေလမ်းနှင့် ညောင်ဦးရေလမ်းကောင်းမွန်ရေး သောင်တူးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်နှင့် သတိပေးချက်များ အချိန်မီထုတ်ပြန်ခြင်းဖြင့် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလိုအလျောက် မိုးလေဝသတိုင်းကိရိယာ (AWOS) များအား မြန်မာနိုင်ငံ၏ မြို့ပေါင်း ၃၀ တွင် တပ်ဆင်ပြီးစီးပြီဖြစ်ပါသည်။ ဧရာဝတီမြစ်ရှိ ရွှေကူစခန်း၊ သပိတ်ကျင်းစခန်းနှင့် ချင်းတွင်းမြစ်ရှိ ကနီစခန်း၊ တိုးမြစ်ရှိ မအူပင်စခန်းများအား နေ့စဉ်မြစ်ရေခန့်မှန်းချက် ထုတ်ပြန်သည့် စခန်းများအဖြစ် တိုးမြှင့်နိုင်ခဲ့ပြီး စစ်တောင်းမြစ်ရှိ တောင်ငူစခန်း၊ ပဲခူးမြစ်ရှိ ပဲခူးစခန်းများတွင် တပ်ဆင်ထားသော အလိုအလျောက် မြစ်ရေတိုင်းတာသော စခန်းများနှင့် မဒေါက်စခန်း၊ သောင်ရင်းမြစ်ရှိ မြဝတီစခန်းများအား ပြန်လည်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ မြစ်ရေကြီးခြင်းသတိပေးချက်များနှင့် အခြေအနေသတင်းများအား သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသို့ ခေတ်မီနည်းပညာများနှင့် ဖြန့်ဝေသည့်စနစ်ဖြစ်သည့် Common Alert Protocol-CAP နည်းနှင့် သတင်းတိုပို့ပုံစံ (SMS) စနစ်ဖြင့် ဖြန့်ဝေသည့်စနစ်အား ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ Simulation ဆောင်ရွက်ခြင်း၊ ဇလဗေဒမြစ်ရေ ခန့်မှန်းရေးလုပ်ငန်းများ တိုးတက်ရန်အတွက် Asian Disaster Preparedness Center-ADPC ၏ နည်းပညာ ပူးပေါင်းကူညီမှုဖြင့် Hydraulic Modeling Using HEC-RAS with HEC-GeoRAS and ArcGIS ကို အသုံးပြု၍ ချင်းတွင်းမြစ်ဝှမ်း (အောက်ပိုင်း) အတွက် ရေလွှမ်းမိုးမှုပြမြေပုံ (Flood Hazard) ထုတ်လုပ်နိုင်ရန် သင်တန်းများကျင်းပခြင်း၊ အာရှဖွံ့ဖြိုးမှုဘဏ် (Asian Development Bank-ADB) နှင့် ဂျပန်နိုင်ငံ International Center for Water Hazards and Risk Management-ICHARM ၏ ကူညီပံ့ပိုးမှုဖြင့် RRI Model ကိုအသုံးပြု၍ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မော်လမြိုင်မြို့များအား ရေလွှမ်းမိုးမှုပြမြေပုံ

(Hazards Map) များထုတ်လုပ်ခြင်း၊ မော်လိုက်မြို့ (ချင်းတွင်းမြစ်)နှင့် ပဲခူးမြို့ (ပဲခူးမြစ်) တို့အတွက် ရေလွှမ်းမိုးမှုပြ မြေပုံထုတ်လုပ်ခြင်းကို အပြီးသတ်နိုင်ရန် ဆောင်ရွက်ခြင်း၊ ညောင်တုန်းမြို့ (ဧရာဝတီမြစ်)၊ ကလေးမြို့ (မြစ်သာမြစ်) များအတွက် ရေလွှမ်းမိုးမှုပြ မြေပုံထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်း၊ HES-MHS Model ကို အသုံးပြု၍ မြစ်ရေခန့်မှန်းချက် ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခြင်း၊ Mandalay Technology နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဖြင့် GIS & RS သင်တန်းကျင်းပခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ကွန်ယက်အနေဖြင့် ရန်ကုန်မြို့မှ လပွတ္တာ၊ ဖျာပုံ၊ ကျုံမငေး၊ မော်လမြိုင်ကျွန်းသို့လည်းကောင်း၊ မန္တလေးမြို့မှအရှေ့ဘက်သို့ ရှမ်းပြည်နယ်၊ အနောက်ဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမော်မြို့မှ အရှေ့ဘက်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အနောက်ဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပခုက္ကူမြို့မှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်၊ မုံရွာမြို့မှ အနောက်ဘက်သို့ ချင်းပြည်နယ်နှင့် အိန္ဒိယနိုင်ငံ၊ မော်လမြိုင်မြို့မှ အရှေ့ဘက်သို့ မွန်ပြည်နယ်၊ မြောက်ဘက်သို့ ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ စစ်တွေမှ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ဘူးသီးတောင်၊ မြောက်ဦး၊ ဘူးသီးတောင်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ကွန်ယက်များ ချိတ်ဆက်၍ သွားလာနိုင်ပြီဖြစ်ပါသည်။ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းတွင် မြစ်ဝကျွန်းပေါ်ဌာနခွဲအနေဖြင့် ရတနာနဝရတ်ကုမ္ပဏီမှ "တေဇ" ရေယာဉ်ငှားရမ်း၍ ရန်ကုန်မြစ်တွင်း အပျော်စီးခရီးစဉ်အဖြစ်လည်းကောင်း၊ ဧရာဝတီဌာနခွဲတွင် Interconnection Travels Co,Ltd မှ "ပန်းတော်" ရေယာဉ်အား မန္တလေး- ညောင်ဦး- ပုဂံ ခရီးလမ်း တွင်လည်းကောင်း၊ ရွှေပြည်သစ်ဇက်ကူးတို့လုပ်ငန်းမှ သရက်- အောင်လံကူးတို့ လမ်းတွင် "ဇက်-၁၁၃" ရေယာဉ်ကိုလည်းကောင်း၊ Upland Travels & Tours Co, Ltd မှ စီစီဘီ -၆ ဆိပ်ခံတွဲကို ငှားရမ်း၍လည်းကောင်း၊ Pretty Courier Co, Ltd မှ ရွှေကိန္နရီ ၁/၂/၃ ရေယာဉ်များငှားရမ်း၍ မန္တလေး- ပုဂံ- ညောင်ဦး ခရီးလမ်းအဖြစ်လည်းကောင်း၊ ချင်းတွင်း ဌာနခွဲအနေဖြင့် ရွှေလွန်းပျံ ဇက်ကူးတို့လုပ်ငန်းမှ "ဇက်-၁၀၈" ရေယာဉ်ကို မုံရွာ-ညောင်ပင်ကြီး ဇက်ကူးတို့လမ်းတွင်လည်းကောင်း၊ သံလွင်ဌာနခွဲတွင် အောင်ကျော်ကမ္ဘာကုမ္ပဏီမှ ရေဘဝဲ-၁/၃ နှင့် "ထီးလှိုင်ရှင်" ရေယာဉ်များငှားရမ်း၍ မော်လမြိုင်- နတ်မော်၊ မော်လမြိုင်-ကလွီ ခရီးလမ်း တွင်လည်းကောင်း၊ ရခိုင်ဌာနခွဲတွင် ရက္ခိတအားမာန်သစ်ကုမ္ပဏီမှ အောင်တံခွန်- ၂ / ၄ / ၇

ရေယာဉ်များ ငှားရမ်း၍ စစ်တွေ-ဘူးသီးတောင်နှင့် စစ်တွေ-မြောက်ဦး ခရီးလမ်းအဖြစ် လည်းကောင်း ရေယာဉ်များငှားရမ်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် သီလဝါမြေကွက်အမှတ်(၃)တွင် Puma Energy Asia Sun Co., Ltd မှ တည်ဆောက်သည့် ကတ္တရာနှင့် ရေနံဆက်စပ်ပစ္စည်းတင်/ချ ဆိပ်ခံတံတား သစ် ၁ စင်း တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါသည်။ ရေကြောင်းမှ ကုန်သွယ်နိုင်မှုပမာဏ ပိုမိုတိုးတက် လက်ခံနိုင်ရန် သီလဝါရေယာအကွက် အမှတ် (၂၅) နှင့် (၂၆)တို့တွင် ဆိပ်ခံတံတားသစ် တည်ဆောက်ခြင်းနှင့် နောက်ခံမြေပေါ်တွင် ဆိပ်ကမ်းဆိုင်ရာ အဆောက်အအုံများ တည်ဆောက် ခြင်းတို့ကို ဂျပန်နိုင်ငံ၏ ချေးငွေယန်း သန်း ၂၄,၁၈၀ ဖြင့် ၂၀၁၈ ခု နှစ်ကုန်ပိုင်းတွင် ပြီးစီးရေး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ရန်ကုန်မြစ်ရေလမ်းကြောင်း တိုးတက်ကောင်းမွန်ရေးအတွက် (၅) နှစ်စာ သောင်တူးလုပ်ငန်း ဆောင်ရွက်ရန် လုပ်ငန်း လုပ်ဆောင်လိုသော ပုဂ္ဂလိကကုမ္ပဏီများအား တင်ဒါခေါ်ယူပြီး ကုမ္ပဏီ ၁ ခုကို စိစစ်ရွေးချယ် နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ဆိပ်ကမ်းနှင့် ဆက်စပ်ဝန်ဆောင်မှု လုပ်ငန်းများ၊ စီမံခန့်ခွဲမှုစနစ်များအား ကွန်ပျူတာအသုံးချဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှုစနစ်များဖြင့် အစားထိုး အဆင့်မြှင့်တင်နိုင်ရန်၊ အခြားဆက်စပ်ဌာနများ၏ စနစ်များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက် နိုင်ရန်နှင့် အာဆီယံပြတင်းတစ်ပေါက်စနစ် (National Single Window) စနစ်ကို အထောက်အကူပြုနိုင်ရန် Port-EDI စီမံကိန်းကို ဂျပန်နိုင်ငံ၏အကူအညီဖြင့် စက်တပ်ဆင် ခြင်းနှင့် နည်းပညာရယူခြင်းများကို ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အပ်နှံသော 400 Ton Pontoon နှင့် ပုဂ္ဂလိကမှအပ်နှံသော 110Ft Clinic Boat ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ မြန်မာ့ကုန်ထုတ်ဓါတုဗေဒလုပ်ငန်း အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်းတို့မှ ရေယာဉ်ပြင်ဆင်ရန် အပ်နှံသည့်ရေယာဉ် ၁၇ စီးအတွက် ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသည် ပြည်တွင်းရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်များဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား ပြည်တွင်းရင်းနှီးမြှပ်နှံသော

ကုမ္ပဏီဖြစ်သည့် Yangon Aerodrome Co., Ltd နှင့်လည်းကောင်း၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်အား MC-Jalux Airport Services Co.,Ltd နှင့် လည်းကောင်း၊ PPP နှင့်လည်းကောင်း၊ လေဆိပ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အပြင် လက်ရှိတိုးတက်လာသည့် ခရီးသည်နှင့်လေယာဉ်အရေအတွက် များအတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်တစ်ခုလိုအပ်၍ ဟံသာဝတီလေဆိပ်ကို ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာအမျိုးသားလေကြောင်းသည် ပြည်တွင်းလေဆိပ် ၂၈ ခုသို့ ပုံမှန်ခရီးစဉ်များအပြင် ပြည်ပခရီးစဉ်များကို တိုးချဲ့ပြေးဆွဲလျက်ရှိပါသည်။ တစ်ကမ္ဘာလုံးမှ ခရီးသွားပြည်သူများ Online မှ လေယာဉ်လက်မှတ်လွယ်ကူစွာ ဝယ်ယူနိုင်ရန် Zapway System အား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရန်ကုန်- စင်ကာပူ- ရန်ကုန်ခရီးစဉ်အား (၁၇-၈-၂၀၁၆) ရက်နေ့တွင်လည်းကောင်း၊ Second Flight အား (၁-၁၂-၂၀၁၆) ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်-ဟောင်ကောင် ခရီးစဉ်အား (၃၀-၁၀-၂၀၁၆) ရက်နေ့တွင်လည်းကောင်း၊ ချင်းမိုင်ခရီးစဉ်အား (၄-၁၁-၂၀၁၆) ရက်နေ့တွင်လည်းကောင်း၊ ဗုဒ္ဓဂါယာခရီးစဉ်အား (၈-၁၀-၂၀၁၆) ရက်နေ့တွင်လည်းကောင်း စတင်၍ပြေးဆွဲပေးလျက်ရှိပါသည်။ ထို့အပြင် ရန်ကုန်- မန္တလေး- ဘန်ကောက်-ရန်ကုန်ခရီးစဉ်အား (၅-၉-၂၀၁၆) ရက်နေ့မှစ၍လည်းကောင်း ပျံသန်းပြေးဆွဲလျက်ရှိပါသည်။ ထို့အပြင် ၂၀၁၇ ခုနှစ် မေလတွင် European Aviation Safety Agency (EASA) Certificate အတွက် Auditor မှ စစ်ဆေး၍အသိအမှတ်ပြု လက်မှတ်ထုတ်ပေးမည်ဖြစ်ရာ ပြည်ပသို့ပေးပို့၍ လေယာဉ်များ ပြင်ဆင်ရန်မလိုအပ်တော့သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်မည်ဖြစ်ပါသည်။ အခြားလေကြောင်းလိုင်းများမှ လေယာဉ်များကိုပါပြင်ဆင်ပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများတိုးတက်ရှာဖွေနိုင်မည်ဖြစ်ပါသည်။

ကုန်လမ်းပို့ဆောင်ရေးသည် ခရီးသည်များ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မှ မြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာခရီးစဉ်များပြေးဆွဲပေးခြင်း၊ ရန်ကုန်မြို့ရှိ ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် အမြဲစိမ်းကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်နှင့် စန်းရောင်နီကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်များမှ City Bus များဖြင့် ခရီးစဉ်များပြေးဆွဲပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသည် ယာဉ်မှတ်ပုံတင်သတ်တမ်း သတ်မှတ်ခြင်း၊ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးယာဉ်များအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ ပြည်ပမှတင်သွင်းခွင့်ပြုသော ယာဉ်များအား ထုတ်လုပ်သည့်ခုနှစ်သတ်မှတ်ပေးခြင်း၊ ပြည်တွင်း/ပြည်ပမှ ထုတ်လုပ်သည့် နောက်တွဲယာဉ်များအား မှတ်ပုံတင်ဆောင်ရွက်ပေးခြင်း၊ ကိုယ်ပိုင်/အငှားပြောင်းယာဉ်များအား အခွန်ငွေ ကောက်ခံခြင်း၊ ယာဉ်စစ်ဆေးပြီးကြောင်း သက်သေခံအထောက်အထား ထုတ်ပေးခြင်း နှင့် အင်္ဂလိပ်အက္ခရာနံပါတ်ပြားများ အချိန်မီထုတ်ယူတပ်ဆင်ပေးခြင်း၊ အသက်ကယ်ခုံ/ ခါးပတ်များပါရှိမှသာ မှတ်ပုံတင်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ ပြည်တွင်းစက်မှုဇုန်များမှထုတ်လုပ်သော ယာဉ်စုစုပေါင်း ၃,၅၃၃ စီးနှင့် ပြည်ပမှတင်သွင်းသော ယာဉ်စုစုပေါင်း ၈၅၀,၉၅၆ စီးကို မှတ်ပုံတင်ပေးခဲ့ပါသည်။

မြန်မာ့မီးရထားသည် ရန်ကုန်ကမ်းနားလမ်းတွင် ပြေးဆွဲနေသော လျှပ်စစ်ရထားမှာ ခရီးသည်စီးနင်းမှု နည်းပါးပြီးထိရောက်သည့် သယ်ယူပို့ဆောင်မှု မပြုလုပ်နိုင်သောကြောင့် (၁.၇.၂၀၁၆)နေ့မှစ၍ ရပ်ဆိုင်းခဲ့ပါသည်။ ရထားလမ်းများ ပြုပြင်ထိန်းသိမ်းမှုအနေဖြင့် ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည် စသည့် အဓိကရထားလမ်း ၄ လမ်းအား ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းကို ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိရာ မူလစီမံကိန်းကာလ ၂၀၁၆-၂၀၂၃ ကို ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်း ပြီးစီးပါက ရန်ကုန်နှင့်မန္တလေးကို ၁ နာရီ ကီလိုမီတာ ၁၀၀ နှုန်းနှင့် ခုန်မောင်းနိုင်မည်ဖြစ်ပြီး ခရီးစဉ်အစအဆုံးကို ၁၆ နာရီမှ ၈ နာရီသို့ လျှော့ချနိုင်မည်ဖြစ်ပြီး ခေတ်မီ DEMU တွဲသစ်များဖြင့် ပြေးဆွဲပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းအတွက် လမ်းပိုင်း အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဂျပန် ODA ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အင်းစိန်ဘူတာ၊ ရေကျော်ဘူတာတို့တွင် ဘတ်စ်ကားနှင့် ရထားလမ်းဆက်စပ်နိုင်သည့် Interchange Stationများ၊ ကားပါကင်များ၊Public Area များကို စနစ်တကျတည်ဆောက်သွားမည်ဖြစ်ပါသည်။ မြန်မာ့မီးရထားအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှ မတ်လအထိ လမ်းပိုင်းအသီးသီး၌ နေ့စဉ်ပျမ်းမျှ အမြန်ရထား ၃၈ စင်း၊ စာပို့ရထား ၅၇


စင်း၊ လူစီးကုန်တင်ရထား ၅၂ စင်း၊ ခရီးတိုရထား ၂၁ စင်း၊ မြို့ပတ်ရထား ၂၁၄ စင်း၊ စုစုပေါင်း လူစီးရထား ၃၈၂ စင်းနှင့် ကုန်ရထား ၁၉ စင်းတို့ပြေးဆွဲပေးလျက်ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်ထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ (၄-၂၇)

### ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

ကချင်ပြည်နယ်တွင် ပုဂ္ဂလိကပိုင်အနေဖြင့် မော်တော်ယာဉ်အသင်း ၁၀၂ သင်းမှ ပြည်နယ် အတွင်း မော်တော်ယာဉ်လိုင်း ၇၅ လိုင်း၊ ပြည်နယ်ပြင်ပတွင် မော်တော်ယာဉ်လိုင်း ၅၆ လိုင်းနှင့် ပုဂ္ဂလိကလေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ခဲ့ပါသည်။

ကယားပြည်နယ်တွင် ပြည်နယ်/တိုင်းကျော်ပြေးဆွဲနေသော ယာဉ်လိုင်းများနှင့် စီးလုံးငှား ယာဉ်ငယ်များ များပြားလာခြင်း၊ ဒေသတွင်းဘုရားဖူးနှင့် အလည်အပတ်ခရီးသွားလာမှု များပြား လာခဲ့ပါသည်။

ကရင်ပြည်နယ်တွင် ဘားအံမြို့နယ်အတွင်း အပန်းဖြေစခန်းများ၊ သမိုင်းဝင်တန်ခိုးကြီး ဘုရားများတည်ရှိခြင်း၊ သံတောင်ကြီးမြို့နယ်တွင်လည်း အပန်းဖြေစခန်းများရှိခြင်း၊ လှိုင်းဘွဲ့ မြို့နယ်တွင်လည်း သဘာဝရေတံခွန် တည်ရှိခြင်းတို့ကြောင့် ခရီးသွားလာမှု တိုးတက်ခဲ့ပါသည်။

ချင်းပြည်နယ်တွင် ကားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်းကြောင့် ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များ အသစ်တိုးချဲ့ပြေးဆွဲနိုင်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကားအသစ်စီးရေများ တိုးတက်ခဲ့ခြင်း၊ ရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ခရီးသည်တင် အမြန်ရေယာဉ် အသင်းပေါင်း ၈ သင်းမှ ရေယာဉ် ၁၅၆ စီး၊ ကုန်တင်ယာဉ်ပေါင်း ၁,၀၀၈ စီးတို့ဖြင့် တိုးချဲ့ပြေးဆွဲခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ပွင့်လင်းရာသီဖြစ်ခြင်း၊ ဘုရားဖူးခရီးသည်များ များပြား လာခြင်းကြောင့် အငှားယာဉ်များ ပိုမိုပြေးဆွဲခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များမှ ရှေးဟောင်းအမွေ အနှစ်များရှိရာ ဒေသများသို့ သွားလာနိုင်ခြင်း၊ ဘုရားဖူးခရီးများ၊ အပန်းဖြေခရီးများသွားခြင်း နှင့် ဒေသတွင်းရှိ ကုန်စည်စီးဆင်းမှုများအား ဈေးကွက်စီးပွားရေးနှင့်အညီ ဈေးကွက်ရှိရာ အခြားဒေသများသို့ တင်ပို့ရောင်းချနိုင်ခြင်း၊ ရာဘာထွက်ကုန်များ ယခင်နှစ်ထက် ဝယ်လိုအား ကောင်းမွန်ခြင်းကြောင့် တရုတ်နှင့်ထိုင်း နယ်စပ်ဂိတ်များထိ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင် ကားစီးရေများတိုးလာပြီး ယာဉ်များ ပိုမိုပြေးဆွဲလာခြင်း၊ ခရီးတိုသွားလာမှုများတွင် သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီများ ပိုမိုတိုးတက်ပြေးဆွဲခြင်းများ ကြောင့် ပို့ဆောင်ရေးဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကုန်တင်ယာဉ်(ဝန်ပေါ့) ကားများ တိုးတက်ပြေးဆွဲခြင်းနှင့် ထော်လာဂျီနှင့် သုံးဘီးဆိုင်ကယ်များ တိုးချဲ့ပြေးဆွဲပေးနိုင်ခြင်း၊ လိုင်းပေါင်းစုံ မြို့တွင်း ဘတ်စ်ကားများ ခေတ်မီယာဉ်များဖြင့် ပြောင်းလဲတိုးချဲ့ ပြေးဆွဲခဲ့ပါသည်။

မွန်ပြည်နယ်တွင် ပွင့်လင်းရာသီဖြစ်သည့်အတွက် မွန်ပြည်နယ်အတွင်း ကျိုက်ထီးရိုး စေတီတော်၊ စက်စဲကမ်းခြေနှင့် ကျိုက္ကမီရေလယ်ဘုရား၊ ရေးမြို့နယ်ရှိ အပန်းဖြေကမ်းခြေများသို့

ဘုရားဖူးနှင့် အပန်းဖြေခရီးသွားများ များပြားလာခဲ့ခြင်းကြောင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတိုးတက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် ပုဂ္ဂလိက လေကြောင်းလိုင်းများ၊ အဆင့်မြင့်ကားလိုင်းများဖြင့် အခြားတိုင်းနှင့် ပြည်နယ်များသို့ ပြေးဆွဲလျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အငှားယာဉ်၊ လိုင်းပေါင်းစုံဘတ်စ်ကားများ၊ ကြိုပို့လုပ်ငန်းကားများ၊ လုပ်ငန်းသုံးကား ကုန်တင် ၅ တန်အောက်နှင့် ၅ တန်အထက် ကားစီးရေများတိုးတက်လာခဲ့ပါသည်။

ရှမ်းပြည်နယ်တွင် ပုဂ္ဂလိကလေကြောင်းလိုင်းများမှ လားရှိုး-ဟဲဟိုး-တာချီလိတ်-ရန်ကုန်၊ လားရှိုး-ရန်ကုန်၊ လားရှိုး-မန္တလေး ခရီးစဉ်များကို တစ်ပတ်လျှင် ၃ ရက် ပြေးဆွဲလျက်ရှိခြင်းနှင့် ကုန်သွယ်ရေးမြို့ဒေသများတွင် ပို့ဆောင်ရေးလမ်းကြောင်းများ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ရာသီမရွေး မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးကားများ သယ်ယူပို့ဆောင်မှုနှင့် ထင်ရှားသည့် ကမ်းခြေများဖြစ်သော ပုသိမ်မြို့နယ်ရှိ ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေများသို့ Super Custom ကားများ၊ Sloon(Taxi)များ၏ ခရီးသွားသယ်ယူပို့ဆောင်မှု များပြားလာပါသဖြင့် ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ဝန်ပေါ့၊ ဝန်လေးယာဉ်များ၊ စီးရေတိုးလာခြင်းကြောင့် ဝင်ငွေများပိုမိုရရှိလာခဲ့ပါသည်။


**ဆက်သွယ်ရေးကဏ္ဍ**။ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏ စံသတ်မှတ်ချက်နှင့်အညီ အခြေခံအဆောက်အအုံများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်၊ e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေး တိုးမြှင့်ဆောင်ရွက်ရန် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းကို ခေတ်မီစက်ကရိယာများ တပ်ဆင်၍ အရည်အသွေးပြည့်ဝပြီး ပြည်သူလူထုယုံကြည်မှုအပြည့်အဝရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ရေးတို့ကို မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၁၃၁,၆၈၂.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၂၈) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၉) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ဆက်သွယ်ရေးကဏ္ဍ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၆၃၈,၈၉၉.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်း

ရည်မှန်းချက်အပေါ် ၇၆.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) အော်တိုတယ်လီဖုန်းလိုင်းပေါင်း ၅၁၆,၈၃၁ လိုင်း တပ်ဆင်နိုင်ခဲ့ပြီး မှတ်ပုံတင်ပြီးသော မိုဘိုင်းဆင်းကတ်များ အသုံးပြုနိုင်မှုမှာ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနောမြန်မာလီမိတက်တို့မှ စုစုပေါင်း အရေအတွက် ၄၄,၄၁၈,၀၉၇ ခု ရှိပြီဖြစ်ပါသည်။

အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် အင်တာနက်သုံးစွဲခြင်း၊ အီးမေးလ်အပို့/အယူ ပြုလုပ်ခြင်းတို့ကို တယ်လီဖုန်းလိုင်း အသုံးပြု၍လည်းကောင်း၊ မြန်နှုန်းမြင့်ဆက်သွယ်ရေးစနစ် အသုံးပြု၍လည်းကောင်း ဆောင်ရွက်နိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိပြီး ပက်ကက်ဆွီချင်လိုင်း၊ ဖိုင်ဘာလိုင်း၊ MPT Satellite Terminal E1လိုင်း၊ ADSLလိုင်း၊ Dial up လိုင်း စသည်ဖြင့် ဆက်သွယ်ရေးစနစ်အမျိုးမျိုးကို အသုံးပြု၍ အင်တာနက်ချိတ်ဆက် အသုံးပြုလျက်ရှိရာ ၂၀၁၇ ခုနှစ် မတ်လကုန်အထိ အင်တာနက်လိုင်းအင်အား ၄၄,၄၃၉,၃၉၁ လိုင်း တပ်ဆင်အသုံးပြု နိုင်ခဲ့ပါသည်။

ဆက်သွယ်ရေးဝန်ဆောင်မှုများကို ကျေးလက်နှင့် မြို့ပြနေပြည်သူလူထုများ တိုးမြှင့် အသုံးပြုနိုင်စေခြင်းတို့အပြင် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ ထို့အပြင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၆ အရ လွတ်လပ်သော မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်တစ်ရပ်ကို တည်ထောင်နိုင်ရေးအတွက် MCRC ဥပဒေမူကြမ်းအား ကမ္ဘာ့ဘဏ်အကူအညီဖြင့် ရေးဆွဲနိုင်ခဲ့ပြီး မြန်မာဘာသာပြန်ဆိုပြီးစီးအောင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ပြည်တွင်းအော်ပရေတာတစ်ခု ထပ်မံဖွဲ့စည်းခွင့် ပြုပြီး နိုင်ငံအဝှမ်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ယှဉ်ပြိုင်ဆောင်ရွက်သွားနိုင်ရေး အတွက် (၁၂-၁-၂၀၁၇) ရက်နေ့တွင် Myanmar National Tel & Communications Co.,Ltd အား Nation wide Telecommunication Licence ပေးအပ်နိုင်ခဲ့ပါသည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအနေဖြင့် ICT Infrastructure (Network, Data Centers, IACs, etc..) များတည်ဆောက် ပေးခြင်း၊ Common Application များအသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော e-Government စီမံကိန်းများအား အကောင်အထည် ဖော်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် National Cyber Security Center ၊ Incident Handling System ၊ Information Security and Digital Analysis Lab တည်ဆောက်ခြင်းလုပ်ငန်း၊ Information Security Management System တပ်ဆင်ခြင်းလုပ်ငန်း၊ Network Security and Analyzer တပ်ဆင်ခြင်းလုပ်ငန်း၊ Virtual Private Network တည်ဆောက်ခြင်းလုပ်ငန်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာတိုက်လုပ်ငန်းအား မြန်မာ့စာတိုက်တစ်ခုတည်းကသာ တစ်ဦးတည်းမူပိုင် ဆောင်ရွက်နေရာမှ ပြည်တွင်း/ ပြည်ပရှိ ပုဂ္ဂလိကပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန် (Public, Private, Partnership.PPP) အသွင်ဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပါဝင်စေခြင်း၊ သတင်းအချက်အလက်နည်းပညာ အသုံးချစာတိုက်လုပ်ငန်း ဖြစ်ပေါ်လာစေရေး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ဝန်ထမ်းများအား လေ့ကျင့်သင်ကြား၍ ပြည်သူများအား ခေတ်မီထပ်တိုးစာတိုက်ဝန်ဆောင်မှုလုပ်ငန်းများ (Value Added Services) အားဝန်ဆောင်မှုပေးခြင်း၊ E-commerce ဝန်ဆောင်မှုလုပ်ငန်းအဖြစ် Zawgyi Mart Online Shopping ကဲ့သို့ Online Shopping များနှင့် ချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ယာယီ) တယ်လီဖုန်းရုံး ၆ ရုံး အသစ်ဖွင့်လှစ်နိုင်ခဲ့ပြီး လိုင်းအင်အားများလည်း တိုးချဲ့နိုင်ခဲ့ပါသည်။

မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း တည်ဆောက်ခြင်းအနေဖြင့် ဖိုင်ဘာဆက်ကြောင်းသစ်များနှင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းသစ်များ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်း၊ ဆက်သွယ်မှုကွန်ယက်စနစ် အဆင့်မြှင့်တင်ခြင်းစီမံကိန်း Sea-Me-We 5 ရေအောက်ကေဘယ်လ်စနစ် စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။


တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး ကိုပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၄-၃၀)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆက်သွယ်ရေး၊ စာတိုက်၊ ကြေးနန်းလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ သုံးစွဲနိုင်ရေးနှင့် တစ်နိုင်ငံလုံး ဆက်သွယ်ရေးကွန်ယက်ဖြန့်ကြက်မှု ပိုမိုကျယ်ပြန့်တိုးတက်မြင့်မားစေရေးကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တာဝါတိုင်ဆောက်လုပ်ပြီးစီးမှု အခြေအနေမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၃,၇၆၁ ခု၊ အော်ရီဒူးမြန်မာလီမိတက်က ၄,၅၈၈ ခုနှင့် တယ်လီနောမြန်မာလီမိတက်က ၅,၈၀၄ ခု စုစုပေါင်းတာဝါတိုင် ၁၄,၁၅၃ ခု ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ပြည်တွင်းပြည်ပအော်ပရေတာများကို ယှဉ်ပြိုင်လုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီပြီး ဈေးနှုန်းချိုသာသော မိုဘိုင်းဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများကို ပြည်သူများစိတ်ကြိုက် ရွေးချယ်သုံးစွဲနိုင်မည့်အပြင် နိုင်ငံတော်၏ ဝင်ငွေများ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။ သို့သော်လည်း မြန်နှုန်းမြင့်ဆက်သွယ်ရေးစနစ်များ ပိုမိုသုံးစွဲနိုင်ရေးအပြင် တယ်လီဖုန်းဝန်ဆောင်မှု အရည်အသွေးမြင့်မားရေးကိုပါ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

**ငွေရေးကြေးရေး။** စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးကို အထောက်အကူ ပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိလာစေရေး၊ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်များပြားရေးအစရှိသည့် ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒတို့ကို ချမှတ် အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရကျပ် ၁၆၃,၁၅၉.၆ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၄-၃၁) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၂) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

ငွေရေးကြေးရေးကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂၃၃,၈၃၃.၀ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၄၃.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၃၄.၉ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေးအတွက် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ အဖွဲ့အစည်းများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအတွက် ကျပ်ငွေဖြင့် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်း၊ ပြည်တွင်းပြည်ပ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုပေးခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား ပြည်တွင်းငွေလွှဲပို့ခြင်း၊ နိုင်ငံခြားငွေ လွှဲလုပ်ငန်းအနေဖြင့် ကုန်သွယ်မှုမဟုတ်သော (Non Trade) အတွက် ပြည်ပငွေလွှဲပို့ခြင်း၊ ပို့ကုန်/သွင်းကုန် ငွေလွှဲစာတမ်းများအရ ငွေပေးချေခြင်းစသည့် ဝန်ဆောင်မှုများအတွက် ဆောင်ရွက်ခရငွေများ တိုးတက်ရရှိခဲ့ပါသည်။

(ခ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် နိုင်ငံခြားဘဏ်စုစုပေါင်း ၂၉ ဘဏ်တွင် စာရင်းရှင်အပ်ငွေများ ဖွင့်လှစ်၍ နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံခြားဘဏ် ၅ ခုတွင် အချိန်ပိုင်း အပ်ငွေများ အပ်နှံထားရှိသည့်အတွက် ဘဏ်ဝန်ဆောင်မှုမှ ရငွေအပြင် အပ်ငွေပေါ် အတိုးငွေများလည်း ရရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလထက် ဝင်ငွေများ တိုးတက် များပြားခဲ့ပါသည်။

(ဂ) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် ငွေကြေးဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီစက်ကိရိယာများ၊ နည်းစနစ်များကို အသုံးပြု၍ ဆောင်ရွက်ပေးလျက် ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် Multi Currency ATM စက်ဖြင့် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ စသော ငွေကြေး ၃ မျိုးအား မြန်မာကျပ်ငွေဖြင့် လဲလှယ်ပေးခြင်း ဝန်ဆောင်မှုကို တစ်ခုတည်းသော နိုင်ငံပိုင်ဘဏ်အဖြစ်

ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ပြည်ပခရီးသွားများအား နိုင်ငံခြားငွေစက္ကူ Denomination မျိုးစုံကို ငွေလဲလှယ်နှုန်းနှင့် တစ်ပြေးညီ လဲလှယ်ပေးနိုင်ခဲ့ပါသည်။

(ဃ) ထို့ပြင် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးနှင့် ပြည်တွင်း၌ အမေရိကန်ဒေါ်လာဝယ်လိုအား မြင့်တက်မှုကို ကြီးကြပ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နေ့စဉ် သတ်မှတ်ငွေလဲလှယ်နှုန်းအပေါ် အခြေခံ၍ ဘဏ်၏သတ်မှတ်ရောင်းဈေး၊ ဝယ်ဈေးများဖြင့် ဝယ်ယူရောင်းချခြင်းကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှစတင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

(င) မြန်မာ့အာမခံလုပ်ငန်းသည် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်းအတွက် အာမခံကြေးကို တိုးမြှင့်ကောက်ခံပြီး နစ်နာကြေးကိုလည်း လူတစ်ဦးသေဆုံးမှုအတွက် ကျပ် ၅ သိန်းမှ ၁၀ သိန်းသို့လည်းကောင်း၊ ဒဏ်ရာရမှုအတွက် အများဆုံး ကျပ် ၄ သိန်းမှ ကျပ် ၈ သိန်းသို့ တိုးမြှင့် ပေးလျော်ခဲ့ပါသည်။ အဆိုပါ သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံကြေးများ ထိရောက်စွာကောက်ခံနိုင်ရန် ကလေးခရိုင်ရုံးခွဲ၊ တောင်ဒဂုံ ရုံးခွဲများ ဖွင့်လှစ်ခဲ့သည့်အပြင် ကော့သောင်း၊ တမူး၊ ကျောက်မဲ၊ လှိုင်လင်၊ ပြင်ဦးလွင်၊ အောင်ပန်း၊ မိုးညှင်း၊ ဗန်းမော် မြို့များရှိ က.ည.န ခရိုင်ရုံးများတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်း၍ သူတစ်ပါးထိခိုက်မှုအာမခံပရီမီယံကောက်ခံခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသဖြင့် မြန်မာ့အာမခံလုပ်ငန်း၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

(စ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါးသီးနှံအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်း ထုတ်ချေးပေးရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်ဧကလျှင် ကျပ်တစ်သိန်းငါးသောင်းထိ ပိုမိုထုတ်ချေးပေးသည့်အပြင် စပါးစိုက်ဧကအရေအတွက်လည်း ပိုမိုထုတ်ချေးပေးခဲ့ပါသည်။ ချေးငွေအတိုးနှုန်းအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ အတိုးနှုန်း ၄ ရာခိုင်နှုန်းဖြင့် ချေးယူကာ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ အမျိုးအစားအတွက်

အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ပြန်လည်ထုတ်ချေးပေးခဲ့ပါသည်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ချေးယူကာ တောင်သူများသို့ အတိုးနှုန်း ၈ ရာခိုင်နှုန်းဖြင့် ပြောင်းလဲထုတ်ချေးပေးလျက် ရှိပါသည်။

(ဆ) သမဝါယမပိုင်အခန်းတွင် သမဝါယမငွေစုငွေချေးအသင်းများသည် အသင်းသား များ၏ စုဆောင်းငွေများ၊ ပြည်ပချေးငွေများဖြင့် အသေးစား အရင်းအနှီးချေးငွေ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အသင်းသားများ၏ ကုန်ထုတ် လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများ၊ လုပ်ငန်းသုံး စက်ကိရိယာများ၊ ရေလုပ်ငန်းသုံး ပစ္စည်းများအား အရစ်ကျချေးငွေစနစ်ဖြင့် ရောင်းချလျက် ရှိပါသည်။ အဆိုပါ ချေးငွေလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမဘဏ်၊ Microfinance Bank တို့နှင့်လည်း ပေါင်းစပ်ဆောင်ရွက် လျက်ရှိပါသည်။

(ဇ) ပုဂ္ဂလိကပိုင်အခန်း၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲများကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ အစီရင်ခံသည့်ကာလအတွင်း မြန်မာ နိုင်ငံသားများဘဏ်ခွဲ ၅ ခု၊ ပထမပုဂ္ဂလိကဘဏ်ခွဲ ၁ ခု၊ မြဝတီဘဏ်ခွဲ ၄ ခု၊ ရိုးမဘဏ်ခွဲ ၈ ခု၊ မြန်မာအရှေ့တိုင်းဘဏ်ခွဲ ၅ ခု၊ ထွန်းဖောင်ဒေးရှင်း ဘဏ်ခွဲ ၁ ခု၊ ကမ္ဘောဇဘဏ်ခွဲ ၇၃ ခု၊ ကမ္ဘာ့ရတနာဘဏ်ခွဲ ၁၀ ခု၊ သမဝါယမဘဏ်ခွဲ ၁၈ ခု၊ အင်းဝဘဏ်ခွဲ ၂ ခု၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်ခွဲ ၃ ခု၊ ဧရာဝတီ ဘဏ်ခွဲ ၅၄ ခု၊ ယူနိုက်တက်အမရာဘဏ်ခွဲ ၂၅ ခု၊ မြန်မာ့ ရှေ့ဆောင်ဘဏ်ခွဲ ၁၂ ခု၊ နေပြည်တော် စည်ပင်ဘဏ်ခွဲ ၁ ခု၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေး ဘဏ်ခွဲ ၂ ခု၊ ရွှေ(မြို့ပြ ကျေးလက်) ဖွံ့ဖြိုးရေးဘဏ်ခွဲ ၃ ခု၊ ဧရာဝတီ တောင်သူလယ်သမား ဘဏ်ခွဲ ၂ ခု၊ စုစုပေါင်း ဘဏ်ခွဲ (၂၂၉) ခု ထပ်မံ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ယာယီ) ပုဂ္ဂလိကဘဏ် ၂၄ ဘဏ်မှ ဘဏ်ခွဲစုစုပေါင်း ၁၄၈၁ ခု ဖွင့်လှစ် ထားရှိပြီး ဖြစ်ပါသည်။

(ဈ) ပြည်တွင်းပုဂ္ဂလိကဘဏ်များအပြင် နိုင်ငံခြားဘဏ်ခွဲများကိုလည်း ပြည်တွင်းငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၉ ခု ဖွင့်လှစ်ထားရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲပေါင်း ၁၃ ခုထိ ဖွင့်လှစ်၍ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။


တိုင်းဒေသကြီး/ပြည်နယ်အလိုက် ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၄-၃၃)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ရင်းမြစ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ။

မွန်ပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာ့အာမခံလုပ်ငန်းမှ စက်တပ်ယာဉ်များ အားလုံးအတွက် သူတစ်ပါးထိခိုက်မှု အာမခံကြေးနှင့် နစ်နာကြေး အစီအစဉ်ကြောင့် ဝင်ငွေများတိုးတက်ခဲ့ပါသည်။ ထို့ပြင်မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကငွေရေးကြေးရေး အဖွဲ့အစည်းပေါင်း ၁၇ ဖွဲ့မှ အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်နယ် အတွင်းရှိ

ရပ်ကွက်ပေါင်း ၇၀ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၈၃ ရွာတွင် ချေးငွေများ ထုတ်ချေး ပေးလျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကဘဏ်ခွဲ စုစုပေါင်း (၃၆) ဘဏ် တိုးချဲ့ဖွင့်လှစ်၍ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် PGMF ၊ Alliance ၊ ဖုလ်တန် မြန်မာအပါအဝင် အသေးစားငွေချေးလုပ်ငန်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လျက်ရှိသောကြောင့် ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုများ တိုးတက်ခဲ့ပါသည်။ မြန်မာ့အာမခံလုပ်ငန်းမှလည်း သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်းမှ ဝင်ငွေများတိုးတက်ရရှိသည့်အပြင် သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံကြေးများကို ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ထိရောက်စွာ ကောက်ခံနိုင်သည့်အတွက် ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း ပုဂ္ဂလိကဘဏ်ခွဲ ၂၀ ခု အသစ်ဖွင့်လှစ်၍ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိခြင်း၊ ပဲခူးတိုင်း (အရှေ့ပိုင်း)တွင် ပုဂ္ဂလိကဘဏ်များ၏ ဝင်ငွေများတိုးမြင့်လာသည့်အပြင် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ငွေစုငွေချေးအသင်းများ၏ အတိုးရငွေများမှာ ယခင်နှစ်ထက် များပြားခဲ့ပါသည်။ ထို့ပြင် ပဲခူးတိုင်း(အနောက်ပိုင်း)တွင် I.K.B.Z ပုဂ္ဂလိကအာမခံလုပ်ငန်းအပြင် ပထမအမျိုးသား အာမခံလုပ်ငန်းပါ တိုးချဲ့ဖွင့်လှစ်၍ ပုဂ္ဂလိက အာမခံလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကဘဏ်ခွဲ စုစုပေါင်း ၉၈ ခု တိုးချဲ့ဖွင့်လှစ်ပြီး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အပြင် နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၊ ပုဂ္ဂလိကအာမခံလုပ်ငန်း၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းအဖွဲ့အစည်းများသည်လည်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသဖြင့် ရန်ကုန်တိုင်း၏ ငွေကြေးဝန်ဆောင် မှုတန်ဖိုးများ တိုးတက်ရခြင်း ဖြစ်ပါသည်။


**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။** နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး၊ လူမှုအကာအကွယ်ပေးရေး တို့မှတစ်ဆင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေး၊ အလုပ်အကိုင်ရရှိရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ ယဉ်ကျေးမှုအစရှိသော လူမှုရေးနှင့်စီမံခန့်ခွဲရေး လုပ်ငန်းရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၈၄၉,၉၃၄.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


**၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၃၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၈၀၆,၄၂၆.၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ် ၉၈.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။


တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၃၆)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များတွင် ပညာရေးဌာနအနေဖြင့် မူလတန်းအဆင့် ဆရာ/ ဆရာမများအား လစ်လပ်နေရာများတွင် ဖြည့်သွင်းခန့်ထားခြင်း၊ တိုးချဲ့ခန့်ထားခြင်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဆင့် ဆရာ/ ဆရာမများအားရာထူး တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ဆရာဝန်၊ သူနာပြုစသည့် ကျန်းမာရေးဝန်ထမ်းများအား တိုးချဲ့ခန့်ထားခြင်း၊ ဌာနဆိုင်ရာအသီးသီးတွင် ဝန်ထမ်းအသစ်များ တိုးမြှင့်ခန့်ထားခြင်းတို့ကြောင့် ဖြစ်ပါသည်။

စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၂၀၁၆-၂၀၁၇ ပညာသင်နှစ် KG (သူငယ်တန်း) သင်ရိုးသစ်ဖြင့် ဆရာ၊ ဆရာမ များ လေ့ကျင့်သင်တန်းပေးရေးစီမံကိန်း (Kintergarten Rollout Training) အရ ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်ပေါင်း ၃၂၈ မြို့နယ် တွင်သင်တန်းသား ၆၁,၈၅၇ ဦးတို့ကို လေ့ကျင့်သင်တန်းပေးခဲ့ ပါသည်။

(ခ) လူတိုင်းအကျုံးဝင်ပညာရေးဖော်ဆောင်မှု၏ တစ်စိတ်တဒေသဖြစ်သည့် မြန်မာ နိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို လေ့လာစိစစ်အကဲ ဖြတ်ခြင်း (Out-of-School children Initiate-OOSCI) သုတေသနလုပ်ငန်းကို UNICEF နှင့်ပူးပေါင်း၍ ဦးစီးကော်မတီ၊ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

(ဂ) အခြေခံပညာစာမေးပွဲများတွင် ရမှတ်စနစ်မှ Grading စနစ်သို့ ပြောင်းလဲကျင့် သုံး ဆောင်ရွက်ခဲ့ပါသည်။

(ဃ) မူလတန်းအဆင့် ပြီးမြောက်ခဲ့သော ကျောင်းပြင်ပ ကလေးများ၊ ကျောင်းပြင်ပ မူလတန်း ပညာရေးပြီးမြောက်သော ကလေးများအတွက် ကျောင်းပြင်ပ အလယ်တန်းပညာရေးကို ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်တွင် မြို့နယ် ၆ မြို့နယ်၌ စတင်ဆောင်ရွက်ခဲ့ရာ ကလေးပေါင်း ၁၉၅ ဦးကို သင်ကြားပေးလျက်ရှိပြီး ကျောင်းပြင်ပပညာရေး အလယ်တန်းတန်းညှိပညာရေး အစီအစဉ်ကို ရန်ကုန် တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့ ပါသည်။

(င) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မူလတန်းပြ ၁ ဦးလျှင် ကျပ် ၃၆,၀၀၀၊ မူလတန်းလွန်နှင့် အလယ်တန်းပြ ၁ ဦး လျှင်ကျပ် ၄၁,၀၀၀ နှင့် အထက်တန်းပြ ၁ ဦးလျှင် ကျပ် ၄၅,၀၀၀ ဖြင့် ထောက်ပံ့ ခဲ့ပါသည်။

(စ) စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂဒေသ၊ လဟယ်မြို့နယ်တွင် ဝက်သက်ရောဂါ အစုလိုက်ဖြစ်ပွားမှု၊ သေဆုံးမှု၊ နန်းယွန်းမြို့နယ်တွင် လူအချို့ သေဆုံးမှုနှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဆ) ရောဂါကာကွယ် နှိမ်နင်းရေး လုပ်ငန်းများအနေဖြင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ တီဘီရောဂါ ရှာဖွေကုသရေးလုပ်ငန်း၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံချက်လုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ပါသည်။

(ဇ) ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွားဘက်ဆိုင်ရာဆရာဝန်၊ ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်မှန်/ အကြော/ ဆေးဝါး/ မျက်မှန်/ ဓာတ်ခွဲ)၊ ဒုတိယစာရင်းအင်းမှူး(ဆေးမှတ်တမ်း)၊ ဆေးဘက်ကျွမ်းကျင်(၄) (ဆေးစပ်)၊ စိစစ်ရေးမှူး(၄)(ဆေးမှတ်တမ်း)၊ အငယ်တန်းအင်ဂျင်နီယာ(၂)၊ သူနာပြု-၃ (သစ်လွင်)၊ ကျန်းမာရေးမှူး (၂)(ငှက်ဖျား)၊ ကျန်းမာရေးမှူး(၄) နှင့် သူနာပြု-၄(သားဖွား) တို့တွင် ဝန်ထမ်းအသစ်များ ခန့်ထားခဲ့ပါသည်။

(ဈ) ပြည်သူ့ဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုကို ကွင်းဆင်းဆေးကုသခြင်း ၄၄ ကြိမ်နှင့် ဆေးအကာအကွယ်ပေးခြင်း ၃၈ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ည) အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်း၍ အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ နှင့် စပ်လျဉ်းသည့် စာချုပ်နှင့် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် တိုက်တွန်းချက်အမှတ် ၂၀၃ အား ပြည်သူ့လွှတ်တော်သို့ တင်ပြမှတ်တမ်း တင်ခဲ့ပါသည်။

(ဋ) လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေး အသိပညာပေးမှုလုပ်ငန်းများ အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ၂၈၆,၉၇၆ ဦးအား အသိပညာပေးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဌ) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေနှင့် ကလေးသူငယ်ဥပဒေတို့ကို အသစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းသူ

များ၏အခွင့်အရေးများနည်းဥပဒေကို အသစ်ပြဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါ သည်။

(ဍ) သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကို (၃၀-၁၂-၂၀၁၆) ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ပြီး နည်းဥပဒေ ရေးဆွဲနိုင်ရေးကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

(ဎ) သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ၁၉၁ ကြိမ် ပြုလုပ်ခဲ့ပြီး ပြည်သူလူထု ၄၈,၂၈၂ ဦးအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

(ဏ) ညောင်လေးပင်မြို့နယ်တွင် သဘာဝဘေးအန္တရာယ် ခိုလှုံရာ အဆောက်အဦ Cyclone Shelter ၁ လုံး၊ ရခိုင်ပြည်နယ်အတွင်း ဇီးတောကျေးရွာနှင့် ကုန်းတန်းကျေးရွာတောင်ပိုင်းတို့တွင် မုန်တိုင်းဒဏ်ခံအဆောက်အဦ ၂ လုံး၊ ကရင်ပြည်နယ်ဘားအံမြို့နယ်အတွင်း လူဦးရေ (၄၀၀) ဆံ့ သဘာဝ ဘေးအန္တရာယ် ခိုလှုံရာအဆောက်အဦ (Community Shelter) ၁ လုံး၊ လောင်းလုံမြို့နယ် သဘောဆိပ်ကျေးရွာနှင့် သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာတို့တွင် လူဦးရေ (၅၀၀)ဆံ့ Cyclone Shelter ၁ လုံး၊ အိမ်မဲမြို့နယ် သရွတ်ကြီးကျေးရွာ၌ School Cum Shelter ၁ လုံး ဆောက်လုပ်ခဲ့ပါသည်။

(တ) Denmark နိုင်ငံ University of Copenhagen နှင့် မန္တလေးတက္ကသိုလ် မနုဿဗေဒဌာနတို့ ပူးပေါင်း၍ ရှေးခေတ် လူသားမျိုးနွယ်များနှင့် မျက်မှောက်ခေတ် လူသားမျိုးနွယ်တို့၏ ဆက်နွယ်မှုအား ရှာဖွေဖော်ထုတ်ခြင်းဆိုင်ရာ သုတေသနကို ဆောင်ရွက်ခဲ့ပါသည်။

(ထ) ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ကျောက်စာ စာရင်းများ၊ Data များ ကောက်ယူခြင်း၊ ရှေးဟောင်းအဆောက်အအုံများ စာရင်းကောက်ယူခြင်း၊ ပြန်လည်စစ်ဆေးခြင်း၊ GIS Layer များအား ပြန်လည်စစ်ဆေးခြင်း၊ မင်စာရှိသော ဘုရားများ စာရင်းကောက်ယူခြင်း၊ စာရင်းသွင်းခြင်းနှင့် မြေပုံဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဒ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကလေးစာပေပွဲတော်များကို နေပြည်တော်၊ မန္တလေးမြို့၊ မွန်ပြည်နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဓ) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဂျပန်နိုင်ငံသို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့စဉ် မြန်မာနိုင်ငံ၏ တိုင်းရင်းသားရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလမ်းစဉ်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံမှ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ပိုမိုလာရောက်ရေး၊ ပြည်သူများအကြား ချစ်ကြည်ရေးနှင့် အပြန်အလှန် ဖလှယ်မှုများမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ဆောက်ရေး အစရှိသည့် ကဏ္ဍများတွင် ပံ့ပိုးကူညီသွားရန် နှစ်နိုင်ငံခေါင်းဆောင်များအကြား ဆွေးနွေးသဘောတူညီခဲ့ကြပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) စီမံခန့်ခွဲရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics - NSDS) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ စာရင်းအင်း ဥပဒေသစ်အား ပြဋ္ဌာန်းနိုင်ရန်အတွက် လိုအပ်သည်များအား ဆောင်ရွက်ခဲ့ပါသည်၊

(ခ) တစ်မျိုးသားလုံးဆိုင်ရာစာရင်းစနစ် (System of National Accounts) မြှင့်တင်ရေး ဆောင်ရွက်ခြင်းအနေဖြင့် ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် တစ်မျိုးသားလုံးဆိုင်ရာစာရင်းစနစ် (System of National Accounts SNA-2008) နှင့်အညီ အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအကူအညီဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် Supply and Use Tables ကို အကြမ်းတည်ဆောက်နိုင်ခဲ့သဖြင့် SNA-2008 ကူးပြောင်းရေးလုပ်ငန်းစဉ်၏ Milestone 2 အဆင့်ကို တက်လှမ်း နိုင်ခဲ့ပါသည်၊

(ဂ) အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံများကို စိစစ်သုံးသပ်ခြင်းတွင် စီမံကိန်းနှင့်ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့မှ ဖွဲ့စည်းပုံ အစည်းအဝေးများကို ကျင်းပခဲ့ပြီး အရာထမ်းရာထူး ၅,၆၅၈ နေရာ၊ အမှုထမ်းရာထူး ၂၇,၉၉၄ နေရာ၊ စုစုပေါင်း ရာထူး ၃၃,၆၅၂ နေရာတို့ကို စစ်ဆေးထောက်ခံခြင်းများ ဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းသစ်

၂၆,၁၃၁ ဦး ခန့်ထားရေးနှင့် သဘောထား မှတ်ချက်ပြန်ကြားခြင်း ၄၀ ခု တို့ကို ပြန်ကြားပေးခဲ့ပါသည်။

(ဃ) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Public Finance Management (PFM) ကို မူဝါဒအခြေပြု ဘတ်ဂျက်စနစ်မှ စွမ်းဆောင်ရည် အခြေပြု ဘတ်ဂျက် စနစ်သို့ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဘတ်ဂျက် သုံးသပ်မှုလုပ်ငန်းစဉ်ကို Pilot Project သတ်မှတ်၍ သုံးသပ်မှုများ ပြုလုပ်ခဲ့ပါသည်။

(င) မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနရုံး အဆောက် အဦသို့ သွားရောက်၍ စာရင်းလွှဲပြောင်း လက်ခံစိစစ်ခြင်းနှင့် စိစစ်ပြီးမှတ်တမ်း များအား အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ လွှဲပြောင်းပေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

(စ) နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး နှီးနှောဖလှယ်ပွဲ (TVET Forum) ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာနတွင် ကျင်းပ ခဲ့ပါသည်။

(ဆ) အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

(ဇ) အမျိုးသားပညာရေး ရည်မှန်းချက်များ၊ ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ သင်ရိုးညွှန်းတမ်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းစေရန် အမျိုးသားသင်ရိုး ညွှန်းတမ်း ကော်မတီကို ၂၀၁၆ ခုနှစ်၊နိုဝင်ဘာလ ၉ ရက်တွင် ဖွဲ့စည်းခဲ့ပါသည်။

(ဈ) အမျိုးသားအဆင့် အရည်အသွေးသတ်မှတ်မှုဘောင် ပြဋ္ဌာန်းနိုင်ရေးနှင့် ပညာရေး အဆင့်အတန်း အရည်အသွေးအာမခံမှုစနစ် ထူထောင်နိုင်ရန် အမျိုးသား အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။

(ည) ကျန်းမာရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်လျက်ရှိသည့် ဥပဒေ(မူကြမ်း)များကို ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။

(ဋ) မြန်မာနိုင်ငံဆေးပညာနှင့် ဆေးပညာနှီးနွယ်ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်ဆိုင်ရာ ဥပဒေ(မူကြမ်း)အား အမျိုးသားပညာရေး ဥပဒေ၊ အဆင့်မြင့်ပညာရေး ဥပဒေတို့နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

(ဌ) The Lunacy Act အား ခေတ်နှင့်လျော်ညီစွာ စိတ်ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေအဖြစ်အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိသည်။

(ဍ) ဆေးပစ္စည်းကိရိယာ ဥပဒေ(မူကြမ်း)အား ပြည်ထောင်စု လွှတ်တော်သို့ တင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

(ဎ) မြန်မာနိုင်ငံလူဝင်မှု ကြီးကြပ်ရေးဥပဒေ(မူကြမ်း) ပြင်ဆင်ရေးဆွဲပြီး၊ ဥပဒေ (မူကြမ်း) အား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

(ဏ) နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး နှစ်ရှည်စီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁) အား နိုင်ငံတော်ဘဏ္ဍာငွေ အပြင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) စီးပွားရေးနှင့်ဆက်နွယ်ရာ စီမံခန့်ခွဲမှုတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

(ခ) နိုင်ငံတကာအသိအမှတ်ပြု ခေတ်မီအခွန်ဌာနတစ်ခု ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိရာ အခွန်စည်းကြပ်သည့်စနစ်(OAS)မှ အခွန်ထမ်း ကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်(SAS)သို့ ပြောင်းလဲရန်၊ ကုန်သွယ်လုပ်ငန်းခွန်အား ကုန်စည်နှင့်ဝန်ဆောင်မှုခွန်သို့ ပြောင်းလဲရန်နှင့် အခွန်ဆိုင်ရာစီမံခန့်ခွဲမှု နှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာဥပဒေ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဂ) ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပုံမှန်အခွန်ကောက်ခံမှု လုပ်ငန်းများအပြင် အထူးကုန်စည်ခွန်များကိုပါ ကောက်ခံ ဆောင်ရွက်ပေးခြင်းနှင့် Online Government/Online Department အဖြစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဃ) ကျပ်(၅၀၀)တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ခုနှစ်၊ မတ်လ(၁)ရက်နေ့မှ စတင်၍ ရောင်းချခဲ့ပါသည်။

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲတွင် ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ယူရိုငွေသန်း ၆၀ အထိ တိုးမြှင့်ထောက်ပံ့ရန်နှင့် စိုက်ပျိုးရေးကဏ္ဍ ထပ်မံတိုးချဲ့ရန် ကူညီထောက်ပံ့မည်ဖြစ်ကြောင်း အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

(စ) အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းနှင့် မူးယစ်ဆေးဝါး တရားမဝင် ကူးသန်းရောင်းဝယ်ခြင်းဆိုင်ရာ ဘင်းမ်စတက် ကွန်ဗင်းရှင်းအား မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေး ထိုးခဲ့ပါသည် ။

(ဆ) အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးမှုအတွက် ပြင်ဆင်ရေးဆွဲလျက်ရှိသော Green Economy Policy Framework (zero draft) နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍမှအကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်လျက်ရှိသော - မူဝါဒ၊ ရည်မှန်းချက်၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ နှစ်ရှည် နှစ်တိုစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်ပြီး ဆွေးနွေး ဆောင်ရွက်ခဲ့ပါသည် ။

(ဇ) စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ၏ Multi-dimentional Review of Myanmar Third Phase အစီရင်ခံစာ စာအုပ်အား ထုတ်ဝေခဲ့ပါသည်။

(ဈ) အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက် ရရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) များ ကျင်းပ ပြုလုပ်ခြင်း၊ သွားလာရန် ခက်ခဲသည့်ဒေသများသို့ Mobile Team ဖြင့် ကွင်း ဆင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

(ည) လုပ်သားအင်အားစစ်တမ်း နှစ်စဉ်ကောက်ယူနိုင်ရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ILO တို့တွေ့ဆုံဆွေးနွေး၍ ဆောင်ရွက်လျက်ရှိပါသည်။

(ဋ) ၂၀၁၄ ခုနှစ်၊ လူဦးရေ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များအား အသုံးပြု၍ လုပ်သားအင်အားစာတမ်း(အစီရင်ခံစာ)အတွက် လိုအပ်သော မြေပုံများကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး၊ နေပြည်တော်ရှိ ထင်ရှားသည့် အမှတ် အသားနေရာများအား Global Positioning System (GPS)ကို အသုံးပြု၍ ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

(ဌ) ၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်း အက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေ(အလုပ်သမားနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ၊ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေတို့ကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။

(ဍ) ကိုးရီးယားသမ္မတနိုင်ငံ Employment Permit System (EPS) သို့သွားရောက်မည့် အလုပ်သမားများအား HRD-Korea နှင့် အစိုးရ ပြည်ပ အလုပ်အကိုင် အေဂျင်စီတို့ ပူးပေါင်းပြီး လုပ်ငန်းခွင်အကြိုသင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။

(ဎ) အရှေ့အလယ်ပိုင်းဒေသ၊ ယူအေအီးနိုင်ငံနှင့် ကာတာနိုင်ငံများသို့ အလုပ်သမား စေလွှတ်လျက်ရှိရာ ယူအေအီးနိုင်ငံသို့ ၂၁၄ ဦးနှင့် ကာတာနိုင်ငံသို့ ၁၃၁ ဦးတို့ စေလွှတ်ခဲ့ပါသည်။

(ဏ) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေလျက်ရှိသောနိုင်ငံပိုင် သတင်းစာများဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့ကို ပုံနှိပ်ထုတ်ဝေခြင်းအပြင် Digital Newspaper အဖြစ် ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ရိုးရိုးဘွဲ့ရကျောင်းသား ၃၂,၈၃၀ ဦး၊ အဝေးသင်ဘွဲ့ရ ကျောင်းသား ၄၀,၀၀၀ ဦး၊ ဘွဲ့လွန်ဘွဲ့ရကျောင်းသား ၁,၄၂၂ ဦး၊ ပါရဂူဘွဲ့ ၁၄၉ ဦး၊ B.Ed (တိုက်ရိုက်) ဘွဲ့ရကျောင်းသား ၆၀၀ ဦး၊ B.Ed

(ပေါင်းကူး) ဘွဲ့ရကျောင်းသား ၅၀၀ ဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး လုပ်ငန်းခွင်အကြို ဒီပလိုမာသင်တန်း ၄,၅၀၀ ဦး၊ ပထမဘွဲ့ရရှိပြီး လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ကျွမ်းကျင်မှုဒီပလိုမာ သင်တန်း ၄,၂၀၀ ဦးနှင့် မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန်ဒီပလိုမာ သင်တန်း ၃၂၀ ဦး တို့ကို အသီးသီး မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

(ခ) ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသော ပညာရှင်များ ပိုမိုဖြည့်တင်းနိုင်ရန်အတွက် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ၂၁ ဦး၊ ဆေးလက်တွေ့ပါရဂူ ဘွဲ့ ၃၈ ဦး၊ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ ပါရဂူဘွဲ့ ၉ ဦး၊ ဒီပလိုမာဘွဲ့ ၁၀၁ ဦး၊ ဆေးပညာမဟာသိပ္ပံ ၄၃၄ ဦးနှင့် သူနာပြုမဟာသိပ္ပံ ၂၂ ဦးကို မွေးထုတ်ပေး နိုင်ခဲ့ပါသည်။

(ဂ) နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသရှိတိုင်းရင်းသားများ၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်းမှ ကျောင်းသား/ ကျောင်းသူ ၆,၃၀၅ ဦး၊ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် (စစ်ကိုင်း)မှ မဟာပညာရေးဘွဲ့ ၁၂ ဦး၊ ပညာရေးဘွဲ့ ၁,၂၈၈ ဦး၊ မူလတန်း ဆရာအတတ်ပညာ ဒီပလိုမာ ၁၀၈ ဦး စုစုပေါင်း ၁,၄၀၈ ဦး မွေးထုတ်ပေး ခဲ့ပါသည်။

(ဃ) ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)မှ ဝိဇ္ဇာ၊ သိပ္ပံနှင့် အင်ဂျင်နီယာ ဒီပလိုမာ ၁,၇၃၁ ဦး၊ မဟာအကြို ၆၁ ဦး စက်မှုလက်မှုပညာ သင်တန်းကျောင်း အခြေခံစက်ပြင် သင်တန်း၊ လျှပ်စစ်နှင့်ဂဟေသင်တန်း၊ လက်သမား၊ ပန်းရံနှင့်သံချည်သံကွေး သင်တန်းမှ သင်တန်းသား ၈၄၁ ဦး မွေးထုတ်ပေးနိုင် ခဲ့ပါသည်။

(င) ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)တွင် PTTEP International Limited (Yangon Branch)၏ ထောက်ပံ့ကူညီမှုဖြင့် လေအေးပေးစက်ပြုပြင်/တပ်ဆင် သင်တန်း၊ အခြေခံဂဟေဆက် အတတ်ပညာသင်တန်း၊ စစ်ဆေးရေးမှူးသင်တန်း၊ ကြီးကြပ်ရေးမှူး သင်တန်း (ပြင်ပ)၊ စစ်ဆေးရေးမှူးသင်တန်း (အုတ်စီ/သံချည်သံကွေး) သင်တန်း၊ (JICA)၏

အကူအညီဖြင့် ဆောက်လုပ်ရေးဆိုင်ရာ ကြီးကြပ်ရေးမှူး သင်တန်း၊ အခြေခံ လျှပ်စစ်သင်တန်း၊ နည်းပြသင်တန်းတို့ကို စုစုပေါင်း သင်တန်း ၂၁ ကြိမ် ဖွင့်လှစ်၍ သင်တန်းသား ၅၁၁ ဦးတို့ကို သင်ကြားခဲ့ပါသည်။

(စ) ပြည်ပထွက်ခွာမည့် သူများအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန် သင်တန်း (ကိုရီးယား) သင်တန်းကို သင်တန်းသား ၅,၀၀၇ ဦး၊ ပြည်ပအလုပ် အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း(အခြား)ကို သင်တန်းသား ၃,၆၂၄ ဦး၊ Predeparture သင်တန်း (မလေးရှား)ကို သင်တန်းသား ၂၅,၈၅၅ ဦး တို့ဖြင့် ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (မြောက်ဒဂုံနှင့်မန္တလေး) တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း (အခြား)ကို သင်တန်းသား ၆,၇၂၉ ဦး၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်း ကျောင်း(မန္တလေး)တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း (ကိုရီးယား)ကို သင်တန်းသား ၂၀ ဦး၊ အခြေခံဂဟေဆက် သင်တန်းကို သင်တန်းသား ၄၇၀ ဦးတို့ဖြင့် ဖွင့်လှစ် သင်ကြားပေးခဲ့ပါသည်။

(ဆ) လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းတွင် ဝန်ထမ်းများ ရုံးလုပ်ငန်း ဘတ်ဂျက် သင်တန်း Enterprise Administration and Local Planning ( Phase II) Management Review Meeting စိတ်လူမှုဆက်ဆံရေး သင်တန်း၊ မူးယစ် ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးသင်တန်း၊ မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးနှင့် စွမ်းဆောင်ရည် မြင့်မားရေးသင်တန်း၊ ဝန်ထမ်းများ ကွန်ပြူတာ အခြေခံသင်တန်း၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည် ထူထောင်ရေးသင်တန်း၊ စေတနာ့ ဝန်ထမ်းအရာရှိသင်တန်း၊ လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းစဉ် အသိပညာပေးသင်တန်း၊ အခမ်းနားမှူး သင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ Gender Awareness သင်တန်း၊ ဦးစီးအရာရှိသင်တန်းများအား ၁၆ ကြိမ် ဖွင့်လှစ်၍ သင်တန်းသား ၃၉၅ ဦး တက်ရောက်ခဲ့ပြီး ရှေးဦးအရွယ် ကလေး သူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(အခပေး) သင်တန်းများကို သင်တန်းသား ၇၇၀ ဦး သင်ကြားပေးခဲ့ပါသည်။

(ဈ) သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) (အခပေး) သင်တန်းမှ သင်တန်းသား ၆၇ ဦး၊ လူမှုကာကွယ် စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူငယ်များမွမ်းမံသင်တန်းမှ သင်တန်းသား ၇၃၂ ဦးအား သင်ကြားပေးခဲ့ပါသည်။

(ည) အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ရပ်ရွာအခြေပြု သင်တန်းများဖြစ်သော အခြေခံစက်ချုပ်၊ မော်တာသင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း၊ သီးယိုဆီစိမ်သင်တန်း၊ ပန်းအလှပြင်သင်တန်း၊ ကျားရုပ်အင်္ကျီသင်တန်း၊ မိန်းမဝတ်အဆင့်မြင့်သင်တန်း၊ မြန်မာ့အစားအစာ သင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား ၂,၀၇၅ ဦး အားသင်ကြားပေးခဲ့ပါသည်။

(ည) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများမှ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းများကိုလားရှိုးမြို့၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့၊ မြစ်ကြီးနားမြို့တွင် သင်တန်းသား (၁၃၀)ဦး အား သင်ကြားပေးခဲ့ပါသည်။

(ဋ) "သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်း"မှ "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု" အခြေခံသင်တန်းကို သင်တန်းသား ၇၃၀ ဦး၊ နည်းပြသင်တန်းကို သင်တန်းသား ၃၀၄ ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

(ဌ) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်နှင့်မန္တလေး) တို့၌ ဝိဇ္ဇာဘွဲ့ (ဂုဏ်ထူးတန်း) ဂီတ ၁၀၁ ဦး၊ သဘင် ၉၀ ဦး၊ ပန်းချီ ၉၆ ဦး၊ ပန်းပု ၂၃ ဦး၊ ရုပ်ရှင်နှင့်ပြဇာတ် ၄၆ ဦး စုစုပေါင်း ၃၅၆ ဦး၊ ဘွဲ့လွန်အနုပညာဒီပလိုမာ ဂီတ ၁၇၈ ဦး၊ သဘင် ၁၁၆ ဦး၊ ပန်းချီ ၁၄၇ ဦး၊ ပန်းပု ၇၄ ဦး၊ ပန်းတိမ် ၄ ဦး၊ ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာ ဒီပလိုမာ ၂၉၇ ဦး၊ ပြတိုက်ပညာ ဒီပလိုမာ ၂၆၇ ဦး၊ စာကြည့်တိုက်ပညာဒီပလိုမာ ၁၃၀ ဦး၊ အနုပညာကွန်ပျူတာဒီပလိုမာ ၂,၆၆၇ ဦး တို့ကို မွေးထုတ် ပေးနိုင်ခဲ့ပြီး အနုပညာအထက်တန်းကျောင်း(မန္တလေး)မှ ပန်တျာ ၁၆ ဦး၊ ပန်းချီပန်းပု ၆ ဦး စုစုပေါင်း သင်တန်းသား/ သင်တန်းသူ ၂၂ ဦး တို့ကို မွေးထုတ်ပေး နိုင်ခဲ့ပါသည်။

(ဥ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးသိပ္ပံဘွဲ့ရသူ ၂,၆၇၄ ဦး၊ စိုက်ပျိုးရေး မဟာသိပ္ပံဘွဲ့ရသူ ၄၅၂ ဦး၊ စိုက်ပျိုးရေးမဟာ ဒဿနဘွဲ့ရသူ ၇ ဦး၊ ပါရဂူဘွဲ့ရသူ ၃၅ ဦးနှင့် စိုက်ပျိုးရေး ဘွဲ့လွန် ဒီပလိုမာရသူ ၃၀ ဦး မွေးထုတ်ခဲ့ပြီး ဖြစ်ပါသည်။

(ဗ) မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ ပညာရည်မြင့်မား တိုးတက်စေရန်အတွက် ပါရဂူဘွဲ့သင်တန်းကို ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံများသို့ ၇ ဦး၊ မဟာသင်တန်းအတွက် ဂျပန် နိုင်ငံ သို့ ၁ ဦး၊ တရုတ်နိုင်ငံသို့ ၁၂ ဦး တို့ကို ပညာတော်သင်စေလွှတ် ခဲ့ပါသည်။

(ဏ) သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမတက္ကသိုလ် (သန်လျင်နှင့် စစ်ကိုင်း) တွင် ရိုးရိုး ဘွဲ့ရ ကျောင်းသား ၁,၀၉၁ ဦး နှင့် ဘွဲ့လွန်ဒီပလိုမာ ၄၇ ဦး၊ စုစုပေါင်း ၁,၁၃၈ ဦး၊ သမဝါယမကောလိပ် (ဖောင်ကြီးနှင့် မန္တလေး) တွင် ဒီပလိုမာဘွဲ့ရကျောင်းသား ၃၄၆ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ပုဂံမြို့ရှိ ယွန်းပညာကောလိပ်တွင် ယွန်းပညာဒီပလိုမာဘွဲ့ရကျောင်းသား ၂၉၁ ဦး မွေးထုတ်ပေး နိုင်ခဲ့ပါ သည်။

(တ) သစ်တောတက္ကသိုလ်တွင် ဘွဲ့ကြိုကျောင်းသား/ကျောင်းသူ ၄၂၅ ဦးနှင့် ဘွဲ့လွန် မဟာသင်တန်း ၂၀ ဦး တက်ရောက်သင်ကြားခဲ့ပြီး မြန်မာနိုင်ငံသစ်တောကျောင်း ပြင်ဦးလွင်မြို့ တွင်အခြေခံသစ်တောပညာ သင်တန်း ၁ ကြိမ် ဖွင့်လှစ်ပြီး သင်တန်းသား ၇၈ ဦး၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ရေး ပညာပေး ဌာန (မှော်ဘီ)နှင့် (ပုသိမ်ကြီး) သင်တန်းကျောင်းခွဲ တို့တွင် သင်တန်း ၁၆ မျိုးကို ၂၇ ကြိမ် ဖွင့်လှစ်၍ သင်တန်းသား ၈၄၈ ဦးတို့အား သင်ကြားပို့ချ ပေးခဲ့ပါသည်။

(ထ) မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုဆိုင်ရာနှင့် မွမ်းမံ သင်တန်းများကို လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ် (၁) နန်ချွန်သင်တန်း သား ၂၆၉ ဦး၊ လေ့ကျင့်ရေး သင်တန်းကျောင်းအမှတ်(၂) နေပြည်တော်မှ သင်တန်းသား ၉၅ ဦးနှင့် သင်တန်းကျောင်း အမှတ် (၃) ရန်ကုန်တွင် သင်တန်းသား ၂၁၀ ဦးတို့ကို သင်ကြားပို့ချခဲ့ပါသည်။

(ဒ) ပြင်ဦးလွင် မြေတိုင်းကျောင်းတွင် အခြေခံနှင့်တန်းမြင့် မြေတိုင်းပညာ သင်တန်း များ ဖွင့်လှစ်ပြီး သင်တန်းသား ၅၉ ဦးတို့အား သင်ကြား ပို့ချပေးခဲ့ပါသည်။

(ဓ) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ရေကြောင်းသိပ္ပံ ၅၄၂ ဦး၊ ရေကြောင်းအင်ဂျင်နီယာ ၅၃၅ ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ် ၃၄ ဦး၊ ရေယာဉ်တည်ဆောက်မှုနှင့် အဏ္ဏဝါအင်ဂျင်နီယာ ၅၇ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာ ၄၆ ဦး၊ မြစ်ချောင်းနှင့်ကမ်းရိုးတန်း အင်ဂျင်နီယာ ၁၄ ဦး၊ စုစုပေါင်း ၁,၂၂၈ ဦး ကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

(န) နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် MobileVocational Training "စက်မှုနှင့်သက်မွေးပညာ ရွေ့လျားသင်တန်း" အစီအစဉ်ဖြင့် စက်မှုနှင့်သက်မွေးပညာ ရက်တိုသင်တန်းများကို လေ့ကျင့်သင်ကြားပေးခဲ့ရာ ရွေ့လျားသင်တန်း ၉ ကြိမ် ဖွင့်လှစ်ခဲ့ပြီး၊ စုစုပေါင်း သင်တန်းသား ၁,၀၂၈ ဦး အား သင်ကြားပေးနိုင်ခဲ့ပါသည်။

(ပ) စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် Myanmar Sankou Co. Ltd. တို့ပူးပေါင်း၍ အမှတ် (၂) စက်မှုသင်တန်း ကျောင်း(မန္တလေး)တွင် ဂျပန်ဘာသာစကားနှင့် စက်မှုဆိုင်ရာ ဘာသာရပ်များအား(၁)နှစ် သင်တန်းများကို သင်တန်း ၅ ကြိမ် ဖွင့်လှစ်ပြီး သင်တန်းသား ၁၄၂ ဦး နှင့် အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး) နှင့် အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တို့တွင် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB) ၏ အကူအညီဖြင့် ကျွမ်းကျင်မှု အခြေပြုကာလတို (၃)လ သင်တန်းများအဖြစ် ဖွင့်လှစ်ပေးခဲ့ရာ သင်တန်းသား ၂၃၄ ဦး တို့ကို မွေးထုတ် ပေးခဲ့ပါသည်။


(ဖ) သတ္တုနှင့်အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီအနေဖြင့် ကျွမ်းကျင်မှုအဆင့်(၁)တွင် ၁၇၂ ဦးနှင့် ကျွမ်းကျင်မှု အဆင့်(၂)တွင် ၃၇ ဦး တို့ကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ပြီး (ADB)၏ နည်းပညာ အကူအညီဖြင့် စွမ်းအင်သုံးစွဲမှု စစ်ဆေးခြင်း (Energy Audit) သင်တန်း Module (1) မှ (4) အထိဖွင့်လှစ်၍ သင်တန်းသား ၁၂ ဦးကို နည်းပညာ ဖြန့်ဝေပေးခဲ့ပါသည်။

**ငွေးရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍသည် ပုဂ္ဂလိက ပိုင်လုပ်ငန်းများ အများဆုံးပါဝင်သော ကဏ္ဍဖြစ်ပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ နေ့ကလေးထိန်းလုပ်ငန်း၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင် လုပ်ငန်း၊ အလှပြင် ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Shopping Center ၊ နိုင်ငံခြားဧည့်ကြိုစကားပြန် လုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းများအပါအဝင် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်း များ ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၁၁၆,၈၀၀.၄ သန်း အကောင် အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၂.၃ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ ပါသည်။

**၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၃၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၁၅၉,၀၃၇.၁ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၂.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်းများအရ** ၁၂.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှုကဏ္ဍအနေဖြင့် ပညာရေးဝန်ဆောင်မှုတွင် ပုဂ္ဂလိကကျောင်း ၄၂၇ ကျောင်း၊ဘော်ဒါဆောင်လုပ်ငန်း ၃,၃၅၉ ခု၊ Day Special လုပ်ငန်း ၁,၈၇၈ ခု၊ နေ့ကလေးထိမ်းလုပ်ငန်းဦးရေ ၂,၁၂၁ ခု၊ ကျန်းမာရေးဝန်ဆောင်မှုတွင် ပုဂ္ဂလိကဆေးရုံ ၂၃၀ ရုံ၊ ဆေးကုသခန်း ၅,၅၂၉ ခု၊ တိုင်းရင်းဆေးကုသခန်း ၉၁၇ ခု၊ သွားဆေးကုသခန်း ၉၉၃ ခု ဖြင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ)တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုအနေဖြင့် ခရီးသည် ၃,၀၇၉,၂၇၂ ဦး ဝင်ရောက်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလထက် လျော့နည်းခဲ့ပါသည်။ ကိန်းဂဏန်းများ ကောက်ယူရာတွင် ကောက်ယူသည့်နည်းစနစ် ပြောင်းလဲလိုက်ခြင်းနှင့် နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်မှု လျော့နည်းသွားခြင်းတို့ကြောင့် ခရီးသည်ဝင်ရောက်မှု ပမာဏလျော့နည်းခဲ့သော်လည်း ကမ္ဘာလှည့်ခရီးသည်များ သုံးစွဲခဲ့သည့်ဝင်ငွေမှာ US$ ထောင်ပေါင်း ၂,၂၆၆,၅၉၇ ရရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလထက် US$ ထောင်ပေါင်း ၁၁၀,၆၉၈ တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ) ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပေးခဲ့သော လိုင်စင်များမှာ-

ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်အနေဖြင့် ပြည်တွင်းပုဂ္ဂလိကပိုင်လုပ်ငန်း ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၄၄ လုံးနှင့် အခန်း ၆,၁၆၉ ခန်း အား လုပ်ငန်းလိုင်စင်များ ခွင့်ပြု ထုတ်ပေးခဲ့ပါသည်။

ပို့ဆောင်ရေးလုပ်ငန်း လိုင်စင်အနေဖြင့် မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များအား ပို့ဆောင်ပေးနိုင်ရန်အတွက် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၁,၉၇၀ ခု အား လုပ်ငန်း လိုင်စင်များခွင့်ပြု ထုတ်ပေးခဲ့ပါသည်။

ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်အနေဖြင့် ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေး ကုမ္ပဏီ များအား စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်း လိုင်စင်များ ခွင့်ပြုပေး လျက်ရှိရာ Inbound Tour လုပ်ငန်းအတွက် ၆၀၄ ခု နှင့် Outbound Tour

လုပ်ငန်းအတွက် ၂၇၆ ခု၊ စုစုပေါင်း ၈၈၀ ခု တို့အား လုပ်ငန်းလိုင်စင်များ ခွင့်ပြု ထုတ်ပေးခဲ့ပါသည်။


ဧည့်လမ်းညွှန်လိုင်စင် အနေဖြင့်ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့လာရောက် လည်ပတ်သည့် ကမ္ဘာလှည့် ခရီးသည်များအား ၎င်းတို့၏ဘာသာစကားဖြင့် ရှင်းလင်းပြောကြား ရန်အတွက် သက်ဆိုင်ရာဘာသာရပ် ဧည့်လမ်းညွှန် (ဒေသဆိုင်ရာ ဧည့်လမ်းညွှန် အပါအဝင်) ၁,၁၈၇ ဦးအား လိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ) အကောင်အထည် ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ(၄-၃၉)

### ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းများဖြစ်သော ပညာရေးဝန်ဆောင်မှုတွင် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကကျောင်း ၅၅ ကျောင်း၊ Day Special ၂၆၈ ခု၊ ဘော်ဒါဆောင် ၂၅၇ ခု၊ နေ့ကလေးထိန်း(မူကြို) ၉၆ ကျောင်း နှင့် ကျန်းမာရေး ဝန်ဆောင်မှုတွင် ပုဂ္ဂလိကဆေးရုံ ၉ ရုံ၊ သွားဆေးကုသခန်း ၁၂ ခု ယခင်နှစ်ထက် ပိုမိုတိုးတက် ခဲ့ပြီး ဝင်ငွေများလည်း တိုးတက်ခဲ့ပါသည်။

ဝန်ဆောင်မှု လုပ်ငန်းများဖြစ်သော အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Sky Net ၊ 5 Movies ရုပ်သံလိုင်းများ၊ ဆံပင်ညှပ်ဆိုင်လုပ်ငန်းများ၊ အိမ်ငှားဝန်ဆောင်မှု လုပ်ငန်းများ၏ ဝန်ဆောင်နိုင်မှုဝင်ငွေများ တိုးတက်ခဲ့ခြင်းကြောင့် စီမံကိန်းရည်မှန်းချက် အပေါ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းပြည့်မီခဲ့ပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ရေး၊ ပို့ကုန်တိုးချဲ့မြှင့်တင်ရေး ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာအသုံးပြု၍ ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့် ပူးပေါင်း၍ ကုန်သွယ်မှု တိုးချဲ့ရေး၊ ကုန်သွယ်မှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊ ပြည်တွင်းစားသုံးမှုနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော အရေးကြီးကုန်စည်များ ဖူလုံရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေလွယ်ကူ ချောမွေ့စေရန် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများအပေါ် အခြေခံပြီး စီးပွားရေးမူဝါဒနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များအား ချိတ်ဆက်၍ ကုန်သွယ်မှုမြှင့်တင်ရေး (Trade Promotion)၊ ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေး (Trade Liberalization)၊ ကုန်သွယ်မှုပညာပေးရေး(Trade Education)နှင့် စားသုံးသူအကာအကွယ်ပေးရေး(Consumer Protection) ဟူ၍ ကဏ္ဍ (၆) ရပ်ခွဲခြားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၁၆,၁၂၀,၁၇၂.၂ သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ ၆.၇ % တိုးတက်ရန် ရည်မှန်းထားပါသည်။

## ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်းများ** ဖြင့် ကျပ် ၁၅,၇၁၆,၇၉၂.၉ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၇.၅ % အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၇.၀ % တိုးတက်ခဲ့ပါသည်။

### ပြည်ပကုန်သွယ်ရေးအခြေအနေ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်ပကုန်သွယ်မှု တန်ဖိုး (ပို့ကုန်တွင် Re-export အပါအဝင်) အမေရိကန်ဒေါ်လာ ၃၁,၃၉၅.၀ သန်း (ကျပ် ၄၀,၃၄၂,၅၇၅.၀ သန်း) ရည်မှန်းထားပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ) တွင် အကောင်အထည်ဖော်မှုမှာ ပြည်ပ ပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၁,၆၆၃.၂ သန်း (ကျပ် ၁၄,၆၈၅,၉၅၁.၅ သန်း) ရရှိခဲ့ပြီး၊ ပြည်ပသွင်းကုန် အမေရိကန်ဒေါ်လာ ၁၇,၁၇၉.၉ သန်း (ကျပ် ၂၁,၆၃၂,၄၁၄.၇ သန်း)၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈,၈၄၃.၁ သန်း (ကျပ် ၃၆,၃၁၈,၃၆၆.၂ သန်း)

ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်အပေါ် ၉၁.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၂,၉၇၂.၁ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂,၉၄၀.၄ သန်း၊ စက်မှုကုန်ချောပစ္စည်းများ အမေရိကန်ဒေါ်လာ ၂,၆၃၇.၀ သန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၈၉၆.၉ သန်း၊ ရေထွက်ပစ္စည်းများ အမေရိကန် ဒေါ်လာ ၅၈၁.၃ သန်း၊ သစ်တောထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂၄၄.၅ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၉.၁ သန်းနှင့် အခြားပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၃၈၁.၉ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁,၆၆၃.၂ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ) တွင် ရင်းနှီး ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၆,၉၂၉.၂ သန်း၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန် ပစ္စည်းများ အမေရိကန်ဒေါ်လာ ၆,၅၁၉.၂ သန်း၊ လူသုံးကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၃,၇၃၁.၅ သန်း၊ စုစုပေါင်းအမေရိကန် ဒေါ်လာ ၁၇,၁၇၉.၉ သန်း တင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၃၇.၂ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံနှင့် ၁၄.၈ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံနှင့် ၁၀.၃ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံနှင့် ၇.၀ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံနှင့် ၆.၇ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံနှင့် ၃.၄ ရာခိုင်နှုန်း အသီးသီးကုန်သွယ်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန် အများဆုံးတင်ပို့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄,၉၆၉.၁ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂,၂၀၄.၃ သန်း၊ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၉၄၃.၅ သန်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၈၄.၃ သန်းနှင့် စင်္ကာပူနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၇၂.၈ သန်း ဖြစ်ပါသည်။

အများဆုံးတင်ပို့သည့် ပို့ကုန်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်၊ သကြား၊ မတ်ပဲ၊ ဆန်၊ ကျောက်စိမ်းနှင့် ပဲတီစိမ်းတို့ဖြစ်ကြပါသည်။

သွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၅,၇၆၆.၈ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂,၄၉၄.၃ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂,၀၇၂.၅ သန်း၊ ဂျပန်နိုင်ငံမှအမေရိကန်ဒေါ်လာ ၁,၂၄၇.၅ သန်း၊ အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၉၉.၈ သန်း၊ မလေးရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၈၂၁.၄ သန်း တင်သွင်းပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅,၅၁၆.၇ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

အများဆုံး တင်သွင်းသည့် သွင်းကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ အခြားစက်နှင့် စက်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် မော်တော်ဆိုင်ကယ် များတို့ ဖြစ်ကြပါသည်။

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် ပို့ကုန်ကဏ္ဍသည် နိုင်ငံတော်၏ အခွန်အကောက်ရရှိရေး၊ ထုတ်လုပ်သူများ ဝင်ငွေနှင့် အလုပ်အကိုင်ရရှိရေး၊ ကုန်သွယ်ကူးသန်းသူများ အကျိုးအမြတ်ရရှိရေးအတွက် အဓိကကျပါသည်။ ပို့ကုန်များကို ခိုင်မာသည့် ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါသည်။


တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၄၂)

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ကယားပြည်နယ်၏ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း စသည့်သီးနှံများကို မန္တလေးမြို့သို့ တင်ပို့ရောင်းချလျက်ရှိခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ငရုပ်သီးခြောက်၊ ကြက်သွန်နီ၊ အာလူးစသည့် စားဖိုဆောင်သုံးပစ္စည်းများကို မယ်စဲ့မြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချပြီး မျက်နှာကျက်အမိုးပြား၊ ဘိလပ်မြေ၊ လျှပ်စစ်ပစ္စည်း၊ ပလတ်စတစ်ဖျာ၊ ဖိနပ် စသည့်ပစ္စည်းများ ဝယ်ယူတင်သွင်းရောင်းချခြင်း၊ တရုတ်နိုင်ငံမှ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ဆိုင်ကယ်နှင့် အပိုပစ္စည်းများ၊ လယ်ယာသုံး စက်ကရိယာနှင့် အပိုပစ္စည်းများ၊ လုပ်ငန်းသုံးသယ်ယူပို့ဆောင်ရေးယာဉ်များ ဝယ်ယူရောင်းချလျက်ရှိပြီး ကုန်ပစ္စည်းများတိုးတက်ကုန်သွယ်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။

ချင်းပြည်နယ်၊ သားငါးကဏ္ဍ ပုဂ္ဂလိကပိုင်အခန်းတွင် ကျွဲနွားနို့၊ သိုးဆိတ်သားရေ၊ အမဲသား၊ ဆိတ်သား၊ ဝက်သား၊ ကြက်သား၊ ဘဲသား၊ ကြက်ဥ၊ ဘဲဥ စသည်တို့ ပိုမိုထုတ်လုပ်လာနိုင်ခြင်း၊ သတ္တုကဏ္ဍတွင် လမ်းခင်းကျောက်၊ ကျောက်စရစ်နှင့် သဲထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်း၊ စက်မှုလက်မှုကဏ္ဍ၏ ဇုန်ပြင်ပလုပ်ငန်းဖြစ်သော ဝဥခြောက်သည် ယခင်နှစ်တွင် ထုတ်လုပ်မှုမရှိဘဲ ယခုနှစ်တွင် ထုတ်လုပ်နိုင်လာခြင်း၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်းများ၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ကုန်သွယ်မှုကဏ္ဍတိုးတက်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ လယ်ယာကဏ္ဍတွင် မတ်ပဲ၊ ပဲလွမ်း၊ ကြက်ပေါင်စေး၊ ကွမ်းသီး၊ ကွမ်းရွက်၊ အုန်းသီး၊ ငရုတ်ကောင်း၊ ပီလောပီနံစသည့် သီးနှံများ ပိုမိုထွက်ရှိလာခြင်း၊ သားငါးကဏ္ဍတွင် ငါးနှင့် အခြားရေထွက်ပစ္စည်းများ ပိုမိုထွက်ရှိလာခြင်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ခဲမဖြူအဖြိုက်နက်ရောရော မဂ္ဂနီဒိုင်အောက်ဆိုဒ်၊ ဂေါ်ဒန်ကျောက်နှင့် ထုံးကျောက်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ခြင်း၊ စက်မှုလက်မှုကဏ္ဍတွင် မြိတ်မြို့နယ် စက်မှုဇုန်ရှိ လုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်း၊ ကုန်စည်စီးဆင်းမှုများ ပိုမိုများပြားလာခြင်း၊ စက်မှုဇုန်ပြင်ပရှိ စားသောက်ကုန်လုပ်ငန်းဖြစ်သော ဒေသထွက် မုန့်မျိုးစုံ၊ မျှင်ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ မုန့်ဟင်းခါး၊ ငါးအအေးခန်း လုပ်ငန်းများ၊ အခြားသော ရေထွက်ကုန်များ၊ အုတ်၊ ပရိဘောဂလုပ်ငန်းများ၊ တိုးတက်ထုတ်လုပ်လာနိုင်ခြင်း၊ မြိတ်၊ ကော့သောင်း၊ ထီးခီး၊ မောတောင် စသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှု အရှိန်အဟုန်မြှင့်တင်လာနိုင်ခြင်းတို့ကြောင့် ကုန်သွယ်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ လယ်ယာကဏ္ဍတွင် မတ်ပဲ၊ ပဲစဉ်းငုံ၊ ကုလားပဲ စသည့်သီးနှံများ ပိုမိုစိုက်ပျိုး ထွက်ရှိခဲ့ခြင်း၊ ကြက်ပေါင်စေးစိုက်ပျိုးမှု တိုးတက်ခဲ့ပြီး ဈေးနှုန်းများမြင့်တက်၍ အစေးလှီးမှု များပြားလာခြင်း၊ သားငါးကဏ္ဍတွင် ငါးကန်တိုးချဲ့မွေးမြူခြင်း၊ နွားမျိုးကောင်း မျိုးသန့်များဖြင့် မျိုးမြှင့်သားစပ်ခြင်း၊ ငါးများတွင် ကျရောက်တတ်သော ရောဂါများ ကြိုတင်ကာကွယ်ခြင်း၊ စက်မှုလက်မှုကဏ္ဍတွင် ရွှေတောင်ချည်မျှင်နှင့် အထည်စက်ရုံ၊ အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ)တို့မှ လက်တွန်းထွန်စက်များ ပိုမိုထုတ်လုပ်နိုင်ခြင်း၊ အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) မှ Disc Plough Drilling Machine များ၊ ခြောက်သွားထယ်နှင့် Transplanter အမယ်သစ်များ တိုးတက်ထုတ်လုပ်နိုင်ခြင်း၊ ပုဂ္ဂလိကပိုင်အခန်းမှ သောက်ရေ

သန့်လုပ်ငန်း၊ အထည်ချုပ် ထုတ်လုပ်မှု၊ အုတ်ထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ငါးပုစွန်ထုတ်လုပ်မှုကို နည်းပညာနှင့် နည်းစနစ်များ ပြောင်းလဲဆောင်ရွက်ခြင်း၊ သဘာဝဒီရေဖြင့် ပါရှိလာသော သားပေါက်များ ဝင်ရောက်လာမှုကို တာရိုးဆည်ဖို့ ပိတ်လှောင်မွေးမြူရေးစနစ် (မိရိုးဖလာ မွေးမြူနည်းစနစ်) မှ သားပေါက်ထည့်သွင်း မွေးမြူသည့် စနစ် (Extensive Plus System) သို့ အသွင်ကူးပြောင်းမွေးမြူလာခြင်းကြောင့်၊ ငါးပုစွန်ထုတ်လုပ်နိုင်မှု တိုးတက်လာပြီး အခြား တိုင်းဒေသကြီး/ပြည်နယ်များသို့ ပို့ကုန်အနေဖြင့် တင်ပို့ရောင်းချနိုင်ခဲ့ခြင်း၊ လယ်ယာထွက်ကုန် များအနေဖြင့် မတ်ပဲစိုက်ပျိုးထုတ်လုပ်ခြင်းကို သီးထပ်အနေဖြင့် တောင်သူများက တိုးချဲ့စိုက်ပျိုး လာခဲ့ခြင်းကြောင့် မတ်ပဲသီးနှံအား ပို့ကုန်အနေဖြင့် ပိုမိုတင်ပို့နိုင်ခဲ့ခြင်း၊ စစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့သည့် ပစ္စည်းများတွင် ဂျင်းအစို၊ ဇီးသီး ခြောက်၊ မန်ကျည်းစေ့၊ နနွင်းတက်၊ ရေထွက်ကုန်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ပိုမို တင်ပို့နိုင်ခဲ့ခြင်း၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လဲမှို၊ မန်ကျည်း စေ့၊ ငါးစုံလေးခြောက်၊ ရေငန်ပုစွန်၊ ဝါး၊ ကြိမ် စသည့် ပစ္စည်းများ ပိုမို တင်ပို့နိုင်ခဲ့ခြင်း တို့ကြောင့် ကုန်သွယ်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။

ရှမ်းပြည်နယ်၊ သားငါးကဏ္ဍတွင် အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှု၊ မွေးမြူရေးငါးတို့ကို ဒေသတွင်း ပိုမိုထုတ်လုပ်တင်ပို့နိုင်ခြင်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ထုံးကျောက်၊ သွပ်နှင့် ရောရာသတ္တုရိုင်း၊ ကျောက်မီးသွေး၊ ဂေါဒန်ကျောက်၊ အခြားကျောက်နှင့် တွင်းထွက် ပစ္စည်းတို့အား ပိုမိုထုတ်လုပ်တင်ပို့နိုင်ခြင်း၊ စက်မှုလက်မှုကဏ္ဍတွင် ပါဝင်သော ဒေသထွက် စားသောက်ကုန်များ ရိုးရာဝတ်စုံအဝတ်အထည်များ၊ ဝါးခမောက်နှင့် မှိုင်းခံစက္ကူတို့ တိုးတက် ထုတ်လုပ်နိုင်ခဲ့ခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ တာချီလိတ်၊ ချင်းရွှေဟော်၊ မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပိုမိုကုန်သွယ်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုကဏ္ဍ တိုးတက် ခဲ့ပါသည်။

ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပကုန်သွယ်မှုများတွင် အဓိကအားဖြင့် အိမ်နီးချင်း ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်းတန်ဖိုး

မတည်ငြိမ်မှု၊ ပို့ကုန်စျေးနှုန်းနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ပြည်တွင်းထုတ်လုပ်မှုနှင့် ပို့ကုန်လုပ်ငန်းရှင်များအပေါ် အကျိုးသက်ရောက်နိုင်ပါသည်။

ကမ္ဘာ့ဆန်စျေးကွက်ရရှိရန် ဆန်ဝယ်သည့် နိုင်ငံများနှင့် ပြန်လည်ချိတ်ဆက်နိုင်ရေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ဆန်စပါး လုပ်ငန်းရှင်များ လိုက်ပါပြီး ထိုင်းနိုင်ငံတွင် ကျင်းပသည့် (၈) ကြိမ်မြောက် ကမ္ဘာ့ဆန်စပါးညီလာခံမှ တစ်ဆင့် အဆက်အသွယ်ပျက်သွားခဲ့သည့် အာဖရိက ဆန်စျေးကွက်အပါအဝင် ကမ္ဘာ့ဆန်စျေးကွက်ကို ပြန်လည်ချိတ်ဆက်နိုင်ခဲ့ပြီး အာဖရိကနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၃ နိုင်ငံအထိ စျေးကွက်အသစ်များ ရရှိခဲ့ပါသည်။

**ဖြေလျှော့ပေးမှုများနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စ၍ ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်ရေးမူဝါဒ ၅ ရပ်နှင့်အညီ လုပ်ငန်းစဉ် ၁၁ ရပ်ပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတကာကုန်သွယ်မှုတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအားလုံး လိုက်နာဆောင်ရွက်ရသည့် သဘောတူညီချက်များတွင် မြန်မာနိုင်ငံအနေဖြင့် လိုက်ပါ ဆောင်ရွက်လျက်ရှိပါသည်။ ယှဉ်ပြိုင်မှုဥပဒေ၊ နည်းဥပဒေ ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းများ၊ e-Government လုပ်ငန်းများ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးကိစ္စများ၊ မူဝါဒဆိုင်ရာ ဖြေလျှော့ပြောင်းလဲမှုများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ဆက်နွယ်နေသောလုပ်ငန်းများ၊ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများ၊ နှစ်နိုင်ငံကုန်သွယ်မှု ဆက်ဆံရေး လုပ်ငန်းများ၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းများ၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းများ၊ ပြည်တွင်း/ပြည်ပကုန်စည်ပြပွဲများ၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။

UMFCCI မှ ရရှိခဲ့သည့် သဘောထားမှတ်ချက်များ၊ ပြည်ပမှ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများ အကြံပြုဆွေးနွေးချက်များကို အခြေခံ၍ ယှဉ်ပြိုင်မှုနည်းဥပဒေ (မူကြမ်း) ကို ထပ်မံပြင်ဆင်ကာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပါသည်။

ယှဉ်ပြိုင်မှုနည်းဥပဒေ အကောင်အထည်ဖော်ရေးအစီအစဉ် CLIP(II)- Competition Law Implementation Program အရ မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များကို အကူအညီပေးရန် ဩစတြေးလျ၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူရေးရာကော်မရှင်မှ ဘာသာရပ် ကျွမ်းကျင်သူ တစ်ဦး လာရောက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မူဆယ်မြို့၊ တာချီလိတ်မြို့၊ ကျိုင်းတုံမြို့၊ မုံရွာမြို့၊ မြိတ်မြို့နှင့် မြဝတီမြို့များတွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရဝန်ထမ်းများအတွက် လက်ရှိမြန်မာနိုင်ငံ ယှဉ်ပြိုင်မှုဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေ၏ အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများဟောပြောပွဲများကို ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များ၊ ယှဉ်ပြိုင်မှုနှင့် ပတ်သက်သည့်ဌာနများမှ အစိုးရဝန်ထမ်းများနှင့် မီဒီယာများ တက်ရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် MGMA (Myanmar Garment Manufacturers Association) စနစ်နှင့် Fully Online စနစ်တို့ နည်းပညာပိုင်းအရ ချိတ်ဆက်၍ Fully Online Licensing စနစ်မှ CMP လိုင်စင်များ ထုတ်ပေးနိုင်ရေး CMP စက်ရုံ ၁ဂ ရုံဖြင့် စတင်စမ်းသပ် ဆောင်ရွက်လျက် ရှိပါသည်။

ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေသားကိုင်ဆောင် ပေးသွင်းရသည့်စနစ် ပပျောက်စေရေးအတွက် MPU (Myanmar Payment Union)နှင့် ချိတ်ဆက်ထားသည့် ဘဏ်အားလုံးမှ Online စနစ်ဖြင့် ချိတ်ဆက် ငွေပေးချေနိုင်ရေး၊ နည်းပညာပိုင်း ချိတ်ဆက်နိုင်ရေး၊ လိုအပ်ချက်များညှိနှိုင်းခြင်း၊ အချိန်မီ ပြီးစီးနိုင်ရေး၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းနှင့် အညီဖြစ်စေရေး စသည်တို့အား ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် နေပြည်တော်၊ ရန်ကုန် (ပို့ကုန်၊ သွင်းကုန်ရုံး၊ MIC ၊ သီလဝါ)၊ မူဆယ်၊ မြဝတီကုန်သွယ်ရေးဇုန်များတွင် POS စက်များတပ်ဆင်ခြင်း၊ ဝန်ထမ်းများအား Training ပေးရန် ပြင်ဆင်ခြင်း၊ Application ချိတ်ဆက်မှုများ ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ASEAN Single Window စနစ်အား လိုက်ပါအကောင်အထည်ဖော်ဆောင်မှုအနေဖြင့် အကောက်ခွန်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MACCS (Myanmar Automated Cargo Clearance System), စနစ်တွင် ပို့ကုန်သွင်းကုန် လိုင်စင် ပါမစ်တို့နှင့် ပတ်သက်သည့် အချက်အလက်များအားလုံး (မော်တော်ယာဉ်ပါမစ်အပါအဝင်) တို့အား

Electronic Data Format (EDI) ဖြင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ MACCS စနစ်တွင် အသုံးပြုနိုင်ရန် အကောက်ခွန်ဦးစီးဌာနသို့ ထုတ်ကုန်သွင်းကုန် မှတ်ပုံတင်စာရင်း (New & other changes) များအား နေ့စဉ်ပေးပို့ခြင်းနှင့် မော်တော်ယာဉ်ပါမစ် အချက်အလက်များ၏ Electronic Data များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ နေ့စဉ် e-mail ဖြင့် ပေးပို့လျက်ရှိပါသည်။

နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းရှင်များ မွေးထုတ်ပေးနိုင်ရန်၊ နိုင်ငံတကာနှင့် လိုက်လျောညီထွေဖြစ်မည့် စီးပွားရေးဝန်းကျင်ဖော်ဆောင်ပေးနိုင်ရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့ကုန်သွယ်မှုကို မြှင့်တင်ပေးနိုင်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များနှင့် ကုန်သည်စီးပွားရေးလုပ်ငန်းရှင်သစ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရန်၊ ဝန်ထမ်းများ၏ အသိပညာ၊ အတတ်ပညာများ တိုးပွားလာစေရန်၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်ရည်များ မြင့်မားလာစေရန် ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)တွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း၊ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ ပြည်တွင်း/ပြည်ပသင်တန်းများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ အကာအကွယ်ပေးမှု ဥပဒေ (မူကြမ်း)အပေါ် USAID မှ ဥပဒေပညာရှင်၏ သုံးသပ်အကြံပြုချက်ရယူခြင်း ဆွေးနွေးပွဲများ၊ပြည်ပမှ ဝင်ရောက်လာသော သွင်းကုန်များကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခြင်းမှ ကာကွယ်ကုစားနိုင်ရန်အတွက် Safeguard Agreement ၊ Antidumping Agreement နှင့် Subsidy and Countervailing Agreement တို့အား ဥပဒေပြုခြင်း၊ ဥပဒေပြုပြီးနောက် ဥပဒေအရ စုံစမ်းစစ်ဆေးမှုဆောင်ရွက်ရာတွင် ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် တာဝန်ပေးအပ်နိုင်ရန် Training on Handling Trade Remedies' Cases သင်တန်းအား ကျင်းပပြုလုပ်ခဲ့ပါသည်။

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပို့ကုန်သွင်းကုန် လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီများမှ ဈေးနှုန်းနှင့် ကုန်ပစ္စည်းတန်ဖိုး မှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေး ကျင့်ဝတ်နှင့်အညီ တင်ပြလာသည့် Invoice နှင့် Sale Contract ပါဈေးနှုန်းများ အတိုင်းသာ ပို့ကုန် သွင်းကုန်

လိုင်စင်များကို ခွင့်ပြုထုတ်ပေးခြင်းနှင့် ၂၀၁၇ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် ကြေညာခဲ့ပါသည်။ ITC ကတ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရာ၌ ယခင် ခွင့်ပြု ပစ္စည်းများအပြင် ရေတ်သီးခြောက်ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပို့ဆောင်ရွက်ခွင့် ပြုခဲ့ပါသည်။

နယ်စပ်စခန်းများမှ မော်တော်ဆိုင်ကယ်တင်သွင်းခြင်းအား ရုံးချုပ်သို့တင်ပြခြင်း မပြုတော့ဘဲ သက်ဆိုင်ရာစခန်းတာဝန်ခံမှ တာဝန်ယူစိစစ်၍ သွင်းကုန်လိုင်စင် ခွင့်ပြုပေးရန်၊ ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) တွင်လည်း တစ်ပြေးညီခွင့်ပြုပေးရန်၊ ကုန်သွယ်ရေးစခန်းများနှင့် ပို့ကုန်သွင်းကုန်ရုံးသို့ အကြောင်းကြားထားပြီးဖြစ်ပါသည်။ ပြည်ပမှ Used Bicycle များအား ပဉ္စမအကြိမ် ခွင့်ပြုသည့် သက်တမ်းကာလအဖြစ် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ၁ နှစ် ဆက်လက်ခွင့်ပြုသွားရန် ဆုံးဖြတ်ခဲ့ပါသည်။

နိုင်ငံခြားဖက်စပ် ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် ဆေးရုံသုံးကိရိယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူရှင်းလင်းစေရန် မြန်မာနိုင်ငံ၏ HS Code 2012 Version အရ ဆေးရုံသုံးကိရိယာများအတွက် HS Code လိုင်း ၆၉ လိုင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအတွက် HS Code လိုင်း ၄၆၁ လိုင်း၊ သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သော (Negative List) ကုန်စည်လိုင်း ၄,၁၃၈ လိုင်း အနက်မှ ကုန်စည်လိုင်း ၁၅၀ အား သွင်းကုန်လိုင်စင် လျှောက်ထားရန် မလိုအပ်သော ကုန်စည်လိုင်းအဖြစ် ဖြေလျှော့ခြင်း၊ သွင်းကုန်လိုင်စင် လျှောက်ထားရယူဆောင်ရွက်ရမည့် ကုန်စည် ၄,၄၀၅ လိုင်းအနက်မှ ကုန်စည်လိုင်း ၂၆၇ လိုင်းအား သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်လိုင်းများအဖြစ် ထုတ်ပြန်ကြေညာခဲ့ပါ သည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပသို့ တင်ပို့ခွင့်မပြုသော ကုန်ပစ္စည်းများအနက် ပန်း၊ နှမ်းဆီ၊ မုန်ညင်းစေ့၊ မုန်ညင်းဆီ၊ နေကြာစေ့၊ နေကြာဆီ၊ ဆီကြိတ်ဖတ်အားလုံး၊ ပုစွန်ဖွဲ့စသည့် ကုန်ပစ္စည်း ၅ မျိုးကို ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများအဖြစ်မှ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၆) ဖြင့် ပြည်ပသို့ ဖြေလျှော့တင်ပို့ခွင့်ပြုခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ အကူအညီပေးနေသည့် Enhanced Integrated Framewok (EIF) အစီအစဉ်၏ ကုန်သွယ်မှု

ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ဘက်စုံလေ့လာမှု လုပ်ငန်းစဉ် တစ်ခုဖြစ်သော Diagnostic Trade Integrated Study (DTIS) ၏ နောက်ဆက်တွဲဖြစ်သည့် ၃ နှစ်၊ ၅ နှစ် နှစ်လတ်စီမံကိန်း Medium Term Programme (MTP) Report ကို နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းရှင် အသင်းအဖွဲ့များ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပါသည်။

ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့သောလုပ်ငန်းရှင်များအနေဖြင့် (Generalized System of Preference - GSP) Form A များ လျှောက်ထားရာတွင် ပြောင်းလဲကျင့်သုံးမည့် လုပ်ထုံးလုပ်နည်းများအား အသိပေးကြေညာခဲ့ခြင်း၊ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ယေဘုယျ အခွင့်အရေးပေးမှုစနစ် (GSP) နှင့် Register Exporter System (REX) အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့သော လုပ်ငန်းရှင်များအနေဖြင့် မှတ်ပုံတင်ထားသော လုပ်ငန်းရှင်စနစ် (REX) တွင် မြန်မာနိုင်ငံ အနေဖြင့် ၁-၁-၂၀၁၈ ရက်နေ့တွင် လိုက်ပါဆောင်ရွက်မည်ဖြစ်ကြောင်း ဥရောပကော်မရှင်သို့ အကြောင်းကြားခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အမေရိကန်နိုင်ငံသည် (GSP) အစီအစဉ် အကျိုးခံစားခွင့်ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ပြန်လည်ပေးအပ်ခဲ့ပါသည်။ ထိုအစီအစဉ်ကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စု၏ GSP အစီအစဉ်ဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲအား နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပခဲ့ပါသည်။ တင်ပို့ထုတ်လုပ်သူကိုယ်တိုင် မှတ်ပုံတင်စနစ် REX သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စတင်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် လိုအပ်သော ပြင်ဆင်မှုများ ဆောင်ရွက်ဆဲဖြစ်သဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် လိုက်ပါဆောင်ရွက် မည်ဖြစ်ကြောင်း ဥရောပကော်မရှင်သို့ အကြောင်းကြားပြီး ဖြစ်ပါသည်။

ဩစတြေးလျ၊ ဘီလာရု၊ ရုရှား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အိုက်စလန်၊ တူရကီ၊ ဂျပန်၊ အမေရိကန်နိုင်ငံနှင့် EU ၂၈ နိုင်ငံအပါအဝင် စုစုပေါင်း ၃၉ နိုင်ငံနှင့်အိန္ဒိယနိုင်ငံမှလည်း မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များအတွက် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး GSP ရရှိနိုင်ပြီဖြစ်ပါသည်။ ထိုနိုင်ငံများသို့ ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရန် အတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်များကို ကုန်သွယ်ရေးဦးစီးဌာန(နေပြည်တော်၊ ရန်ကုန်) နှင့် ကုန်သွယ်ရေးစခန်းများဖြစ်သော လွယ်ဂျယ်၊ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တမူး၊ ရိဒ်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ ကျိုင်းတုံနှင့် မောတောင်စသည့် ကုန်သွယ်ရေးစခန်းများတွင်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြု ထုတ်ပေးလျက်ရှိပါသည်။

နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေး ဆောင်ရွက်မှုများအနေဖြင့် မြန်မာ-ထိုင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေး ပူးတွဲကော်မရှင်အစည်းအဝေး (JTC)များ၊ ပထမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး စားသုံးသူ ဘေးကင်းလုံခြုံစေရန် ဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အစိုးရဌာနများ၊ စာသင်ကျောင်းများ၊ ဈေးများ၊ ဈေးဆိုင်များ၊ ကျေးလက်ဒေသများအထိ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ခြင်း၊ မီဒီယာများမှတဆင့် အသိပညာဗဟုသုတများပေးခြင်းနှင့် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ၂၀၁၄ ကို ထုတ်ပြန်၍ ဆောင်ရွက်လျက်ရှိပါသည်။ ပိုမိုကောင်းမွန်ထိရောက်သော ဥပဒေဖြစ်စေရန် အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ၂၀၁၄ ၏ အားသာချက်၊ အားနည်းချက်များအပေါ် အခြေခံ၍ ဥပဒေကို အစားထိုးပြင်ဆင်ရေးဆွဲရန် သီးခြားအဖွဲ့ဖွဲ့၍ တာဝန်ပေးအပ် ဆောင်ရွက်ခဲ့ပါသည်။ ထပ်မံပြင်ဆင်ရေးဆွဲထားသည့် ဥပဒေ(မူကြမ်း)အား ဒီဇင်ဘာလ တတိယပတ်အတွင်း ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ တင်ပြခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန Consumer Information Complaint Center (CICC) ရုံးများကို စနစ်တကျထားရှိ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ trade.gov.mm Website

တွင် စားသုံးသူရေးရာဦးစီးဌာန၏ သတင်းများ၊ လုပ်ရှားမှုမှတ်တမ်းများ၊ ပြည်သူအများ သိသင့်သည့် စားသုံးသူရေးရာနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို လွှင့်တင်ထားရှိပါသည်။

EU သို့ Bean Sprouting ထပ်မံတင်ပို့ရန်အတွက် ပဲတီစိမ်း စိုက်ပျိုးမှုအတွက် (GAP & GHP) နည်းစနစ်များအတိုင်း စိုက်ပျိုးစေရန် ရည်ရွယ်၍ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ပဲခူး၊ ကဝ၊ သနပ္ပင်မြို့နယ်များတွင် သင်တန်းပို့ချ ပေးခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ပဲရာသီတွင် EU သို့ Bean Sprouting အတွက် ကုမ္ပဏီ ၇ ခုမှ ပဲတန်ချိန်ပေါင်း ၈,၁၃၁ တန် တင်ပို့ခဲ့ပြီး၊ ၂၀၁၇ ခုနှစ် ပဲရာသီတွင် EU သို့ Bean Sprouting တင်ပို့နိုင်ရေးအတွက် ကုမ္ပဏီ ၇ ခုအား Processer စစ်ဆေးပေးခဲ့ပြီး ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ (၅/၂၀၁၆) မှတ်တမ်းကောက်နုတ်ချက်အရ မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် လုပ်ငန်းတာဝန်များ စတင်လွှဲပြောင်းရယူပြီး ဆောင်ရွက်ခဲ့ပါသည်။

ထားဝယ်အထူး စီးပွားရေးဇုန် ကနဦးလုပ်ငန်းများဖြစ်သော ထီးခီးမှ ထိုင်းနယ်စပ်ဖူနမ်ရွမ်အထိ နှစ်လမ်းသွား ကတ္တရာလမ်းဖောက်လုပ်ရေးနှင့်ပတ်သက်၍ ချေးငွေရယူနိုင်ရေးအတွက် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ တွေ့ဆုံဆွေးနွေးခြင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးနှင့် ဆက်စပ်လျက် တနင်္သာရီတိုင်း ကမ်းမြောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ အစည်းအဝေးကျင်းပခဲ့ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ကုန်သွယ်မှုဗဟိုဌာနများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်လျှက်ရှိရာ ၂၀၁၄ ခုနှစ်မှ စ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုဗဟိုဌာန ၇ ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း ကုန်သွယ်မှုဗဟိုဌာန ၃ ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်းကုန်သွယ်မှုဗဟိုဌာန ၁၁ ခုကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်ခြင်းနှင့်အတူ ဒေသထွက်ကုန်များ ကုန်စည်ပြပွဲ၊ ဖန်ခါးမြေ၊ ရောမြေ၊ ရတနာပုံ၊

ကန္တာရဝတီ၊ မနောမြေစသည့် ကုန်သွယ်မှုဗဟိုဌာနများ၏ ဒေသထွက်ကုန်များ ကုန်စည်ပြပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြည်တွင်းရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက် ပိုမိုရရှိနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Commerce Website, Myanmar Trade-net Website, Trade Promotion Website, Consumer Website, Commerce Journal Website နှင့် National Trade Portal & Trade Repository Website တို့ကို လွှင့်တင်ထားပြီး အပတ်စဉ် Commerce Journal ကိုလည်း ထုတ်ဝေ ဖြန့်ချီလျက် ရှိပါသည်။

ပြည်တွင်းသို့ ပြည်ပနိုင်ငံများမှ လာရောက်ကျင်းပသည့် ကုန်စည်ပြပွဲများအနေဖြင့် ရန်ကုန်မြို့တွင် ကုန်စည်ပြပွဲ ၄၁ ပွဲ၊ မန္တလေးမြို့တွင် ကုန်စည်ပြပွဲ ၂ ပွဲ၊ တောင်ကြီးမြို့တွင် ကုန်စည်ပြပွဲ ၁ ပွဲ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကုန်စည်ပြပွဲ ၁၁ ပွဲနှင့် ပြည်ပနိုင်ငံများသို့ သွားရောက် ပြသခဲ့သည့် ကုန်စည်ပြပွဲ ၃၉ ပွဲတို့ကို ကျင်းပနိုင်ခဲ့ပါသည်။

ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများမှတဆင့် ထွက်ကုန်များဈေးကွက်ရရှိရေးနှင့် ပို့ကုန်အမယ်သစ်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်မှုဗဟိုဌာနများ ပြည်တွင်း၌ ဖွင့်လှစ်ခြင်း၊ အထူးစီးပွားရေးဇုန်များအား ပို့ကုန်တိုးမြှင့်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်ခြင်းတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များတွင် ကျပ် ၅,၇၄၄,၁၉၃.၀ သန်း လျာထားခဲ့ရာမှ မတ်လကုန် စာရင်းအရ ကျပ် ၅, ၂၂၉,၃၄၁.၁ သန်း နှင့် လျာထားချက်၏ ၉၁.၀ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုးသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းတွင် ၃၄.၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ ၃၃.၁ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များတွင် နိုင်ငံတကာနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေများ အချိန်မီထုတ်ယူသုံးစွဲနိုင်မှုမရှိခြင်း၊ အချို့လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်နိုင်မှု မရှိခဲ့သော်လည်း အချို့လုပ်ငန်းများတွင် လုပ်ငန်းလိုအပ်ချက်များအရ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် အထွေထွေရန်ပုံငွေမှ တောင်းခံသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

ပုဂ္ဂလိကပိုင်အခန်းရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းအရ ကျပ် ၁၉,၀၂၂,၈၀၁.၃ သန်းရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ) စာရင်းအရ ကျပ် ၂၁,၁၃၈,၅၆၀.၇ သန်းထိ တိုးတက် ရင်းနှီးမြှုပ်နှံနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီ အချိုးကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား(၄-၅)**

**ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုး**

(ကျပ်သန်း)

| အကြောင်းအရာ | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | ၂၀၁၆-၂၀၁၇ (မတ်လကုန်) |
|---|---|---|
| **စုစုပေါင်းရင်းနှီးမြှုပ်နှံမှု** | **၂၅,၂၂၁,၄၈၆.၂** | **၂၆,၃၇၁,၇၇၈.၅** |
| နိုင်ငံပိုင် | ၆,၁၉၆,၃၁၁.၆ | ၅,၂၂၉,၃၄၁.၁ |
| သမဝါယမပိုင် | ၂,၃၇၃.၃ | ၃,၈၇၆.၇ |
| ပုဂ္ဂလိကပိုင် | ၁၉,၀၂၂,၈၀၁.၃ | ၂၁,၁၃၈,၅၆၀.၇ |
| **ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုး** | **၃၄.၇** | **၃၃.၁** |

**လုပ်ငန်းစီမံကိန်းများ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံပိုင်အခန်းမှဆောင်ရွက်ခဲ့သည့် လုပ်ငန်းစီမံကိန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့မှ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်း ဆောင်ရွက်နိုင်မှု အခြေအနေကို ငွေကြေးထုတ်ယူ သုံးစွဲမှုအလိုက် စိစစ်တင်ပြအပ်ပါသည်။

**(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၁၅၂၃၆၆.၂၁၀ သန်း၊ ၆၇.၀၅ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ကျပ် ၁၅၀၅၁၄.၇၄၃ သန်းနှင့် ၈၂.၀၆ ရာခိုင်နှုန်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ၁၆၅၁.၁၄၄ သန်းနှင့် ၄.၀၄ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၀.၃၂၃ သန်းနှင့် ၆.၈၃ ရာခိုင်နှုန်း အသီးသီး သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စီမံကိန်း ၁၆ ခုအတွက် ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့် သုံးစွဲထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသုံးစရိတ်လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြားသုံးစွဲပြီး စီမံကိန်း ၂၂ ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြားတွင် စီမံကိန်း ၃ ခု၊ ၃၀ ရာခိုင်နှုန်း အောက်သာ သုံးစွဲနိုင်သော စီမံကိန်း ၅ ခု ရှိကြောင်း တွေ့ရှိရပါသည်။ မိုးညိုမြို့နယ်ဘုရားကြီးကုန်း- ခအောင်းပင်တာ၊ ကမ်းရင်းတာ ကျိုးပေါက်မှုအား အခိုင်အမာ ပြန်လည်ပိတ်ဆို့ခြင်းနှင့် ပျက်စီးမှုများပြန်လည် ပြုပြင်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း တာမြှင့်ခြင်းနှင့် မြစ်ကမ်းထိန်းသိမ်းခြင်း လုပ်ငန်းစီမံကိန်းသစ်များတွင် လုပ်ငန်းလိုအပ်ချက်အရ သီးသန့် ရန်ပုံငွေမှ တောင်းခံ၍ ရာနှုန်းပြည့်သုံးစွဲ ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ လုပ်ငန်းစီမံကိန်း ၁၁ ခု နှင့် စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းစီမံကိန်း ၁ ခုတို့မှာ လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် ၃၁.၃.၂၀၁၇ ရက်နေ့ တွင် ပြန်လည် အပ်နှံပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီး ဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်းအသုံးစရိတ် အပေါ် ကျပ် ၁၁၅,၉၅၉.၄၉၄သန်း၊ ၄၇.၃ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။ မြန်မာ့မီးရထားမှ ကျပ် ၄၁,၀၆၈.၁၂၀ သန်းနှင့် ၂၈.၅ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ကျပ် ၆,၅၇၁.၅၄၉ သန်းနှင့် ၅၀.၃ ရာခိုင်နှုန်း၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာ လုံခြုံရေးဦးစီးဌာနမှ ကျပ် ၁၃၇.၇၀၂ သန်းနှင့် ၈၂.၃ ရာခိုင်နှုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ် ၆၈,၁၈၂.၁၂၃ သန်းနှင့် ၇၇.၇ ရာခိုင်နှုန်းတို့ အသီးသီးသုံးစွဲခဲ့ပြီးဖြစ်ပါသည်။

ကြံခင်း - ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ကွန်ကရစ် ဇလီဖားစက်ရုံများ တည်ဆောက်ခြင်း၊ မြစ်ငယ်တံတားတည်ဆောက်ရေး စီမံကိန်းများနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံချေးငွေဖြင့် စက်ခေါင်းသစ်ဆောက်လုပ်ရေး စက်ရုံနှင့်လူစီးတွဲ၊ ကုန်တွဲသစ် ဆောက်လုပ်ရေး စက်ရုံ တည်ဆောက်ခြင်းတို့တွင် လုပ်ငန်းလိုအပ်ချက်များအရ ဖြည့်စွက် ရန်ပုံငွေ ထပ်မံတောင်းခံ သုံးစွဲမှုကြောင့် ရာနှုန်းပြည့် ကျော်လွန်သုံးစွဲထားပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၁၀၀ ရာခိုင်နှုန်း နှင့် ၅၀ ရာခိုင်နှုန်းကြားသုံးစွဲပြီး စီမံကိန်း ၂၀ ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြား သုံးစွဲပြီးစီမံကိန်း ၂ ခု၊ ၃၀ ရာခိုင်နှုန်းအောက်သာ သုံးစွဲနိုင်သောစီမံကိန်း ၅ ခု ရှိကြောင်း တွေ့ရှိ ရပါသည်။ အချိန်မီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အချို့လုပ်ငန်းများကို ပြန်လည်အပ်နှံခဲ့ကြောင်း တွေ့ရှိရပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း Telecommunications Sector Reform Project အားကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက် လျှက်ရှိရာတွင် လိုအပ်သောတိုင်းတာရေး စက်ပစ္စည်းများနှင့် Software များ ဝယ်ယူခြင်း အတွက် လုပ်ငန်းတန်ဖိုး၏ ၆၀ ရာခိုင်နှုန်း သာပေးချေခဲ့ရခြင်းနှင့် စီမံကိန်းအတွက် ပြည်တွင်း ပြည်ပ အကြံပေး/ကျွမ်းကျင်သူ ငှားရမ်းခြင်း၊ ပြည်တွင်းတွင် သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း လုပ်ငန်း ဆောင်ရွက်မှုအပေါ် ၌ ၅၀.၃၅ ရာခိုင်နှုန်းသာ သုံးစွဲနိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန၏ လုပ်ငန်းစီမံကိန်းသစ်များ တွင် ၈၇.၅၅ ရာခိုင်နှုန်းသုံးစွဲနိုင်ခဲ့ပါသည်။

**(ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံး ငွေရင်းအသုံး စရိတ်အပေါ် ကျပ် ၅,၂၂၂.၂၃၂ သန်း၊ ၈၈.၆၇ ရာခိုင်နှုန်း သုံးစွဲလုပ်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။ သစ်တောဦးစီးဌာနမှ ကျပ် ၅၁၉၈.၅၈၈ သန်း နှင့် ၈၉.၂၄ ရာခိုင်နှုန်း၊ မြန်မာ့သစ်လုပ်ငန်းမှ ကျပ် ၂၃.၆၄၄ သန်းနှင့် ၃၆.၈၀ရာခိုင်နှုန်းတို့ သုံးစွဲခဲ့ပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

| | ၂၂ | ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ တံတား အမှတ် ၁/၁၀၃ ရှမ်းတောင်လယ်တံတား | | ၄၂၀.၀၀၀ | | ၂၀၁၆-၂၀၁၇ |
| | ၂၃ | ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ တံတား အမှတ် ၂/၁၀၄ | | ၁၆၆.၀၀၀ | | ၂၀၁၆-၂၀၁၇ |
| | ၂၄ | ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ တံတား အမှတ် ၁/၁၀၆ | | ၁၉၆.၀၀၀ | | ၂၀၁၆-၂၀၁၇ |
| | ၂၅ | တိုက်ကြီး-ဥတို-အဖျောက်လမ်းပေါ်ရှိ တံတားအမှတ် ၁/၁၀ | | ၇၇၀.၀၀၀ | | ၂၀၁၆-၂၀၁၇ |
| ၂ | | **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လုပ်ငန်းစီမံကိန်းများ** | **၄၉၄၉.၀၀၀** | **၆၅၈၅.၆၉၇** | | |
| | ၁ | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၄၃၂၉.၅၀၀** | **၅၀၈၄.၁၈၀** | | |
| | ၁ | ရောဝဏ်၊ရတနာအထပ်မြင့်အိမ်ရာ | ၂၆၁၀.၅၀၀ | ၂၅၉၆.၅၀၀ | ၉၉.၅ | ၂၀၁၃-၂၀၁၄ |
| | ၂ | ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၂) | ၂၀၀.၀၀၀ | ၂၅၉.၉၉၉ | ၁၃၀.၀ | ၂၀၁၅-၂၀၁၆ |
| | ၃ | ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၃) | ၂၀၂.၀၀၀ | ၉၃၂.၀၀၀ | ၄၆၁.၄ | ၂၀၁၅-၂၀၁၆ |
| | ၄ | လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်း | ၂၂၈.၀၀၀ | ၂၂၀.၅၀၀ | ၉၆.၇ | ၂၀၁၄-၂၀၁၅ |
| | ၅ | လှိုင်သာယာမြို့နယ်၊ ထီးလှိုင်ရှင် | ၂၇.၀၀၀ | ၂၆.၉၁၅ | ၉၉.၇ | ၂၀၁၄-၂၀၁၅ |
| | ၆ | ဒဂုံဆိပ်ကမ်းမြို့နယ်၊(၁၆၈) ရပ်ကွက်၊ရိုးမရိပ်သာတန်ဘိုးနည်း အိမ်ရာစီမံကိန်း:Infrastructure | ၁၀၆၂.၀၀၀ | ၁၀၄၈.၂၆၆ | ၉၈.၇ | ၂၀၁၅-၂၀၁၆ |
| | ၂ | **လုပ်ငန်းစီမံကိန်းသစ်များ** | **၆၁၉.၅၀၀** | **၁၅၀၁.၅၁၇** | | |
| | ၁ | အောင်မြင့်မိုရ် တန်ဘိုးသင့် အိမ်ရာစီမံကိန်း: Infrastructure | ၁၉၉.၅၀၀ | ၁၉၀.၀၀၀ | ၉၅.၂ | ၂၀၁၆-၂၀၁၇ |
| | ၂ | မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ စီမံကိန်းအပိုင်း (၂) Infrastructure | ၁၈၀.၀၀၀ | ၁၇၁.၅၁၇ | ၉၅.၃ | ၂၀၁၆-၂၀၁၇ |
| | ၃ | ရောဝတီတိုင်းဒေသကြီး (ဥမ္မာဒန္တီအိမ်ရာစီမံကိန်း:) Infrastructure | ၂၄၀.၀၀၀ | ၂၄၀.၀၀၀ | ၁၀၀.၀ | ၂၀၁၆-၂၀၁၇ |
| | ၄ | ရုံးအမှတ်(၄၀)ရုံးသစ် အဆောက်အဦ (၁)လုံးဆောက်လုပ်ခြင်း | | ၉၀၀.၀၀၀ | | ၂၀၁၆-၂၀၁၇ |
| | | **စုစုပေါင်း** | **၁၁၃၁၄၅.၄၇၇** | **၉၃၆၁၂.၈၃၉** | **၈၂.၇** | |

# အခန်း(၅)

# ဒေသန္တရစီမံကိန်းများဆောင်ရွက်မှုအခြေအနေ

## ကချင်ပြည်နယ်





| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ်-၂၃ ဒီဂရီ ၃၈မိနစ်မှ ၂၈ဒီဂရီ ၁၅မိနစ် အတွင်း။ အရှေ့လောင်ဂျီတွဒ်-၉၅ ဒီဂရီ၁၂မိနစ် မှ ၉၈ ဒီဂရီ ၄၅ မိနစ် အတွင်း။ |
| အကျယ်အဝန်း | = (၃၄,၃၇၉.၂၂)စတုရန်းမိုင် (၂၂,၀၀၂,၇၀၃)ဧက |
| လူဦးရေ | = ဦးရေ - ၁,၇၉၇ (ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = မြစ်ကြီးနားမြို့ |
| ခရိုင် | = ၄ ခရိုင် (မြစ်ကြီးနား၊ဗန်းမော်၊ မိုးညှင်း၊ ပူတာအို) |
| မြို့နယ် | = ၁၈ မြို့နယ် |
| အဓိက စီးပွားရေး | = လယ်ယာ ၊ သတ္တု ၊ ကုန်သွယ်မှု |
| ထူးခြားနေရာများ | = ကျောက်စိမ်းပြတိုက် (ဖားကန့်) အင်းတော်ကြီး ရွှေမဉ္ဇူဘုရား( မိုးညှင်း) လန်န ရေတံခွန် (ဗိုင်းမော်) မေခ. မလိခ မြစ်ဆုံ ၊(မြစ်ကြီးနား) ရေခဲတောင်များ၊ (ပူတာအို) ကောင်းမှုလုံဘုရား (ပူတာအို) |
| ဆက်စပ်ဒေသ | = အရှေ့- ရှမ်းပြည်နယ် ၊တရုတ်နိုင်ငံ အနောက် -အိန္ဒိယနိုင်ငံ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တောင် - စစ်ကိုင်းတိုင်းဒေသကြီး ၊မြောက် - တရုတ်နိုင်ငံ |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ကချင်ပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၆၅၃,၉၁၄.၇ သန်း အကောင် အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကချင်ပြည်နယ်)။

ကချင်ပြည်နယ်၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၅၇၉,၈၄၇.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၅.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၃.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၃)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

### သုံးသပ်ချက်

မိုးစပါး၊ ပဲတီစိမ်း၊ကော်ဖီ၊ လက်ဖက် ထွက်ရှိမှုများ တိုးတက်ခဲ့သော်လည်း ကျန်သီးနှံများ၏ အထွက်များလျော့နည်းခဲ့ပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြစိမ်းရောင် စီမံကိန်းကိုနိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာ(ရှစ်မိုင်)တွင် ဝက်ကောင်ရေ ၃၀၀၊ နောင်နန်းကျေးရွာ(နန်းကွေ့) တွင် မျိုးကောင်းမျိုးသန့်ဒေသနွား ကောင်ရေ ၆၀ ၊ မိုးညှင်းမြို့နယ် အောင်သပြေ ရပ်ကွက်တွင် နို့စားနွား ၂၅ ကောင်၊ မြို့နယ် ၁၂ မြို့နယ်တွင် ဒေသကြက် ကောင်ရေ ၆,၁၀၀ တို့ကို ဖြန့်ဖြူးနိုင်ခဲ့ပြီး စုစုပေါင်း ကျပ်သန်း ၁၂၀ ဆောင်ရွက်နိုင်ခဲ့ပါသည်။ သစ်တောထုတ်လုပ်မှုတွင် သစ်တောပြုန်းတီးမှုများကိုကာကွယ်နိုင်ရန်အတွက် ကျွန်း၊ သစ်မာ၊ ကျွန်းနှင့်သစ်မာတိုင်၊ ကြိမ်စသည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ တွင်းထွက်ပစ္စည်းထုတ်လုပ်မှုအနေဖြင့် ရွှေ ၃၅၂.၈ ထရိုင်အောင်စ၊ ကျောက်စိမ်း ၃၃,၈၆၁.၅၁၂ ကီလို(ထောင်ပေါင်း)တူးဖော်ထုတ်လုပ်နိုင်ခဲ့ပါသည်။တိုင်းရင်းသားလုပ်ငန်းရှင်များကို အကျိုးတူလုပ်ကွက် ၂၉၆ ခု၊ ပုဂ္ဂလိက ကုမ္ပဏီလုပ်ကွက် ၅,၈၉၀ ခု နှင့် အကျိုးတူ/ ပုဂ္ဂလိ က ကုမ္ပဏီ

လုပ်ကွက် ၂၆၈ ခု၊ စုစုပေါင်း လုပ်ကွက် ၆,၄၄၄ ခု တူးဖော်လုပ်ကိုင်ခွင့်ကို စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ခွင့်ချထား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပူတာအိုမြို့နယ်ရှိ ၃.၂ မဂ္ဂါဝပ် အထက်ထုတ်လုပ်နိုင်မည့် နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းအား တည်ဆောက်လျက်ရှိရာ ၆၂.၂ ရာခိုင်နှုန်း ပြီးစီးမှုရှိပြီး ဖြစ်ပါသည်။ ကျေးလက် မီးလင်းရေးအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ် ၃၄၀ ရွာ၊ ဒီဇယ် ၃၅ ရွာ၊ အသေးစားရေအား ၁၇၉ ရွာ၊ ဆိုလာစနစ် ၂၂၈ ရွာ၊ စပါးခွံ ၃ ရွာ၊ အိမ်နီးချင်း နိုင်ငံမှဝယ်ယူ ၂၉ ရွာ ဖြင့် စုစုပေါင်း ၈၁၄ ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကျေးလက်ရေရရှိရေးအတွက် ကျေးရွာပေါင်း ၅၁ ရွာ၊ လုပ်ငန်း ၇၁ ခု နှင့် စည်ပင်သာယာရေးအဖွဲ့အနေဖြင့်လည်း မြို့ပြရေပေးဝေရေးအတွက် စက်ရေတွင်း ၁ တွင်း၊ လက်တူးတွင်း ၁ တွင်း ရေရရှိရေး လုပ်ငန်းများကိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍအနေဖြင့် လမ်းအထူး(၁)မှ လမ်းတံတား တည်ဆောက်ခြင်း၊ မြစ်ကြီးနားခရိုင်အတွင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းချဲ့ခြင်း၊ မိုးညှင်းခရိုင်အတွင်း မြစ်ကြီးနား-ရွှေဘို-လမ်းတစ်လျှောက် အင်းကုန်းတံတား၊ ဆားမော်တံတားများအား ပြုပြင်ခြင်း၊ ကွန်ကရစ် လမ်းတံတားများဆောက်လုပ်ခြင်း၊ ပူတာအိုခရိုင်အတွင်းတွင်လည်း ပူတာအို-နောင်ခိုလမ်း၊ မချမ်းဘောလမ်းပေါ်ရှိ မချမ်းဘောတံတားနှင့် အင်ဇွပ်တံတားဆောက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကချင်ပြည်နယ်သည် တရုတ်နှင့်အိန္ဒိယနိုင်ငံများ နှင့် ထိစပ်လျက် မြစ်ဆုံဒေသ၊ ပူတာအို၊ ဖားကန့်၊ တနိုင်းဒေသများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဝင်ထွက် သွားလာလျက်ရှိပါသည်။ ပြည်နယ်အတွင်း ဟိုတယ် ၂၇ ခု၊ တည်းခိုခန်း ၁၆၈ ခု၊ ခရီးသွား ဝန်ဆောင်မှုကုမ္ပဏီ ၁၂ ခု တို့ဖြင့်ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းခရီးသည် ၉၂,၄၉၆ ဦးနှင့် ပြည်ပခရီးသည် ၁၂,၆၇၅ ဦး ဝင်ရောက်ခဲ့ပါသည်။

## ကယားပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၉ မိနစ်မှ ၁၉ ဒီဂရီ ၅၇ မိနစ် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆ မိနစ်မှ ၉၇ ဒီဂရီ ၅၃ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၄,၅၂၉.၅၆စတုရန်းမိုင်၊ ၁၁,၇၃၀.၇စတုရန်းကီလိုမီတာ၊ ၂,၈၉၈,၉၂၁ဧက |
| လူဦးရေ | = | ဦးရေ ၃၀၄ (ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | လွိုင်ကော်မြို့ |
| ထူးခြားအမှတ်အသား | = | တောင်ကွဲစေတီ |
| ခရိုင် | = | လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင် |
| မြို့နယ် | = | ၇ မြို့နယ် |
| အဓိကစီးပွားရေးကဏ္ဍ | = | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ သစ်တော၊ သတ္တုကဏ္ဍ |
| ဆက်စပ်ဒေသများ | = | မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်နှင့်အနောက်ဘက်တွင် ကရင်ပြည်နယ် |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂၈၅,၁၀၃.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၅.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)

ပုံ(၅-၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကယားပြည်နယ်)။


ကယားပြည်နယ်၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂၈၄,၁၅၇.၁ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်းများအရ** ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၆)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကယားပြည်နယ်)။

**သုံးသပ်ချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ မိုးစပါး ၉၀,၆၇၉ ဧက၊ နွေစပါး ၄,၂၃၅ ဧက၊ အစေ့ထုတ်ပြောင်း ၅၂,၇၆၆ ဧက စိုက်ပျိုးခဲ့ပါသည်။ အထူးသဖြင့် အစေ့ထုတ်ပြောင်း သိသိသာသာ တိုးတက်စိုက်ပျိုးနိုင်ခဲ့ပါသည်။ စပါးမျိုးကောင်းမျိုးသန့်များဖြစ်သည့် တရုတ်မွှေးစပါး ၁,၀၂၀ တင်းနှင့် ရွှေရင်အေးစပါး ၃,၀၄၂ တင်း ဖြန့်ဖြူးပေးခဲ့ပါသည်။ မြစိမ်းရောင်စီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူ ၄,၃၂၀ ဦးအား ကျပ် ၁,၇၇၁.၄၄၆ သန်း ထုတ်ချေးခဲ့ပါသည်။ ဒီးမော့ဆို နှင့် မယ်စဲ့မြို့နယ်များတွင် ဆိတ်မျိုးကောင်းမျိုးသန့်များအား မွေးမြူရေးဘဏ်စနစ်ဖြင့် ဖြန့်ဖြူးပေးခြင်းနှင့် တိုင်းရင်းကြက် ဖြန့်ဖြူးပေးခြင်း ဆောင်ရွက်ပေးခဲ့ပါသည်။ မြစိမ်းရောင်စီမံကိန်းဖြင့် မွေးမြူရေးဆောင်ရွက်သူ ၇၃၃ ဦးအား ကျပ် ၂၀၆.၃၅ သန်း ထုတ်ချေးခဲ့ပါသည်။ မော်ချီး၊ မိုဆာခီး၊ ထီးလေးခီးဒေသတွင်း သတ္တုတူးဖော်ထုတ်လုပ်မှုကို အကြီးစားကုမ္ပဏီတစ်ခုနှင့် အသေးစားကုမ္ပဏီ ၆ ခုတို့မှ ခဲမဖြူ၊ အဖြိုက်နက် ၂၀၂ မက်ထရစ်တန် ထုတ်

လုပ်နိုင်ခဲ့ပါ သည်။ ကျေးရွာပေါင်း ၄၄၀ ရွာရှိသည့်အနက် အစိုးရဓာတ်အားစနစ်ဖြင့် ၃၄၄ ရွာ နှင့် ပြင်ပဓာတ်အားစနစ်ဖြင့် ၉၆ ရွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကယားပြည်နယ်တွင် ပြည်တွင်း ကုမ္ပဏီ ၃ ခုတို့မှ ကျေးရွာပေါင်း ၄၉ ရွာသို့ အသေးစားငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည်။ လွိုင်ကော်လေဆိပ် လေယာဉ်ပြေးလမ်းအား တိုးချဲ့ခြင်းနှင့် ကျောက်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နယ်စပ်ကုန်သွယ်ရေး စခန်းတည်ရှိရာ မယ်စဲ့မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ခရီးသွားလာရေးလုပ်ငန်းတွင် ဟိုတယ် ၄ လုံး၊ အခန်း ၇၈ ခန်း တိုးတက်ခဲ့ပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်း နှင့် လူထု အခြေပြုခရီးသွားလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

# ကရင်ပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀မိနစ်မှ ၉၈ ဒီဂရီ ၅၅ မိနစ် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၉ မိနစ်မှ ၁၉ ဒီဂရီ ၂၅ မိနစ်အကြား |
| အကျယ်အဝန်း | = | ၁၁,၇၃၀.၈၅(စတုရန်းမိုင်) ၇,၅၀၇,၇၃၃ (ဧက) |
| လူဦးရေ | = | ဦးရေ ၁,၅၈၄ (ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှစ်လယ် လူဦးရေ) |
| မြို့တော် | = | ဘားအံမြို့ |
| ထူးခြားသည့် အမှတ်အသား | = | ဇွဲကပင်တောင်(ဘားအံမြို့နယ်) |
| ခရိုင် | = | (၄)ခရိုင်(ဘားအံ၊ မြဝတီ၊ ဖာပွန်၊ ကော့ကရိတ်) |
| မြို့နယ် | = | (၇)မြို့နယ် |
| အဓိကစီးပွားရေးကဏ္ဍ | | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = | အရှေ့ဘက်တွင်ထိုင်းနိုင်ငံ၊အနောက်ဘက်တွင်ပဲခူးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်၊တောင်ဘက်တွင် မွန်ပြည်နယ်၊မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ် |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၅၁၁,၆၁၂.၉ သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၇.၇ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၇) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၈) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကရင်ပြည်နယ်)။

ကရင်ပြည်နယ်၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၄၄၀,၇၇၅.၃ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၅.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၆.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

# ပုံ(၅-၉)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်စျေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကရင်ပြည်နယ်)။

### သုံးသပ်ချက်

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ စိုက်ပျိုးရေးအတွက် နောင်လုံ-နတ်ကျွန်း ဆန္ဒန်ဂူအနီး ရေထိန်းတံခါးနှင့် လှိုင်းဘွဲ့မြို့နယ်၊ ကော့မရိုင်းရေတံခါးတို့ အားတည်ဆောက်ပေးခြင်းဖြင့် ဧက ၁,၁၀၀ အား အကျိုးပြုနိုင်ခဲ့ပါသည်။ ရေဘေး ကာကွယ်ရေး အတွက် လှိုင်းဘွဲ့မြို့နယ်(ပိုင်ကျုံ)မဲကပူကြက်တူရွေးမြောင်း၊ ပေါင်းချောင်းဟောင်း၊ ကော့ကရိတ် မြို့နယ် အံဘိုချောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ် စတော်ချောင်း၊ ထီဖိုးနိုင်ချောင်း၊ ခလယ်ချောင်း ပုံစံကျ တူးဖော်ပေးခြင်းဖြင့် ၂၆၅၀ ဧကအား အကျိုးပြုနိုင်ခဲ့ပါသည်။ ရေရရှိရေးအတွက် လျှိုပိတ် တမံများဖြစ်သော သာမညလျှိုပိတ်တမံနှင့် စိုက်ပျိုးရေးသိပ္ပံလျှိုပိတ် တမံတို့တည်ဆောက်ခဲ့ ပါသည်။ ဘားအံ-ကော့ကရိတ်-မြဝတီ-အာရှလမ်း၊ ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်းတို့ဖြင့် ချိတ်ဆက်သွားလာနိုင်သော အိန္ဒူ-ဇာသပြင်လမ်းကို လမ်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်၍ ၂၄ ပေအကျယ် ထုနှစ်လက်မရှိ ကတ္တရာကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ ပါသည်။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် မြဝတီခရိုင်၊ မြဝတီမြို့နယ်ရှိ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၂)၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက် နေ့တွင် သံဖြူဇရပ်-

ဘုရားသုံးဆူလမ်းတွင် အရှည်ပေ ၅၀၀ ရှိ အနန်းကွင်းတံတား၊ ဇမိချောင်းတံတား၊ မက္ကသာ ချောင်းတံတားနှင့် မုဒုံ-မြဝတီလမ်းပေါ်ရှိ လှိုင်ကွယ်တံတား (၃/၅၈) တို့အား ဖွင့်လှစ်နိုင်ခဲ့ ပါသည်။ ကျန်းမာရေးကဏ္ဍတွင် အနန်းကွင်းတိုက်နယ်ဆေးရုံသစ်၊ မြဝတီခရိုင် ဆုံဆည်းမြိုင် ဒေသနှင့် မဲဇလီတောင်ကျေးရွာတွင် ဖလံတောင် ၁၆ ကုတင်ဆံ့တိုက်နယ်ဆေးရုံ ၂ ရုံ၊ ကျေးလက် ကျန်းမာရေးဌာန အသစ် ၆ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ၂၀ တို့ကို ဖွင့်လှစ်နိုင်ခဲ့ ပြီး ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## ချင်းပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်- ၂၀ ဒီဂရီ ၄၀ မိနစ် နှင့် ၂၄ ဒီဂရီ ၀၉ မိနစ် အကြား၊ အရှေ့လောင်ဂျီတွဒ်- ၉၂ ဒီဂရီ ၃၆ မိနစ် နှင့် ၉၄ ဒီဂရီ ၀၈ မိနစ်အကြား |
| အကျယ်အဝန်း | = | ၁၃,၉၀၆.၉၇ - စတုရန်းမိုင်ပေါင်း ၈,၉၀၀,၄၅၉ - ဧက |
| လူဦးရေ | = | ဦးရေ - ၅၀၃ (ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ဟားခါးမြို့ |
| ခရိုင် | = | ၃ ခရိုင် (ဟားခါး၊ ဖလမ်း၊ မင်းတပ်) |
| မြို့နယ် | = | ၉ မြို့နယ် |
| မြို့ | = | ၆ မြို့ |
| အဓိကစီးပွားရေး | = | စိုက်ပျိုးမွေးမြူခြင်း |
| ဆက်စပ်ဒေသ | = | အရှေ့ဘက် - စစ်ကိုင်းတိုင်းဒေသကြီး ၈၀.၄မိုင်၊ မကွေးတိုင်းဒေသကြီး ၁၆၅.၂ မိုင်၊အနောက်ဘက် - အိန္ဒိယ နိုင်ငံ ၁၇၃.၂ မိုင်၊ဘင်္ဂလားဒေ့ရှ် ၄၆.၀ မိုင်၊ တောင်ဘက်- ရခိုင်ပြည်နယ် ၁၂၄.၀မိုင်၊မြောက်ဘက်- အိန္ဒိယနိုင်ငံ ၁၀၄.၀ မိုင် |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၄၀၅,၆၄၉.၇ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၃၀.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ချင်းပြည်နယ်)။

ချင်းပြည်နယ်၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃၄၆,၂၁၃.၄ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၈၅.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁၆.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၁၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ချင်းပြည်နယ်)။

**သုံးသပ်ချက်**

ဖလမ်းမြို့နှင့် မင်းတပ်မြို့တွင် နိုင်ငံပိုင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကျေးလက်မီးလင်းရေးအနေဖြင့် အသေးစားရေအားစနစ်၊ ဇီဝလောင်စာ၊ ဒီဇယ်နှင့် နေရောင်ခြည်စွမ်းအင်တို့ဖြင့် မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လမ်းတံတားလုပ်ငန်းများအတွက် လမ်းဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် ကျပ် ၆၆,၀၂၂.၈၉၃ သန်းနှင့် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျပ် ၂,၈၁၃.၇၀၀ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျပ် ၇,၃၄၀.၃၈ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ကျပ် ၁,၆၁၅.၅၈၁ သန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ် ၉,၄၀၃.၅၆၁ သန်း အသုံးပြုခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ကျပ် ၇,၂၀၇.၆၁၆ သန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျပ် ၁,၅၉၇.၅၅၀ သန်း နှင့် ပြည်နယ် ရန်ပုံငွေဖြင့် ကျပ် ၈,၃၅၁.၅၇၁ သန်း အသုံးပြုခဲ့ပါသည်။ စည်ပင်သာယာရေးအဖွဲ့မှ မင်းတပ်ဈေး တည်ဆောက်ရန်အတွက် ကျပ် ၁၁၅.၈၀ သန်း နှင့် ဖလမ်းမြို့ရေပေးဝေရေးအတွက် ကျပ်သန်း ၅,၀၀၀၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ရာများ တည်ဆောက်ရန်အတွက် ကျပ် ၉၁.၈၈၀ သန်း ကို အသုံးပြု၍ ဆောင်ရွက်လျက် ရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်- ၂၁ဒီဂရီ ၃၅မိနစ် မှ ၂၇ဒီဂရီ ၂၂မိနစ်၊ အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၀ မိနစ် မှ ၉၇ဒီဂရီ ၀၈မိနစ်၊ |
| အကျယ်အဝန်း | = | ၃၆,၁၇၈.၇၂ စတုရန်းမိုင် ၂၃,၁၅၄,၃၈၂ဧက |
| လူဦးရေ | = | ဦးရေ - ၅,၄၅၁(ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | မုံရွာမြို့ |
| ထူးခြားမှတ်သား | = | ကောင်းမှုတော်စေတီ |
| ခရိုင် | = | (၁၀) ခရိုင် |
| မြို့နယ် | = | (၃၇) မြို့နယ် |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | = | (၁) ခု (နာဂဒေသ) |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်ရှမ်းပြည်နယ်မြောက်ပိုင်း၊အရှေ့တောင်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်၊တောင်ဘက်တွင်မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင်ချင်းပြည်နယ်၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉,၇၁၆,၁၉၈.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၃) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)





ပုံ(၅-၁၄) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(စစ်ကိုင်းတိုင်းဒေသကြီး)။

စစ်ကိုင်းတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉,၄၂၂,၈၈၃.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၇.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၇.၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၁၅)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(စစ်ကိုင်းတိုင်းဒေသကြီး)။

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် စနစ်တကျ လယ်ယာမြေဖော်ထုတ်ခြင်း၊ မိုးစပါး ၁,၈၀၉,၃၁၀ ဧက၊ နွေစပါး ၄၆၈,၇၅၇ ဧက၊ ချည်မျှင်ချည်ဝါ ၈၂,၇၀၀ ဧက နှင့် အခြားသီးနှံများ စုစုပေါင်းသီးနှံစိုက်ဧက ၁၀,၀၀၁,၉၈၇ ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဈေးကွက်ဝင် ပဲတီစိမ်း၊ ပဲစဉ်းငုံ သီးနှံတို့ကို မျိုးကောင်းမျိုးသန့်များဖြစ်သည့် မုံရွာငွေဒင်္ဂါး၊ ကျွဲခြံငွေဒင်္ဂါး၊ ငါးဆံပဲမျိုးများဖြင့် စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆောင်းရာသီချေးငွေ၊ လယ်လုပ်စက်ကိရိယာ နှင့် ခိုင်းကျွဲနွားများ ဝယ်ယူရန် ချေးငွေများကို ထုတ်ချေးပေးခဲ့ပါသည်။ စပါးမျိုးကွဲလျော့ချရေး အတွက် ဇုန်အလိုက်သတ်မှတ် စိုက်ပျိုးရေးဆောင်ရွက်ခြင်း၊ ကြံမျိုးသစ်များ၊ မျိုးသန့်ဝါစေ့များ နှင့် ရာဘာမျိုးသစ် ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဆည်ရေရရှိမှု ကောင်းမွန်စေ ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံတော်မှ တည်ဆောက်ထားသော ဆည်၊ ကန်၊ တာတမံ ၄၄ ခုရှိပြီး အကျိုးပြုဧကမှာ ၆၇၈,၅၅၇ ဧက ရှိပါသည်။ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက် စေရန်၊ စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန် ရည်မှန်းပြီး မြစိမ်းရောင်ကျေးရွာ

စီမံကိန်းကို ကျေးရွာပေါင်း ၃ ရွာ၊ ဝက်မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးရေးအတွက် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ကျေးရွာ ၇ ရွာ တို့ကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကြက်မွေးမြူရေးဇုန် နှင့် နွားမွေးမြူရေးဇုန်၊ ငုံးဇုန်တို့မှ အသားနှင့်ဥထုတ်လုပ်ခြင်း၊ ဒေသခံနွားမများကို မျိုးမြှင့်တင် သားစပ်၍ နို့စားနွား မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကြောင့် အသား၊ ဥနှင့် နို့ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ ရွှေဖက်စပ်လုပ်ငန်းတွင် အကြီးစားကုမ္ပဏီ ၁ ခု၊ အသေးစား ကုမ္ပဏီ ၁၁၉ ခုအား ခွင့်ပြုမိန့်ချထားပေးခဲ့ပြီး ကျောက်မီးသွေးထုတ်လုပ်မှုကို ကုမ္ပဏီ ၂၂ ခု တို့ဖြင့် ထုတ်လုပ်လျက်ရှိပါသည်။ စက်မှုလုပ်ငန်းစာရင်းအရ ကုန်ထုတ်လုပ်မှု လုပ်ငန်းအုပ်စု ၁၃ မျိုး၊ လုပ်ငန်းကြီး ၃၅၁ ခု၊ လုပ်ငန်းလတ် ၉၈၂ ခု နှင့် လုပ်ငန်းငယ် ၃,၂၀၉ခု၊ စုစုပေါင်း ၄,၅၄၂ ခုရှိသဖြင့် ယခင်နှစ်ကထက် ၂၄၄ ခု တိုးတက်လာပါသည်။ ရေအားလျှပ်စစ် လုပ်ငန်းအနေဖြင့် လေရှီးမြို့နယ်၊ မတူဂီချောင်း အသေးစားရေအားလျှပ်စစ်လုပ်ငန်း၊ လဟယ်မြို့နယ် ကျလွေချောင်း ရေအားလျှပ်စစ်လုပ်ငန်းကို တပ်ဆင်စက် အင်အား ၁၅၀ ကီလိုဝပ် ၁ လုံး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ကျေးရွာပေါင်း ၆,၀၀၆ ရွာ ရှိသည့်အနက် အစိုးရဓာတ်အားစနစ်ဖြင့် မီးလင်းပြီး ကျေးရွာ ၁,၅၈၅ ရွာ၊ ပြင်ပဓာတ်အားစနစ်ဖြင့် မီးလင်းပြီး ကျေးရွာ ၃,၃၃၉ ရွာနှင့် စုစုပေါင်း မီးလင်းပြီးကျေးရွာ ၄,၉၂၄ ရွာ မီးလင်းရေး ဆောင်ရွက်နိုင် ခဲ့ပါသည်။ ကျေးလက်ရေပေးရေးလုပ်ငန်း အနေဖြင့် တွင်းတိမ် ၉ တွင်း၊ တွင်းနက် ၁၂၄ တွင်း၊ လက်တူးတွင်း ၁၉ တွင်း၊ ရေကန် ၃၈ တွင်း၊ စိမ့်စမ်း ၃၈ တွင်းနှင့် အခြား ၁ခု၊ လုပ်ငန်းပေါင်း ၂၂၉ ခု အား ဆောင်ရွက်ပြီးစီး ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းအနေဖြင့် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ဖြစ်သော ဟန်လင်း ပျူမြို့ဟောင်း၊ အလောင်းတော်ကဿပ၊ အမျိုးသားဥယျာဉ်၊ ဖိုလ်ဝင်တောင်၊ မိုးညှင်းသမ္ဗုဒ္ဓေ၊ ဗောဓိတစ်ထောင်၊ လယ်တီကျောက်စာတိုက်များသို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ ဝင်ရောက် လာခြင်းကြောင့် ခရီးသွားလုပ်ငန်းတိုးတက်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ် လျက်ရှိပြီး တမူး၊ ရိဒ် နယ်စပ်ကုန်သွယ်ရေးစခန်းများရှိခြင်းကြောင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်း များဖွံ့ဖြိုးလျက်ရှိပါသည်။

## တနင်္သာရီတိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်- ၉ ဒီဂရီ ၅၈ မိနစ်နှင့် ၁၅ ဒီဂရီ ၆၀ မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ်- ၉၇ ဒီဂရီ ၄၆ မိနစ်နှင့် ၉၉ ဒီဂရီ ၄၀ မိနစ်အတွင်း |
| အကျယ်အဝန်း | = | ၁၆,၇၃၅.၅၆ စတုရန်းမိုင် ၁၀,၇၁၀,၇၅၇ ဧက |
| လူဦးရေ | = | ဦးရေ- ၁,၄၄၈ (ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ ) |
| မြို့တော် | = | ထားဝယ်မြို့ |
| ထူးခြားသော ဒေသ | = | ထားဝယ်အထူးစီးပွားရေးဇုန်၊ မောင်းမကန်ကမ်းခြေ |
| ခရိုင် | = | ၃ ခရိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း |
| မြို့နယ်/ မြို့ | = | (၁၀) မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ၊သားငါးကဏ္ဍ |
| ဆက်စပ်ဒေသ | = | အရှေ့ဘက်နှင့်တောင်ဘက်တွင်ထိုင်းနိုင်ငံ၊အနောက်ဘက်တွင်ကပ္ပလီပင်လယ်၊ မြောက်ဘက်တွင် မွန်ပြည်နယ် |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၅၉၆,၅၃၄.၀ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၄.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (တနင်္သာရီတိုင်းဒေသကြီး)။

တနင်္သာရီတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၃၇၀,၆၉၇.၈ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၃.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၄.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၁၈)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(တနင်္သာရီတိုင်းဒေသကြီး)။

**သုံးသပ်ချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် မတ်ပဲ၊ ပဲလွမ်း၊ ကြက်ပေါင်စေး၊ ကွမ်းသီး၊ ကွမ်းရွက်၊ အုန်းသီး၊ ငရုတ်ကောင်း၊ ပီလောပီနံ၊ အထွက်များ တိုးတက်ခဲ့ပါသည်။ ရေငန်ငါး အမျိုးအစားတွင်ပါဝင်သော ရေချူကို စီးပွားဖြစ်ထုတ်လုပ်နိုင်ခဲ့ပြီး တန်ချိန် ၂၀ ခန့်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကအခန်းမှ ခဲမဖြူ အဖြိုက်နက် ရောရာ၊ မဂ္ဂနီးဒိုင်အောက်ဆိုဒ်၊ ဂေါ်ဒန်ကျောက်၊ ထုံးကျောက်နှင့် သလင်းကျောက် ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ မြိတ်မြို့နယ်စက်မှုဇုန်ရှိ လုပ်ငန်းများမှ ကုန်စည်များ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်း၊ စက်မှုဇုန်ပြင်ပရှိ စားသောက်ကုန်လုပ်ငန်းများမှ ဒေသထွက် မုန့်မျိုးစုံ၊ မျှင်ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်၊ မုန့်ဟင်းခါး၊ ငါးအအေးခန်း လုပ်ငန်းများ၊ အခြားသောရေထွက်ကုန်များ တိုးမြှင့် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ခရီးသွားဝန်ဆောင်မှုတွင် ပွင့်လင်းရာသီဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသောကြောင့် ဘုရားဖူးခရီးသည်များ များလာခြင်း၊ ဘုရားဖူးယာဉ်နှင့် အငှားယာဉ်များ ပိုမိုပြေးဆွဲရခြင်း၊ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ ရေယာဉ်များဖြင့် ကျွန်းပတ် ခရီးသွားလာခြင်းတို့ကြောင့် တိုးတက်လာခဲ့ပါသည်။ ထိုင်း-မြန်မာ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် နယ်စပ် ကုန်သွယ်ရေးစခန်း ၄ ခုကို ဖွင့်လှစ် ထားရှိခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်<br>မှ ၁၈ ဒီဂရီ၂ဝမိနစ်အတွင်း အရှေ့<br>လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ်<br>မှ ၉၇ ဒီဂရီ ၁၂ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၁၅,၂၁၄.၁၃ စတုရန်းမိုင်<br>၉,၇၃၇,ဝ၄၃ ဧက |
| လူဦးရေ= | | ဦးရေ - ၄,၉ဝ၇(ထောင်ပေါင်း)<br>(၂ဝ၁၆-၂ဝ၁၇ဘဏ္ဍာနှစ်၊<br>နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ပဲခူးမြို့ |
| ထူးခြားအမှတ်အသား | = | ကမ္ဘောဇသာဒီ နန်းတော်ရာ<br>မိုးယွန်းကြီးအင်း ဘောမဲ့တော |
| ခရိုင် | = | ပဲခူးခရိုင်၊ တောင်ငူခရိုင်၊<br>ပြည်ခရိုင်၊ သာယာဝတီခရိုင် |
| မြို့နယ် | = | ၂၈ မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာ၊ သားငါး၊ စက်မှု၊<br>ပို့ဆောင်ရေးကဏ္ဍ |
| ဆက်စပ်ဒေသများ= | | အရှေ့ဘက်တွင်ကရင်ပြည်နယ်၊<br>အနောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ၊<br>တောင်ဘက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊<br>မြောက်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ |


၂ဝ၁၆-၂ဝ၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၆,၇၂၃,၁၉၁.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၇.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၉) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၀) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပဲခူးတိုင်းဒေသကြီး)။

ပဲခူးတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၆,၆၆၀,၇၁၁.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် **၉၉.၁** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၆.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၂၁)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

**(နှစ်အလိုက်ဈေးနှုန်း)**





ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပဲခူးတိုင်းဒေသကြီး)။

**သုံးသပ်ချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ မိုးစပါးစုစုပေါင်း ၂,၇၄၂,၅၀၀ ဧက၊ နွေစပါး စမ်းသပ်ကွက်/စံပြကွက်များကို ၁၅၀ ဧကနှင့် စက်ဖြင့် မျိုးစေ့ချစံပြကွက် ၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရေကြီးနှစ်မြုပ် ပျက်စီးလယ်ယာမြေများအတွက် ပဲခူးတိုင်းဒေသကြီး ရန်ပုံငွေဖြင့် မိုးစပါး တင်း ၁၀,၀၀၀၊ ပြည်ထောင်စုရန်ပုံငွေဖြင့် မိုးစပါး ၆,၇၉၂ တင်း၊ စုစုပေါင်း ၁၆,၇၉၂တင်း တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ တောရှင်းလင်းခြင်းနှင့် နယ်နမိတ်ကျောက်တိုင်များ စိုက်ထူခြင်း လုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ လမ်းအရှည် ၈၀ မိုင် ၆.၀၂ ဖာလုံ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်းအရှည် ၂၆ မိုင် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ခရီးသွားဝန်ဆောင်မှုတွင် ပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်၍ ပြည်သူများ အပန်းဖြေရန်အတွက် မြန်မာ့သစ်လုပ်ငန်းမှ ဝင်္ဂဘော်ဆင်စခန်း၊ ဖိုးကျားဆင်စခန်း၊ မော်ရေကြီးဆင်စခန်း၊ မိုင်(၂၀) ဆင်စခန်း၊ မြိုင်ဟေဝန်ဆင်စခန်းနှင့်

ပေါ်လံကြီးဆင်စခန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ သဘာဝဘေးမဲ့တော မိုးယွန်းကြီးအင်းတွင် ဆောင်းခိုငှက်များနှင့် အခြားငှက်မျိုးစိတ်များ ကြည့်ရှုရန်နှင့် အပန်းဖြေရန် ပြည်တွင်း/ပြည်ပ ခရီးသည်များ ဝင်ရောက်ခြင်း၊ ဘုရားဖူးခရီးသည်များ သရေခေတ္တရာ မြို့ဟောင်းနှင့် ဟံသာဝတီ မြို့ဟောင်းသို့ ခရီးသည်ဝင်ရောက်မှုများခြင်းကြောင့် ပုဂ္ဂလိကပို့ဆောင်ရေးမှ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင် ဒေသန္တရစက်မှုလက်မှုလုပ်ငန်း များမှ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ငွေကြေးဝန်ဆောင်မှုအနေဖြင့် သမဝါယမဘဏ် ၁၀ ခု နှင့် ပုဂ္ဂလိကဘဏ် ၇၆ ခု စုစုပေါင်း ၈၆ ခု တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

# မကွေးတိုင်းဒေသကြီး




တည်နေရာ = အရှေ့လောင်ဂျီတွဒ် - ၉၃ဒီဂရီ၅၂မိနစ်နှင့်
၉၅ ဒီဂရီ ၅၁ မိနစ်အတွင်း
မြောက်လတ္တီတွဒ် - ၁၈ဒီဂရီ ၅၂မိနစ်နှင့်
၂၂ဒီဂရီ ၄၃ မိနစ် အတွင်း

အကျယ်အဝန်း = ဧရိယာ ၁၇,၃၀၅.၃၂စတုရန်းမိုင်
၁၁,၀၇၅,၄၀၅ဧက

မြို့တော် = မကွေးမြို့

လူဦးရေ = ၃,၉၄၃(ထောင်ပေါင်း)၊
၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊နှစ်လယ်လူဦးရေ

ထူးခြားမှတ်သား = မကွေးမြသလွန်၊မင်းဘူး
ရွှေစက်တော်ဘုရား

ခရိုင် = ၅ ခု

မြို့နယ် = ၂၅ မြို့နယ်

ကျေးရွာ = ၄,၇၇၁ ရွာ


အဓိကစီးပွားရေး = လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ

ဆက်စပ်ဒေသများ = အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊
အနောက်ဘက်တွင်ချင်းပြည်နယ်၊
ရခိုင်ပြည်နယ်၊မြောက်ဘက်တွင်
စစ်ကိုင်းတိုင်းဒေသကြီး၊
တောင်ဘက်တွင်ပဲခူးတိုင်းဒေသကြီး၊


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မကွေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၇,၅၅၆,၀၁၄.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၂၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)။

မကွေးတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၇,၁၁၉,၀၉၄.၂ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၄.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၃.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၂၄)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)။

**သုံးသပ်ချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဇူလိုင်လတွင် ရေကြီးခဲ့ခြင်းကြောင့် နွေစပါး၊ နွေနှမ်း၊ မိုးနှမ်း ပဲတီစိမ်း၊ နေကြာ၊ မိုးမြေပဲ နှင့် ပဲစဉ်းငုံ စိုက်ဧက စုစုပေါင်း ၁၉,၇၃၈ ပျက်စီးခဲ့ပြီး မိုးစပါး၊ အစေ့ ထုတ်ပြောင်း၊ ကုလားပဲ၊ ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံ ထွက်ရှိမှုများ လျော့နည်းခဲ့ပါသည်။ သစ်တောပြုန်းတီးမှုကာကွယ်ရန် သစ်ထုတ်လုပ်မှုရပ်ဆိုင်းထားခြင်းကြောင့် ကျွန်း၊ သစ်မာ၊ ကျွန်း နှင့် သစ်မာတိုင်၊ ပုဂ္ဂလိကပိုင်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုလျော့နည်းခဲ့ပါသည်။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းမှ ရေနံစိမ်း၊ သဘာဝဓါတ်ငွေ့၊ ဘူးသွင်းသဘာဝဓာတ်ငွေ့များ အထွက်များ ကျဆင်းခဲ့ပါသည်။ ရေနံချောင်းစက်မှုဇုန်၊ ပခုက္ကူစက်မှုဇုန် အပါအဝင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ ၃,၃၁၉၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကျပ် ၁၂,၈၀၆.၀ သန်း ဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး အမှတ် ၃၁ အကြီးစား ဘိလပ်မြေစက်ရုံ (သရက်) အနေဖြင့် Myanmar Jidong Cement Co;Ltd နှင့် ဖက်စပ် လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။


သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာတွင်၊ ၆၆/၁၁ KV ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းဖြင့် ကျေးရွာ ၁၅ ရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ကျေးလက်မီးလင်းရေးအနေဖြင့် ဒီဇယ်မီးစက်၊ ရေအား၊ ဇီဝလောင်စာ၊ စပါးခွံ၊ နေရောင်ခြည် စွမ်းအင်၊ လျှပ်စစ်ဓာတ်အားစသည့် နည်းလမ်းများဖြင့် ကျေးရွာပေါင်း ၃,၀၆၇ ရွာ မီးလင်းခဲ့ပြီး၊ ကျေးရွာစုစုပေါင်း၏ ၆၄.၃% မီးလင်းပြီးဖြစ်ပါသည်။

ပြည်ထောင်စုလမ်းမကြီး တစ်ခုဖြစ်သည့် မင်းဘူး-အမ်းလမ်း စုစုပေါင်း ၁၉ မိုင် ၆ ဖာလုံ အား မူလလမ်းအကျယ် ၁၂ ပေ မှ ကတ္တရာလမ်းအကျယ် ၁၈ ပေ အထိတိုးချဲ့ပြီး မျက်ကွယ်ကုန်း များကို ဖြတ်ညှိကာ ကတ္တရာလမ်းသစ်ခင်းခြင်း၊ ပွင့်ဖြူမြို့နယ်တွင် ကန်သာကြီး-ကျောင်းတော်ရာလမ်း၊ ကျောက်ချောခင်းခြင်း၊ လယ်ကိုင်း-ကျောင်းတော်ရာလမ်း ကတ္တရာလမ်း ခင်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ငဖဲမြို့နယ်အတွင်း အရှည်ပေ ၉၂၀ အကျယ် ၁၄ ပေရှိသည့် အိုးမြေတွင်း မန်းချောင်းကူး သံကူကွန်ကရစ်တံတား၊ အရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေ ရှိ၊ ဇီးတော-ပေါင်းကလေး ကျေးရွာ ချင်းဆက် သံကူကွန်ကရစ်တံတား၊ မင်းဘူးမြို့နယ်တွင် အရှည်ပေ ၁၂၀ ၊ အကျယ် ၁၄ ပေ ရှိ ရေပူရိုးချောင်းကူး သံကူကွန်ကရစ်တံတားတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး RCC တံတား ၂၀ ပေနှင့် ၅၀ ပေ အထိ ၂၁ စင်း၊ ၅၀ ပေ အထက် ၃ စင်း၊ ၁၀၀ ပေအထက် ၉ စင်း၊ ကွန်ကရစ်ရေကျော် တည်ဆောက်ခြင်း ၁၆ စင်း နှင့် မြေကာန်ရံ တည်ဆောက်ခြင်း ၉,၅၉၉ ခု စသည့် လုပ်ငန်းများ ကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ဂဝ်လမ်း၊ မြေလမ်း၊ စုစုပေါင်း ၂၄၆/၁.၃၄ မိုင်၊ ကွန်ကရစ်တံတား၊ သစ်သား တံတား၊ ရေကျော်၊ ရေပြွန် နှင့် အခြားတံတား စုစုပေါင်း ၂၆၇ စင်း၊ စက်ရေတွင်း ၈၈ တွင်း၊ တွင်းတိမ် ၁၄ တွင်း၊ လက်တူးတွင်း ၃၁ တွင်း ၊ မြေသားရေကန် ၃၈ ကန်၊ စိမ့်စမ်း ၆ တွင်း၊ အခြား ၈၃ ခုတို့အား ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာ ၁ ခု၊ ကျေးလက် ကျန်းမာရေးဌာန ၅ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၁ ခု တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ ပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ် ၃၀ လုံး၊ တည်းခိုရိပ်သာ ၁၁၉ ခု၊ ခရီးသွားဝန်ဆောင်မှု ကုမ္ပဏီ ၁ ခု ရှိပြီး ပြည်တွင်းခရီးသည် ၁၀၃,၃၉၅ ဦး နှင့် ပြည်ပ ခရီးသည် ၄,၇၆၉ ဦးတို့ ရောက်ရှိခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - ၁၉ ဒီဂရီ ၁၀မိနစ် နှင့် ၂၃ ဒီဂရီ ၄၅ မိနစ်အတွင်း<br>အရှေ့လောင်ဂျီတွဒ် - ၉၄ ဒီဂရီ ၅၀မိနစ် နှင့် ၉၆ ဒီဂရီ ၅၀ မိနစ်အတွင်း |
| အကျယ်အဝန်း | = | ၁,၁၉၂,၅.၉၅ - စတုရန်းမိုင်<br>၇,၆၃၂,၆၁၂ - ဧက |
| လူဦးရေ | = | ၆,၃၃၂ (ထောင်ပေါင်း)<br>(၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | မန္တလေး |
| ထူးခြားအမှတ်အသား | = | နန်းတော် ၊ ကျုံး |
| ခရိုင် | = | ၇ ခရိုင် |
| မြို့နယ် | = | ၂၈ မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွား လုပ်ငန်း |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်-ရှမ်းပြည်နယ်၊<br>တောင်ဘက်-နေပြည်တော်၊<br>အနောက်တောင်-မကွေးတိုင်းဒေသကြီး၊<br>အနောက်မြောက်နှင့်အနောက်-စစ်ကိုင်းတိုင်းဒေသကြီး |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၈,၇၃၀,၃၅၇.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၈.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၂၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၅-၂၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)။

မန္တလေးတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၈,၄၉၅,၆၂၇.၉ သန်း ရရှိခဲ့သဖြင့် **စီမံကိန်းရည်မှန်းချက်**အပေါ် ၉၇.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၆.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

## ပုံ(၅-၂၇)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
### (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)။

**သုံးသပ်ချက်**

မြို့နယ် (၁၉) မြို့နယ်တွင် ငါးမွေးတောင်သူ ၁,၂၀၀ ကျော်၊ ငါးမွေးကန် ဧက ၇,၉၀၀ ကျော်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေ (ADB Loan) ဖြင့် လုပ်ငန်း ၄ ခု၊ ODA Loan ဖြင့် လုပ်ငန်း ၈ ခု အား ဆောင်ရွက်ခဲ့ပါသည်။ စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်စက်ရုံ ၃၈ ရုံ၊ ပုဂ္ဂလိက စက်မှုမှတ်ပုံတင်မှု လုပ်ငန်းများမှ အကြီးစား ၁,၂၉၇ ခု၊ အလတ်စား ၂,၆၃၁ ခု၊ အသေးစား ၃,၈၇၄ ခု၊ စုစုပေါင်း စက်မှုလက်မှု လုပ်ငန်း ၇,၈၀၂ ခုဖြင့် ကုန်ပစ္စည်းများထုတ်လုပ်လျက်ရှိပါသည်။နိုင်ငံပိုင်အခန်းတွင်ထုံးကျောက်၊ ကျောက်မာနှင့် သံမဏိတုံး၊ ပုဂ္ဂလိကပိုင်အခန်းတွင် ကျောက်မျက်ရတနာ၊ ရွှေ၊ မြေဖယောင်း၊ ဘရိုက်တီးကျောက် နှင့် တကောင်းဖယ်ရိုနီကယ်တို့မှာ ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ဘဏ်များ၏ ဝန်ဆောင်မှုတိုးတက်လာခြင်း၊ သမဝါယမငွေစုငွေချေး အသင်းများမှ ဝင်ငွေများပိုမိုရရှိလာခြင်း၊အသေးစားငွေချေးလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဟိုတယ် ၃၆၂ လုံး၊ တည်းခိုခန်း ၅၁၆ ခန်း နှင့် မှတ်ပုံတင်ထားသည့် ဧည့်လမ်းညွှန် ၁,၅၁၄ ဦး ရှိပြီး ဧည့်သည်ဝင်ရောက်မှုမှာ ပြည်တွင်းမှ ၇၈၃,၈၃၉ ဦး ပြည်ပမှ ၇၉၉,၇၇၁ ဦး ဝင်ရောက်ခဲ့ပါသည်။

## မွန်ပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - ၁၄ဒီဂရီ ၅၉မိနစ်နှင့် ၁၇ဒီဂရီ၃၄မိနစ် အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၅၂မိနစ်နှင့် ၉၆ ဒီဂရီ၁၂မိနစ် |
| အကျယ်အဝန်း | = | ၄,၇၄၇.၇၆-စတုရန်းမိုင်ပေါင်း ၃,၀၃၈,၅၆၄- ဧက |
| လူဦးရေ | = | ဦးရေ - ၂,၀၂၃(ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | မော်လမြိုင် |
| ထူးခြားမှတ်သား | = | ကျိုက်ထီးရိုး |
| ခရိုင် | = | ၂ ခရိုင် (မော်လမြိုင်၊ သထုံ) |
| မြို့နယ် | = | ၁၀ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်ကရင်ပြည်နယ်နှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင်မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင်တနင်္သာရီတိုင်း၊ မြောက်ဘက်တွင် ပဲခူးတိုင်း |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၂၈၆,၁၂၄.၂ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၇.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၂၈) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၅-၂၉) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)။

မွန်ပြည်နယ်၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၂၄၉,၄၉၄.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၆.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၃၀)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လအကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
### (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)။

**သုံးသပ်ချက်**

မွေးမြူရေးအတွက် ကျေးလက်ဘဏ်မှ ချေးငွေများ ထုတ်ချေးပေးခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ လှည့်ပတ်ရန်ပုံငွေ ထုတ်ပေး၍ မွေးမြူရေးကျေးရွာထူထောင်ပေးခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံချက်ဖြင့် ချေးငွေများထုတ်ချေးပေးခြင်း၊ တစ်အိမ်လျှင် တစ်နိုင်တစ်ပိုင် ဝက်၊ ကြက်၊ ဆိတ် နှင့် နွားတို့ကို ဗိုင်းကြီးချုပ်စနစ်ဖြင့် မွေးမြူနိုင်ရန်စီစဉ်ပေးခြင်း ငါးသားပေါက်စခန်းများရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိကြောင်းတွေ့ရှိရပါသည်။ နိုင်ငံပိုင်အခန်းမှ ကျောက်မာထုတ်လုပ်မှုသည် ယခင်နှစ်ထက်လျော့နည်းခဲ့သော်လည်း သမဝါယမပိုင်အခန်းမှ ဂဝံအုတ်ပြား၊ ကျင်းကျောက်၊ ရေတွင်းကျောက်၊ ပုဂ္ဂလိကပိုင်အခန်းမှ အလှဆင်ကျောက်၊ ထုံးကျောက်ထုတ်လုပ်မှုများ ယခင်နှစ်ထက်တိုးလာပါသည်။ ဟိုတယ် ၄၉ လုံး၊ တည်းခိုခန်း ၁၂၈ ခု တို့ဖြင့် ခရီးသွားများအား ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ပြည်တွင်းခရီးသွား ၁၅၀,၈၀၂ ဦးနှင့် ပြည်ပခရီးသွား ၈၇,၈၆၉ ဦးတို့ ဝင်ရောက်ခဲ့ပါသည်။

## ရခိုင်ပြည်နယ်





| | |
|---|---|
| တည်နေရာ = | မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် မှ ၂၁ဒီဂရီ၃၀ မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ၁၀ မိနစ်မှ ၉၃ ဒီဂရီ၅၀မိနစ်အတွင်း တည်ရှိပါသည်။ |
| အကျယ်အဝန်း = | ၁၄,၂၀၀.၀၈ စတုရန်း မိုင် ဧက ၉,၀၈၈,၀၅၃ |
| လူဦးရေ = | ဦးရေ ၃,၂၈၃ (ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ ) |
| မြို့တော် = | စစ်တွေ |
| ထူးခြားသည့် အမှတ်အသား = | View Point စစ်တွေ၊ ပေလဲ(ကမ်းခြေ)သံတွဲ |
| ခရိုင် = | ၅ ခရိုင် |
| မြို့နယ် = | ၁၇ မြို့ |
| အဓိကစီးပွားရေး ကဏ္ဍ = | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ |
| ဆက်စပ်ဒေသများ = | အရှေ့ဘက်တွင်မကွေးတိုင်း၊ပဲခူးတိုင်း၊ တောင်ဘက်တွင်ဧရာဝတီတိုင်းနှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက် တွင် ဘင်္ဂလားပင်လယ်အော်နှင့် အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ချင်းပြည်နယ် |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၄,၄၄၀,၀၇၆.၁ သန်း အကောင် အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၃၁) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၃၂) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)။

ရခိုင်ပြည်နယ်၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၅၃၄,၂၃၇.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၇၉.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၃.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၃၃)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)။

**သုံးသပ်ချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် လယ်သမားတာများပြုပြင်မွမ်းမံခြင်း၊ ရေလှောင်တမံများ၊ ရေပေးမြောင်းများ ရေငန်တားတာတမံများတွင် ရေထိန်းတံခါးများ ပြုပြင်တည်ဆောက်ခြင်း၊ သံတွဲမြို့နယ်တွင် လျှိုပိတ်ဆည် (၂)ခု၊ ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့တွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်း (၆)ခု တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကမ်းလွန်သဘာဝဓါတ်ငွေ့လျော့နည်းရခြင်းမှာ ပြည်တွင်းပြည်ပမှ ဝယ်ယူမှုအပေါ်မူတည်၍ ထုတ်လုပ်ရခြင်းကြောင့်ဖြစ်ပါသည်။ မာလ်ဘယ်စကျင်ကျောက်နှင့် လမ်းခင်းကျောက် ထုတ်လုပ်ခြင်းများ လျော့နည်းခဲ့ပါသည်။လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့ဆောက်လုပ်နိုင်ခြင်းကြောင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ခဲ့ပါသည်။ ရထားပို့ဆောင်ရေးအနေဖြင့် ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်းနှင့် ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းများ သံလမ်းပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းခင်းကျောက်နှင့် ချောင်းကျောက်ထည့်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်၁၆ဒီဂရီ၁၅ မိနစ်မှ ၁၇ ဒီဂရီ ၅၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ်၉၅ဒီဂရီ၄၂ မိနစ်မှ ၉၆ဒီဂရီ၄၆ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = | ၃,၉၆၇.၈၆(စတုရန်းမိုင်) |
| လူဦးရေ | = | ဦးရေ ,၇၆၄(ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ရန်ကုန်မြို့ |
| ထူးခြားသည့် အမှတ်အသား | = | ရွှေတိဂုံဘုရား |
| ခရိုင် | = | အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင် |
| မြို့နယ် | = | ၄၅ မြို့နယ်၊ |
| အဓိကစီးပွားရေး ကဏ္ဍာ | = | စက်မှုလက်မှုကဏ္ဍာ၊ပို့ဆောင်ရေးကဏ္ဍာ |
| ဆက်စပ်သည့် ဒေသများ | = | အရှေ့ဘက်နှင့်မြောက်ဘက်တွင် ပဲခူး တိုင်းဒေသကြီး၊ နောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့ |


၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၉,၂၆၀,၇၀၈.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၃၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၃၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)။

ရန်ကုန်တိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး သည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၈,၉၅၀,၂၈၄.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၈.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၃၆)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)။

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဖြင့် နွေစပါး ၉,၉၂၈ ဧက ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် မိုးချေးငွေ၊ ဆောင်းချေးငွေ၊ မိုးကြို(ချက်ကြဲ)ချေးငွေများကို ကျပ်သန်း ၁၄၈,၁၀၆ ထုတ်ချေးနိုင်ခဲ့ပါသည်။ အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေအရ မှတ်ပုံတင် ဆောင်ရွက်ပေးရန် လုပ်ငန်းပေါင်း ၄၁၅ ခုလျှာထားခဲ့ပြီး ၄၉၂ ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စက်မှု လက်မှုလုပ်ငန်းဦးစီးဌာန မှတ်ပုံတင်စာရင်းအရ အကြီးစားစက်မှုလုပ်ငန်း ၂,၇၆၇ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၂,၀၅၂ ခု၊ အသေးစားစက်မှု လုပ်ငန်း ၁,၇၄၀ ခု နှင့် လုပ်ငန်းစုစုပေါင်း ၆,၅၅၉ ခု မှတ်ပုံတင်နိုင်ခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)တွင် တစ်နှစ်လျှင် တန်ချိန် တစ်သန်း ထွက်မည့် ဘိလပ်မြေစက်ရုံကို မလေးရှားအခြေစိုက် YTL ကော်ပိုရေးရှင်းမှ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိထားပြီး Resource & Environment Myanmar Ltd. မှ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင်

ကိုရီးယားသမ္မတနိုင်ငံမှ Yojin ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းကိုလည်း ခွင့်ပြုမိန့် ထုတ်ပေးပြီးဖြစ်ပါသည်။ အများပြည်သူသယ်ယူ ပို့ဆောင်ရေးယာဉ်လိုင်းစနစ်(YBS)ကို အကောင်အထည်ဖော်နိုင်ခဲ့ပါ သည်။ ယာဉ်လိုင်းပေါင်း ၆၁ လိုင်း၊ ယာဉ်အစီးရေ ၃,၂၀၀ နှင့် စတင်ခဲ့သော YBS စနစ်တွင် ယာဉ်လိုင်းပေါင်း ၈၀ နီးပါး၊ ယာဉ်စီးရေ ၄,၀၀၀ ခန့်တို့ဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး ယာဉ်စီးရေ ၂၀,၆၀၀ ထပ်မံမှာယူထားဆဲဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများတိုးတက်လာခြင်း၊ အငှားယာဉ်၊ အဝေးပြေးကားလုပ်ငန်း၊ လုပ်ငန်းသုံးယာဉ်၊ ကုန်တင်ကားများမှ ဝင်ငွေတိုးတက်လာသောကြောင့် ပုဂ္ဂလိကပိုင် ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေများ၊ အတိုးရငွေများ၊ အသေးစားချေးငွေလုပ်ငန်းများ၊ အာမခံလုပ်ငန်းများ တိုးတက်ခဲ့ ပါသည်။ ပြည်တွင်း/ ပြည်ပ သို့ ငွေပို့/ငွေလွှဲ လုပ်ငန်းများ အချိန်ပိုင်းအတွင်း ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံခြားငွေရောင်းဝယ်ခြင်း (Money Changer) များ ဖွင့်လှစ် ဆောင်ရွက်ပေးခြင်းတို့ကို တိုးတက်ဆောင်ရွက်နိုင်ခဲ့ ပါသည်။

လူထုဗဟိုပြုစီမံကိန်း (CDD - Community Driven Development) ရန်ပုံငွေဖြင့် ကော့မှူးမြို့နယ်တွင် လုပ်ငန်း ၁၈၈ ခု၊ ထန်းတပင် မြို့နယ်တွင် လုပ်ငန်း ၂၄၃ ခု ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့တွင် တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။လူထုဗဟိုပြုစနစ်အားကျင့်သုံး၍ ကျေးရွာ ၅၇၆ ရွာ၊ လူဦးရေ ၄၈၆,၀၁၁ ဦးတို့ အတွက် အခြေခံလူမှုစီးပွား အဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ခဲ့ ပါသည်။

## ရှမ်းပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ်မှ ၂၄ ဒီဂရီ ၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ်မှ ၁၀၁ ဒီဂရီ ၁၃ မိနစ် |
| အကျယ်အဝန်း | = | ၆၀,၁၅၅.၂၃ စတုရန်းမိုင်၊ ၃၈,၄၉၉,၃၄၅ ဧက |
| လူဦးရေ | = | ဦးရေ ၆,၀၉၄ ထောင်ပေါင်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = | တောင်ကြီးမြို့ |
| ခရိုင် | = | ၁၃ ခရိုင် |
| မြို့နယ် | = | ၅၅ မြို့နယ် |
| ထူးခြားမှတ်သား | = | အင်းလေးကန် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာ၊ သားငါး၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ ပို့ဆောင်ရေး၊ |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | = | ‘ဝ’ |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | = | ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့် |
| ဆက်စပ်ဒေသများ | = | မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင်လာအိုနိုင်ငံ၊ အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊တောင်ဘက်တွင်ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၄,၈၉၈,၉၈၉.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၃၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၃၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)။

ရှမ်းပြည်နယ်၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၄,၇၆၈,၇၅၈.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ် ၉၇.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၄.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၃၉)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)။

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေး ဝမ်းကျောင်း အထောက်အကူပြု ကာလတိုသင်တန်း ခုနှစ်မျိုးကို ၃၃ ကြိမ် ဖွင့်လှစ်ပို့ချပေးခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၃ မျိုးအတွက် လုပ်ငန်းရှင် ၁၄၀ တို့ကို မှတ်ပုံတင် ပြုလုပ်ပေးနိုင်ခဲ့သည်။ စုစုပေါင်းရန်ပုံငွေ ကျပ် ၁၈,၁၆၈.၆၂၉ သန်းဖြင့် ၁၁ ကေဗွီလိုင်း ၆၁. ၉၃ မိုင်၊ ၄၀၀ ဗို့လိုင်း ၆၆ . ၅၉ မိုင်နှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ ၆၆ လုံး တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပါ သည်။ ဟိုတယ်/တည်းခိုရိပ်သာ လိုင်စင် ၂၇၂ ခု၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် ၇၈ ခု တို့ကို ထုတ်ပေးနိုင်ခဲ့ပါ သည်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၃,၉၃၁.၉၈၂ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁,၆၄၂.၂၈၀ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၅,၅၇၄.၂၆၂ သန်း ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀ မိနစ်မှ ၁၈ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ်မှ ၉၆ ဒီဂရီ ၁၅ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = | ၁၃,၅၂၅.၈၈ စတုရန်းမိုင် ၈,၆၅၆,၅၆၄ ဧက |
| လူဦးရေ | = | ဦးရေ- ၆,၂၆၇ (ထောင်ပေါင်း) (၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ပုသိမ် |
| ထူးခြားသည့် အမှတ်အသား | = | ငွေဆောင်ကမ်းခြေနှင့် ချောင်းသာ ကမ်းခြေ |
| ခရိုင် | = | ၆ ခရိုင် (ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ လပွတ္တာ) |
| မြို့နယ် | = | ၂၆ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍ | = | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွား လုပ်ငန်း |
| ဆက်စပ်ဒေသများ | = | အရှေ့- ပဲခူး၊ရန်ကုန်တိုင်းဒေသကြီး၊ အနောက် - ဘင်္ဂလား ပင်လယ်အော်၊ တောင် - ကပ္ပလီပင်လယ် အနောက်မြောက် - ရခိုင်ပြည်နယ် မြောက် - ပဲခူးတိုင်းဒေသကြီး |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၀,၃၅၈,၄၅၇.၉ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၆.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၅-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)။

ဧရာဝတီတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၈,၈၁၈,၁၂၀.၄ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၈၅.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၂.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၄၂)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)။


### သုံးသပ်ချက်

မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ဂုန်လျှော် စသည်သီးနှံများ၏ အထွက်နှုန်းများ လျော့နည်းခဲ့ပါသည်။ မြေပြင်တွင် မွေးမြူထားသော အမှန်စာရင်းနှင့် အနီးစပ်ဆုံး ကောက်ယူရရှိခဲ့သော စာရင်းများအရ တိရိစ္ဆာန်နှင့် တိရိစ္ဆာန်ထွက် ပစ္စည်းများ၏ ထုတ်လုပ်မှုများ လျော့နည်းခြင်းကြောင့် အသားထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ နိုင်ငံပိုင် အခန်းမှ သစ်မာ ထုတ်လုပ်မှု မရှိခြင်း၊ သစ်တောထွက် ပစ္စည်းများကို အကန့်အသတ်ဖြင့် ခွင့်ပြု ထားခြင်းတို့ကြောင့် သစ်ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ နိုင်ငံပိုင်အခန်းတွင် စက်မှုဝန်ကြီး ဌာန၏ ဘိလပ်မြေစက်ရုံ၊ ဓာတ်မြေသြဇာစက်ရုံတို့၏ ထုတ်လုပ်မှုများနှင့် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန၏ အကြီးစား ရထားယာဉ်ပြင်ဆင် ခြင်းလုပ်ငန်းများ တိုးတက်လာခဲ့ပြီး ပုဂ္ဂလိကပိုင်အခန်းတွင် အအေးခန်းစက်ရုံ (၁) ရုံ၊ ပုသိမ် စက်မှုဇုန်ရှိ He Shan Myanmar အထည်ချုပ်စက်ရုံ (၁) ရုံ တို့ကိုထပ်မံဖွင့်လှစ်နိုင်ခဲ့ ပါသည်။။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်း များမှာ အကြီးစားစက်မှုလုပ်ငန်း ၅၈ ခု၊ အငယ်စားစက်မှု လုပ်ငန်း ၂၅၆ ခု၊ စက်မှုလုပ်ငန်း စုစုပေါင်း ၃၁၄ ခု ရှိပါသည်။။

မြန်မာ့အာမခံလုပ်ငန်းမှ ဆိုင်ကယ်လိုင်စင်အသစ်များ ပြုလုပ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်အတွက် အသက်အာမခံ ထားရှိပေးခြင်းတို့နှင့် မီးအာမခံလုပ်ငန်းများ၊ ခရီးသွားအာမခံလုပ်ငန်းများ၏ ဝင်ငွေပိုမိုရရှိခဲ့ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ကောက်ခံရာတွင် ယခင်နှစ်ကထက် ပိုမိုရရှိခဲ့ပါသည်။။

ပြည်တွင်း/ပြည်ပ ခရီးသွား ဧည့်သည်ဝင်ရောက်မှုမှာ ပြည်တွင်းခရီးသွားဦးရေ ၂၈၁,၉၇၇ ဦး၊ ပြည်ပခရီးသွားဦးရေ ၅၆,၀၃၂ ဦး ရှိခဲ့ပြီးဝင်ငွေ ကျပ် ၅,၇၁၀.၉ သန်း နှင့် အမေရိကန်ဒေါ်လာ ၃,၂၅၇,၄၈၇ ရရှိခဲ့ပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၈မိနစ်မှ ၂၀ ဒီဂရီ၂၅ မိနစ်အတွင်း၊အရှေ့လောင်ဂျီတွဒ်၉၅ ဒီဂရီ၉၆ မိနစ်မှ၉၆ ဒီဂရီ၄၅ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၁,၇၄၃,၈၄၄ဧက၊ ၂,၇၂၄.၇၆ စတုရန်းမိုင် |
| လူဦးရေ | = | ဦးရေ - ၁,၂၁၇ (ထောင်ပေါင်း) (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = | နေပြည်တော် |
| ခရိုင် | = | ၂ခရိုင်၊ဥတ္တရခရိုင်၊ဒက္ခိဏခရိုင် |
| မြို့နယ် | = | ၈မြို့နယ် |
| ထူးခြားအမှတ်အသား | = | ပြည်သူ့လွှတ်တော်အဆောက်အဦ၊ ရေပန်းဥယျာဉ် |
| အဓိကစီးပွား | = | လယ်ယာ၊ဆောက်လုပ်ရေး၊ငွေရေးကြေးရေး |
| ဆက်စပ်သည့်ဒေသများ | = | မြောက်ဘက်တွင် -ရမည်းသင်းမြို့နယ် အရှေ့ဘက်တွင် -ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ တောင်ဘက်တွင် - သံတောင်မြို့နယ်၊ ရေတာရှည်မြို့နယ် အနောက်ဘက်တွင်- ဆင်ပေါင်ဝဲမြို့နယ် တောင်တွင်းကြီးမြို့နယ် |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၇၀၅,၁၉၄.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၃.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၄၃) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၄၄) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းဦးစီးရုံး(ပြည်ထောင်စုနယ်မြေ၊နေပြည်တော်)။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ မတ်လကုန်အထိ(ယာယီ) စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၇၁၀,၂၉၀.၁ သန်း ရရှိခဲ့သဖြင့် **စီမံကိန်းရည်မှန်းချက်အပေါ်** ၁၀၀.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၃.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် **စီမံကိန်းရည်မှန်းချက်အပေါ်** အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၄၅)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်)။

**သုံးသပ်ချက်**

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်အထိ မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေမှာ ၆၅၈ ခု ရှိသည်။ စားသောက်ရေးလုပ်ငန်းများ၊ နေထိုင်ရေးလုပ်ငန်းများ၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်းများနှင့် အထွေထွေစက်မှုလုပ်ငန်းများဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ မော်တော်ယာဉ်လိုင်းပေါင်း ၇၅ လိုင်းမှ ခရီးသည်များ ပို့ဆောင်ခြင်းနှင့် ကုန်စည်များပို့ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ရထားလိုင်းအနေဖြင့် နေပြည်တော်ဘူတာကြီးမှ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မော်လမြိုင်၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည် ခရီးစဉ်များဖြင့် နေ့စဉ် ပြေးဆွဲလျက်ရှိပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အတွက် အသေးစားချေးငွေ ထုတ်ချေးခြင်းလုပ်ငန်းကို ပျဉ်းမနားမြို့နယ်တွင် ကျောက်စိမ်းဝေ၊ သစ်လေးလုံး၊ မအူတော၊ ရွှေညောင်ညိုနှင့် ရွာသာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း (၅)သင်းတွင် အသင်းသားဦးရေ ၁,၅၈၉ ဦးအတွက် ထုတ်ချေးငွေ ကျပ် ၉၃၃.၇၁ သိန်း၊ လယ်ဝေးမြို့နယ်တွင် သပြေပင်၊ ဖွဲ့ခနေအောင်၊ ရွှေဟင်္သာ၊ စိုင်ခေါင်ရိုး၊ ကူသပိတ် စိုက်ပျိုး

ထုတ်လုပ်ရေး သမဝါယမအသင်း (၅) သင်းတွင် အသင်းသား ဦးရေ ၁,၁၁၀ ဦးအတွက် ထုတ်ချေးငွေ ကျပ် ၁,၀၂၂.၁၆ သိန်း ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ နေပြည်တော် သံတမန်ဇုန်တွင် နိုင်ငံတော်ဧည့်ဂေဟာဟိုတယ် ၁၀ လုံး၊ ဟိုတယ်ဇုန် (၁)တွင် အဆင့်မြင့် ဟိုတယ် ၃၄ လုံး၊ ဟိုတယ်ဇုန် (၂) တွင် အဆင့်မြင့်ဟိုတယ် ၁၇ လုံး၊ ဟိုတယ်ဇုန် (၃) တွင် အဆင့်မြင့် ဟိုတယ် ၃ လုံး အခန်းပေါင်း ၅,၁၃၇ ခန်း ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ နေပြည်တော် စည်ပင် သာယာရေး ကော်မတီပိုင် ဧည့်ရိပ်သာတွင် အခန်းပေါင်း ၁,၃၁၂ ခန်းနှင့် ပုဂ္ဂလိကပိုင် တည်းခိုခန်း ၃၄ ခု အခန်းပေါင်း ၅၅၄ ခန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ပြည်ပခရီးသည် ၁၇၀,၂၇၉ ဦးနှင့် ပြည်တွင်းခရီးသည် ၂၆၈,၇၅၄ ဦး ဝင်ရောက်ခဲ့ပါသည်။

# အခန်း(၆)

## ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက်ပြောင်းလဲဆောင်ရွက်မှုအခြေအနေများ

### ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

နိုင်ငံတော်သမ္မတရုံး၏(၂၄-၁၀-၂၀၁၆) ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၆) ဖြင့် "ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"ကို ဒုတိယသမ္မတ (၁) မှ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌ အပါအဝင် ပြည်ထောင်စုဝန်ကြီး ၁၁ ဦး၊ စုစုပေါင်း ၁၈ ဦး၊ အတွင်းရေးမှူးအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် တွဲဘက်အတွင်းရေးမှူးများအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ကို မဏ္ဍိုင် (၅) ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဘောင်ပါအစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဏ္ဍိုင်အလိုက် အကောင်အထည်ဖော်မည့် အောက်ဖော်ပြပါ လုပ်ငန်းကော်မတီ (၅) ရပ်ကိုလည်း ဖွဲ့စည်းခဲ့ပါသည် -

(က) ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင်တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းကော်မတီ

(ခ) ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ

(ဂ) ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ

(ဃ) စီးပွားရေးနှင့်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေး လုပ်ငန်းကော်မတီ

(င) အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား နှစ်လလျှင် (၁) ကြိမ်ကျင်းပပြီး၊ လုပ်ငန်းကော်မတီများမှ ပုဂ္ဂလိကကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးအား တစ်လလျှင်အနည်းဆုံး (၁) ကြိမ်ကျင်းပ၍ ပုဂ္ဂလိက

ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဖြေရှင်းပေးရမည့်ကိစ္စရပ်များအား ကြားဖြတ်အစီရင်ခံစာဖြင့် တင်ပြဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကို ဒုတိယသမ္မတ (၁) ဦးဆောင်၍ (၂) လလျှင် ၁ ကြိမ်တွေ့ဆုံပြီး ကုန်သည်လုပ်ငန်းရှင်များမှ တင်ပြသည့် ကိစ္စရပ်များအား သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းကော်မတီများနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လအထိ) အတွင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ၁ ကြိမ်နှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတို့တွင် ၁ ကြိမ် စုစုပေါင်း ၂ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းကော်မတီ (၅) ရပ်မှ လစဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပွဲများကို ၁၆ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ (၁) မှ ဦးဆောင်၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ပြီး ကဏ္ဍအလိုက် ရွေးချယ်စုစည်းထားသည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လအထိ) အတွင်း တွေ့ဆုံပွဲ ၄ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများတွင် စီးပွားရေးလုပ်ငန်းရှင်များ၏ အကြံပြုတင်ပြချက်များအပေါ် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှစုစည်း၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်ခံဝန်ကြီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။ ပေးပို့လာသည့် အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးများနှင့် လုပ်ငန်းကော်မတီများသို့ပေးပို့ခဲ့ပြီး အကြံပြုချက် (၆၅) ချက်အပေါ်တွင် (၆၂) ချက်အား ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

**ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့**

ကုန်သွယ်မှု၊ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီရင်ဘောင်တန်းမြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့

မှ **"ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့"** ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌနှင့် UMFCCI ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များမှ အဖွဲ့ဝင်များအနေဖြင့် ပါဝင်ပြီး အတွင်းရေးမှူးအဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့်တွဲဘက်အတွင်းရေးမှူးများအဖြစ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် UMFCCI အထွေထွေအတွင်းရေးမှူး တို့ဖြစ်ပါသည်။

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ကုန်သွယ်ရေးမူဝါဒနှင့် စီးပွားရေးကဏ္ဍအလိုက်မူဝါဒများကို ခေတ်ကာလနှင့်အညီ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်လျောညီထွေပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးတို့ကို အခြေခံလျက် ဆွေးနွေးညှိနှိုင်းပြုစုတင်ပြရန်၊ ကုန်သွယ်ရေးမူဝါဒများကို ခေတ်နှင့်အညီ ရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် အခက်အခဲအတားအဆီးရှိနေသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြေလျှော့နိုင်ရေး တင်ပြဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းများအား လုပ်သာကိုင်သာရှိသည့် ဝန်းကျင်ကောင်းဖြစ်ပေါ်စေရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ချက်ချင်း ဖြေရှင်းဆောင်ရွက်နိုင်သည်များကို အထူးလုပ်ငန်းအဖွဲ့အစီအစဉ်ဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန်၊ အထူးလုပ်ငန်းအဖွဲ့ အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များကို စီးပွားရေးရာကော်မတီသို့ တင်ပြ၍ အခြားဆက်စပ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းရန်ရှိသည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေ၍ စားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်မည့် အခွင့်အရေးများ ဖြစ်ပေါ်စေရန်၊ WTO ၏ Trade Facilitation Agreement ကို အကောင်အထည်ဖော်ရာတွင် အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

သို့ဖြစ်၍ ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၂၀၁၆ ခုနှစ် မေလတွင် (၁) ကြိမ်၊ ဇွန်လတွင်(၁) ကြိမ် နှင့် အောက်တိုဘာလတွင် (၁) ကြိမ် စုစုပေါင်း (၃)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

အထူးလုပ်ငန်းအဖွဲ့သည် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍမှ ကဏ္ဍအလိုက် ဖွဲ့စည်းထားသောအဖွဲ့များ Public Private Dialogue ကို အနည်းဆုံး(၂)ပတ်တစ်ကြိမ် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း၊ ချမှတ်သင့်သည့် မူဝါဒများချမှတ်ခြင်း၊ လွယ်ကူထိရောက်စွာ အကောင်အထည်ဖော်မည့် အစီအစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်သွားရန်ဖြစ်သဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လ) အတွင်း ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို စုစုပေါင်း(၂၀) ကြိမ်နှင့် အလုပ်ရုံဆွေးနွေးပွဲကို စုစုပေါင်း (၃) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၎င်းအပြင် GIZ မှ စီမံခန့်ခွဲမှုပညာရှင်မှ အကြံပြုဆွေးနွေးခြင်းအား ၂၀၁၆ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလတို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှုစနစ်များ တိုးတက် မြင့်မားရေးအတွက် လည်းကောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတို့တွင် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ စွမ်းရည်ထက်မြက်ရေးအတွက် လည်းကောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် စီမံခန့်ခွဲမှုစနစ်များအားလည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

အထူးလုပ်ငန်းအဖွဲ့အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များကို စီးပွားရေးရာကော်မတီသို့တင်ပြ၍ အခြားဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းရန်ရှိသည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊ ကုန်သွယ်မှုလျှင်မြန်ချောမွေ့ရေးအတွက် One Stop Service ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ရာတွင် သက်ဆိုင်သည့်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆွေးနွေးပွဲများကို လိုအပ်သလို ကျင်းပဆောင်ရွက်ပေးခြင်း၊ အခွင့်အလမ်းသာမည့် ပြည်တွင်း၊ ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ကုန်သွယ်ရေးမြှင့်တင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် ကဏ္ဍအလိုက်

ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်၍ အာဆီယံစီးပွားရေးဝန်းကျင်ဆိုင်ရာ ပြင်ဆင်မှုများကို အရှိန်မြှင့်ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

Private Public Diagloue များ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ် များရှိ ကုန်သည်အသင်းများ၊ နယ်စပ်ဒေသများရှိ နယ်စပ်ကုန်သွယ်ရေးကုန်သည် အသင်းများ၊ ကုန်စည်ဒိုင် Working Group များနှင့် တွေ့ဆုံပြီး ဆောင်ရွက်ခြင်းဖြစ်ပါသည်။ လိုအပ်သည့်အစီအစဉ်များဆောင်ရွက်ပြီး မြန်မာစီးပွားရေးဖိုရမ်ကို ညှိနှိုင်းပေါင်းစပ်မှုများပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ အထူးလုပ်ငန်းအဖွဲ့သည် ပုဂ္ဂလိကကဏ္ဍမှ Myanmar Business Forum ကျင်းပပေးပါရန် တင်ပြလာပါက ဆောင်ရွက်ပေးနိုင်ရန်အတွက် တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်သည့်အပြင် ကုန်သွယ်ရေးမူဝါဒနှင့် စီးပွားရေးကဏ္ဍအလိုက် မူဝါဒများကို ခေတ်ကာလနှင့်အညီ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်လျောညီထွေဖြစ်အောင် ဆွေးနွေးညှိနှိုင်းတင်ပြခြင်း၊ အခက်အခဲ၊ အတားအဆီးဖြစ်နေသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြေလျှော့ပေးနိုင်ရေး၊ အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကို ရှေးရှုသည့် ရေတိုရေရှည်မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ရေး၊ ကုန်သွယ်မှု ချောမွေ့စေရေးအတွက် One Stop Service ကို ထိရောက်စွာ ဆောင်ရွက်ပေးရေး၊ ပြည်တွင်း/ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်နိုင်မည့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ရေးနှင့် အာဆီယံစီးပွားရေးဆိုင်ရာ ပြင်ဆင်မှုများကို အရှိန်မြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**Doing Business Report အပေါ်ဆောင်ရွက်မှုအခြေအနေများ**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာပြီး အားလုံးပူးပေါင်းပါဝင်၍ ဆောင်ရွက်နိုင်သည့် စီးပွားရေးဝန်းကျင်ကောင်းများ လိုအပ်သည့်အတွက် အစိုးရအနေဖြင့် အသင်းအဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများဖြင့် ပူးပေါင်း၍ စဉ်ဆက်မပြတ်နည်းလမ်းများ ရှာဖွေဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့်နိုင်ငံများ၏ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူမှုအဆင့် အခြေအနေအစီရင်ခံစာ (Doing Business Report)ပါ မှတ်ကျောက်များတွင် မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုများရရှိစေပြီး အမှန်တကယ် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်း လွယ်ကူ

ဈေးကွက်မြှင့်အဆင်ပြေစေရန် ရည်ရွယ်၍ (Doing Business Report) ပါ လုပ်ငန်းစဉ်များအား ၂၀၁၄ ခုနှစ်မှ စတင်၍ ထုတ်ပြန်ခဲ့ပါသည်။

ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Doing Business အစီရင်ခံစာ၌ စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေမှု အခြေအနေကို တိုင်းတာ၍ အဆင့် သတ်မှတ်ဖော်ပြချက်အရ မြန်မာနိုင်ငံသည် စစ်တမ်းကောက်ယူခဲ့သည့် (၁၈၉) နိုင်ငံ အနက် ၂၀၁၄ ခုနှစ်တွင် အဆင့် (၁၈၂)၊ ၂၀၁၅ ခုနှစ်တွင် အဆင့် (၁၇၇)၊ ၂၀၁၆ ခုနှစ်တွင် အဆင့် (၁၆၇) သို့ တစ်နှစ်ထက်တစ်နှစ် အဆင့်တိုးတက်မှုရှိလာခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အဆင့်(၁၇၀)သို့ ရောက်ရှိလာခဲ့ပါသည်။

ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါ Indicator များအရ နှစ်အလိုက် အဆင့်ဆင့် တိုးတက်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

ဇယား(၆-၁)

**ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါ အကဲဖြတ်ချက်များအပေါ်**
**မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေများ**

| စဉ် | အကြောင်းအရာ | Doing Business 2014 | | Doing Business 2015 | | Doing Business 2016 | | Doing Business 2017 | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၃ | ၂၀၁၄ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၆ | ၂၀၁၇ | |
| | **စုစုပေါင်းအဆင့်** | | ၁၈၂ | ၁၈၂ | ၁၇၇ | ၁၇၇ | ၁၆၇ | ၁၇၁ | ၁၇၀ | ↑ ၁ |
| ၁ | စီးပွားရေးစတင်ဆောင်ရွက်ခြင်း | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၆၀ | ၁၇၀ | ၁၄၆ | ↑ ၂၄ |
| ၂ | လုပ်ငန်းတည်ဆောက်ခွင့်ပါမစ် | ၁၄၀ | ၁၅၀ | ၁၃၄ | ၁၃၀ | ၈၄ | ၇၄ | ၇၂ | ၆၆ | ↑ ၆ |
| ၃ | လျှပ်စစ်ဓာတ်အားရရှိနိုင်မှု | ၁၂၃ | ၁၂၆ | ၁၂၄ | ၁၂၁ | ၁၅၄ | ၁၄၈ | ၁၅၀ | ၁၄၉ | ↑ ၁ |
| ၄ | ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း | ၁၄၉ | ၁၅၄ | ၁၅၁ | ၁၅၁ | ၁၄၅ | ၁၄၅ | ၁၄၅ | ၁၄၃ | ↑ ၂ |
| ၅ | ချေးငွေရရှိနိုင်မှု | ၁၆၇ | ၁၇၀ | ၁၆၉ | ၁၇၁ | ၁၇၁ | ၁၇၄ | ၁၇၄ | ၁၇၅ | ↓ ၁ |
| ၆ | ရင်းနှီးမြှုပ်နှံသူအကာအကွယ်ပေးခြင်း | ၁၈၂ | ၁၈၂ | ၁၇၈ | ၁၇၈ | ၁၈၄ | ၁၈၄ | ၁၈၁ | ၁၇၉ | ↑ ၂ |
| ၇ | အခွန်ပေးဆောင်မှု | ၁၁၃ | ၁၀၇ | ၁၁၅ | ၁၁၆ | ၇၃ | ၈၄ | ၁၁၇ | ၁၁၉ | ↓ ၂ |
| ၈ | နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး | ၁၁၄ | ၁၁၃ | ၁၃၅ | ၁၀၃ | ၁၄၀ | ၁၄၀ | ၁၄၉ | ၁၅၉ | ↓ ၁၀ |
| ၉ | စာချုပ်အသက်ဝင်ခြင်း | ၁၈၈ | ၁၈၈ | ၁၈၅ | ၁၈၅ | ၁၈၇ | ၁၈၇ | ၁၈၈ | ၁၈၈ | — |
| ၁၀ | အကြွေးပေးချေနိုင်မှု | ၁၅၃ | ၁၅၅ | ၁၅၉ | ၁၆၀ | ၁၆၂ | ၁၆၂ | ၁၆၃ | ၁၆၄ | ↓ ၁ |

ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ကမ္ဘာ့ဘဏ် အုပ်စု၊ အရှေ့အာရှဒေသ Doing Business Team မှ Doing Business 2017 အစီရင်ခံစာ နှင့်ပတ်သက်၍ Video conference နှင့်တကွ ရှင်းလင်းပြသခြင်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

နေပြည်တော် အခြေစိုက်ရုံးအဖွဲ့အစီအစဉ်ဖြင့် Doing Business Reforms နှင့် ပတ်သက်ပြီး အခြားနိုင်ငံများ၏ လုပ်ငန်းအတွေ့အကြုံများအား မျှဝေသိရှိနိုင်ရန်အတွက် "Workshop on Sharing on PEMUDAH's Experience on Doing Business Reforms" အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

**အမျိုးသားပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ**

အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ကဏ္ဍအလိုက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ ၂၀၁၆ခုနှစ်၊ ဧပြီလမှ မတ်လအထိ ကျင်းပနိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ် အခြေပြု အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက်၏ စီမံကိန်း ကြီးကြပ်မှုကော်မတီ အစည်းအဝေးကိုကျင်းပနိုင်မှုမှာ ၄ ကြိမ် ဖြစ်ပါသည်။

(ခ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီ၏ အစည်းအဝေး ကျင်းပနိုင်မှုမှာ ၅ ကြိမ် ဖြစ်ပါသည်။

(ဂ) ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ လုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပနိုင်မှုမှာ ၁ ကြိမ် ဖြစ်ပါသည်။

(ဃ) အမျိုးသားပို့ကုန် မဟာဗျူဟာကဏ္ဍအလိုက် ပို့ကုန်မဟာဗျူဟာ ညှိနှိုင်း အစည်းအဝေး ကျင်းပနိုင်မှုမှာ ၄ ကြိမ် ဖြစ်ပါသည်။

(င) ရော်ဘာလုပ်ငန်းကဏ္ဍ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း အစည်းအဝေး ကျင်းပနိုင်မှုမှာ ၁ ကြိမ် ဖြစ်ပါသည်။

(စ) ကုန်သွယ်မှု သတင်းအချက်အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေး ကဏ္ဍအတွက် ရေးဆွဲခဲ့ကြသည့် Project Proposal များအပေါ်ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ဝင် တို့ က ထပ်မံညှိနှိုင်းဆွေးနွေးမည့် အစည်းအဝေးကျင်းပနိုင်မှုမှာ ၁ ကြိမ် ဖြစ်ပါ သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ကဏ္ဍအလိုက် လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ်၊ ဧပြီလ မှ ၂၀၁၇ ခုနှစ်၊ မတ်လအထိ ကျင်းပနိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကဏ္ဍအလိုက် တစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တိုးတက်မှု အစီရင်ခံစာနှင့် Project Idea များ ပြင်ဆင်ခြင်းအတွက် Working Group များနှင့်တွေ့ဆုံသည့် အလုပ်ရုံဆွေးနွေးပွဲကို ၁ ကြိမ် ကျင်းပခဲ့ပါသည်။

(ခ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရရှိရေး စီမံကိန်းအတွက် လေ့လာမှု စစ်တမ်းများ သုံးသပ်အတည်ပြုခြင်း အလုပ်ရုံဆွေးနွေးပွဲ (Validation Workshop)နှင့် အစားအစာဘေးကင်းရေးနှင့် သန့်ရှင်းရေး၊ အလေ့အကျင့်ကောင်းရရှိရေးအတွက် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာကုန်သွယ်ရေးတွင် အပင်ပိုးမွှားရောဂါကင်းရှင်းမှု တိုင်းထွာချက်များကို အသိပညာပေးသည့် အလုပ်ရုံဆွေးနွေးပွဲတို့ကို စုစုပေါင်း ၂ ကြိမ် ကျင်းပခဲ့ပါသည်။

(ဂ) ငါးလုပ်ငန်းကဏ္ဍ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကို ၁ ကြိမ်ကျင်းပခဲ့ပါသည်။

(ဃ) အစားအစာဘေးကင်းရေးနှင့် သန့်ရှင်းရေး၊ အလေ့အကျင့်ကောင်းရှိရေးအတွက် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာကုန်သွယ်ရေးတွင် အပင်ပိုးမွှားရောဂါကင်းရှင်းမှု တိုင်းထွာချက်များကို အသိပညာပေးသည့် အလုပ်ရုံဆွေးနွေးပွဲ၊ Quality and Food Safety ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို မန္တလေးတွင် ၁ ကြိမ် ကျင်းပခဲ့ပါသည်။

(င) GAP စနစ် သင်တန်းပေးနည်းပြလေ့ကျင့်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခြင်းနှင့် စီမံကိန်းဝင်တောင်သူများအား လက်ခံအတည်ပြုမည့် အလုပ်ရုံဆွေးနွေးပွဲ (Inception Workshop) ကို ၄ ကြိမ် ကျင်းပခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၁၇ ခုနှစ်၊ မတ်လအထိ သင်တန်းများ ကျင်းပနိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍအတွက် အပင်ပိုးမွှားကင်းရှင်းရေး အစီအစဉ်များကို ကျင့်သုံးလာစေရန်နှင့် အပြည်ပြည်ဆိုင်ရာဒေသတွင်းနှင့် ပြည်တွင်းဈေးကွက်

အလားအလာများ တိုးမြှင့်လာစေရန် စိုက်ပျိုးရေးဆိုင်ရာ GAP သင်တန်းများ၊ အပင်ပိုးမွှားရောဂါကင်းရှင်းမှု တိုင်းထွာချက်များကို အသိပညာပေးသည့် သင်တန်းအား ရန်ကုန်တွင် ၁ ကြိမ်၊ မန္တလေးတွင် ၁ ကြိမ်နှင့် မကွေးတွင် ၁ ကြိမ် စုစုပေါင်း ၃ ကြိမ် ကျင်းပခဲ့ပါသည်။

(ခ) အွန်လိုင်းစနစ်ကိုအသုံးပြု၍ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ဝင်များအား ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်မှုကို စီမံခန့်ခွဲခြင်းဆိုင်ရာသင်တန်း Strategic Implementation Management Tool (SIMT) စနစ်အသုံးပြုခြင်းဆိုင်ရာ သင်တန်း ၃ ကြိမ်ကျင်းပခဲ့ပါသည်။

(ဂ) အစားအစာဘေးကင်းရေးနှင့် သန့်ရှင်းရေး၊ အလေ့အကျင့်ကောင်းရှိရေးအတွက် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာကုန်သွယ်ရေးတွင် အပင်ပိုးမွှားရောဂါကင်းရှင်းမှုတိုင်းထွာချက်များကို အသိပညာပေးသည့် Quality and Food Safety ဆိုင်ရာသင်တန်းကို မန္တလေးတွင် ၁ ကြိမ် ကျင်းပခဲ့ပါသည်။

ဂျပန်နိုင်ငံမှ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့်သစ်တောဝန်ကြီးဌာန၊ (Nomura Research Institute-NRI)နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ မြန်မာနိုင်ငံ စားသောက်ကုန် လုပ်ငန်းရှင်များအနေဖြင့် ဂျပန်ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီများ တွေ့ဆုံဆွေးနွေးခြင်းဖြင့် Food Supply Chain ဆိုင်ရာ နည်းလမ်းကောင်းများ တိုးတက်ဆောင်ရွက်နိုင်စေပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ကုန်သွယ်မှု အခွင့်အလမ်းကောင်းများကို ဖော်ဆောင်နိုင်စေရန် ရည်ရွယ်၍ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နေပြည်တော်ရှိ Grand Amara Hotel ၌ အစားအသောက် ထုတ်လုပ်ရောင်းချသော စီးပွားရေး လုပ်ငန်းများဆိုင်ရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တစ်ခု ကျင်းပပြုလုပ်ခဲ့ပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ကဏ္ဍအလိုက် ကော်မတီများမှ လုပ်ငန်းအဖွဲ့ဝင်များက နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၏ ကျွမ်းကျင်သူများနှင့် ပူးပေါင်းကာ ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ ရန်ပုံငွေရရှိနိုင်ရေးနှင့် နည်းပညာ အကူအညီရယူနိုင်ရေးတို့အတွက် စီမံကိန်းအဆိုပြုလွှာ (Project Proposal) များ အချောသတ်ရေးဆွဲရာတွင် ကူညီခဲ့ပြီး ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေးကော်မတီ၏ ပြင်ဆင်/ဖြည့်စွက်/အတည်ပြုချက် ရယူပေးနိုင်ရေးကို

လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များ၏ တာဝန်ရှိသူများထံမှ အကြံပြု လမ်းညွှန်ချက်များ ရယူဆောင်ရွက်ခြင်းကိုလည်းကောင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ခုနှစ်၊ မတ်လအတွင်း ရန်ကုန်မြို့၊ အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ကဏ္ဍ ၁၁ ခု အတွက် ဘာသာပြန်ဆိုထားသည့်စာအုပ်များကို ပုံနှိပ်ထုတ်ဝေခြင်းကိစ္စများကိုလည်းကောင်း၊ USB Card Memory ပြုလုပ်ရန်အတွက်လည်းကောင်း၊ NES Brochure များ ပုံနှိပ်ထုတ်ဝေရန် ကိစ္စများကိုလည်းကောင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်။

ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းမှ ဆီထွက်သီးနှံစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် HACCP စက်ရုံများနှင့် ကုမ္ပဏီများကဲ့သို့ရေရှည်ပါဝင် ဆောင်ရွက် ကြသူများအနေဖြင့် ပိုမိုထိရောက် အကျိုးရှိစေရေးအတွက် မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့နှင့် ကုမ္ပဏီများအကြား သဘောတူညီမှုစာလွှာ (LOI) ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက် လျက်ရှိပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ဦးစားပေးကဏ္ဍများအနက် တစ်ခုဖြစ်သည့် ငါး လုပ်ငန်း ကဏ္ဍ ပို့ကုန်မြှင့်တင်ရေး ဆောင်ရွက်နိုင်ရန်အတွက် Brussels မြို့တွင် ကျင်းပပြုလုပ်မည့် Seafood Expo Global တွင် MYANTRADE နှင့် မြန်မာနိုင်ငံ ငါးထုတ်လုပ်တင်ပို့ ရောင်းချ သူများအသင်း (MPEA) အတွက် မြန်မာပြခန်းဆောင်တစ်ခုကို စီစဉ်ဆောင်ရွက်ထားပါသည်။ မြန်မာရေထွက်ကုန်ပစ္စည်း ထုတ်ကုန်များအတွက် အကောင်းဆုံးဈေးကွက်များ ရရှိနိုင်အောင် ကူညီဆောင်ရွက်ပေးသွားနိုင်ရန်အတွက် အဆိုပါပြပွဲသို့ လာရောက်သူများအား ရေထွက်ကုန် ပစ္စည်းကဏ္ဍမှ ကုမ္ပဏီ profile များပါဝင်သည့် (booklet) များ ထုတ်ဝေဖြန့်ဖြူးရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## အခန်း(၇)

## ပြည်ပ အကူအညီ အထောက်အပံ့နှင့် နည်းပညာ အကူအညီရရှိမှု

နိုင်ငံတကာမှပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် ပြည်သူများ ထိရောက်စွာ အကျိုးရှိစေရေးအတွက် မြန်မာနိုင်ငံနှင့် မိတ်ဖက်အဖွဲ့အစည်းများ အချင်းချင်း ညှိနှိုင်းခြင်း၊ ဖွံ့ဖြိုးမှုအကူအညီရယူခြင်းနှင့် အသုံးပြုခြင်းတို့ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ ထိရောက်စွာ အသုံးပြုခြင်းနှင့် တာဝန်ခံခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) ကို ၆-၁၀-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေး အဖွဲ့ (Development Assistance Coordination Unit- DACU) ၏ အတွင်းရေးမှူးရုံးအဖြစ် တာဝန်ယူ၍ နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ပြည်ပငွေကြေးနှင့် နည်းပညာအကူအညီ၊ အထောက်အပံ့များ ရရှိရေး၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါအကူအညီအထောက်အပံ့များအတွက် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ညှိနှိုင်းမှုများပြုလုပ်နိုင်ရန်နှင့် နိုင်ငံအချင်းချင်း (bilateral)၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ (multilateral)၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ညှိနှိုင်းမှုများပြုလုပ်ခြင်းနှင့် အမျိုးသားဦးစားပေးအစီအစဉ်များ၊ မဟာဗျူဟာများနှင့် အကူအညီအရင်းအမြစ်များ သဟဇာတဖြစ်စေရေး အတွက် စီမံဆောင်ရွက်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာစီမံချက်များရရှိရန် သဘောတူညီချက်မူဘောင်စာချုပ်များ၊ နားလည်မှုစာလွှာများ လက်မှတ်ရေးထိုးနိုင်သကဲ့သို့ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှ အဆိုပြုလိုသောစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အလှူရှင်နိုင်ငံအဖွဲ့အစည်းများသို့ အဆိုပြုလွှာများ ပေးပို့နိုင်ခဲ့ပါသည်။

နိုင်ငံအချင်းချင်းနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာစီမံချက်များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် အတွင်း စီမံချက် အရေအတွက် ၁၁၂ ခုဖြင့် အမေရိကန်ဒေါ်လာ ၃၅၀.၇၇၄ သန်း ရရှိရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ အကူအညီပေးမည့် အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

**ဇယား (၇-၁)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း**

**ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့်တိုင်းဒေသကြီးများမှ**


**ပြည်ပ အကူအညီ အထောက်အပံ့ ရရှိရန် ဆောင်ရွက်မှု အခြေအနေ**

| စဉ် | ဝန်ကြီးဌာန /အဖွဲ့အစည်း | စီမံချက် အရေအတွက် | ငွေပမာဏ USD သန်း |
|---|---|---|---|
| ၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၁၇ | ၉၇.၁၀၉ |
| ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၆ | ၉၆.၇၂၅ |
| ၃ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၃၃ | ၇၇.၁၈၃ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၅ | ၃၄.၂၈၅ |
| ၅ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၁၆ | ၁၉.၈၇၅ |
| ၆ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | ၈.၉၅၀ |
| ၇ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၉ | ၈.၆၀၀ |
| ၈ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၁ | ၅.၅၀၀ |
| ၉ | ပညာရေးဝန်ကြီးဌာန | ၉ | ၁.၃၄၇ |
| ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၁ | ၁.၂၀၀ |
| ၁၁ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၁ | **နည်းပညာ** |
| ၁၂ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | **နည်းပညာ** |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | **နည်းပညာ** |

| စဉ် | ဝန်ကြီးဌာန /အဖွဲ့အစည်း | စီမံချက် အရေအတွက် | ငွေပမာဏ USD သန်း |
|---|---|---|---|
| ၁၄ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | နည်းပညာ |
| | စုစုပေါင်း | ၁၁၂ | ၃၅၀.၇၇၄ |

ဇာစ်မြစ်။ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ။

## ပုံ (၇-၁)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့်တိုင်းဒေသကြီးများမှ ပြည်ပအကူအညီ အထောက်အပံ့ ရရှိရန် ဆောင်ရွက်မှု အခြေအနေ




**နိုင်ငံ/အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှု။**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အပါအဝင် နိုင်ငံနှင့်အဖွဲ့အစည်းများအလိုက် ပြည်ပအကူအညီ အထောက်အပံ့နှင့် နည်းပညာ အကူအညီ ရရှိမှုများကို ဖော်ပြအပ်ပါသည်။

ဇယား (၇-၂)


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း

နိုင်ငံနှင့်အဖွဲ့အစည်းများမှ ပြည်ပ အကူအညီ အထောက်အပံ့

| စဉ် | နိုင်ငံ/အဖွဲ့အစည်း | ငွေပမာဏ (US$ သန်းပေါင်း) |
|---|---|---|
| ၁ | အီးယူ | ၆၇.၇၂၅ |
| ၂ | ဂျပန် | ၃၂.၇၃၂ |
| ၃ | ဂျာမဏီ | ၂၂.၄၀၀ |
| ၄ | ပြင်သစ် | ၁၇.၂၆၁ |
| ၅ | ဆွစ်ဇာလန် | ၅.၅၀၀ |
| ၆ | ကိုရီးယား | ၃.၈၀၀ |
| ၇ | ဒိန်းမတ် | ၁.၂၀၀ |
| ၈ | တရုတ် | ၀.၇၃၇ |
| ၉ | ကနေဒါ | ၀.၆၆၀ |
| ၁၀ | ကမ္ဘောဒီးယား | နည်းပညာ |
| ၁၁ | အီတလီ | နည်းပညာ |
| ၁၂ | အိန္ဒိယ | နည်းပညာ |
| ၁၃ | မလေးရှား | နည်းပညာ |
| ၁၄ | ဆွီဒင် | နည်းပညာ |
| ၁၅ | စင်ကာပူ | နည်းပညာ |
| ၁၆ | ထိုင်း | နည်းပညာ |
| ၁၇ | အမေရိကန်(USAID) | နည်းပညာ |
| **(က) နိုင်ငံအဖွဲ့အစည်းစုစုပေါင်း** | | **၁၅၂.၀၁၅** |
| ၁၈ | အာရှဖွံ့ဖြိုးရေးဘဏ်(ADB) | ၁၁.၂၀၀ |
| ၁၉ | ကမ္ဘာ့ဘဏ် (World Bank) | ၂.၅၀၀ |
| **(ခ) အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်း စုစုပေါင်း** | | **၁၃.၇၀၀** |
| **(ဂ) ကုလသမဂ္ဂအဖွဲ့အစည်းများ(UN Agencies) စုစုပေါင်း** | | **၃၅.၄၇၂** |
| **(ဃ) နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs) စုစုပေါင်း** | | **၁၄၉.၅၈၇** |
| | **စာရင်းပေါင်းချုပ်** | **၃၅၀.၇၇၄** |


ဇာစ်မြစ်။ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ။

## ပုံ (၇-၂)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း
## နိုင်ငံနှင့်အဖွဲ့အစည်းများမှ ပြည်ပ အကူအညီ အထောက်အပံ့




၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အပါအဝင် နိုင်ငံခြားအကူအညီ အထောက်အပံ့ ရရှိမှုများကို ကဏ္ဍအလိုက် ဖော်ပြအပ်ပါသည်။

## ပုံ (၇-၃)
## ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ရရှိမှု




ဇာစ်မြစ်။ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ။

**နှစ်ဖက် ဆွေးနွေးညှိနှိုင်းရရှိထားသည့် စီမံချက်များ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ရင်မင်ဘီယွမ် (၂.၄) ဘီလီယံ ပေးအပ်မည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ဆင်းရဲမှုလျှော့ချရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။

ဂျပန်နိုင်ငံမှ ယန်း ၁၀၂၀၀.၀၀ သန်း ဖြင့် ပညာရေး၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေးနှင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နည်းပညာအကူအညီ စီမံချက်များ ဆောင်ရွက်ရန် ညှိနှိုင်းနိုင်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံအကူအညီဖြင့် တမူး-ကျိုကုန်း-ကလေးဝ လမ်းပေါ်ရှိတံတား ၆၉ စင်း အဆင့်မြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံရှိ သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး၏ ကလေးဝ-ယာကြီးကားလမ်း အပိုင်း အဆင့်မြှင့်တင်ရေးဆောင်ရွက်ရန် ၂၉-၈-၂၀၁၆ ရက်နေ့ နိုင်ငံတော် သမ္မတ ၏ အိန္ဒိယနိုင်ငံ ခရီးစဉ် အတွင်း လက်မှတ် ရေးထိုးခဲ့ပါသည်။

တတိယအကြိမ် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၀.၅ သန်း ပေးအပ်မည်ဖြစ်ပါသည်။

မြန်မာ-ဂျာမနီ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံသို့ ယူရို ၅၀.၁ သန်း ပေးအပ်မည် ဖြစ်ပါသည်။ ဂျာမဏီဖွံ့ဖြိုးရေးဘဏ် (KfW) မှတစ်ဆင့် မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် ယူရို ၁၇.၃ သန်းထောက်ပံ့ကူညီရန်ရှိသည့်အနက် ယူရို ၁၂.၃ သန်းကိုထောက်ပံ့ရန် ဂျာမဏီ နိုင်ငံမှ အတည်ပြုထားပြီးဖြစ်ပါသည်။ အဆိုပါ ယူရို ၁၂.၃ သန်းအနက် ပထမအဆင့်တွင် ယူရို ၄.၄၅ သန်းကိုထောက်ပံ့ပေးပြီးသမဝါယမဘဏ်လီမိတက်နှင့် ပူးပေါင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

မြန်မာ-ဒိန်းမတ် နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို ဒိန်းမတ်ငွေ ၄၇၀သန်း(အမေရိကန်ဒေါ်လာ ၆၉သန်းကျော်) ဖြင့် လုပ်ငန်းစီမံချက်များ အကောင်အထည် ဖော်ဆောင်ရွက်ရန် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ထို့ပြင် ၂၀၁၈-၂၀၂၂ အတွင်း အကောင် အထည်ဖော် ဆောင်ရွက်မည့် ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှု မူဘောင် UNDAF နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ (UNICEF, UNFPA, UNDP, WFP) တို့၏ နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ်များ ရေးဆွဲရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေက ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၉) ဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသော ပြည်သူများအတွက် အမြန်ဆုံးအကျိုးရှိစေမည့် စီမံကိန်းများ၊ လုပ်ငန်းများကို ရွေးချယ်ပြီး ဆောင်ရွက်ခဲ့ပါသည်။ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေး၊ မြို့ပြအိမ်ရာစနစ်ထွန်းကားရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်၏ စီးပွားရေး မူဝါဒများနှင့်အညီ ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အစီရင်ခံသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် စုစုပေါင်းပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)အနေဖြင့် ယခင်နှစ် အလားတူကာလဖြစ်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ထက် ၅.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

အထူးသဖြင့် အစီရင်ခံသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်း၊ အသေးစားနှင့် အလတ်စားထုတ်လုပ်မှု လုပ်ငန်းငယ်များ၏ ထုတ်လုပ်မှုများ တိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်လုပ်ငန်းလုပ်ကိုင်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ခေတ်စနစ်နှင့် လိုက်လျောညီထွေမရှိသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့ပေါ့ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စု၏ နှစ်စဉ် အရ-အသုံးခန့်မှန်းခြေငွေစာရင်း ဥပဒေနှင့် အခွန်အကောက် ဥပဒေများကို ပြဋ္ဌာန်း ပေးနိုင်ခဲ့ပါသည်။

ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ပြီး၊ တစ်ပြိုင်တည်းမှာပင်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် NCA လက်မှတ် ရေးထိုးခြင်း မရှိသေးသည့် အဖွဲ့များပါဝင်လာရေး နိုင်ငံရေး မှုဘောင် ပြန်လည်သုံးသပ်ခြင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံ ကျင်းပ နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံ အဆောက် အအုံများဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေးတို့အတွက် မူဝါဒများ ချမှတ်ကာ စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။